ကျေးဇူးရှင်

ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏

သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော

ပဌမ-နာယက၊အဂ္ဂ-မဟာ-ပဏ္ဍိတ၊

## ဘဒ္ဒန္တ ဇောတာအာရှင်

သည်

စီစဉ်ရေးသား ဖွင့်ဆိုအပ်သော

ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားနည်း နိဿယည်း—ခေါ်

# သုဘူတိဘာဝနာဖွင့်အကျယ် လက်စွဲကျမ်း

(ဒုတိယနှိပ်ခြင်း)

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၆

ကျေးဇူးရှင်

ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏

သန္နိဝိဟာရိကတပည့်ဖြစ်သော

ပဉ္စမ-နာယက၊အဂ္ဂ-မဟာ-ပဏ္ဍိတ၊

**ဘဒ္ဒန္တ ဇောတာဘရှင်**

သည်

ရဟန်း, ရှင်လူ၊ သူတော်စင် အပေါင်းတို့အား၊

ကောင်းကျိုးချမ်းသာ၊ မင်္ဂလာကြက်သရေ၊ တက်သစ်နေသို့၊

ထွေထွေတင့်လတ်၊ မြင့်မြတ် ကြီးပွားစေခြင်း အကျိုးငှါ၊

စီစဉ်ရေးသား ဖွင့်ဆိုအပ်သော

ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားနည်း နိဿယည်း—ခေါ်

# သဘူတိဘာဝနာဖွင့်အကျယ်

# လက်စွဲကျမ်း

(ဒုတိယနှိပ်ခြင်း)

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၆

# နိဒါန်း

(က) နမေ အ်ာစရိယော,အတ္ထိ၊
သဒိသော မေ,နဝိဇ္ဇတိ။
သ-ဒေဝကသ္မိံ,လောကသ္မိံ၊
နတ္ထိ,မေ,ပဋိပုဂ္ဂလော။ ။
[ဝိနည်းမဟာဝါပါဠိတော်]

(က) မေ၊ငါ့အား။ အာစရိယော၊ ဆုံးမနက်လေး၊ကောင်းစွာ ပေး၍၊ယဉ်ကျေးစေတတ်သော ဆရာသည်။နအတ္ထိ၊ဘယ် ဝယ်တစိ၊ မရှိတော့ချေ။ မေ၊ငါ-နှင့်။ သဒိသော၊ဂုဏ်ဖြင့် ပိုင်းခါ၊ နှိုင်းစာအပ်သူ၊ အတူဖြစ်သော, သူသည်။ နတ္ထိ၊ ဘယ်ဝယ်တစိ၊မရှိချေ။မေ၊ငါ့-အား။သဒေဝကသ္မိံ၊နတ်နှင့် တကွဖြစ်သော။ လောကသ္မိံ၊ လူတို့ရွာ၌။ ပဋိပုဂ္ဂလော၊ စိတ်မာန် စွမ်းဆောင်၊ ကြီးမြင့်ယောင်ဖြင့်၊ အန်ထောင် ကြိုးဝါး၊ ငါ-တကားဟု၊ တုစား,ဘက်ပြိုင်ဝံ့သောသူ မည် သည်။ နတ္ထိ၊ မည်သူ-တယောက်၊ ဆိုစလောက်,မျှ၊ ပေါ် ပေါက်-ရောက်လာခြင်းမရှိချေ။

ဤသို့အားဖြင့်၊ဘုန်းခြောက်ပါးသခင်၊မြတ်စွာဘုရားရှင်သည်၊လော ကသုံးရပ်၊ဘုံသုံးထပ်၌၊နှိုင်းအပ်-သသူ၊နတ်,လူ,ဗြဟ္မာ၊ သတ္တဝါ-ဟူက၊ မည်သူ-တဦးတယောက်မျှ၊ဘက်ပြိုင်ကပ်ရောက်,ဝံ့ခြင်းမရှိ၊ အသဒိသ၊ ပုဂ္ဂလဇာတ်၊အမြင့်မြတ်ဆုံးဖြစ်တော်မူရကား၊ ထိုမြတ်စွာဘုရားရှင်၏ **အရဟံအစရှိသော**,ကိုးပါးသော ဂုဏ်တော်မြတ်ကို၊ မပြတ်စွဲမြဲ၊အားခဲ ပွားများ၊ ကြည်ညိုခြင်းငှာ,ထိုက်လှပေ၏။ ထိုစကားမှန်၏—အကြင်သူ သည်၊ထိုမြတ်စွာဘုရားရှင်၏၊**အရဟံ**အစရှိသော်ဂုဏ်ကို အာရုံပြုသော အားဖြင့်၊သဒ္ဓါပိုမို၊ကြည်ညိုလေးမြတ်၏၊ ဆည်းကပ်ကိုးကွယ်၏၊ ထိုသူ သည်၊ အမြင့်မြတ်ဆုံးသော, ရတနာကို၊ ကြည်ညို လေးမြတ်သည် မည်၏၊ဆည်းကပ်ကိုးကွယ်သည်မည်၏၊ပူဇော်သည်မည်၏။

# နိဒါန်း

ဤသို့လျှင်၊အာရုံဖြစ်သော, မြတ်စွာဘုရားရှင် ဂုဏ်တော်၏၊ အမြင့်မြတ်ဆုံး,ဖြစ်တော်မူခြင်းကြောင့်၊ထိုဂုဏ်တော်ကို၊အာရုံပြု၍ ဖြစ်သော, အာရမ္မဏိကဇောစိတ္တုပ္ပါဒ်သည်လည်း၊ လွန်စွာမြင့်မြတ်၏၊ အာရုံဖြစ်သော,မြတ်စွာဘုရား၊ဂုဏ်တော်,ကျေးဇူးတော်တရားတို့၏ဂုဏ်း၊အာရမ္မဏိက,ဖြစ်သော ဇောစိတ္တုပ္ပါဒ်တို့၏ဂုဏ်း၊မြင့်မြတ်ခြင်းကြောင့်၊ထိုအာရုံ,ထိုဇောစိတ္တုပ္ပါဒ်တို့ကြောင့် ဖြစ်သော,ဘဝသမ္ပတ္တိ ဟူသော အကျိုး (ဝိပါက)သည်လည်း၊လွန်လွန်ကျူးကျူး၊အထူးသဖြင့် မြင့်မြတ်ပေ၏။

(၁) ယေ ဘိက္ခဝေ,ဗုဒ္ဓေ,ပသန္နာ၊
အဂ္ဂေ,တေ,ပသန္နာ။
အဂ္ဂေ,ခေါပန,ပသန္နာနံ၊
အဂ္ဂေါ,ဝိပါကော,ဟောတိ။
[ဇာတိဝုတ်ပါဠိတော်၊တိကနိပါတ်]

(၁) ဘိက္ခဝေ၊သံသရာအဝွန်း၊စက်အကန့်၌၊မလွန့်စ,သာ၊ဘေးတကာကို၊ လွန်စွာ ကြောက်ခြောင်း၊ (အို) ချစ်သားအပေါင်းတို့....။

ယေ၊ အမှတ်မထင်၊ အကြင်သူတို့သည်။ ဗုဒ္ဓေ၊သစ္စာလေးအင်၊သိမြင်ထင်ရှား၊ မြတ်စွာဘုရားရှင်၌။ ပသန္နာ၊သဒ္ဒါပိုမို၊ကြည်ညိုကြကုန်၏။

တေ၊ထိုသူတို့သည်။ အဂ္ဂေ၊လောက အထွတ်၊တမွတ် ခေါင်ဖျား၊အမြတ်စား, ဖြစ်သော ရတနာ၌။ ပသန္နာ၊သဒ္ဒါပိုမို၊ကြည်ညိုသည်မည်ကုန်၏။

အဂ္ဂေ၊ လောက အထွတ်၊တမွတ် ခေါင်ဖျား၊အမြတ်စား,ဖြစ်သောရတနာ၌။ ပသန္နာနံ၊သဒ္ဒါပိုမို၊ကြည်ညိုကြကုန်သောသူတို့အား။ အဂ္ဂေါ၊ လောက အထွတ်၊တမွတ် ခေါင်ဖျား၊အမြတ်စား,ဖြစ်သော။ ဝိပါကော၊ လူ,နတ်, နိဗ္ဗာန်၊ သုံးတန်ပွားတိုး၊ ကောင်းကျိုး ချမ်းသာသည်။ ဟောတိ၊ဧကန်မသွေ ဖြစ်ရလေ၏။

ထို့ကြောင့်၊ သံသရာခွင်၌၊ ကျင်လည်ကြရစဉ်လည်း၊ ဘဝသမ္ပတ္တိ, ဘောဂ သမ္ပတ္တိ-ဟူသော ကြီးကျယ်-မြင့်မြတ်သော လောကီ ရိပ်ငြိမ်၊ စည်းစိမ် ဥစ္စာ၊အဖြာဖြာတို့နှင့် ပြည့်စုံ၍ အဆုံးစွန်ဘဝ၊နောက်ကာလ ၌လည်း၊နိဗ္ဗာန်တိုင်ရောက်၊မျက်မှောက် ပြုနိုင်ခြင်း-ဟူသော အကျိုးကို ပေးစွမ်းနိုင်သော **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း၊ စီးဖြန်း ပွားများပုံနည်း၌၊ နိဿယည်းလမ်းညွှန်၊ အမွန်-ပဘာဝ, ဖြစ်သော **သုဘူတိဘာဝနာဖွင့် အကျယ်လက်စွဲကျမ်း**ကို၊ ကြိုးပမ်း တကုတ်၊ အားထုတ်စီစဉ်ရေးသား ရလေကြောင်း။

ဤကျမ်းကို၊ ရေးသားစီစဉ်ရခြင်း၏ အကြောင်းရင်းကား။ ။ ဤကျမ်းပြုဆရာ၏၊ကျေးဇူးရှင်ဖြစ်သော **ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ၊ သိရီ မဟာ မင်္ဂလာရာမတိုက်၊ အသျှင်မြတ်စံကျောင်း** ဆရာတော် ဘုရားအား၊ တပည့်,ဒါယကာ, အပေါင်းတို့က၊ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း၊စီးဖြန်းပွားများပုံနည်းကို၊ ရေးသားချီးမြှင့်တော်မူပါမည့်, အကြောင်းနှင့်၊ လျှောက်ထားတောင်းပန်ကြလေရာ၊ ထိုအသျှင်မြတ် ဆရာတော် ဘုရားမှာမူ၊ (လွန်ခဲ့သော နှစ်အတော်ကြာကာလ-ကပင်) နားအူ, နားထိုင်း,နားကိုက်, လေထွက်သော ဝေဒနာနှိပ်စက်၍၊ စိတ်လက် မကြည်မသာ၊ဆင်းရဲစွာဖြင့် ရှိနေတော်မူရကား၊ မိမိ မူလတပည့်ရင်း ဖြစ်သော(ဤကျမ်းပြုဆရာ)အား၊ ထိုဒါယကာတို့၏ လျှောက်ထား တောင်းပန်ချက်စကားကို၊တာဝန်ခံစေပြီးလျှင်၊ရေးသားပုံနည်းစံနစ်ကို၊ စီစဉ်ညွှန်ပြ၊ ဩဝါဒပေးလျက်၊ ရေးသားရန်အခွင့်၊ ချီးမြှင့် တိုက်တွန်း တော်မူ၏။

(အကျွန်ုပ်)သည်၊ဆရာတော်ဘုရား၏၊ဓမ္မကထာ၊သာယာချိုမြိန့်၊အမိန့်တော်ကို၊နှစ်သိမ့်လေးမြတ်စွာ၊ဦးထိပ်ဖြင့်ပန်ဆင်ယင်လျက်၊ဤယခု ရေးသားလတ္တံ့သော ကျမ်းကို၊ ကန်တော့ပန်းပြုကာ၊ ကျေးဇူးတို့ ဖန်၊ ပြန်လည်ပေးဆပ်ပူဇော်ကန်တော့သော အားဖြင့်၊ (**ဗုဒ္ဓါနုဿတိ ဘာဝနာ-ပွားနည်း၊ နိဿယည်း**)ခေါ်ဆိုထိုက်သော ဤ(**သုဘူတိဘာဝနာ ဖွင့်အကျယ်လက်စွဲကျမ်း**)ကို၊စီစဉ် ရေးသားရလေကြောင်း။

ထိုသို့ရေးသားပြီးသော(ကျမ်းစာမူ)ကို၊ကျေးဇူးတော်ရှင်၊ အသျှင်မြတ်ဆရာတော်ဘုရား၏၊ သဘော ဆန္ဒတော်အတိုင်း၊ (လျှောက်ထား

# နိဒါန်း

တောင်းပန်ရင်း ဒါယကာတို့၏၊ စိတ် ဆန္ဒနှင့်၊ လိုက်လျောညီညွတ်လေအောင်)၊ အကျဉ်း ချုံးခြင်း…………အကျယ်ချဲ့ဖွင့်ခြင်း……… စသည်ဖြင့်၊ ပြုလိုရာရာ၊ ပြုတော်မူရန်၊ —လျှောက်လွှာစာနှင့် တကွ၊ (ကျမ်းစာမူ)ကို၊ ဆက်ကပ်- လှူဒါန်းလေရာ၊—ဆရာတော်ဘုရား၏၊ မူလရှိရင်း၊စိတ်ဆန္ဒတော်အတိုင်းမှာမူ၊ (မည်သည့်အခါ-မဆို)(ကျမ်းစာ)ရေးသားရာ၌၊ ဆိုရိုးစကားပြင်နှင့်၊ (ပါဠိ) ဂါထာတို့ကို၊ အနက်ရေးသားရာ၌၊ စကား တန်းဆာ၊ ကဗျာ ဉာဏ်ဖြင့်၊ ကာရန် မဘက်၊ သက်သက်-ဆိုရိုးစကား၊ အသုံးနှုန်းနှင့်၊ပြောထုံး ဆိုထုံးအတိုင်းသာ ရေး၍၊ အမိပ္ပါယ်ကိုမူ၊ စာဘတ်, စာကြည့်သူတို့၏စိတ်၌၊ လေးလေးနက်နက်၊ ကွက်ကွက်ကွင်းကွင်း၊ ထင်လွယ်အောင်၊ သိလွယ်အောင်၊ (စိတ်မာတ်ကို ထိခိုက်လွယ်အောင်) ရေးသားစေရန်၊ နှလုံးမူရင်းဖြစ်၏။

ထိုသို့ဖြစ်သော်လည်း၊ သတ္တဝါတို့မည်သည်၊ နာနစ္ဆန္ဒ၊ နာနဇ္ဈာသယ၊ နာနာဓိမုတ္တိက-ဖြစ်ပေသည်,တကား—ဟု၊ နှလုံးပိုက်တော်မူ၍၊ မိမိ၏ သဘောနှစ်မြို့က်၊ ကြိုက်ညီ ပြင်ဆင်ချက် စကားပြင်တို့နှင့်တကွ၊ (ကျမ်းစာ)ရေးသားပုံ နည်းနိဿယ၊(ကျမ်းစာ) ရေးရာ၌၊ပြုမူလိုက်နာသင့်သော စိတ်နေ,စိတ်ထား၊ အဆုံး-အမ၊ ဩဝါဒ,စကားများကို၊ ရေးသားမိန့်ဆိုတော်မူပြီးလျှင်၊ ဤ (ကျမ်းစာမူ)ကို၊သေချာမှန်ကန်၍၊ ပုံနှိပ်ရန်(စာမူ) အဖြစ်ဖြင့်၊ အတည်ပြုလုပ်၊ ပြဓာန်းချက်-ချမှတ်တော်မူကြောင်း။

ထို (ကျမ်းစာ)ကိုလည်း၊ အဝေး-အနီး၊ရင်းနှီး-ရာရာ၊ဒါယကာ, ဒါယိကာမတို့နှင့်တကွ၊ ဉာတိသင်္ဂဟ၊ သဟာယ-တစုတို့ပါ၊ဓမ္မကထာ၊ သာယာ-နှီးနှော၊ သဘောတူ-တိုင်ပင်-တာဝန်ခွဲစေလျက်၊ လောကီ, လောကုတ္တရာ၊ နှစ်ဖြာ-အကျိုး၊ပွားတိုးကြီးမြင့်စေလိုသော သဘော၊ မနောပဏိဓိ၊ ရည်ရွယ်ရင်း ရှိသည်အတိုင်း(၁၂၀၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း [illegible]-ရက်၊ ကြာသပတေး-နေ့)၌၊ (ပဌမ)အကြိမ် ပုံနှိပ်လုပ်ဆောင်၊အောင်မြင်ပြီးစီးစေခဲ့ပြီဖြစ်ပါသည်။

# နိဒါန်း



**ဟံသာဝတီ၏ အာသီသ**

ပါဠိဘာသာမဖက် မြန်မာဘာသာ သက်သက်ကိုသာ, ဖတ်တတ်, ရှုတတ်သူတို့အဘို့ ပါဠိတော်, အဋ္ဌကထာ, ဋီကာ-ပါဠိစာပေများကို၊ မလေ့လာမကြည့်ရှုနိုင်ကြသည့်တရားလိုက်စား, အမျိုးသား,အမျိုးသမီးများစွာတို့၊တရားသက်ဝင်၊သဒ္ဓါရွှင်လျက်၊ဝမ်းတွင်သိုမှီး၊ ပိဋကတ်တိုက်ကြီး သဖွယ် ဖြစ်စေရန် ရည်သန်ရိုးရင်း နှလုံးသွင်းရှိသည် ဖြစ်၍၊ မြန်မာစာပေ အရေးအသားဖြင့် ထုတ်ဝေ ဖြန့်ချီအပ်သော စာကောင်း, စာမွန်,စာချွန်,တို့ကို ရွေးနုတ်ပြီးကာ-ငွေကြေးရမှု တခုကိုသာ၊ပဓာန မထားဘဲ[**အမတဒုဒြဘိ**'၊အမြိုက်နိဗ္ဗာန်လမ်းပြ၊ ဓမ္မစည်တော်ကြီးကို။ **အဟညိ**ံ၊ ဒေသနာဉာဏ်စက်ဖြင့်၊ တီးနှက် ပေတော့အံ့....၊]ဟူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အာသီသ အလိုကျ၊ မိန့်ခွန်းတော်မြွက်ဟသည့်အတိုင်း၊ တသွေမတိမ်းလိုက်နာ ကျင့်သုံးသော အားဖြင့်၊ဤ **သုဘူတိဘာဝနာဖွင့် အကျယ်လက်စွဲကျမ်း**ကို၊ဒုတိယအကြိမ်ရိုက်နှိပ်ဖြန့်ချီထုတ်ဝေအပ်သည်ဖြစ်ပါကြောင်း၊ ယင်းသို့ဖြန့်ချီထုတ်ဝေရာတွင်လည်း၊ ရှင်းလင်း သေသပ်သော အထား,အသို,အပို,အလို-မရှိသော ပုဒ်ပါဌ်အဖြတ် အရပ်၊ကျ-န-သေချာ၊ အက္ခရာ ပုဒ် ဗျည်း၊ မလိပ်လည်းစေရအောင်၊ပါဠိဆရာကြီး **ဦးခင်စိုး-သိရီပဝရဓမ္မာစရိယအမှူးရှိသောဟံသာဝတီပါဠိဆရာအဖွဲ့**ဝင်များက၊ ကောင်းစွာ သုတ်သင် ပြင်ဆင်ကာ ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

(ဟံသာဝတီ)
(၁၃၁၈-ခုနှစ်၊ တာကူးလ)
ဒုတိယ-နှိပ်ခြင်း။

(၁၃၁၈-ခုနှစ်၊ တာကူးလ၌၊ တင်ပြသော စာရင်း)

ကျေးဇူးရှင်၊

ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော် ဘုရားကြီး၏

သဒ္ဓိ-ဝိဟာရိက-တပည့်ဖြစ်သော

**ပဌမ-နာယက၊ အဂ္ဂမဟာပဏ္ဍိတ**

# ဘဒ္ဒန္တဇောတ-အသျှင်

စီစဉ်ရေးသားအပ်သော စာအုပ်စာရင်း


(၁) မဟာသမယဖွင့်အကျယ်— ၃-နှိပ်ခြင်း

(၂) သုဘူတိ ဘာဝနာဖွင့်အကျယ်— ၃နှိပ်ခြင်း

(၃) ဓမ္မစကြာဖွင့်အကျယ်— တ-နှိပ်ခြင်း

(၄) ဓမ္မစကြာ-ပါဠိတော်
မြန်မာဘာသာပြန်— ၃-နှိပ်ခြင်း

(၅) အနတ္တ လက္ခဏာ ဖွင့်အကျယ်— ၃-နှိပ်ခြင်း

(၆) လောက-နီတိဖွင့်အကျယ်— ပ-နှိပ်ခြင်း

(၃-တ)

(၇) ဟေမဝတ သုတ္တန်-ပါဠိတော်—
မြန်မာဘာသာပြန်၊ ပ-နှိပ်ခြင်း


မြန်မာနိုင်ငံတော်,အစိုးရသည်၊ ၁၃၁၂-ခုနှစ်-အချိန်က၊ ဩဝါဒါစရိယ-ဆရာတော်ကြီး, လေးပါးကို၊ အမှူးပြု၍၊လွှတ်တော်ချုပ်တရားဝန်ကြီး ဦးသိန်းမောင်ကို၊ဥက္ကဋ္ဌတင်လျက်၊(ဗုဒ္ဓဘာသာ သင်ခန်းစာ) ရေးသားရေးအဖွဲ့ကို၊ ဖွဲ့စည်းခဲ့ရာ၌၊ဆရာတော်ကို၊ အဖွဲ့ဝင် ဆရာတော်တပါးအဖြစ်ဖြင့်-ပါဝင် တင်မြှောက်သဖြင့်၊ ဆရာတော် ဆောင်ရွက်ရေးသားအပ်သော စာအုပ်စာရင်း။


(၈) ဗုဒ္ဓဘာသာ လက်စွဲ (အဋ္ဌမ)တွဲ— ၃-နှိပ်ခြင်း

(၉) ဗုဒ္ဓဘာသာ လက်စွဲ(အဋ္ဌမ)တွဲအဖွင့်— ပ-နှိပ်ခြင်း

(၁၀) ဗုဒ္ဓဘာသာလက်စွဲ (နဝမ) တွဲ— ၃-နှိပ်ခြင်း

(၁၁) ဗုဒ္ဓဘာသာလက်စွဲ(နဝမ) တွဲအဖွင့်— ပ-နှိပ်ခြင်း

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဂန္ထကာရပဏာမ နိဒါန်း | .... | ၁ |
| ၂။ | အမှားအမှန် နှစ်တန်သော ကိုးကွယ်ခြင်းကိုပြဆိုခက်း .... | .... | ၄ |
| ၃။ | ဂုဏ်တော်ကိုးပါး ပါဠိ,အနက်ပြဆိုခြင်း .... | .... | ၁၄ |
| ၄။ | ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွားများပုံ နည်းအကျဉ်းချုပ် .... | .... | ၁၀ |
| ၅။ | အရဟံ-ဂုဏ်တော် ပုဒ်၏ အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့် .... | .... | ၂၂ |
| ၆။ | သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့် | .... | ၂၇ |
| ၇။ | ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့် | .... | ၂၀ |
| ၈။ | သုဂတ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့် .... | .... | ၃၉ |
| ၉။ | လောကဝိဒူ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့် | .... | ၄၁ |
| ၁၀။ | အနုတ္တရော ပုရိသ ဒမ္မသာရထိ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့် | .... | ၄၄ |
| ၁၁။ | သတ္ထာဒေဝ မနုဿာနံ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့် | .... | ၄၅ |
| ၁၂။ | ဗုဒ္ဓ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့် .... | .... | ၄၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃။ | ဘ၈၀ါ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့် .... | .... | ၅၂ |
| ၁၄။ | ဂုဏ်တော်ကိုးပါးကြောင့် ဥပစာရ သမာဓိဖြစ်ပုံ .... | .... | ၅၆ |
| ၁၅။ | ဝိပဿနာသို့ ကူးပြောင်းပုံ | .... | ၆၁ |
| ၁၆။ | အရှင်သုဘူတိမဟာထေရ်ဝတ္ထု | .... | ၆၉ |
| ၁၇။ | သုဘူတိတွေ့ရ အဋ္ဌကထာပါဌ် | .... | ၁၁၉ |
| ၁၈။ | အရှင်မဟာကပ္ပိနထေရ်ဝတ္ထု | .... | ၁၃၅ |
| ၁၉။ | နိဂုံးစကား | .... | ၂၃၅ |

# သုတ္တိဘာဝနာဖွင့် အကျယ်

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

## ဂန္ထာကာရပဏာမနိဒါန်း

(က) "ဝန္ဒိယ , ဝက္ခတော, ဗုဒ္ဓံ၊
ယာစတော, မေ, သိသော-ဒယေ။
ဗုဒ္ဓါနံ, တိဌယံ, ဗုဒ္ဓ၊
ဗုဒ္ဓျာပယ, မတု-ပ္ပလံ"။ ။

(က) ဗုဒ္ဓ၊ သစ္စာ,လေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရား....။ ဗုဒ္ဓါနံ၊ ဘုရားမြတ် - တည်းဟူသော ကိုးကွယ်ရာနတ်ရှိကြကုန်သော သူတို့သည်။ ယာစတော၊ (ယာစမာနဿ) ရှေးရှုညွတ်ပျောင်း၊တောင်းပန်အပ်သည်ဖြစ်၍။ဗုဒ္ဓံ၊သစ္စာ,လေးပါး၊တရားအစဉ်ကို၊သိမြင်တော်မူပြီးသော။ တံ၊ထိုသုံးလူ့ထွတ်တင်၊မြတ်စွာဘုရားရှင်ကို။ဝန္ဒိယ၊ ရိုသေမြတ်နိုး၊ ရှိခိုးဦးညွတ်ပြီး၍။ ဗုဒ္ဓံ၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်၏,ကိုးပါးသော ဂုဏ်တော်မြတ်ကို။ ဗုဒ္ဓါနံ၊ ဘုရားမြတ်-တည်းဟူသော ကိုးကွယ်ရာနတ်ရှိကုန်သောသူတို့၏,အကျိုးငှါ။ဝက္ခတော၊မကျဉ်း,မကျယ်၊

သိလွယ်ရုံသာ၊ ကောင်းစွာ,ထုတ်ဘော်ဖွင့်ဆိုလတ္တံ့သော။ မေ၊ **ဇောတ** မည်တွင်၊ တပည့်ရှင်,ဟု၊ ခေါ်ငင်,သမုတ်၊အကျွန်ုပ်၏။ သိသော-ဒယေ၊ ဦးခေါင်း-တည်းဟူသော "ဥဒည်း"တောင်ထက်၌။ တိဌယံ၊ (တိဋ္ဌယန္တော) ကြံ့ကြံ့ မတ်မတ်၊ ရပ်တန့်တည်တော်မူလျက်။ မေ၊ **ဇောတ** မည်တွင်၊တပည့်ရှင်,ဟု၊ခေါ်ငင်,သမုတ်၊ အကျွန်ုပ်၏။ မတု-ပ္ပလံ၊ ကောင်း, ဆိုး, နှစ်တန်၊ ကြောင်း, ကျိုး, ပြန်၍၊ အမှန်သိတတ်သော၊ ဉာဏ်-တည်းဟူသော "ကြာ" ပန်းကို။ ဗုဇ္ဈာပယ၊ ကားကား, စွင့်စွင့်၊ ပွင့်ကြီး ပွင့်ပါစေခလို။ ဗုဒ္ဓါနံ၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်သာလျှင်, ကိုးကွယ်ရာ ရှိရကား၊ ဘုရားမြတ်-တည်းဟူသော ကိုးကွယ်ရာနတ် ရှိကုန်သောသူတို့၏။ သိသော-ဒယေ၊ ဦးခေါင်း-တည်းဟူသော"ဥဒည်း"တောင်ထက်၌။တိဋ္ဌယံ၊(တိဋ္ဌ-ယန္တော)ကြံ့ကြံ့မတ်မတ်၊ ရပ်တန့်တည်တော်မူလျက်။ ဗုဒ္ဓါနံ၊ ဘုရားမြတ်-တည်းဟူသော ကိုးကွယ်ရာနတ် ရှိကုန်သော သူတို့၏။ မတု-ပ္ပလံ၊ လောကုတ်,လောကီ၊နှစ်လီအကျိုး၊ ပွားတိုးဘို့ရန်၊အမှန်သိတတ်သော၊ ဉာဏ်-တည်းဟူသော "ကြာ"ပန်းကို။ ဗုဇ္ဈာပယ၊အထပ်တရာ၊ ချပ်လှာဆင့်၍၊ ပွင့်ကြီးပွင့်ပါစေလသေး။

ဤဂါထာ၌၊ "ဗုဒ္ဓ"သဒ္ဒါသည်။ "ဗုဒ္ဓါနုဿတိ"ဟူသော ပုဒ်၌ကဲ့သို့၊ "ဗုဒ္ဓါနံ ဂုဏော, ဗုဒ္ဓေါ" ဟု ဝိဂြိုဟ်ပြု၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အရကောက်ယူအပ်၏၊

**ဗုဒ္ဓါနံ**-၌ "ဗုဒ္ဓေါ တေသံ ဒေဝတာ ဗုဒ္ဓေါ"ဟု၊ ဝိဂြိုဟ်ပြု၍ မြတ်စွာဘုရားကို၊ကိုးကွယ်ဆည်းကပ်သော **ဗုဒ္ဓ**ဘာသာလူမျိုးကို အရကောက်ယူအပ်၏။

**ဗုဒ္ဓ**-ကို၊ **ဝန္ဒိယ**-၌ စပ်သောအခါ မြတ်စွာဘုရား၏ ခန္ဓာပဉ္စက ခြင်တော် အရကောက်ယူအပ်၏။

**ဝန္ဒတော**-၌ စပ်သောအခါ၊ မြတ်စွာဘုရား၏ ကိုးပါးသော ဂုဏ်တော်ကို အရကောက်ယူအပ်၏။

**ယာစတော** ၌ အနု-ပစ္စည်း၊ ကံ, ဟောကြံ၊ **မေ**-ဟူသောပုဒ်ကို၊ **သိသော-ဒယေ** ၌ရင်း။ **မတု-ပ္ပလံ** ၌ရင်း စပ်အပ်၏။

**ဗုဒ္ဓါနံ**–ကို၊ **ယာစတော** ၌ရင်း။**သိသော-ဒယေ** ၌ရင်း။စပ်အပ်၏။ ''ပုဗ္ဗမှ''၌ ဌာန်တူ- အက္ခရာတို့ဖြင့် စီရင်အပ်သောကြောင့်၊ (ပဒါသတ္တိ- မဓုရတာ) ဂုဏ်။ သိထိလ, အက္ခရာဖြင့်၊ အစ, ချီ၍ သိထိလ အက္ခရာဖြင့် အဆုံး ချအပ်သောကြောင့်၊ (မုဒုကေဝလသမတာ) ဂုဏ်။ သိထိလ, အက္ခရာများ၍ မနိတ, အက္ခရာ နည်းသောကြောင့်၊ (သုခုမာလတာ) ဂုဏ်။

''အပရမှ'' ၌၊ (အနုပ္ပါသ မဓုရတာ) ဂုဏ်။ တ-ဂါထာလုံး၌ (ပသာဒ) ဂုဏ်။ (ကန္တိ) ဂုဏ်။များစွာသော အနက်တို့ကိုချုံး၍ ဆိုအပ် သောကြောင့်၊ (ဩဇ)ဂုဏ်။''ဦးခေါင်း''ကို ''တောင်''ပြု၍၊''ဉာဏ်'' ကို''ကြာ''ကဲ့သို့ပြု၍ဆိုသောကြောင့်၊(သမာဓိ)ဂုဏ်ရောက်၏။

**ဗုဒ္ဓါနံ**-ကို၊မြတ်စွာဘုရား,အားသာလျှင်ရ၏–ဟူ၍ အထင်မှားအောင် ဖွဲ့ဆိုသောကြောင့်၊(သမာနသဒ္ဒတာပဟေဠိ)ရှိ၏။ ၊ထို့ပြင်လည်း၊ (ရူပ က)အလင်္ကာ၊ (သိလေသ) အလင်္ကာ၊ (အာသီ)အလင်္ကာဂုဏ်တို့ဖြင့် လည်း၊တန်းဆာဆင်အပ်သောဂါထာဖြစ်၏။

(၁) ''ဝန္ဒိယ,ဝက္ခတော,ဗုဒ္ဓံ၊
ယာစတော,မေ,သိသော-ဒယေ။
ဗုဒ္ဓါနံ,တိဌယံ,ဗုဒ္ဓ၊
ဗုဒ္ဓျာပယ,မတု-ပ္ပလံ''။ ။

(၁) ဗုဒ္ဓ၊နှလုံး,စင်ဖြူ၊အယူဖြောင့်မတ်၊ ဘုရားမြတ်-တည်းဟူသော ကိုးကွယ်ရာနတ်-ရှိသော ဆရာတော်ဘုရား။ဗုဒ္ဓါနံ၊နှလုံး,စင်ဖြူ၊ အယူဖြောင့်မတ်၊ဘုရားမြတ်-တည်းဟူသော ကိုးကွယ်ရာနတ်ရှိ ကုန်သောသူတို့သည်။ယာစတော၊(ယာစမာနဿ)ရှေးရှုညွတ် ပျောင်း၊တောင်းပန်အပ်သည် ဖြစ်၍။ဗုဒ္ဓံ၊ နှလုံး,စင်ဖြူ၊အယူ ဖြောင့်မတ်၊ဘုရားမြတ်-တည်းဟူသောကိုးကွယ်ရာနတ်ရှိသော ကျေးဇူးတော်ရှင်၊ အရှင်ကျောင်းတော်ရာ **ရွှေကျင်ဆရာတော်** ဘုရားကြီးကို။ ဝန္ဒိယ၊ရှိသေ,မြတ်နိုး၊ ရှိခိုးပြီး၍။ဗုဒ္ဓါနံ၊ နှလုံး, စင်ဖြူ၊ အယူဖြောင့်မတ်၊ ဘုရားမြတ်-တည်းဟူသော ကိုးကွယ် ရာနတ်ရှိကုန်သော သူတို့၏အကျိုးငှါ။ ဗုဒ္ဓံ၊ သုံးလူ့,ထွတ်တင်၊ မြတ်စွာဘုရားရှင်၏၊ကိုးပါးသောဂုဏ်တော်မြတ်ကို။ဝက္ခတော၊ မကျဉ်း,မကျယ်၊ သိလွယ်ရှိသာ၊ ကောင်းစွာထုတ်ဘော်၊ ဖွင့်ဆို

လတ္တံ့သော။ မေ၊ **ဇောတ** မည်တွင်၊တပည့်ရှင်,ဟု၊ ခေါ်ငင်, သမုတ်၊အကျွန်ုပ်၏။သိသော-ဒယေ၊ ဦးခေါင်း-တည်းဟူသော "**ဉဒည်း**" တောင်ထက်၌။တိဋ္ဌယံ၊(တိဋ္ဌယန္တော)ကြို့ကြို့မတ် မတ်၊ရပ်တန့် တည်တော်မူလျက်။ မေ၊ (**ဇောတ**) မည်တွင်၊ တပည့်ရှင်,ဟု၊ခေါ်ငင်,သမုတ်၊ အကျွန်ုပ်၏။မတု-ပွလံ၊ ဘုရား, ကျေးဇူး၊ဂုဏ်တော်ထူးကို၊ချီးကျူးဘို့ရန်၊ခွဲဝေဘန်လျက်၊အမှန် သိတတ်သော ဉာဏ်-တည်းဟူသော "ကြာ"ပန်းကို။ဖုဋ္ဌာပယ၊ လန်းလန်း စွင့်စွင့်၊ ဆန်းဆန်းတင့်အောင်၊ ပွင့်ကြီး ပွင့်ပါစေ သော်။

ဤဂါထာ၌ ဇုဋ္ဌ-ဟူသောပုဒ်သည်၊မြတ်စွာဘုရား၏ ဂုဏ်တော်မြတ်ကို ၎င်း။မြတ်စွာဘုရား-တည်းဟူသော ကိုးကွယ်ရာ နတ်ရှိသော အကျွန်ုပ်၏ ကျေးဇူးတော်ရှင်၊ အရှင်ကျောင်းတော်ရာ **ရွှေကျင်ဆရာတော်** ဘုရား ကြီးကို၎င်း။အရကောက်ယူအပ်၏။

**ဇုဋ္ဌါန်**-ဟူသော ပုဒ်အရမူ၊ ဇုဋ္ဌဘာသာဝင်,အပေါင်းကိုရ၏။

ဇုဋ္ဌေါ အဿ ဒေဝတာ ဇုဋ္ဌေါဟု၊ဝိဂ္ဂြိုဟ်ပြု၍၊ကျေးဇူးတော်ရှင်-အရှင် ကျောင်းတော်ရာ **ရွှေကျင်ဆရာတော်** ဘုရားကြီးကိုလည်း၊ ဤဂါထာဖြင့် ပင်၊ ပဏာမ, ပြုရကား၊ ထိုကျေးဇူးတော်ရှင်၊ အရှင်ကျောင်းတော်ရာ **ရွှေကျင်ဆရာတော်** ဘုရားကြီးသည်၊မြတ်စွာဘုရားရှင်အား၊အထူးသဖြင့်၊ ကြည်ညို၍၊ ဘုရားဆု,တောင်းယူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၏ အဖြစ် ကိုသိစေ၏-ဟူလို။

ဤတွင်ရွှေကား ဂန္ထကာရပဏာမနိဒါန်း ပြီး၏။

---

## အမှားအမှန် နှစ်တန်သောကိုးကွယ်ခြင်းကို ပြဆိုခဏ်း

(၁) အသာရေ,သာရ မတိနော၊
သာရေစာ,သာရဒဿိနော။
တေသာရံ,နာ-ဓိ-ဂစ္ဆန္တိ၊
မိစ္ဆာ-သင်္ကပ္ပ-ဂေါစရာ။ ။

(၁) ယေ၊အမှတ်မတင်၊အကြင်သူတို့သည်။အသာရေ၊သံသရာဝယ်၊ မှီရာစင်စစ်၊ အနှစ်မပါ၊ အ,ကာ-အတိဖြစ်သော တိတ္ထိ,တို့၏

တရား၌။သာရမတိနော၊သံသရာဝယ်၊မှီရာစင်စစ်၊အနှစ်သာရရှိ၏ ဟု၊အယူရှိကြကုန်၏။ ။သာရေစ၊စ,လယ်,အဆုံး၊ ပေါင်းရုံးသုံးဖြာ၊ အ,ကာ ပယ်ပစ်၊ အနှစ်ဖြစ်သော တရား၌လည်း၊ အသာရဒဿိနော၊ သံသရာဝယ်၊ မှီရာစင်စစ်၊ အနှစ်မပါ၊အ,ကာ-ရစ်ဖုံး၊ အသုံးမကျ,ဟုသာ၊ အယူရှိကြကုန်၏။ ။မိစ္ဆာ-သင်္ကပ္ပ-ဂေါစရာ၊မိစ္ဆာ-ထူပြော၊လူ့သဘောဖြင့်၊ လာဘ်,ပေါ်ဖို့ရန်၊ ပြုစီမံ၍၊ အကြံယုတ်မာ၊ "မိစ္ဆာ"ဝိတက်၏ ကျက်စားရာဖြစ်ကုန်သော။တေ၊ထိုလောက-ဓမ္မ၊ နှစ်ဝ-ရေးရာ၊ အလိမ်မာနှင့်၊ ပညာ-နည်းပါး၊အမိုက်သားတို့သည်။ သာရံ၊သံသရာဝယ်၊မှီရာစင်စစ်၊အနှစ်ဖြစ်သော တရားကို။နာဓိ-ဂစ္ဆန္တိ၊အယူမှောက်မှား၊ စိတ်ဘောက်ပြား၍၊ ခံစား-သိရှိ,ခွင့်ကို၊ မရကြလေကုန်။

ဤသို့မိန့်မှာ၊ ဒေသနာတော်မြတ်နှင့်အညီ။ ရှည်လျားလှစွာသော သံသရာခွင်၌၊ကျင်လည်ကြရကုန်သော သတ္တဝါတို့သည်၊ထိုထို သံသရာဘုံဘဝ၌၊မိမိ-မိမိတို့၏ မှီခို-ကိုးစား၊အားထား-ဆည်းကပ်ရာဖြစ်သော တရားတော်မြတ်၏၊လွန်စွာ-အတိ၊အသိခက်ခဲခြင်း,နက်နဲခြင်း,သိမ်မွေ့ခြင်း,တို့ကြောင့်၊ ထိုတရားတော်မြတ်၏၊ ဟုတ်မှန်တိုင်းသော အနက်သဘောကို၊အစုံအလင် မသိ,မမြင်ကြသဖြင့်၊သံသရာ၌၊လွန်စွာ ဆိုးငြစ်လျက်၊အကျိုးမဖြစ်၊ အနှစ်မပါ၊ အ,ကာ-အတိဖြစ်သော တိတ္ထိ,တို့၏၊ တရားကိုသာ၊ အနှစ်သာရနှင့် ပြည့်စုံ၍၊ မှီရာ,တည်ရာ, ကိုးကွယ်ရာ, ဆည်းကပ်ရာဖြစ်သော တရားထူး, တရားမြတ်, တို့ပေတည်း=ဟူ၍-မှတ်ထင် ယူမှားကြကုန်၏။

အစ, အလယ်, အဆုံး၊ပေါင်းရုံးသုံးဖြာ၊ အ,ကာ-ပယ်ပစ်၊ အနှစ်သာရနှင့် ပြည့်စုံ၍၊နိဗ္ဗာန်တိုင်ရောက်၊ မျက်မှောက်ပြုနိုင်ခြင်း-ဟူသော အကျိုးကို ပေးစွမ်းနိုင်သော ဘုရားစစ်,ဘုရားမှန်၊တရားစစ်,တရားမှန်၊ သံဃာစစ်,သံဃာမှန်တို့ကိုလည်း၊ဉာဏ်အမြင်မှားလျက်၊အသား,မစစ်၊ အနှစ်မပါ၊အ,ကာ-ရစ်ဖုံး၊အသုံးမကျသော တရားတို့ပေတည်း=ဟူ၍ မှတ်ထင်ယူမှားကြပြန်ကုန်၏။

ဤသို့အားဖြင့်၊မိုခိုရာတရား၊ကိုးကွယ်ရာတရား၊ ဆည်းကပ်ရာတရား၊ အမြင်မှား၍ လာခဲ့ကြခြင်းကြောင့်၊ အကယ်စင်စစ်၊ အနှစ်သာရနှင့် ပြည့်စုံသော တရားထူး, တရားမြတ်,ကို၊ မသိ,မမြင်ကြဖြစ်ရကား— ထိုထို သံသရာ၌၊ခန္ဓာဝန်ကြမ်း၊ ကိုယ်စီထမ်း၍၊သွားလမ်းမမြင်၊သူကန်း သွင်သို့၊ငြိုငြင်နွမ်းလျ၊တ,တ-တ,ဖြင့်၊ဘဝရှည်ကြာ၊တည်ရာမတွေ့၊ မေ့ ကြီးမေ့၍၊တ ရွေ့ရွေ့မျောပါးကျင်လည်ကြရကုန်၏။

အကြင်အခါ၊သံသရာ၌၊မိမိ-မိမိတို့၏၊ မှီခိုကိုးစား၊အားထား ဆည်း ကပ်ရာ ဖြစ်သော တရားတော်မြတ်၏၊ ဟုတ်မှန်တိုင်းသော အနက် သဘောကို အစုံအလင် သိမြင်ကြရသဖြင့်၊ အမှားစင်စစ်၊ အနှစ်မပါ၊ အ,ကာ-အတိဖြစ်သော တိတ္ထိ,တို့၏ တရားကို၊ စွန့်လွှတ်ပယ်ခွါနိုင်ကြ ကုန်၏။ ။အစ, အလယ်, အဆုံး၊ ပေါင်းရုံးသုံးဖြာ၊ အ ကာ-ပယ်ပစ်၊ အနှစ်သာရနှင့်ပြည့်စုံ၍၊ နိဗ္ဗာန်တိုင်ရောက်၊ မျက်မှောက်ပြုနိုင်ခြင်း-ဟူ သော အကျိုးကို ပေးစွမ်းနိုင်သော (ဘုရား၊တရား၊သံဃာ) ဟူသော ရတနာသုံးပါးတို့၏ အပေါင်းကိုလည်း၊ သံသရာ၌၊ မှီရာစင်စစ်၊ အနှစ် သာရနှင့် ပြည့်စုံသော တရားတို့-ပါတကား-ဟု၊ အားထား,ယုံကြည်၊ ဆည်းကပ် ကိုးကွယ်ကြကုန်၏။ ။ထိုအခါ၊ မှီခိုရာတရား၊ ကိုးကွယ်ရာ တရား၊ ဆည်းကပ်ရာတရား၊ မမှားကေန်၊ အမှန်အစစ်ကို။ တွေ့မြင်ရရှိ ကြသဖြင့်။ထိုသံသရာ၌။ ခန္ဓာဝန်ထုပ်၊ ကင်းစင်ချုပ်၍၊ ဝိမုတ္တိ,ဓာတ်၊ မြတ်သော နိဗ္ဗာန်သို့၊မျက်မှောက်ပြုကြရကုန်၏။

(၂) သာရဉ္စ သာရတော ဉတွာ၊
အသာရဉ္စ အသာရတော။
တေ သာရ မ-ဓိ-ဂစ္ဆန္တိ၊
သမ္မာ သင်္ကပ္ပ ဂေါစရာ။

(၂) ယေ၊အမှတ်မထင်၊အကြင်သူတို့သည်။သာရဉ္စ၊သံသရာဝယ်၊ မှီရာ စင်စစ်၊ အနှစ်ဖြစ်သော တရားကိုလည်း။ သာရတော၊သံသရာ ဝင့်၊ဘဝညွတ်မှ၊ထွက်လွတ်ဘို့ရန်၊အမှန်စင်စစ်၊အနှစ်အားဖြင့်။ အသာရဉ္စ၊ သံသရာဝယ်၊ မှီရာစင်စစ်၊အနှစ်မပါ၊အ,ကာ-အတိ

ဖြစ်သောတိတ္ထိ,တို့၏၊ တရားကိုလည်း။ အသာရတော၊ သံသရာဝယ်၊မှီရာစင်စစ်၊အ,နှစ်-မပါ၊အ,ကာ-ရစ်ဖုံး၊အသုံးမကျသောအားဖြင့်။ဥ_တ္တာ၊သုံးလူ့ထိပ်ပန်၊ဘုရား,ထံ၌၊ နည်းခံသင်ကြား၊ ပညာ,အားဖြင့်၊ပိုင်းခြားတိတိ၊ကောင်းစွာသိရှိကြကုန်၍။သမ္မာသက်ပ့ ဂေါစရာ၊ သုံးလူ့ထွတ်ထား၊မြတ်စွာဘုရား၏၊ ထံပါး,နည်းခံ၊ အကြံကောင်းစွာ၊(သမ္မာ) ဝိတက်,၏၊ ကျက်စားရာဖြစ်ကုန်သော။ တော၊ထိုလောက-ဓမ္မ၊နှစ်ဝ-ရေးရာ၊ ပညာပြွမ်းတီး၊ အလိမ်မာကြီးကြကုန်သောသူတို့သည်။သာရံ၊ သံသရာဝဋ်၊ဘဝညွတ်မှ၊ လွတ်ထွက်ဘို့ရန်၊ အမှန်စင်စစ်၊ အနှစ်ဖြစ်သောတရားကို။ အဓိဂစ္ဆန္တိ၊ မဂ်-ဉာဏ်, ဖိုလ်ညှောက်၊ ကောင်းစွာပေါက်၍၊ မျက်မှောက်ထင်ထင်၊သိမြင် ရရှိကြလေကုန်၏။

ထို့ကြောင့်၊သံသရာ၌၊ ကျင်လည်ကြရကုန်သော သတ္တဝါတို့အား၊ မိမိ-မိမိတို့၏ မှီခို-ကိုးစား၊ အားထား ဆည်းကပ်ရာ ဖြစ်သောတရားစစ်၊ တရားမှန်ကို ရရှိ-သိမြင်, ကြဘို့ရာ အရေးသည်။ လွန်စွာဝန်လေး ရနိုင်ခဲသော အချက်ကြီးဖြစ်ချေ၏။ ။ထိုစကားမှန်၏။

ဘုရား စစ်၊ဘုရားမှန်ကိုတွေ့မှ၊တရား စစ်၊ တရား မှန်ကို၊ ကြားနာရချေ၏။ ။တရား စစ်၊တရား မှန်ကို၊ ကြားနာရမှ၊ အယူ-အကျင့်မှန်ချေ၏။ အယူ-အကျင့်ဖြောင့်မှန်မှ၊ နိဗ္ဗာန်တိုင်ရောက်၊ မျက်မှောက်ပြုနိုင်ခြင်းဟူသောအကျိုးကို ခံစားရချေ၏။ ။ဘုရား စစ်၊ ဘုရားမှန်မဟုတ်ချေက၊ တရား စစ်၊တရား မှန်ကို၊ မကြားနာရချေ။ ။တရား စစ်၊ တရားမှန်မဟုတ်ချေ—ကလည်း။ အယူ- အကျင့် မဖြောင့်မှန်ချေ။ ။အယူ-အကျင့်မဖြောင့်မှန်ချေ—ကလည်း၊ သံသရာဝဋ်၊ ဘဝညွတ်မှ၊ မလွတ်မြောက်နိုင်ချေ။

ချဲ့ဆိုဦးအံ့—။ ။ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရား သခင်သည်၊ တိုင်းကြီး ၁၆, တိုင်းတို့၏ အဝင်, အပါဖြစ်သော "**အင်္ဂ**" တိုင်း၊ "**မဂဓ**" တိုင်းတို့၏အကြား၊ တခုသော "**သဲပုံ**"အစု၌ သီတင်းသုံး စံနေတော်မူသောအခါ၊ "**ကောသလ**" မင်းကြီး၏၊ ပုရောဟိတ်, ဖြစ်ဘူးသော **အဂ္ဂိဒတ္တ** အမည်ရှိသော ရသေ့သည်၊ မိမိထံမှောက်၊ လာရောက်ဆည်းကပ်ကြကုန်သောထို"**အင်္ဂ**"တိုင်းသား၊"**မဂဓ**"တိုင်း

သား၊ "ဂုရုဒ္ဒ" တိုင်းသားတို့အား၊ ဤသို့သော ဩဝါဒ,စကား၊မိန့်ကြားပြောဆို၏။

(အသင်)တို့သည်၊တောင်,တို့ကိုရင်း=တော,တို့ကိုရင်း=အာရာမ်,(အဓိကရ) သစ်ပင်,တို့ကိုရင်း= ကိုးကွယ်ကြကုန်လော့။ ။ဆည်းကပ်ကြကုန်လော့။ ။ဤသို့တော,တောင်,အာရာမ်,အဓိကရသစ်ပင်တို့ကို၊ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းသည်၊(အသင်)တို့အား၊ခပ်သိမ်းသောဆင်းရဲဒုက္ခအပေါင်းမှ၊လွတ်မြောက်ကြကုန်လတ္တံ့=ဟု၊ဩဝါဒ,စကား၊မိန့်ကြားဆုံးမလျက်နေ၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင် မြတ်စွာဘုရားသခင်သည်၊ **အဂ္ဂိဒတ္တ** ရသေ့ရှိရာ အရပ်သို့ကြွသွားပြီးလျှင်၊ ထို **အဂ္ဂိဒတ္တ** ရသေ့ကို ခေါ်၍၊ (ချစ်သား) **အဂ္ဂိဒတ္တ**။ ။အသင်သည်၊ မိမိ၏ တပည့်သားတို့အားရင်း=အလုပ်အကျွေးဖြစ်သောသူတို့အားရင်း=(အဘယ်သို့)ဆို၍ဩဝါဒ,စကား၊ ဟောကြားဆုံးမသနည်း,ဟု၊မေးမြန်းတော်မူ၏။

ထိုအခါ၊ **အဂ္ဂိဒတ္တ** ရသေ့သည်။ ။ဘုန်းခြောက်ပါး သခင်၊အရှင်ဘုရား။ ။(အကျွန်ုပ်)သည်၊တောင်,ကိုရင်း=တောကိုရင်း=အာရာမ်ကိုရင်း=အဓိကရ သစ်ပင်, ကိုရင်း=ကိုးကွယ်ကြ ကုန်လော့၊ ဆည်းကပ်ကြကုန်လော့။

ထိုသို့-ကိုးကွယ်,ကြခြင်း၊ ဆည်းကပ်ကြခြင်းဖြင့်၊ အသင်တို့အား၊ခပ်သိမ်းသော ဆင်းရဲဒုက္ခအပေါင်းမှ၊ လွတ်မြောက်ကြရလတ္တံ့=ဟု၊ဟောကြားဆုံးမ,ပါ၏-ဟု၊လျှောက်တင်လတ်သော်၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဤသို့စကား၊မိန့်ကြားဆုံးမတော်မူ၏။

(အို)ချစ်သား**အဂ္ဂိဒတ္တ**....။

အသင်တို့အား၊ ထိုသို့ တော,တောင်,အာရာမ်, အဓိကရ-သစ်ပင်တို့ကို၊ကိုးကွယ်ကြခြင်း၊ ဆည်းကပ်ကြခြင်းဖြင့်၊ ခပ်သိမ်းသော ဆင်းရဲဒုက္ခ အပေါင်းမှ၊ မလွတ်မြောက်နိုင်ကုန်ရာချေ။

စင်စစ်ကေန်၊ အမှန်အားဖြင့်မူကား-

အကြင်သူသည်၊ မြတ်စွာဘုရားရှင်ကိုရင်း=မြတ်စွာဘုရားရှင်၏၊ တရားတော်မြတ်ကိုရင်း=မြတ်စွာဘုရားရှင်၏၊ တပည့်သား, သံဃာတော်မြတ်ကိုရင်း= ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းကိုပြု၏။

အကြင်သူသည်၊ထိုသို့ဘုရား,တရား,သံဃာ,ဟူသော ရတနာသုံးပါး အပေါင်းအား၊ ကိုးကွယ်ခြင်း,ဆည်းကပ်ခြင်း,ကိုအမှီပြု၍ ပဋိသန္ဓေ၊ စွဲတည်နေရခြင်းဟူသော ဇာတိ,စသော ဒုက္ခသစ္စာကိုဂုဏ်း=လောဘ, ဟူသောသမုဒယသစ္စာကိုဂုဏ်း=နိဗ္ဗာန်, ဟူသော နိရောဓသစ္စာကို ဂုဏ်း=သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,စသောမဂ္ဂသစ္စာကိုဂုဏ်း=သဘာဝဓမ္မ၊ ကျနဟုတ်မှန်သောအတိုင်း၊ပိုင်းခြားထင်ထင်၊သိမြင်၏။ ။ထိုသူသည် သာလျှင်၊ ခပ်သိမ်းသော ဆင်းရဲဒုက္ခအပေါင်းမှ၊ လွတ်မြောက်ရာ ချေ၏—ဟု၊ဟောကြားတော်မူ၏။

ထိုအဓိပ္ပါယ်ကို ပြခြင်းငှါ၊ (ဓမ္မပဒ-ပါဠိတော်၊ ဗုဒ္ဓဝဂ်၊ အဂ္ဂိဒတ္တဗြာဟ္မဏ)ဝတ္ထု၌၊အောက်၌ပါသောဂါထာကို၊ဟော တော်မူအပ်၏။

(၃) ဗဟူ ဝေ,သရဏံ,ယန္တိ၊
ပဗ္ဗတာနိ,ဝနာနိစ။
အာရာမ-ရုက္ခ-စေတျာနိ၊
မနုဿာ,ဘယ-တဇ္ဇိတာ။

(၃) ဘယ-တဇ္ဇိတာ၊ အို-နာ,သေ,ရေး၊ ဒုက္ခ ဘေးဖြင့်၊ ကြီးတွေး ထိတ်လန့် ကြကုန်သော။ မနုဿာ၊ လူတို့သည်။ ဗဟူ၊များစွာ ကုန်သော။ပဗ္ဗတာနိစ၊ တောင်, တို့ကိုဂုဏ်း=ဝနာနိစ၊တော, တို့ကိုဂုဏ်း= အာရာမရုက္ခစေတျာနိစ၊ အာရာမ်၊ အဓိကရ သစ်ပင်တို့ကိုဂုဏ်း=ဝေ၊ စင်စစ်သဖြင့်။ သရဏံ၊ကိုးကွယ်ရာ= ဟူ၍၊ ယန္တိ၊ဆည်းကပ်ကြကုန်၏။

(၄) နေ-တံ ခေါ,သရဏံ,ခေမံ၊
နေ-တံ,သရဏ,မုတ္တမံ။
နေ-တံ,သရဏမာ-ဂမ္မ၊
သဗ္ဗ-ဒုက္ခာ,ပ မုစ္စတိ။

(၄) တံ၊ ထိုတော,တောင်,အာရာမ်, အဓိကရ သစ်ပင်အပေါင်း သည်။ခေါ၊စင်စစ်သဖြင့်။ခေမံ၊ကိုယ်,စိတ်,အေးချမ်း၊ဘေးဘျမ်း ကင်းကွာသော။ သရဏံ၊ကိုးကွယ်ရာသည်။ နဟောတိ၊မဖြစ်။

တံ၊ထိုတော,တောင်,အာရာမ်,အဓိကရသစ်ပင်အပေါင်း သည်။ဥတ္တမံ၊တောင့်တအပ်၍၊မြတ်သော။ သရဏံ၊ကိုးကွယ်ရာ သည်။နဟောတိ၊မဖြစ်။

တံ-သရဏံ၊ထိုတော,တောင်,အာရာမ်,အဓိကရ သစ်ပင် အပေါင်းကို၊ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ အမှီတကဲ၊ သဟဲပြု၍။ သဗ္ဗဒုက္ခာ၊ခပ်သိမ်းသော ဆင်းရဲဒုက္ခ အပေါင်းမှ။ နပမုစ္စတိ၊ မလွတ်မြောက်နိုင်။

(၅) ယောစ,ဗုဒ္ဓဉ္စ,ဓမ္မဉ္စ၊
သံဃဉ္စ,သရဏံ,ဂတော။
စတ္တာရိ,အရိယ သစ္စာနိ၊
သမ္မ-ပ္ပညာယ,ပဿတိ။

(၆) ဒုက္ခံ,ဒုက္ခ သမုပ္ပါဒံ၊
ဒုက္ခဿစ,အတိက္ကမံ။
အရိယ-ဋ္ဌင်္ဂိကံ,မဂ္ဂံ၊
ဒုက္ခူပ-သမ-ဂါမိနံ။

(၅-၆) ယောစ၊အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊သစ္စာလေးအင်၊ သိမြင်ထင်ရှား၊မြတ်စွာဘုရားရှင်ကိုရင်း==ဓမ္မဉ္စ၊မြတ်စွာဘုရား၊ဟောကြားမြွက်ဘော်၊ တရားတော်မြတ်ကိုရင်း=သံဃဉ္စ၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်ကိုရင်း=သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ ။သော၊ ထိုရတနာသုံးပါးကို၊ကိုးကွယ် ဆည်းကပ်သောသူသည်။ ဒုက္ခံ၊ ရုပ်-နာမ်နှစ်ဖြာ၊ခန္ဓာငါးပါး-ဟူသော''ဒုက္ခသစ္စာ''ကိုရင်း။

ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော လောဘ-ဟူသော''သမုဒယသစ္စာ''ကိုရင်း။

ဒုက္ခဿစအတိက္ကမံ၊ဒုက္ခ,ကိုလွန်မြောက်ရာဖြစ်သောနိဗ္ဗာန် ''နိရောဓသစ္စာ''ရင်း။

အရိယံ၊ တောင့်တအပ်၍၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါး ရှိသော။ ဒုက္ခူပ-သမ-ဂါမိန့်၊ ဒုက္ခ၏ ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ မဂ္ဂံ၊ သမ္မာ-ဒိဋ္ဌိ အစရှိသော "မဂ္ဂသစ္စာ"ကို ဂှင်း=ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်,မြင်အပ်သော သစ္စာ တရားတို့ကို။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ "မဂ်"ပညာဖြင့်။ ပဿတိ၊ ဟုတ်တိုင်းထင်ထင်၊ သိမြင်နိုင်၏။

(၇) ဧတံ ခေါ,သရဏံ,ခေမံ၊
ဧတံ,သရဏ,မုတ္တမံ။
ဧတံ,သရဏ,မာဂမ္မ၊
သဗ္ဗ ဒုက္ခာ, ပမုစ္စတိ။

(၇) ဧတံ၊ ထိုဘုရား,တရား၊ သံဃာ,အားဖြင့်၊ သုံးပါးမြတ်စွာ၊ ရတနာအပေါင်းသည်။ ခေါ၊ စင်စစ်သဖြင့်။ ခေမံ၊ ကိုယ်,စိတ်,အေးချမ်း ဘေးဘျမ်းကင်းကွာသော။ သရဏံ၊ ကိုးကွယ်ရာမည်၏။ ။ ဧတံ၊ ထိုဘုရား,တရား၊ သံဃာ,အားဖြင့်။ သုံးပါးမြတ်စွာ၊ ရတနာအပေါင်းသည်။ ဥတ္တမံ၊ တောင်းတအပ်၍၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာမည်၏။ ။ ဧတံ-သရဏံ၊ ထိုရတနာသုံးပါးအပေါင်းကို၊ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းကို။ အာဂမ္မ၊ အမှီတကဲ၊ သဟဲပြု၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲဒုက္ခအပေါင်းမှ။ ပမုစ္စတိ၊ လွတ်မြောက်ရ၏။

ဤသို့ ဟောတော်မူအပ်သော ဂါထာ၏အဆုံး၌၊ **အဂ္ဂိဒတ္တ** ရသေ့သည်၊ တပည့်ဖြစ်ကြသော ရသေ့အဘော် တသောင်းနှင့် တကွ၊ "**ဧဟိဘိက္ခု**"ရဟန္တာပုဂ္ဂိုလ်ဖြစ်ရပုံ-အကျဉ်းချုပ်ပြခြင်း ဖြစ်၏။

ဤသို့အားဖြင့်၊ သဘာဝဓမ္မ၊ ကျနဟုတ်မှန်သော တပုဒ်တဂါထာမျှသော တရားစကားကို၊ ကြားနာရခြင်း၊ မှတ်ယူရခြင်း၊ ပြောဆိုရခြင်း၊ ပွားများရခြင်းသည်၊ သံသရာ၌၊ ခန္ဓာဝန်ကို၊ အလွန်ချဲ့ထွင် ပွားစီးစေတတ်သော ကိလေသာဓာတ်၊ ကင်းပြတ် ချုပ်သိမ်း၍၊ အပူဇော်တရား

ကို၊ ငြိမ်းကြီး-ငြိမ်းစေနိုင်ရကား=အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ပိုဒ်ပေါင်းတထောင်၊ မြားမြောင်သော စကားကို၊ ကြားနာရခြင်း၊ မှတ်ယူရခြင်း၊ပြောဆို-ပွားများရခြင်းထက်၊ထူးကဲပိုလွန်၊အမွန်အမြင့် မြတ်ဆုံးသော ချမ်းသာကောင်းကျိုး၊ အမျိုးမျိုးတို့ကို၊ ပွားတိုးပြီး မြောက်စေနိုင်၏။

ထို့ကြောင့်၊ သံသရာ၌၊ မိမိ-မိမိတို့၏၊ မှီခို ကိုးစား၊ အားထား ဆည်းကပ်ရာဖြစ်သော တရားတော်မြတ်၏၊ သဘာဝ ဓမ္မ၊ ကျန ဟုတ်မှန်တိုင်းသော အနက်သဘောကို အစုံအလင်၊ သိမြင်- နားလည် ကြရန်၊ ထက်သန်သော ဝီရိယစေတ်ဖြင့်၊ မပြတ်အားထုတ်၊ ကြိုးပမ်း သင့်လှကြပေ၏။

ထိုအဓိပ္ပါယ်ကိုရည်၍၊ အောက်၌ပါသော ဂါထာတို့ကို။ (ဓမ္မပဒ) ပါဠိတော်၌ ဟောတော်မူ၏။

(ဂ) သဟဿမပိ, စေ ဝါစာ၊
အနတ္ထ ပဒ သဉှိတာ။
ဧကံ, အတ္ထပဒံ, သေယျော။
ယံသုတွာ, ဥပ သမ္မတိ။ ။

(ဂ) အနတ္ထ ပဒ သဉှိတာ၊ ချမ်းသာ မတိုး၊ အကျိုးမဲ့သောပုဒ်နှင့် စပ်သော။ ဝါစာ၊ တောရမ်း, မယ်တွဲ၊ ချွတ်ထွင် ပြောဆိုအပ် သော စကားသည်။ သဟဿ-မပိ၊ပိုဒ်ပေါင်းတထောင်၊ မြား မြောင်စွာရှိသည်လည်း။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့= ပါပိကာ၊ အကျိုးမဖြစ်၊ ဆိုးငြစ်, ယုတ်မာစွာ၏။

ယံ (ပဒံ)၊ အကြင်ပုဒ်ကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ ဥပ သမ္မတိ၊ အပူ မီးစေတ်၊ ကင်းပြတ် ချုပ်သိမ်း၊ ငြိမ်းကြီး- ငြိမ်းစေ့၏။ ။တံအတ္ထပဒံ၊ ထိုငြိမ်းချမ်း စရာ၊ အနက်ပါသော ပုဒ်သည်။ ဧကမ္ပိ၊ များစွာမဟုတ်၊ တပုဒ် တဂါထာမျှပင် ဖြစ် သော်လည်း။ သေယျော၊ မြတ်လှပေ၏။

(၉) သဟာဿ-မပိ, စေ ဂါထာ၊
အနတ္ထ ပဒ သဉှိတာ။
ဧကံ, ဂါထာပဒံ, သေယျော၊
ယံသုတွာ, ဥပ သမ္မတိ။ ။

(၉) အနတ္ထပဒသဉှိတာ၊ ချမ်းသာ မတိုး၊ အကျိုးမဲ့သော ပုဒ်နှင့် စပ်သော။ ဂါထာ၊ "ဆန်း"ကျ ဂိုဏ်းညီ၊ ဘွဲ့သီ ရွတ်ဆိုအပ် သော ဂါထာပုဒ်သည်။ သဟာဿ-မပိ၊ ပိုဒ်ပေါင်းတထောင်၊ မြားမြောင်စွာ ရှိသည်လည်း။ စေ-ဟောတိ၊အကယ်၍ဖြစ်အံ့= ပါပိကာ၊အကျိုး မဖြစ်၊ ဆိုးငြစ်,ယုတ်မာစွာ၏။

ယံ- ဂါထာ ပဒံ၊ အကြင် ဂါထာပုဒ်ကို။ သုတွာ၊ ကြားနာ ရသည်ရှိသော်။ ဥပ သမ္မတိ၊ အပူ မီးခတ်၊ ကင်းပြတ်ချုပ်သိမ်း ငြိမ်းကြီး-ငြိမ်းစဲခဲ့၏။ ။တံ-ဂါထာ ပဒံ၊ ထိုဂါထာပုဒ်သည်။ ဧကမ္ပိ၊ များစွာမဟုတ်၊ တပုဒ်-တဂါထာမျှပင်ဖြစ်သော်လည်း။ သေယျော၊ မြတ်လှပေ၏။

(၁၀) ယောစ, ဂါထာသတံ,ဘာသေ၊
အနတ္ထ ပဒ သဉှိတံ။
ဧကံ, ဓမ္မပဒံ, သေယျော၊
ယံသုတွာ, ဥပသမ္မတိ။ ။

(၁၀) ယော၊ အမှတ်မထင်၊ အကြင်သူသည်။ အနတ္ထပဒသဉှိတံ၊ ချမ်းသာမတိုး၊ အကျိုးမဲ့သော ပုဒ်နှင့်စပ်သော။ ဂါထာ သတံ၊ အရာ, မကသော ဂါထာပုဒ်ကို။ ဘာသေ၊ ပြောဆိုရာ၏။ ။ တဿ၊ ထိုသူ၏။ ဂါထာ သတံ၊ အရာ, မကသော ဂါထာပုဒ် သည်။ နသေယျော။ မမြတ်။ ။ယံ- ဓမ္မပဒံ၊ အကြင်တရားနှင့် စပ်သော ပုဒ်ကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ ဥပ သမ္မတိ၊ အပူ မီးခတ်၊ ကင်းပြတ် ချုပ်သိမ်း၊ ငြိမ်းကြီး-ငြိမ်းစဲခဲ့၏။ ။ တံ- ဓမ္မပဒံ၊ ထိုတရားနှင့် စပ်သော ပုဒ်သည်။ ဧကမ္ပိ၊ များစွာ မဟုတ်၊ တပုဒ်-တဂါထာမျှပင် ဖြစ်သော်လည်း။ သေယျော၊ မြတ်လှပေ၏။

ဤမျှသော စကားအစဉ်ဖြင့်၊ မိမိတို့၏ ဗိုဒိုကိုးစား၊ အားထား ဆည်းကပ်ရာဖြစ်သော တရားတော်မြတ်၏၊သဘာဝ ဓမ္မ၊ ကျန ဟုတ်မှန် ၍ အကျိုးခံစားရပုံ=ချွတ်ချော်မှားယွင်း၍ အကျိုးပျက်စီးရပုံကို၊ စကား နှစ်ပြင်၊ နှိုင်းယှဉ်ဘော်ပြလျက်၊ သဘာဝ ဓမ္မ၊ ကျန ဟုတ်မှန်သော နည်းကို၊ စုံစမ်းရှာဘွေ၍၊ အားထုတ်ကြိုးပမ်းကြရန်၊ တိုက်တွန်းခြင်းမျှ သာဖြစ်၏။

အမှား အမှန် နှစ်တန်သော ကိုးကွယ်ခြင်းကို ပြဆိုခဏ်းပြီး၏။

---

## ဂုဏ်တော်ကိုးပါး ပါဠိ့အနက်ပြဆိုခြင်း

ဤမှအထက်၊ရှေးသို့တက်၍၊ဆက်လက်ရေးသားဘော်ပြလိုသည့်= ရည်ရွယ်ချက်ကား။ ။အံ့ဘွယ်ရှစ်ဖြာ၊ပြည့်စုံစွာသည့်၊မြတ်စွာ ဘုရား ရှင်၏၊သာသနာတော်မြတ်ကြီးနှင့်၊ကြုံကြိုက်တွေ့ဆုံ၍ နေကြရစဉ်၊ ထို မြတ်စွာဘုရားရှင်၏၊ကိုးပါးသောဂုဏ်တော်မြတ်ကို၊အာရုံပြု ရည်မှန်း ၍ **ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်းကို၊ နည်းလမ်း မှန်မှန်နှင့်၊ စီးဖြန်း ပွားများပုံ နည်းကို ပြလိုရင်းပင်ဖြစ်၏။

ထိုသို့ဖြစ်ရာ၌၊ဤကမ္မဋ္ဌာန်းနည်းသည်၊ မြတ်စွာဘုရားရှင်၏၊ ရူပကာ ယ-ခန္ဓာတော် ဒြပ်ကို လွှတ်၍၊ ထိုခန္ဓာတော် ဒြပ်၌၊ ကိန်းဝပ်တည်နေ သောပရမတ္ထတရားဖြစ်သော ဂုဏ်တော်မြတ်ကိုသာအာရုံပြုရကား= လွန်စွာသိမ်မွေ့,နက်နဲ,ခက်ခဲ၏။ ။ပထဝီကသိုဏ်းဝန်းစသော အာရုံ မျိုးကဲ့သို့ "ပဋိဘာဂ"နိမိတ်၊ အရိပ်-အရောင်, အကောင်, အထည်, ဝတ္ထု,ဒြပ် ထင်မြင်ကောင်းသော သဘောမရှိဖြစ်၏။

ဤကမ္မဋ္ဌာန်းနည်းကို၊စီးဖြန်းပွားများလျှင်၊ပရမတ္ထတရားဖြစ်သော ဂုဏ်တော်မြတ်သို့၊စိတ်မရောက်နိုင်ဘဲ၊ခန္ဓာတော်ဒြပ်၌သာ ဉာဏ်အမြင် ဆိုး၍ နေတတ်ကြ၏။

ထိုသို့ဖြစ်လျှင်၊ဤကမ္မဋ္ဌာန်းနည်းသည်၊**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်းနည်း၊ အမှန်အစစ်,ဖြစ်၏=ဟူ၍ အဘယ်သို့လျှင်၊ဟောပြော,ဝန်ခံဝံ့အံ့နည်း။

ယင်းသို့ဖြစ်၍၊ဤသည်ကား၊"ဒြပ်"တော်တည်း။ ။ဤသည်ကား၊ "ဂုဏ်"တော်တည်း။ ။ဟူ၍ (*ဒြပ်) နှင့် (*ဂုဏ်)နှစ်ပုံအရှိကို၊ ပိုင်း ခြားတိတိ၊ သိရှိနားလည်ရန်၊ လွန်စွာအရေးကြီးပြန်ရကား= မျက်စိ

ဖြင့် ဘုန်းမြင်ရသော ခန္ဓာ''ဒြဗ်''မှ၊ ဉာဏ်ဖြင့် သက်ဝင်၊ ဆင်ခြင်နိုင်မှ၊ မနေသဒ္ဓါရှိ ထင်လာသော အရဟဏ္ဍမင်ဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်ဟူသော ''ဂုဏ်''တော်မြတ်တို့ကို၊ ထုတ်နုတ်ကောက်ယူပုံနည်းကို (ဘုရားရှိခိုး) နည်းဖြင့်ပြ၍၊ထိုနောက်မှ၊ရွတ်ဆိုစီးဖြန်းပွားများပုံနည်း၊ထိုနောက်မှ၊ မသိခက်ခဲ၊နက်နဲသိမ်မွေ့သော အဓိပ္ပါယ်ဖွင့်စကားအချက်နှင့်၊ ရအပ်သော အကျိုးဆက်ဝတ္ထုတို့ကို၊ ရေးသားစီစဉ်ပေအံ့။

## ဂုဏ်တော်ကိုးပါး ပါဠိတော်။

(၁) သောဘဂဝါ ဣတိ,ပိ–အရဟံ။

(၂) သောဘဂဝါ ဣတိ,ပိ–သမ္မာသမ္ဗုဒ္ဓေါ။

(၃) သောဘဂဝါ ဣတိ,ပိ–ဝိဇ္ဇာစရဏသမ္ပန္နော။

(၄) သောဘဂဝါ ဣတိ,ပိ–သုဂတော။

(၅) သောဘဂဝါ ဣတိ,ပိ–လောကဝိဒူ။

(၆) သောဘဂဝါ ဣတိ,ပိ–အနုတ္တရော, ပုရိသဒမ္မသာရထိ။

(၇) သောဘဂဝါ ဣတိ,ပိ–သတ္ထာဒေဝမနုဿာနံ။

(၈) သောဘဂဝါ ဣတိ,ပိ–ဗုဒ္ဓေါ။

(၉) သောဘဂဝါ ဣတိ,ပိ–ဘဂဝါ။

---

## (၁) သောဘဂဝါ ဣတိ,ပိ-အရဟံ။

(၁) သောဘဂဝါ၊ ထို ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ဤသို့လျှင်၊ (အဝိဇ္ဇာ,နှင့်၊တဏှာ, နှသယ၊ဒွေး-မူလ,မှ၊ ပွားထ များစွာ၊ ကိလေသာ,ဟူ၊ ရန်သူအပေါင်း၊ မကောင်းယုတ်မာ၊ဆိုးငြစ်စွာသော တရားတို့ကို။) (*အရဟတ္တမင်ဂ်၊ ဉာဏ်-တည်းဟူသော သန်လျက် လက်နက်)ဖြင့် အကြွင်းမရှိ၊ ဖျက်ဆီး ပယ်ဖြတ်တော်မူတတ်သော ဂုဏ်သကတ်ကြောင့်။ **အရဟံ၊အရဟာ** မည်တော်မူ၏။

(၂) သောဘဂဝါ ဣတိ,ပိ-သမ္မာသမ္ဗုဒ္ဓေါ။

(၂) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ ဤသို့လျှင်၊ (သင်္ခတ- အသင်္ခတ၊ ဓမ္မ, အပြား၊ ဉေယျ—ဓမ်,တရားတို့ကို။)မဘောက်မပြန်၊ကိုယ်တော်တိုင် (*သယမ္ဘုဉာဏ်)ဖြင့် အကြွင်းမရှိ သိတော်မူတတ်သော ဂုဏ် သကတ်ကြောင့်။ **သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ**မည်တော် မူ၏။

(၃) သောဘဂဝါ ဣတိ,ပိ-ဝိဇ္ဇာစရဏသမ္ပန္နော။

(၃) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ ဤသို့လျှင်၊(*အသိ, ဉာဏ်-ဟူသော ဝိဇ္ဇာ,တရား သုံးပါး၊ ဝိဇ္ဇာ, တရားရှစ်ပါး။)(*အကျင့်ဟူသောစရဏ, တရား၊ တဆယ့်ငါးပါး။) တို့နှင့်။ မချို့ကုံလုံ၊ပြည့်စုံတော်မူ တတ်သော ဂုဏ်သကတ်ကြောင့်။**ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာ စရဏသမ္ပန္န** မည်တော်မူ၏။

(၄) သောဘဂဝါ ဣတိ,ပိ-သုဂတော။

(၄) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ, ပိ၊ ဤသို့လျှင်၊ (ဇာတိ ဒုက္ခ၊ စသည် မသန်း၊ နိဗ္ဗာန် နန်းသို့။) (*ရှစ်ခန်း မဂ္ဂင်၊ သဘော် ယာဉ်ဖြင့်။) အစဉ် ကြွသွားတော်မူတတ်သော ဂုဏ်သကတ်ကြောင့်။**သုဂတော၊ သုဂတ** မည်တော်မူ၏။

(၅) သောဘဂဝါ ဣတိ,ပိ-လောကဝိဒူ။

(၅) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ, ပိ၊ ဤသို့လျှင်၊ (လူ-နတ်,ဗြဟ္မာ, အစဖြာသည့်၊သတ္တဝါ ပညတ်-ဟူသော"**သတ္တလောက**"၊ ရုပ်-နာမ်,ဓမ္မ၊ ဟူသော "**သင်္ခါရလောက**"၊ ဖြစ်ရာ, တည်ရာ, ဘုံဌာန—ဟူသော "**ဩကာသလောက**"အားဖြင့်၊ လောက သုံးပါး၊ တရားအစု တို့ကို၊ဖြစ်ကြောင်း, ပျက်ကြောင်း, အရင်းမူလနှင့်တကွ၊ အကြွင်းမရှိ)

(*သဗ္ဗညုတဉာဏ်)ဖြင့်၊ သိတော်မူတတ်သော ဂုဏ်သကတ်ကြောင့်၊ **လောကဝိဒူ၊လောကဝိဒူ** မည်တော်မူ၏။

(၆) သောဘဂဝါဣတိ,ပိ-အနုတ္တရော, ပုရိသဒမ္မသာရထိ။

(၆) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ဤသို့လျှင်၊(ကြမ်းကြုတ် ခက်ထန်၊ စိတ်မာန် ပြင်း၍၊ ဆုံးမခြင်းငှါ၊ ခဲယဉ်းစွာသော "**သစ္စကပရိဗိုဇ်**" စသော လူယောက်ျား၊ "**အာဠဝကဘီလူး**" စသော နတ်ယောက်ျား၊ "**နာဠာဂိရိ ဆင်**" စသော တိရစ္ဆာန် ယောက်ျားတို့ကို။) (*ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊အာသယာနုသယဉာဏ်။)တို့ဖြင့်၊ ဝေဘန်ပိုင်းခြားလျက်၊ယဉ်ကျေး,အောင်၊ ဆုံးမတော်မူတတ်သော ဂုဏ်သကတ်ကြောင့်၊ **အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရော-ပုရိသ-ဒမ္မ သာရထိ** မည်တော်မူ၏။

(၇) သောဘဂဝါ ဣတိ,ပိ-သတ္ထာဒေဝမနုဿာနံ။

(၇) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ ဤသို့လျှင်၊ (လူ-နတ်,ဗြဟ္မာ၊ သတ္တဝါများ၊ သုံးဘုံသားကို၊) (*သနား မြင်သိ၊ စိတ်တော်ရှိ၍၊ ဇာတိ,သံသရာ၊ ကန္တာရ ထဲ၊ ခရီး ခဲမှ၊ ကယ်ဆွဲ ထုတ်တင်၊ ကျေးဇူးအင်ကြောင့်၊ ယာဉ်မှူး ပမာ၊ ဆရာအစစ်) ဖြစ်တော်မူသော ဂုဏ်သကတ်ကြောင့်၊ **သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ-ဒေဝ မနုဿာနံ** မည်တော်မူ၏။

(၈) သောဘဂဝါ ဣတိ,ပိ-ဗုဒ္ဓေါ။

(၈) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ဤသို့လျှင်၊ ("ဒုက္ခ"အစ၊ "သမုဒယ" "နိရောဓ" နှင့်၊ "မဂ္ဂ"-သစ္စာ၊ လေးဖြာ ပိုင်းခြား၊ တရား အစဉ်ကို၊ (ကိုယ်တော်တိုင်, (*သဗ္ဗညုတဉာဏ်တော်)ဖြင့်၊ သိတော်မူ

၍၊ ဝေနေယျ ကြွ၊ သတ္တဝါ, အပေါင်းတို့ကိုလည်း၊ ကိုယ်တော်မြတ်နှင့် အတူ၊ သိစေတော်မူတတ်သော ဂုဏ်သကတ်ကြောင့်၊ **ဗုဒ္ဓေါ၊ ဗုဒ္ဓ** မည်တော်မူ၏။

## (၉) သောဘဂဝါ ဣတိ,ပိ-ဘဂဝါ။

(၉) သောဘဂဝါ၊ ထိုဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်။ ဣတိ,ပိ၊ ဤသို့လျှင်၊ (*ဣဿရိယ၊ "ဓမ္မ" "ယသ"၊ "သိရီ" "ကာမ" "ပယတ္တ"-တည်းဟူသော ဘုန်းတော်ခြောက်ပါး)နှင့် ပြည့်စုံတော်မူသော ဂုဏ်သကတ်ကြောင့်၊ **ဘဂဝါ၊ ဘဂဝါ** မည်တော်မူ၏။

ဣတိ၊ဤသို့၊ နဝဂုဏောဟိ၊**အရဟံ**,အစ၊ **ဘဂဝါ**, အဆုံးရှိသော ကိုးပါးသော ဂုဏ်တော်ပုဒ်တို့ဖြင့်။ တိလောကေ၊ ကာမ, ရူပ၊ အရူပ-ဟူသော လောကသုံးပါး၌။ ကိတ္တိ ဗျာပိတံ၊ တငြိမ့်ငြိမ့်ဖြင့်၊ သိမ့်သိမ့်တုန်ပျံ့၊ နှံ့သော ကျော်စောခြင်း ရှိတော်မူထသော။ အနန္တ-ဂုဏ-သမ္ဘန္တံ၊ လောကဓာတ်လုံး၊တွက်ရေ—ကျုံးလည်း၊ အဆုံး အပိုင်း အခြားမရှိသော ဂုဏ်ကျေးဇူး အပေါင်းတို့နှင့် ပြည့်စုံတော်မူထသော။ အတုလံ၊ သီလ၊ သမာဓိ၊ ပညာဝိမုတ္တိ,စသော ဂုဏ်ကျေးဇူးတို့ဖြင့်၊ တစုံ တယောက်သော သူနှင့်မျှ နှိုင်းယှဉ်အပ်သူ၊ အတူရှိတော်-မမူထသော။ကော၊လောကဓာတ်မြိုင်၊ဂနိုင် ထက်ဝယ်၊ပြိုင်ဘက်ကင်းပျောက်၊ တယောက်ထည်း,သာ ဖြစ်တော်မူထသော။ဓမ္မရာဇ၊ ဓမ္မစကြာ၊ တရား,ရတနာကို၊ ကောင်းစွာ- လည်စေနိုင်သော သတ္တိကြောင့်၊ တရားမင်း စင်စစ်၊ ဖြစ်တော်မူထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ တီဟိ ဒွါရေဟိ၊ ကာယ-ဝစီ၊ မနော,ချီလျက်၊ သုံးလီ, ညွတ်ခ၊ သုံးဒွါရတို့ဖြင့်။ သာဒရံ၊ နှစ်သက် ကြည်ညို၊ရှိသေခြင်းနှင့်တကွ။ နမာမိ၊ရှိခိုးပါ၏-အရှင်ဘုရား။

ဂုဏ်တော်ကိုးပါး ပါဠိ,အနက်ပြဆိုခြင်းပြီး၏။

---

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများပုံနည်းအကျဉ်းချုပ်

ဤ ဗုဒ္ဓါနုဿတိ ဟူသော"**သမထ**" ကမ္မဋ္ဌာန်းနည်းကို၊ စီးဖြန်းပွားများအားထုတ်လိုသော, မြတ်စွာဘုရားရှင်၏ဂုဏ်

တော်မြတ်၌ မတုန်မလှုပ်, သက်ဝင်ကြည်လင်ခြင်း,သဒ္ဓါတရားနှင့်ပြည့်စုံသော, ''သမထ''ယောဂီ ပုဂ္ဂိုလ်သည်၊ ထိုကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ်ပွားများခြင်းငှါသင့်လျော်,ထိုက်တန်သောဆိတ်ငြိမ်ရာအရပ်သို့၊ (တယောက်ထည်းတည်း။) ချည်းကပ် ဝင်ရောက်လျက်၊ ထိုမြတ်စွာဘုရားရှင်၏ ကိုးပါးသော ဂုဏ်တော်မြတ်တို့တွင်၊မိမိစိတ်၌ နှစ်ခြိုက်ကြည်လင်၊ အထင်နိုင်ဆုံးသောတပါးပါးသောဂုဏ်ကို၊ စိတ်ဖြင့်အစဉ်လျှောက်၍ အောက်မေ့ပွားများအပ်၏။

အဘယ်သို့လျှင်၊ စိတ်ဖြင့် အစဉ်လျှောက်၍၊ အောက်မေ့ပွားများအပ်သနည်း-ဟူမူကား။—

ဤယခု- ပြဆိုလတ္တံ့သည်ကား—စိတ်ဖြင့်အစဉ်လျှောက်၍၊ အောက်မေ့ပွားများပုံနည်းတည်း။

(၁) အရဟံ။

(၁) အဝိဇ္ဇာ, တဏှာ,စသော ကိလေသာရန်သူတို့ကို (*အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဖြင့်) အကြွင်းမဲ့ ဖျက်ဆီး, ပယ်ဖြတ်တော်မူသောမြတ်စွာဘုရား။ ။ဟူ၍ရွတ်ဆို။

ဤအရာ၌၊ (*အရဟတ္တမဂ်ဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊ စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာဒြဗ်သို့၊စိတ်မရောက်စေရ-ဟူ၏)။

(၂) သမ္မာသမ္ဗုဒ္ဓေါ။

(၂) သင်္ခတ, အသင်္ခတ,တရားတို့ကို၊ မဘောက် မပြန်၊ ကိုယ်တော်တိုင်(*သဗ္ဗညုတ-ဉာဏ်ဖြင့်)သိတော်မူသော မြတ်စွာဘုရား။ ။ဟူ၍ရွတ်ဆို။

ဤအရာ၌၊ ခပ်သိမ်းသော သင်္ခတ,တရား၊ အသင်္ခတ,တရားတို့ကို၊ မဘောက်မပြန်၊ မိမိအလိုလို၊ ကိုယ်တော်တိုင်သိတတ်သော''အရဟတ္တမဂ်'' ဉာဏ်လျှင် နီးစွာသော အကြောင်းအရင်းရှိသော(*သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊စိတ်ဖြင့်အာရုံပြုရာ၏။ ။)(ခန္ဓာဒြဗ်သို့၊စိတ်မရောက်စေရ-ဟူ၏)။

(၃) ဝိဇ္ဇာ,စရဏ,သမ္ပန္နော။

(၃) ဝိဇ္ဇာ,တရားသုံးပါး၊ ဝိဇ္ဇာ,တရားရှစ်ပါး၊ စရဏ,တရား၊ တဆယ့်ငါးပါး တို့နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ။ဟူ၍ရွတ်ဆို။

ဤအရာ၌၊ (*ဝိဇ္ဇာ,တရားသုံးပါး၊ ဝိဇ္ဇာ,တရားရှစ်ပါး၊စရဏ,တရား-၁၅-ပါးဟူသော ဂုဏ်တော်မြတ်ကိုသာ၊ စိတ်ဖြင့် အာရုံပြုရာ၏။ ။) (ခန္ဓာဒြဗ်သို့၊ စိတ်မရောက်စေရ-ဟူ၏)။

(၄) သုဂတော။

(၄) အသင်္ခတ, ဓာတ်၊ ကောင်းမြတ်သောနိဗ္ဗာန်သို့၊ ကြွသွားတော်မူသောမြတ်စွာဘုရား။ ။ဟူ၍ရွတ်ဆို။

ဤအရာ၌၊ အသင်္ခတဓာတ်၊နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်ရောက်တတ်သော (*အရဟတ္တမဂ်ဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာဒြဗ်သို့၊စိတ်မရောက်စေရ-ဟူ၏)။

(၅) လောကဝိဒူ။

(၅) လောက သုံးပါး တို့ကို၊ အကြွင်းမရှိ၊ သဗ္ဗညုတဉာဏ်ဖြင့်၊ သိတော်မူသောမြတ်စွာဘုရား။ ။ဟူ၍ ရွတ်ဆို။

(ဤအရာ၌၊လောကသုံးပါးကို အကြွင်းမရှိ၊သိတတ်သော(*သဗ္ဗညုတဉာဏ်-ဟူသောဂုဏ်တော်မြတ်ကိုသာ၊ စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာဒြဗ်သို့၊စိတ်မရောက်စေရ-ဟူလို)။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ။

(၆) ဆုံးမသင့်,ဆုံးမထိုက်သော လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့အား၊ ဇာန္ဒြေအလိုက်၊ စရိုက်နှင့်သင့်လျော်စွာ၊ ဆုံးမတော်မူတတ်သော အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရား။ ။ဟူ၍ ရွတ်ဆို။

(ဤအရာ၌၊ ယိုထိုဆုံးမသင့်, ဆုံးမတိုက်သောသတ္တဝါတို့၏ ဇာန္ဒြေ အနု,အရင့်,ကို သိတတ်သောဉာဏ်၊ သတ္တဝါတို့၏ အလိုစရိုက်ကို သိတတ်သောဉာဏ်လျှင် နီးစွာသော အကြောင်းရင်းရှိသော(*သဗ္ဗညုတဉာဏ်-ဟူသောဂုဏ်တော်မြတ်ကိုသာ၊စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာဒြဗ်သို့၊စိတ်မရောက်စေရ-ဟူ၏)။

(၇) သတ္ထာ ဒေဝမနုဿာနံ။

(၇) နတ်, လူ, ပြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ဆရာအစစ်၊ ဖြစ်တော်မူသော မြတ်စွာဘုရား။ ။ဟူ၍ရွတ်ဆို။
(ဤအရာ၌၊ လူ-နတ်-ပြဟ္မာ၊ သတ္တဝါတို့ကို၊ မျက်မှောက်,တမလွန်၊ နှစ်တန်သော ဘဝတို့၌ မြတ်သောအကျိုးကို၊ ထိုက်တန်သည်အား လျော်စွာပြ၍ ဆုံးမတော်မူတတ်သော ဗုဒ္ဓမြေအနုံ့,အရင့်,ကို သိတတ်သောဉာဏ်၊ အလိုစရိုက်ကို သိတတ်သောဉာဏ်လျှင် နီးစွာသော အကြောင်းရင်းရှိသော(*သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊ စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာခြံသို့၊ စိတ်မရောက်စေရ-ဟူ၏)။

(၈) ဗုဒ္ဓေါ။

(၈) သစ္စာလေးပါး၊ တရား အစဉ်ကို သိတော်မူသော မြတ်စွာဘုရား။ ။ဟူ၍ ရွတ်ဆို။
(ဤအရာ၌၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊မဂ္ဂသစ္စာ၊ဟူသော သစ္စာလေးပါးတရားအစဉ်ကို သိတတ်သော အရဟတ္တမဂ်ဉာဏ်လျှင်၊ နီးစွာသော အကြောင်းရင်းရှိသော(* သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာခြံသို့၊စိတ်မရောက်စေရ-ဟူလို)။

(၉) ဘဂဝါ။

(၉) ဘုန်းတော် ခြောက်ပါးနှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ။ဟူ၍ ရွတ်ဆို။
(ဤအရာ၌။ (၁) **ဣဿရိယ**၊ အလိုရှိတိုင်း,ဘန်ဆင်းနိုင်ခြင်း။ ။(၂) **ဓမ္မ**၊ လောကုတ္တရာ-တရား။ ။(၃) **ယသ**၊ ကျော်စောခြင်း။ ။(၄) **သိရီ**၊ အသရေတော်။ ။(၅) **ကာမ**၊ အလိုရှိတိုင်း,သူတပါးအကျိုးကို ပြီးစေနိုင်ခြင်း။ ။(၆) **ပယတ္တ**၊လွန်ကဲသောလုံ့လ, ဝီရိယ, ဟူသော (*ဘုန်းတော်ခြောက်ပါး–ဟူသော ဂုဏ်တော်မြတ်ကိုသာ၊ စိတ်ဖြင့်အာရုံပြုရာ၏။ ။) (ခန္ဓာခြံသို့၊ စိတ်မရောက်စေရ-ဟူလို)။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများပုံနည်း
အကျဉ်းချုပ် ပြီး၏။

---

၂၄၉၈၈

## (၁) အရဟံ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့်

(၁) ဤ''**အရဟံ**''ဟူသော ဂုဏ်တော်ပုဒ်ကို၊အားထုတ် ပွားများ လိုသော ''**သမထ**'' ယောဂီ ပုဂ္ဂိုလ်သည်၊ သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာဂုဏ်တို့ဖြင့်၊ပြည့်စုံစွာ တန်းဆာဆင်၍၊ အလွန်လျှင် တင့်တယ်တော်မူသော (**မြတ်စွာဘုရား**) ဟု၊ခေါ်ဆိုပညတ်၊ သမုတ်အပ်သော ရူပကာယ,ခန္ဓာ(ဒြပ်)ကို၊ အာရုံမပြုအပ်။

ထိုမြတ်စွာဘုရား၏ ခန္ဓာ(ဒြပ်)၌ ဘုရားမဖြစ်မီက၊ စွဲကပ်တည်နေသော အဝိဇ္ဇာ,တဏှာ,စသော တရားတို့ကို၊ အကြွင်းမဲ့ ဖျက်ဆီးပယ် ဖြတ်တတ်သော ''**အရဟတ္တမဂ်**''ဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုရာ၏။

ထို့ကြောင့်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌၊ အောက်ပါစကားကို မိန့်ဆိုအပ်၏။ ။(ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ၊ ဗုဒ္ဓါနုဿတိ။ ဗုဒ္ဓ-ဂုဏာ-ရမ္မဏာယ သတိယာ,တေ မ-ဓိဝစနံ။ ။ဗုဒ္ဓံ၊မြတ်စွာဘုရား၏ အရဟံ,အစရှိသော ဂုဏ်ကို၊ အာရဗ္ဘ၊ အာရုံပြု၍၊ ဥပ္ပန္နာ၊ ဖြစ်သော။အနုဿတိ၊အဘန်တလဲလဲ အောက်မေ့ခြင်းသည်။ ဗုဒ္ဓါနုဿတိ၊ **ဗုဒ္ဓါနုဿတိ**မည်၏။ ။တေ၊ထို''**ဗုဒ္ဓါနုဿတိ**''ဟူသောအမည်သည်။ဗုဒ္ဓ-ဂုဏာရမ္မဏာယ၊ မြတ်စွာဘုရား၏ အရဟံ,အစရှိသော ဂုဏ်လျှင် အာရုံရှိသော။သတိယာ၊ သတိ,၏။ ဝါ=အောက်မေ့ခြင်း၏။ အဓိဝ-စနံ၊ အမည်တည်း။

ဤစကားဖြင့်၊ မြတ်စွာဘုရား၏ဂုဏ်ကိုသာအာရုံပြု၍၊ စီးဖြန်းပွားများရာ၏။ ။ခန္ဓာ(ဒြပ်)ကို၊ အာရုံမပြုရ=ဟူသောအဓိပ္ပါယ်သည် ထင်ရှား၏။ ။)ဤအရာ၌ အရဟတ္တမဂ်ဉာဏ်-ဟူသည်၊ လောကုတ္တရာ အရဟတ္တ မဂ်စိတ်နှင့် တပြိုင်နက် ဖြစ်ပေါ်လာသော ၊ မဂ္ဂင်ရှစ်ပါး၌ ပါဝင်သော (**ပညိန္ဒြေ**)စေတသိက်ပင်တည်း။ ။(အဝိဇ္ဇာနှင့်၊တဏှာ နှသယ၊ဒွေး မူလ-မှ၊ပွားထ-များစွာ၊ကိလေသာ-ဟူ၊ ရန်သူ အပေါင်း၊ မကောင်းယုတ်မာ၊ဆိုးညစ်စွာသော တရားတို့ကို)ဟူ၍ ထုတ်ဘော်ပြဆို ရခြင်းကား = အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ဖျက်ဆီး ပယ်ဖြတ် အပ်သော ပဟာတဗ္ဗဓမ္မ၏ သရုပ်ကို၊ထုတ်ဘော်၍ ပြခြင်းမျှသာတည်း။ ။ဤ**အရဟံ**

ဟူသောပုဒ်သည်၊အဝိဇ္ဇာ,တဏှာ, စသောတရားတို့ကို၊နောက်အသစ် တဖန်၊ မဖြစ်ပေါ်လာရန်၊ ဖျက်ဆီး, ပယ်ဖြတ်တတ်သောပဟာယက ဓမ္မ ဖြစ်သော အရဟတ္တ မဂ်ဉာဏ်ကိုသာ၊ ပဓာန နည်းအားဖြင့်ဟော ၏။ ။(မြတ်စွာဘုရား)ဟု၊ ခေါ်ဆို ပညတ်၊ သမုတ်အပ်သော ခန္ဓာ (ဒြဗ်)ကိုမူ၊ အပဓာန နည်းအားဖြင့်ဟော၏။

ယင်းသို့ဖြစ်၍၊ ထို အရဟတ္တမဂ်ဉာဏ်ကိုအစွဲပြု၍ မြတ်စွာဘုရား၏ ခန္ဓာ(ဒြဗ်)ကိုလည်း၊ **အရဟံ**· ဟူသောပုဒ်၏အရကောက်ယူ၍ မြတ်စွာ ဘုရားရှင်သည်၊ "**အရဟ**" မည်တော်မူ၏။

ထို့ကြောင့်၊ **အရဟံ**ဟူသောဂုဏ်တော်ပုဒ်ကို၊ စီးဖြန်းပွားများရာ၌ ပဓာနအနက်၊ ပရမတ္ထတရားဖြစ်သော အရဟတ္တမဂ်ဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုရာ၏။ ။အပဓာနအနက်၊ ပညတ်မျှ သာဖြစ်သောခန္ဓာ(ဒြဗ်)ကိုအာရုံမပြုအပ်=ဟူ၍ အမြဲမှတ်ယူရာ၏။

ချဲ့၍ဆိုဦးအံ့။—

သံသရာ စက်၌၊ အဆက်မပြတ် ကျင်လည်ကြရသော ပုထုဇဉ်သတ္တ ဝါတို့၌၊ အဝိဇ္ဇာ, တဏှာ, စသော ကိလေသာဆယ်ပါး၊ အယုတ် တရားတို့သည်၊ မိမိတို့၏ အတွင်းရန်သူတို့ဖြစ်ကြကုန်၏။ ။သံသရာ ဘုံဘဝ၌၊ အကြိမ်ကြိမ် ပဋိသန္ဓေ၊ စွဲတည်နေရခြင်း, ဇာတိ=အကြိမ် ကြိမ်အိုရခြင်း, ဇရာ=အကြိမ်ကြိမ်သေရခြင်း,မရဏ=တရားတို့၊ ဖြစ် ကြရခြင်းသည်၊ ထိုအဝိဇ္ဇာ,တဏှာ,တရားနှစ်ပါးသာလျှင်၊ အကြောင်း ရင်းမူလဖြစ်၏။ ။(ပဋိစ္စသမုပ္ပါဒ် နည်းဖြင့်ကြည့်။ ။)ထိုသို့ သံသရာ၌၊ ကာလမြင့်ရှည်၊ ဇာတိ တည်၍၊ ကျင်လည်စေတတ်သော အတွင်းရန် သူဖြစ်သော အဝိဇ္ဇာ, တဏှာ, စသောတရားတို့သည်၊ အနုသယ, တရားမျိုးဖြစ်၍ သတ္တဝါ=ဟု၊ခေါ်ဆိုပညတ်၊သမုတ်အပ်သော "ရုပ်, နာမ်"တရားနှစ်ပါးတို့ကို၊ ဘုံအမျိုးမျိုးတို့၌၊ ဘဝဇာတ်အမျိုးမျိုးတို့ကို၊ ပြုပြင် ဘန်ဆင်း၍ ဖြစ်စေခြင်းဖြင့်၊ ညှဉ်းဆဲး နှိပ်စက်၍ နေသည်မည် ၏။ ။ပုထုဇဉ်သတ္တဝါဟူသမျှတို့သည်၊ ထိုအဝိဇ္ဇာ, တဏှာ, စသော ရန်သူတို့ကို၊မာန်မူ တုပြန်၍၊ခုခံ,တိုက်ဖျက်,ပယ်ဖြတ်နိုင်ရန်၊ကုသိုလ်ကံ တရား- တည်းဟူသော (စစ်သည်) တို့၏ ကြိယာ၊တန်းဆာလက်နက်

ကောင်း မရှိခြင်းကြောင့်၊ထိုအဝိဇ္ဇာ,နှင့်၊တဏှာ,သခင်၊ အရှင် ရန်သူ နှစ်ပါးတို့၏၊ (ခိုင်းစေ၍) ဖြစ်ပွားစေလိုတိုင်းပင်၊ ဘုံ အမျိုးမျိုးတို့၌၊ ဘဝဇာတ်အမျိုးမျိုးတို့ပင် ဖြစ်ကြရကုန်၏။

ထို့ကြောင့်၊(*တဏှာ,သခင်၊အရှင် တင်းလင်း၊ ကျွန်ရာသွင်း၍……) ဟူ၍(စတုဓမ္မသာရ ကိုးခန်းပျို့)၌စပ်ဆို၏။

အချို့သောသူတို့ကား။ ။မိမိတို့၏သန္တာန်၌၊ ဒါန, သီလ, စသော ပုညကိရိယာ ဝတ္ထု၊ မျိုးတို့ကို၊ ကြိုးကြိုး ပမ်းပမ်းပြု၍၊ ( ကာမာဝစရ ကုသိုလ်ကံ)တည်း-ဟူသော လက်နက်တို့ဖြင့်၊ ခုခံ,တိုက်ဖျက်,ပယ်ဖြတ်, ကြပါတုံလည်း၊ ထိုကုသိုလ်ကံတို့သည်၊ အဝိဇ္ဇာ, တဏှာ, တရားနှစ်ပါး တို့၏၊ အာရုံ၏အဖြစ်မှ မလွတ်မြောက်ကြရကား=(တဒင်္ဂ) ပဟာန အခိုက်အတန့်အားဖြင့်သာ၊ သက်သာခွင့်ကိုရ၏။

အချို့သောသူတို့ကား။ ။"သမထ" ဘာဝနာတရား၊ ပွားများ၍၊ ဈာန်ကိုရသဖြင့်၊ (ရူပါဝစရကုသိုလ်ကံ+အရူပါဝစရကုသိုလ်ကံ ) တည်း-ဟူသော လက်နက်တို့ဖြင့်၊ ခုခံ,တိုက်ဖျက်,ပယ်ဖြတ်, ကြပြန်ပါ တုံလည်း၊ ရှေးနည်းအတူပင်၊ ထိုမဟဂ္ဂုတ်ကုသိုလ်ကံတို့သည်၊ အဝိဇ္ဇာ, တဏှာ, တရားနှစ်ပါးတို့၏ အာရုံ၏ အဖြစ်မှမလွတ်မြောက်ကြရကား၊ (ဝိက္ခမ္ဘန)ပဟာန၊ အတန်ငယ် ကာလမျှသာ၊ ပယ်ခွါ၍ သက်သာခွင့် ကိုရ၏။

ထိုစကားမှန်၏။—

ဤယခုလောက၌၊ မျက်မြင်အားဖြင့် ပြဆိုရမူ=အမြစ် အရင်းကို မတူး,မဖြတ်မူ၍ အကိုင်းအခက်မျှကိုသာ ပယ်ဖြတ်အပ်သော သစ်ပင်, ချုံနွယ်တို့သည်၊ နောက်တဘန်၊ ရေဥတု, မြေဥတု-ဟူသော မိုးရာအား ဖြင့် (အား) အဆင့်ဆင့်ကို, ရပြန်လျှင်၊ အသစ်, အသစ်, ဖြစ်သော အကိုင်း, အခက်၊ အရွက်, အလက် တို့သည်၊ ပွားတက်-စည်ကား၍၊ ကြီးပွား၍, ကြီးပွားကြပြန်ကုန်သကဲ့သို့၊ ထိုနည်းတူစွာ၊ (ကာမာဝစရ ကုသိုလ်ကံ+ ရူပါဝစရကုသိုလ်ကံ + အရူပါဝစရကုသိုလ်ကံ)တို့ဖြင့်၊ ခုခံ,တိုက်ဖျက်,ပယ်ဖြတ် အပ်သော အဝိဇ္ဇာ,တဏှာ-ဟူသော ရန်သူ တို့သည်လည်း၊ အမြစ်အရင်းမပြတ်သော သစ်ပင်, ချုံနွယ်တို့နှင့်၊

ဥပမာတူ၍၊ နောက် တဘန်၊ သင့်လျော်သော အကြောင်းအထောက် အပံ့ကို၊ ရပြန်လျှင်၊ ရှေးနည်းတူစွာ၊ (အား) အဆင့်ဆင့် ပွားစီး၍၊ မိမိတို့၏ အာရုံပြုရာ၊ စွဲတည်ရာ ဖြစ်သော "ရုပ်,နာမ်" တရားနှစ်ပါး တို့ကို၊ ဘုံအမျိုးမျိုးတို့၌၊ ဘဝဇာတ် အမျိုးမျိုးတို့ကို၊ ဖြစ်စေခြင်းဖြင့်၊ ညှဉ်းဆဲနှိပ်စက်မြဲပင်၊ နှိပ်စက်ညှဉ်းဆဲဦးမည်ဖြစ်၏။

ထိုအဓိပ္ပါယ်ကိုရည်၍၊ (ဓမ္မပဒ) ပါဠိတော် **တဏှာဝဂ်၊ သုကရပေါတိကာဝတ္ထု**၌၊ အောက်၌ပါသော ဂါထာကို၊ ဟော ကြားတော်မူအပ်၏။

(၁၁) ယထာပိ,မူလေ,အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ,ရုက္ခော,ပုနဒေဝ,ရူဟတိ။
ဧဝံပိ,တဏှာ-နုသယေ,အနူဟတေ၊
နိဗ္ဗတ္တတိ,ဒုက္ခမိ-ဒံ,ပုနပ္ပုနံ။ ။

(၁၁) မူလေ၊ အမြစ်သည်။ အနုပဒ္ဒဝေ၊ ဥပဒ်မရှိသည်ရှိသော်။ ဒဠှေ၊ အခွက်၌၊ ဆိန္နောပိ၊ ဖြတ်အပ်သော်လည်း။ ရုက္ခော၊ သစ်ပင်သည်။ ပုနဒေဝ၊ တဘန်သာလျှင်။ ရူဟတိ ယထာ၊ ပေါက်ရောက်စည်ကား ပြန့်ပွားပြန်သကဲ့သို့။ ဧဝံပိ၊ ဤနည်း အတူလည်း။ တဏှာ-နုသယေ၊ တဏှာနုသယသည်။ အနူဟတေ၊ မပြတ်သည် ရှိသော်။ ဣဒံ-ဒုက္ခံ၊ ဤသို့ ပဋိ-သန္ဓေ၊ တည်နေရခြင်း အစရှိသောဆင်းရဲသည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ နိဗ္ဗတ္တတိ၊ ဖြစ်ပေါ်လာပြန်၏။

အကြင်အခါ၊ ဝိပဿက ယောဂီပုဂ္ဂိုလ်သည်၊ "ရုပ်,နာမ်"တရား၊ နှစ်ပါးတို့ကို၊ (အနိစ္စ,ဒုက္ခ,အနတ္တ)ဟု၊ရှုဆင်ခြင်ခြင်း-ဟူသော ဝိပဿ နာပွားနည်းကိုပွား၍ သောတာပတ္တိမဂ် မှစ၍ အရဟတ္တမဂ်ဉာဏ် တိုင်အောင်၊မဂ်ဉာဏ်အဆင့်ဆင့်ဖြစ်ပေါ်လာ၏။ ။ထိုအခါမှသာလျှင်၊ ထိုမဂ်ဉာဏ်-ဟူသော လက်နက်ဖြင့်၊ ထို အဝိဇ္ဇာ, တဏှာ-ဟူသော ရန်သူတို့ကို၊ မာန်မူ တုပြန်၍၊ ခုခံ,တိုက်ဖျက်, ပယ်ဖြတ်နိုင်ချေ၏။ ။ ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်၊ ထို အဝိဇ္ဇာ, တဏှာ-

ဟူသော ရန်သူတို့ကို၊ အရဟတ္တမဂ်ဉာဏ်-တည်းဟူသော လက်နက်ဖြင့် ၊အကြွင်း မရှိ၊ဖျက်ဆီးပယ်ဖြတ်တော်မူတတ်သော ဂုဏ်သကတ်ကြောင့်၊ အရဟ မည်တော်မူ၏။

ထို့ကြောင့်၊ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)၌၊ အောက်၌ပါသော ဂါထာကို၊ မိန့်ဆိုအပ်၏။

(၁၂) ယသ္မာ, ရာဂါဒိ သင်္ခါတာ၊
သဗ္ဗေပိ အရယော ဟတာ။
ပညာသတ္ထေန နာထေန၊
တသ္မာပိ အရဟံ, မတော။ ။

(၁၂) ယသ္မာ၊ အကြင့်ကြောင့်။ ရာဂါဒိသင်္ခါတာ၊ တဏှာ, အစရှိသည်-ဟုဆိုအပ်ကုန်သော။ သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။အရယော၊ ရန်သူတို့ကို။ နာထေန၊မြတ်စွာဘုရားရှင်သည်။ပညာသတ္ထေန၊(*အရဟတ္တမဂ် ဉာဏ်တည်းဟူသော လက်နက်)ဖြင့်။ ဟတာ၊အမြစ်မကြွင်း၊ အကုန်ရှင်းအောင်၊ တျင်းတျင်း ပယ်ဖြတ်၊ သတ်အပ်ကုန်ပြီ။ ။တသ္မာပိ၊ ထို့ကြောင့်လည်း။ နာထော၊ မြတ်စွာဘုရားရှင်ကို။ အရဟံ၊ အရဟ မည်၏-ဟူ၍။ မတော၊ သိအပ်၏။

(၁၃) အရာ,သံသာရစက္ကဿ၊
ဟတာ,ဉာဏာ-သိနာ,ယတော။
လောက နာထေန,တေနေ-သ၊
အရဟ န္တိ,ပ ဝုစ္စတိ။

(၁၃) လောကနာထေန၊မြတ်စွာဘုရားရှင်သည်။ သံသာရစက္ကဿ၊ သံသရာစက်၏။ အရာ၊ အကန့်တို့ကို။ ယတော၊ အကြင့်ကြောင့်။ဉာဏာသိနာ၊(*အရဟတ္တမဂ်ဉာဏ်-တည်းဟူသော သန်လျက်)ဖြင့်။ ဟတာ၊ ဖျက်ဆီး, ပယ်ဖြတ်အပ်ကုန်ပြီ။ ။

တေန၊ထို့ကြောင့်။သော၊(သော) ထိုမြတ်စွာဘုရားရှင်ကို။ အရဟန္တံ၊ အရဟ မည်၏=ဟူ၍။ပဝုစ္စတိ၊မိန့်ဆိုအပ်၏။

**အရဟံ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်**
**အဓိပ္ပါယ်ဖွင့်ပြီး၏။**

---

## (၂) သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့်

(၂) ဤ **သမ္မာသမ္ဗုဒ္ဓ** ဟူသော ဂုဏ်တော်ပုဒ်ကို၊ အားထုတ်ပွားများလိုသော "သမထ" ယောဂီပုဂ္ဂိုလ်သည်လည်း၊ **အရဟံ**ဂုဏ်တော် ပုဒ်၏နည်းတူ၊ သုံးဆယ့် နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာ ဂုဏ်တို့ဖြင့်၊ ပြည့်စုံစွာ တန်းဆာဆင်၍၊ အလွန်လျှင် တင့်တယ်တော်မူသော (မြတ်စွာဘုရား) ဟု၊ ခေါ်ဆိုပညတ်၊ သမုတ်အပ်သော ရူပကာယ ခန္ဓာ (ဒြဗ်) ကို အာရုံမပြုအပ်။ ။ပစ္စေကဗုဒ္ဓါ၊ဘုရားသခင်၊အရှင်မြတ်တို့၏၊ဉာဏ်အမြင်မျိုးမျှလည်း မက၊ အရိယသာဝက ပုဂ္ဂိုလ်တို့၏၊ ဉာဏ်အမြင်မျိုးတို့နှင့် လည်းမတူ၊"**သယမ္ဘူ**"-ဟု၊ဗိုလ်လူခပဲး၊အံ့အဲးမပြီး၊လက်ဖျစ်တီး၍၊ချီးပကော်ရော်၊ပူဇော်မြတ်နိုးအပ်သောသဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုရာ၏။

ဤအရာ၌၊ သဗ္ဗညုတ ဉာဏ်-ဟူသည်၊ အာသဝက္ခယဉာဏ်တော်ကို ရသည်နှင့်တပြိုင်နက်၊ဖြစ်ပေါ်လာသော မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ရှိသော"ပညိန္ဒြေ"စေတသိက်ပင်တည်း။ ။(သင်္ခတ-အသင်္ခတ၊ ဓမ္မအပြား၊ဉေယျဓမ်တရားတို့ကို။ ။)ဟူ၍ဆိုရာ၌၊ ထိုပညိန္ဒြေ စေတသိက်ဖြင့်၊ပိုင်းခြားထင်ထင်၊ သိမြင်အပ်သော ဉေယျဓမ္မ၏၊ သရုပ်ကို ထုတ်ဘော်၍ ပြခြင်းမျှသာတည်း။

ဤအရာ၌၊ **သမ္မာသမ္ဗုဒ္ဓ** ဟူသောပုဒ်သည်၊ ဉေယျဓမ္မ၊ ဟူသမျှကို၊ မဘောက်မပြန်၊ အမှန်အားဖြင့်၊သိမြင်တတ်သော အရဟတ္တမဂ်ဉာဏ်လျှင်၊နီးစွာသော အကြောင်းရင်းရှိသော သဗ္ဗညုတဉာဏ်-ဟု၊ခေါ်ဆို

အပ်သော (ပညိန္ဒြေ) စေတသိက်ကိုသာ၊ပဓာန နည်းအားဖြင့် ဟော၏။ ။မြတ်စွာဘုရားရှင်-ဟု၊ ခေါ်ဆိုပညတ်၊ သမုတ်အပ်သော ခန္ဓာ (ဒြဗ်)ကိုမူ၊ အပဓာနနည်းအားဖြင့် ဟော၏။

ယင်းသို့ဖြစ်ရကား၊သဗ္ဗညုတဉာဏ်တော်ကို အစွဲပြု၍ ခန္ဓာ(ဒြဗ်)ကိုလည်း၊ **သမ္မာသမ္ဗုဒ္ဓ** ပုဒ်၏အရကောက်၍၊ မြတ်စွာဘုရားရှင်သည်၊ **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏။

ထို့ကြောင့်၊ **သမ္မာသမ္ဗုဒ္ဓ** ဟူသော ဂုဏ်တော်ပုဒ်ကို၊ အာရုံပြု၍ စီးဖြန်း ပွားများရာ၌၊**သမ္မာသမ္ဗုဒ္ဓ** ပုဒ်၏ ပဓာန အနက်၊ ပရမတ္ထတရားဖြစ်သော သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုရာ၏။ ။အပဓာနအနက်ဖြစ်၍ ပညတ်မျှသာဖြစ်သော ခန္ဓာ (ဒြဗ်) ကို၊ အာရုံမပြုအပ်—ဟူ၍၊အမြဲမှတ်ယူရာ၏။

**သမ္မာသမ္ဗုဒ္ဓ**-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်ဖွင့်ပြီး၏။

---

## (၃) ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့်

(၃) **ဝိဇ္ဇာစရဏသမ္ပန္န**ဟူသော ဂုဏ်တော်ပုဒ်ကို အားထုတ်ပွားများလိုသော''သမထ''ယောဂီပုဂ္ဂိုလ်သည်လည်း၊**အရဟံ** ဂုဏ်တော်ပုဒ်၏ နည်းတူ၊ (မြတ်စွာဘုရား)ဟု ခေါ်ဆိုပညတ် သမုတ်အပ်သော ရူပကာယခန္ဓာ(ဒြဗ်)ကို အာရုံမပြုအပ်။ ။ထို မြတ်စွာဘုရား၏၊ ခန္ဓာ (ဒြဗ်) ၌စွဲမှီ၍ ဖြစ်သော **ဝိဇ္ဇာ** တရားသုံးပါး၊ **ဝိဇ္ဇာ**တရား ရှစ်ပါး၊**စရဏ** တရား, တဆယ့်ငါးပါး-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုရာ၏။

ဤအရာ၌ **ဝိဇ္ဇာ**အရ ပြဦးအံ့။ ။**ဝိဇ္ဇာ** —ဟူသည် သိတတ်သော ''ပညိန္ဒြေ''စေတသိက်သည်၊ **ဝိဇ္ဇာ** မည်၏။

ထို့ကြောင့်၊ဝိသုဒ္ဓိမဂ်ကျမ်း၌။(ဝိန္ဒိယံ ဝိန္ဒတီတိ ဝိဇ္ဇာ၊ယာထာဝတော ဥပလဘတီတိအတ္ထော။ ။)ဟူ၍၊ဖွင့်ဆိုအပ်၏။ ။ယာ၊ အ

ကြင်''ပညာ''သည်၊ ဝိန္ဒိယံ၊ရအပ်,သိမြင်အပ်သော တရားကို။ ဝိန္ဒတိ၊ ရတတ်, သိမြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုပညာ သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာ မည်၏။ ။ယာထာဝတော၊ ဟုတ်မှန်သော အား ဖြင့်။ ဥပလဘတိ၊ ရတတ်၏။ ။ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ **ဝိဇ္ဇာ** ဟူသောပုဒ်၏ အရတည်း။ ။ထို **ဝိဇ္ဇာ** တရားအပေါင်းတို့တွင်—

(၁) ရှေးရှေးသောဘဝတို့၌ဖြစ်ဘူးသောခန္ဓာအစဉ်ကို၊ အောက် မေ့သိစွမ်းနိုင်သော**ပုဗ္ဗေနိဝါသာနုဿတိ**ဉာဏ်ခေါ်သော**ဝိဇ္ဇာ**။

(၂) နတ်တို့၏မျက်စိအမြင်ကဲ့သို့၊အနီး,အဝေး၌ရှိသောရူပါရုံကို မြင်စွမ်းနိုင်သော **ဒိဗ္ဗစက္ခု** ဉာဏ်ခေါ်သော**ဝိဇ္ဇာ**။

(၃) အာသဝေါတရားတို့၏ ကုန်ခန်းခြင်းနှင့် တကွဖြစ်သော **အာသဝက္ခယ** ဉာဏ်ခေါ်သော **ဝိဇ္ဇာ**၊ ဤဉာဏ်သုံးပါးသည်၊ **ဝိဇ္ဇာ**တရားသုံးပါးမည်၏။

တနည်းကား။ ။အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ လာသော—

(၁) **ဣဒ္ဓိဝိဓ**အဘိညာဉ်၊(အထူးထူးအပြားပြားတန်းခိုးဘန်ဆင်း ခြင်းငှါစွမ်းနိုင်သောအဘိညာဉ်)

(၂) **ဒိဗ္ဗသောတ** အဘိညာဉ်၊ (နတ်၏နားကဲ့သို့၊ အဝေးမှအသံကို ကြားစွမ်းနိုင်သောအဘိညာဉ်)

(၃) **ပရစိတ္တဝိဇာနန**အဘိညာဉ်၊ )သူတပါးတို့၏စိတ်အကြံအစည် ကို သိစွမ်းနိုင်သောအဘိညာဉ်)

(၄) **ပုဗ္ဗေနိဝါသာနုဿတိ** အဘိညာဉ်၊ (ရှေးရှေးသောဘဝ၌နေခဲ့ ဘူးသော ခန္ဓာအစဉ်ကိုအဘန်တလဲလဲ အောက်မေ့ခြင်း, သတိနှင့်ယှဉ်သော အဘိညာဉ်)

(၅) **ဒိဗ္ဗစက္ခု** အဘိညာဉ်၊ (နတ်၏မျက်စိကဲ့သို့၊အဝေးမှ အဆင်း ကိုမြင်စွမ်းနိုင်သောအဘိညာဉ်) (ဤကား-အဘိညာဉ် ၅- ပါးတည်း။)

(၆) **အာသဝက္ခယ**ဉာဏ်၊ (အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကို သိသောဉာဏ်)။ ။(ဤ ဉာဏ်ကိုထည့်၍၊အဘိညာဉ် ခြောက် ပါးခေါ်၏။)

(၇) **ဝိပဿနာ**ဉာဏ်၊ (ရုပ်-နာမ်, တရားတို့ကို၊ အနိစ္စ, ဒုက္ခ၊ အနတ္တ၊အားဖြင့်၊ ရှုဆင်ခြင်၍ သိမြင်တတ်သောဉာဏ်)

(၈) **မနောမယိဒ္ဓိ** ဉာဏ်၊ (ဤဉာဏ်သည်၊ ဣဒ္ဓိဝိဓအဘိညာဉ်ပင် ဖြစ်၏။)

ဤဉာဏ်ရှစ်ပါးသည်"**ဝိဇ္ဇာ**"တရားရှစ်ပါးမည်၏။ ။ဤဝိဇ္ဇာတရားတို့တွင်၊(**အာသဝက္ခယ**)ဉာဏ်နှင့်၊ (ဝိပဿနာ)ဉာဏ်၊ ဤဉာဏ်နှစ်ပါးတို့သည်သာလျှင်၊နိဗ္ဗာန်ရောက်ကြောင်း၊လောကုတ္တရာဘက်ဆိုင်ရာ၊ ဝိဇ္ဇာ, တို့ ဖြစ်ကြကုန်၏။ ။ကြွင်းကျန်သော ဝိဇ္ဇာ, တရားခြောက်ပါးတို့သည်၊ လောကီဘက်ဆိုင်ရာ ဝိဇ္ဇာ, တရားတို့ဖြစ်၍ အထူးထူးအပြားပြား တန်းခိုးဘန်ဆင်းနိုင်ခြင်းစသော လောကီဘက်အမှုတို့၌သာ၊ပြုစွမ်းနိုင်ကြကုန်၏-ဟူ၍မှတ်။

ဤအရာ၌၊ **စရဏ**,တရားတို့ကို ပြဆိုဦးအံ့။—

(၁) ကာယကံအမှု၊ဝစီကံအမှု၊မပြုစောင့်စည်း ထိန်းသိမ်းသော ဝိရတိပြဓာန်းသော**သီလ**။

(၂) စက္ခု,နေ့၊ သောတိ,နေ့ စသော ဣန္ဒြေခြောက်ပါး၊ တရားတို့ကို လုံခြုံစေခြင်း, **ဣန္ဒြိယေသု ဂုတ္တဒွါရတာ**။ (တရားကိုယ်အားဖြင့်မူကား။ ။မဟာကုသိုလ်စိတ် ၈—ခု + မဟာကြိယာစိတ် ၈-ခု + လောကုတ္တရာစိတ် ၈—ခု + စေတသိက် အဋ္ဌတိံသ, အရကောက်ယူရာ၏။)

(၃) မိမိ,စားမျိုအပ်သော အစားအစာတို့၌ အတိုင်း အရှည်ကို သိခြင်း,**ဘောဇနမတ္တညုတာ**။ (တရားကိုယ်အားဖြင့် မူကား။ ။ဘောဇဉ်ကို ဆင်ခြင်၍ သုံးဆောင်သောအခါ၊ မဟာ ကုသိုလ်စိတ် ၈-ခု + မဟာကြိယာစိတ် ၈-ခု + ဝိရတိ, အပ္ပမညာ, ကြဉ်သော စေတသိက် တေတ္တိံသ,အရကောက်ယူရာ၏။)

(၄) ထကြွ, နိုးကြားခြင်းနှင့် ယှဉ်သော ဝီရိယ ပြဓာန်းသော **ဇာဂရိယာနုယောဂ**။

(၅) ကံ-ကံ၏အကျိုးကို၊ယုံကြည်ခြင်း,**သဒ္ဓါ**။

(၆) အကြားအမြင်များခြင်း,**သုတ**။

(၇) မြော်မြင်နှိုင်းယှဉ်ခြင်း, ပညာ။
(၈) မကောင်းမှုတို့ကို၊ပြုရအံ့သည်မှ၊ရှက်ခြင်း, ဟိရီ။
(၉) မကောင်းမှုတို့ကို၊ပြုရအံ့သည်မှ၊ ထိတ်လန့်ခြင်း, ဩတ္တပ္ပ။
(၁၀) ဘုရား-အစရှိသော ရတနာသုံးပါးတို့၏ဂုဏ်ကိုအောက်မေ့ခြင်း, သတိ။
(၁၁) မဆုတ်မနစ်၊အားထုတ်ခြင်း, ဝီရိယ။
(၁၂) ဈာန်အင်္ဂါ ၅-ပါးရှိသော ပဌမ ဈာန်။
(၁၃) ဈာန်အင်္ဂါ ၃-ပါးရှိသော ဒုတိယ ဈာန်။
(၁၄) ဈာန်အင်္ဂါ ၂-ပါးရှိသော တတိယ ဈာန်။
(၁၅) ဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထ ဈာန်။

ဤ ၁၅-ပါးသည်၊ စရဏ မည်၏။ ။ဤ ၁၅-ပါး၌၊ အရူပဈာန်လေးပါးကိုလည်း၊စတုတ္ထဈာန်၌ သွင်းယူအပ်၏။ ။ဈာန်သည်၊ပဉ္စကနည်း၊စတုက္ကနည်း,ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်၊ စတုက္ကနည်းကိုလည်း, ယူ၍၊ အရိယာ, သာဝကပုဂ္ဂိုလ်တို့သည်၊ ဤစရဏ ခေါ်သောအကျင့်တရားဖြင့်သာလျှင်၊ အသခ်တဓာတ်၊ မြတ်သောနိဗ္ဗာန်နန်းသို့၊ ကြွမြန်းတက်ရောက် နိုင်ကြရကား=ထို စရဏ တရားတို့သည်၊ နိဗ္ဗာန်နန်းသို့၊ကြွမြန်းတက်ရောက်ရာ၊ လမ်းကြောင်း,၏ အဖြစ်ကြောင့် စရဏ မည်ကုန်၏။

ထိုကြောင့်၊ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌၊(ဣမေဟေဝ,ဟိ,ပန္နရသဓမ္မာ၊ ယသ္မာစေတေဟိ,စရတိ,အရိယသာဝကော,ဂစ္ဆတိ၊အမတံ ဒိသံ၊တသ္မာ, စရဏန္တိ ဝုတ္တာ။ ။)ဟူ၍၊ ဖွင့်ဆိုအပ်၏။

ဟိ-(သစ္စံ)ထိုစကားမှန်၏။ ။ပန္နရသ၊ တဆယ့်ငါးပါးကုန်သော။ ဣမေဟေဝ ဓမ္မာ၊ ဤတရားတို့ကို သာလျှင်။ ယသ္မာ၊ အကြင့်ကြောင့်။ ဧတေဟိ၊ ထိုတဆယ့်ငါးပါးသော တရားတို့ဖြင့်။ အရိယ သာဝကော၊ အရိယပုဂ္ဂိုလ်သည်။ အမတံ၊ ခန္ဓာ ပြတ်ကြွေ၊သေလွန်ခြင်း ကင်းသော။ ဒိသံ၊အသခ်တဓာတ်၊မြတ်သောနိဗ္ဗာန်အရပ်သို့။စရတိ,ဂစ္ဆတိ၊ကြွသွား

တတ်၏။ ။တသ္မာ၊ ထို့ကြောင့်။ စရဏန္တိ၊စရဏ ဟူ၍။ ဝါ၊ သွားရာ လမ်းကြောင်း=ဟူ၍။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။

ဤအရာ၌၊ ဝိဇ္ဇာ တရား၊ စရဏ တရားတို့၏၊ ထူးကဲမြင့်မြတ်ပုံ၊ဂုဏ် ကျေးဇူးကိုပြဆိုဦးအံ့။—

တရံရောအခါ၊ ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်၊ ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူ၏၊ ထိုအခါ၊ ရာဇဂြိုဟ်ပြည်တွင်း၌၊အင်္ဂကဘာရဒွါဇ အမည်ရှိသော ပုဏ္ဏားကြီးသည်၊ မိမိတို့၏ အလေ့အကျင့်အတိုင်း၊ ယဇ်မီးပူဇော်အံ့=ဟု၊ကြံ၍, ထောပတ်,နှင့် ရောသော "ယနာ" ထမင်းကို ပြုစီရင်၍နေ၏။ ။ထိုအခါ မြတ်စွာဘုရားသခင်သည်၊ နံနက်စောစော အချိန်၌၊ သင်္ကန်းရုံ၍၊ သပိတ်လက်စွဲးလျက်၊ရာဇဂြိုဟ်ပြည်တွင်းသို့၊အိမ်စဉ်အတိုင်း ဆွမ်းခံကြွ ဝင်တော်မူလာရာ၊ ထို အင်္ဂကဘာရဒွါဇ ပုဏ္ဏားကြီး၏ အိမ်ရှေ့သို့ ရောက်၍၊ရပ်တော်မူ၏။

ထိုအခါ၊ သပိတ်လက်စွဲးလျက်၊ ဆွမ်းအလို့ငှါ၊ ကြွဝင်လာသော မြတ်စွာဘုရားရှင်ကို၊ ထိုပုဏ္ဏားကြီး,မြင်၍ အောက်၌ပြဆိုအပ်သော ဂါထာကိုရွတ်၍လျှောက်ဆို၏။

(၁၅) တီဟိ ဝိဇ္ဇာဟိ, သမ္ပန္နော၊
ဇာတိမာ,သုတဝါ, ဗဟု၊
ဝိဇ္ဇာ စရဏ သမ္ပန္နော၊
သောမံ, ဘုဉ္ဇေယျ, ပါယာသံ။ ။

(၁၅) ဘောဂေါတမ၊ (အို)မျိုးနွယ်သန့်စင်၊ အရှင်ဂေါတမ။ ။ ယော၊အကြင်ပုဏ္ဏားသည်၊တီဟိ၊သုံးပါးကုန်သော။ဝိဇ္ဇာ-ဟိ၊ဗေဒင်တို့နှင့်။ သမ္ပန္နော၊ တတ်မြောက်ပြည့်စုံ၏။ ။ ဇာတိမာ၊ ကျင့်ဝတ်, မျိုးနွယ်၊စင်ကြယ်သောအမျိုးဇာတ်နှင့်လည်းပြည့်စုံ၏။ ။ဗဟု၊အထူးထူး,အပြားပြားသော။ သုတဝါ၊ လေ့လာသင်ကြားအပ်သော ကျမ်းဂန်သုတ,နှင့် လည်းပြည့်စုံ၏။ ။ဣတိ၊ ဤသို့၊ ဝိဇ္ဇာစရဏသမ္ပန္နာ၊ ဗေဒင်သုံးပါး-ဟူသောဝိဇ္ဇာ သုံးပါး၊အမျိုးဇာတ်၊အကြား

အမြင်ကျမ်းဂန်-ဟု ဆိုအပ်သောစရဏတရားတို့နှင့်လည်း ပြည့်စုံ၏။ ။သော၊ထိုပုဏ္ဏားသည်။ဣမံပါယာသံ၊ဤထော ပတ်,ဖြင့် ပြုစီရင်အပ်သော ယနာဆွမ်းကို။ဘုဉ္ဇေယျ၊ စား သောက်သုံးဆောင် ထိုက်ရာ၏။ဣတိ၊ဤသို့။ အဗ္ဗြဝိ၊ ကြားလျှောက်လေ၏။

ဤဂါထာ၌၊အင်္ဂကဘာရဒွါဇ ပုဏ္ဏားကြီး၏ လျှောက်ကြားလိုရင်း၊ အကျဉ်းချုပ်ကား—

(အို)မျိုးနွယ်သန့်စင်၊ အရှင်ဂေါတမ။ ။အကြင်ပုဏ္ဏားသည်—

(၁) ဣရု၊ ယဇု၊ သာမ, ဟူသော သုံးပါးသော ဝိဇ္ဇာ ခေါ်သော ဗေဒင်ကျမ်းတို့နှင့်၊တတ်မြောက်ပြည့်စုံ၏။

(၂) ကျင့်ဝတ်မျိုးနွယ်၊စင်ကြယ်သော အမျိုးဇာတ်နှင့်လည်းပြည့် စုံ၏။

(၃) အထူးထူး အပြားပြားသော (လေ့လာသင်ကြားအပ် သော)ကျမ်းဂန်(သုတ) နှင့်လည်း ပြည့်စုံ၏။ ။ဤသို့ပြဆို အပ်ပြီးသော ဝိဇ္ဇာ တရားသုံးပါး၊ အမျိုးဇာတ်၊ ကျမ်းဂန် အကြား အမြင် သုတ ဟူသော စရဏ, တရားတို့နှင့်ပြည့်စုံ သော ထိုပုဏ္ဏားသည်သာလျှင်၊ (အကျွန်ုပ်)၏ ထောပတ် ''ယနာ''ဆွမ်းကို၊ သုံးဆောင်စားသောက်ခြင်းငှါ ထိုက် ၏။ ။ထို့ကြောင့်၊အရှင်ဂေါတမ-သည်၊ (အကျွန်ုပ်)ပြဆို လျှောက်ကြားအပ်သော ဤ ဝိဇ္ဇာတရား၊ စရဏ တရားတို့ နှင့်၊ မချိုကုံလုံ၊ ပြည့်စုံပါ၏လော—ဟု မေးမြန်းလိုရင်းပင် ဖြစ်၏။

ဤအရာ၌၊ ပုဏ္ဏားကြီး၏ အလိုအားဖြင့်၊ (ဗေဒင်) ကျမ်း၌လာ သောအသိတရား၊အကျင့်တရားတို့ကို။ ဝိဇ္ဇာ,တရား၊စရဏတရားတို့—ဟူ ၍ ခေါ်ဆို၏။ ။လောကီပညာအတတ်မျိုးမျှသာဖြစ်၍၊ မြတ်စွာဘုရား ရှင်၏ အလိုတော်ကျ၊ ဝိဇ္ဇာ, တရား၊စရဏ, တရားမျိုးတို့မဟုတ်ချေ။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်၊ ပုဏ္ဏားကြီး၏၊ အမေးစကားကို၊ ဤသို့အားဖြင့်၊ ဖြေကြားတော်မူ၏။

(၁၆) ဗဟုမ္ပိ,ပလပံ,ဇပ္ပံ၊
နစ္ဆာ, ဟောတိ, ဗြာဟ္မဏော။
အန္တောကသမ္ဗု, ကိလိဋ္ဌော၊
ကုမာနာ, ပရိဝါရိတော။ ။

(၁၆) ဗြာဟ္မဏ၊ ဇာတ်ကိုစွဲယူ၊ အမြတ်ဟူသည့်၊ မာန်မူတက်ကြွား၊(အို)ပုဏ္ဏားကြီး....။

ဗဟုံ၊ များစွာသော။ပလပံ၊ကျင့်ဝတ်မျိုးနွယ်၊ ဇာတ်ကိုရွယ်၍၊ စင်ကြယ်၏–ဟူသော တထောင်သော စကားကို၊ ဇပ္ပံ၊ (ဇပ္ပန္တောပိ၊) ပြောဆိုပါတုံလည်း။အန္တောကသမ္ဗု၊ (※ယောက်သွား)ပုပ်ကဲ့သို့၊ အတွင်း၌ ကိလေသာ စိတ်တို့ဖြင့် ပုပ်သိုး၍နေသော။ကိလိဋ္ဌော၊ ကာယကံမှု၊ ပြုကျင့်ခြင်းစသည်ဖြင့်၊ညစ်ညူးခြင်းရှိသော။ ကုမာနာ၊ စက်ဆုပ်ရွံရှာဘွယ်သောမာန်မာနတရားဖြင့်။ပရိဝါရိတော၊ ဝန်းဝိုင်းခြံရံ အပ်သောသူသည်။ဇစ္စာ၊ ကျင့်ဝတ်မျိုးနွယ်၊ စင်ကြယ်သော ဇာတ်အားဖြင့်။ ဗြာဟ္မဏော၊ မကောင်းမှုကို အပပြုတတ်သောပုဏ္ဏားမြတ်သည်။ နဟောတိ၊မဖြစ်ရာချေ။

ဤဂါထာဖြင့်၊ယခင်ပုဏ္ဏားကြီး၏ အမေးစကား၌၊ (“ဇာတိမာ” ကျင့်ဝတ်မျိုးနွယ်၊ စင်ကြယ်သော အမျိုးဇာတ်နှင့်ပြည့်စုံ၏) ဟူသော ပုဏ္ဏားကြီး၏အလိုကို ပယ်စွန့်ပြီးလျှင်၊ မိမိ၏အလိုကို ထင်ရှားစွာပြ၍ ဖြေဆိုတော်မူ၏။

ဆိုလိုရင်းကား။ ။(အို) ပုဏ္ဏားကြီး–

အကြင်ပုဏ္ဏားသည်၊ မိမိ၏ကိုယ်ကို၊ မိမိသည်၊ ကျင့်ဝတ်မျိုးနွယ်၊ စင်ကြယ်သော“ဇာတ်”နှင့် ပြည့်စုံ၏=ဟု၊များစွာသောစကားတို့ဖြင့်၊ ပြောဆို ဝန်ခံပါတုံလည်း၊ မိမိ၏ ကိုယ်တွင်းသန္တာန်၌၊ (※ယောက်သွားပုပ်ကဲ့သို့ ပုပ်သိုးသော ကိလေသာစိတ်ရှိ၏။ ။ကာယကံ မှု၊ ပြုကျင့်ခြင်းစသည်ဖြင့် ညစ်ညူးခြင်းရှိ၏။ ။စက်ဆုပ်ရွံရှာဘွယ်သောမာန် “မာန”တရားဖြင့်၊ခြံရံခြင်းရှိ၏။ ။ထိုပုဏ္ဏားသည်၊(မည်သို့ပင်) မိမိ၏

ကိုယ်ကို၊မိမိသည်၊ကျင့်ဝတ်မျိုးနွယ်၊ စင်ကြယ်သောအမျိုး ''ဇာတ်'' နှင့် ပြည့်စုံပါ၏=ဟု၊ ပြောဆိုသော်ငြားသည်း။ စင်စစ်အားဖြင့်၊ ထိုပုဏ္ဏားကို၊အမျိုး''ဇာတ်''နှင့် ပြည့်စုံသောသူ-ဟူ၍မခေါ်ထိုက်ချေ-ဟု၊ ပယ်စွန့်၍ ဖြေဆိုတော်မူ၏။

ထိုနောက်တဘန်၊ဝိဇ္ဇာတရား၊စရဏ တရားတို့ကို၊ အကျယ်အားဖြင့် ပိုင်းခြား၍၊ ဟောကြားဖြေဆိုတော်မူပြန်၏။

| | | |
|---|---|---|
| (၁၇) | ပုဗ္ဗေနိဝါသ,ယော,ဝေဒိ၊<br>သဂ္ဂါ ပါယဉ္စ, ပဿတိ။<br>အထော ဇာတိက္ခယံ,ပတ္တော၊<br>အဘိညာ,ဝေါသိတော,မုနိ။ ။ | နိဝါသံ, ဆိုလိုလျက်, ဆန်းကြောင့်,နိဂ္ဂဟိတ်ကြေသည်။ |

(၁၇) ဗြာဟ္မဏ၊ဇာတ်ကိုစွဲယူ၊အမြတ်ဟူသည့်၊မာန်မူတက်ကြွား၊(အို)ပုဏ္ဏားကြီး။ ။ယောမုနိ၊အကြင်ပုဏ္ဏားသည်။ပုဗ္ဗေ-နိဝါသံ၊ရှေး၌နေဘူးသောခန္ဓာဇာတ်ကို။ဝေဒိ၊ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။ သဂ္ဂဉ္စ၊ နတ်ပြည်,ဗြဟ္မာပြည်ကိုလည်းကောင်း။ အပါယဉ္စ၊အပါယ်ဘုံကိုလည်းကောင်း။ ပဿတိ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့်မြင်၏။ ။အထော၊ထို့ြ။ ဇာ-တိက္ခယံ၊ ဇာတိ,၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ် သို့။ ပတ္တော၊ရောက်၏။ သော မုနိ၊ ထိုပုဏ္ဏားသည်။ (ဝါ)၊ထိုမြတ်စွာဘုရားသည်။ အဘိညာ၊(အဘိညာယ)၊ထူးသောဉာဏ်ဖြင့် သိပြီး၍။ ဝေါသိတော၊သုံးအပ်ပြီးသော သီတင်း၏ အဆုံးသို့ရောက်တော်မူ၏။

(၁၈) တောဟိ,တီဟိ ဝိဇ္ဇာဟိ၊
တေဝိဇ္ဇော, ဟောတိ ဗြာဟ္မဏော။
ဝိဇ္ဇာ စရဏ သမ္ပန္နော၊
သော မံ,ဘုဠ္ဍေယျ,ပါယာသံ။ ။

(၁၀) တီဟိ၊သုံးပါးကုန်သော။တေဟိ ဝိဇ္ဇာဟိ၊ထိုဝိဇ္ဇာ တရားတို့ဖြင့်။တေဝိဇ္ဇော၊ဝိဇ္ဇာသုံးပါးရှိသော။ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာ တရား၊ စရဏတရားတို့နှင့် ပြည့်စုံသော သူသည်သာလျှင်။ ဗြာဟ္မဏော၊ ပုဏ္ဏားမည်သည်။ ဟောတိ၊ ဖြစ်၏။ ။ သောဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ဣမံ-ပါယာသံ၊ ဤထောပတ်ဖြင့်ပြီးသော (ဃနာ)ဆွမ်းကို။ဘုဉ္ဇေယျ၊စားရာ၏။ ။ဣတိ၊ ဤသို့။ဘဂဝါ၊ မြတ်စွာဘုရားရှင်သည်။ အဇ္ဈ-ဘာသိ၊ ရွတ်ဆိုဖြေကြားတော်မူ၏။

ဤဂါထာဖြင့်၊ ထိုပုဏ္ဏားကြီး၏ အမေး စကားဌ်၊ ဝိဇ္ဇာတရား, စရဏ တရားတို့ကို၊ ဖြေကြား မိန့်ဆိုတော်မူ၏။

**ဆိုလိုရင်းကား။** ။(အို) ပုဏ္ဏားကြီး=အကြင်ပုဏ္ဏားသည်၊ (၁) "**ပုဗ္ဗေနိဝါသ**"ဉာဏ်ဖြင့်၊ရှေး၌နေခဲ့ဘူးသော ခန္ဓာဇာတ်ကိုသိမြင်၏။ ။(၂) "**ဒိဗ္ဗစက္ခု**" ဉာဏ်ဖြင့်၊နတ်ပြည်ကိုရင်း၊ ဗြဟ္မာပြည်ကိုရင်း၊အပါယ်ဘုံကိုရင်း၊သိမြင်၏။ ။(၃) "**အာသဝက္ခယ**" ဉာဏ်ဖြင့်၊ဇာတိ၏ ကုန်ရာ အရဟတ္တ ဖိုလ်သို့ရောက်၏။ ။ထိုပုဏ္ဏားသည်၊ထိုးသောဉာဏ်ဖြင့်သိမြင်၍၊ သုံးအပ်ပြီးသော အကျင့်ဟူသော **သီတင်း** ၏ အဆုံးသို့ရောက်၏။

(အို)ပုဏ္ဏားကြီး=ဤသို့ဝိဇ္ဇာသုံးပါး၊အသိတရားရှိသောဝိဇ္ဇာတရား၊ စရဏ တရားတို့နှင့်ပြည့်စုံသော သူသည်သာလျှင်၊ မကောင်းမှုမှ၊ အပပြုတတ်သော ပုဏ္ဏားမြတ်မည်၏။ ။ထိုပုဏ္ဏားသည်သာလျှင်၊ ဤထောပတ်ဖြင့်၊ ပြုစီရင်အပ်သော (**ဃနာ**)ဆွမ်းကို သုံးဆောင် စားသောက်ရာ၏=ဟူ၍၊ဖြေကြားမိန့်ဆိုတော်မူ၏။

ထိုအခါ၊ ပုဏ္ဏားကြီးသည်၊မြတ်စွာဘုရားရှင်၏အထံမှ၊ ဝိဇ္ဇာတရား၊ **စရဏ** တရားတို့၏၊ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်ကို၊ မှတ်သားကြားနာ၍၊နှစ်သက်ကြည်ညိုခြင်းဖြစ်ရကား=(**ဘုဉ္ဇတု ဘဝံ ဂေါတမော၊ ဗြာဟ္မဏော ဘဝံ**)ဟူ၍၊ဆွမ်းဖြင့် ဘိတ်ကြားလေ၏။

ဘောဂေါတမ၊(အို)မျိုးနွယ်သန့်စင်၊ အရှင် "ဂေါတမ"။ ဘဝံ၊ အရှင် "ဂေါတမ" သည်။ (ဝါ) အရှင်ဘုရားသည်။ ဗြာဟ္မဏော၊ မကောင်းမှုကို၊ အပ-ပြုတတ်၊ "**ဗြာဟ္မဏ**" မြတ် မည်ပါပေ၏။

(ဝါ)၊ပုဏ္ဏားမြတ်မည်ပါပေ၏။ ဘဝံ ဝေါတမော၊ အရှင်"ဂေါတမ" သည်။ (ဝါ)၊အရှင်ဘုရားသည်။ ဘုဇ္ဇတု၊ ဘုဉ်းပေးတော်မူပါလော။ ။ ဣတိ၊ ဤသို့။ ဗြာဟ္မဏော၊ ပုဏ္ဏားကြီးသည်။ အဝေါစ၊ ရွှေနားတော် ပါး၊ ကြားလျှောက်လေ၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင် ဘုရားသခင်သည်။ ။**ဂါထာဘိ ဂီတံ မေ အဘောဇနေယျံ**။ ။ဟူသောဂါထာကို၊ ရွတ်ဆို၍၊ ပုဏ္ဏားကြီး၏ ဆွမ်းကို၊ ပယ်မြစ်တော်မူ၏။ ။ဤအရာ၌၊ ပါဠိဂါထာနှင့် အနက်ကို ချုံး၍ အဓိပ္ပါယ်စကားမျှ ပြဆိုအံ့။ ။အဓိပ္ပါယ်ကား။—

(အို)ပုဏ္ဏားကြီး="ဘုရားကျေးဇူး၊ဂုဏ်အထူးနှင့်စပ်ယှဉ်သော ဂါထာတို့ဖြင့်၊ ဟောကြား၍ရအပ်သော ဤ (**ဃနာ**) ဆွမ်းကို၊ ငါဘုရား ရှင်အား၊ သုံးဆောင်ခြင်းငှါ မထိုက်ချေ။

(အို)ပုဏ္ဏားကြီး=အကျိုးအကြောင်းကိုသိမြင်ကုန်သောသူတော် ကောင်းတို့အား၊ ဤသို့-ဟောပြော, ပြဆို ကောင်းသော သဘော မည်သည်လည်း မဖြစ်ရာချေ။ ။မြတ်စွာ ဘုရားရှင်တို့မည်သည်၊ ဘုရား ကျေးဇူး၊ ဂုဏ်အထူးနှင့်စပ်ယှဉ်သော ဂါထာတို့ဖြင့်၊ ဟောကြား၍ ရအပ်သော ဆွမ်းဘောဇဉ်စသည်ကို၊ မခံယူဘဲ၊ပယ်စွန့်ကြကုန်၏။

(အို)ပုဏ္ဏားကြီး=အရိယာတို့၏ အကျင့်တရားရှိသော, တရား သဖြင့် အသက်မွေးကုန်သော, သူတော်ကောင်းတို့အား ဤသို့သော ဆွမ်းအလှူမျိုးကို မခံယူဘဲ၊ ပယ်စွန့်၍ တရားသဖြင့် အသက်မွေးခြင်း သည်၊ ကောင်းသော အသက်မွေးခြင်းမည်၏။

(အို)ပုဏ္ဏားကြီး=သီလ,ဣန္ဒြေ၊ စသည် ကျေးဇူး၊ ဂုဏ်အထူးကို၊ ဆည်းပူး ရှာမှီး တတ်သော ငြိမ်းပြီးသော ပူပန်ခြင်းရှိသော, ရဟန္တာ ပုဂ္ဂိုလ်ကို၊ ဤပယ်စွန့်ခဲ့ပြီးသော ဆွမ်းအလှူမျိုးမှ တပါးသော အခြင်း အရာဖြင့် ပြုစီရင်အပ်သော ဆွမ်းဖြင့်၎င်း၊ အဖျော်ဖြင့်၎င်း၊ လုပ်ကျွေး ပြုစု၊ လှူဒါန်းလေလော့=ရဟန္တာပုဂ္ဂိုလ်တို့သည်၊ ကောင်းမှုကို အလို ရှိကုန်သောသူတို့၏၊ (ဒါန-တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချရာ) ၌၊ လယ်မြေကောင်း သဖွယ်ဖြစ်၏=ဟူ၍၊ဟောကြားတော်မူ၏။

ဤဒေသနာတော်၏ အဆုံး၌၊ "အင်္ဂကဘာရဒွါဇ" ပုဏ္ဏားကြီးသည်၎င်း။ ။ထိုပုဏ္ဏားကြီးမှတပါး၊ တရားနာယူသော သူတို့သည်၎င်း၊ တရားတော်၌၊ နှစ်သက်ခြင်း(ပီတိ)ဖြစ်၍ ထို(ပီတိ)မှ တဆင့် တဆင့်၊ တိုးမြှင့် ရင့်ကျက်လာကြ၍၊ ဤနေရာ၌ပင်၊ (အာသဝေါ) ကုန်ခန်း၍၊ ရဟန္တာ ပုဂ္ဂိုလ်-ဟူသော အထွတ်အမြတ်သို့ ရောက်ကြကုန်၏။

ဤသို့အားဖြင့်၊ မြတ်စွာဘုရားရှင်၏၊ ၈-ပါးသော ဂုဏ်တော်ပုဒ်တို့တွင်၊ ဤ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ပုဒ်သည်၊ အမျိုးဇာတ်အားဖြင့်၎င်း=တန်းခိုးဂုဏ်အားဖြင့်၎င်း=လောကီဂုဏ်အားဖြင့်၎င်း=မာန်မူထောင်လွှား၊ တက်ကြွားကြသောသူတို့ကို၊ နှိပ်နင်းအောင်မြင်နိုင်ရန်၊ ထက်သန် ကြီးမားသော အစွမ်းသတ္တိရှိသော ဂုဏ်တော်ပုဒ်ကြီးဖြစ်၏။ ။ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ သက်ဝင်ကြည်ညိုရာ၌၎င်း=ကျင့်ဆောက်တည်ကြရာ၌၎င်း=ဤ ဝိဇ္ဇာတရား၊ စရဏတရားတို့ကိုပင်၊ ကြည်ညိုကြရ၊ ကျင့်ဆောက်တည်ကြရကုန်၏။

မြတ်စွာဘုရားရှင်သည်၊ ၄၅-ဝါ၊ ရှည်ကြာသမျှ၊ ကာလပတ်လုံး၊ ဟောကြား,ဆုံးမတော်မူအပ်သော သုတ်,ဝိနည်း,အဘိဓမ္မာ,ဟူသော ဓမ္မက္ခန္ဓာ၊ ဒေသနာတော်မြတ်တို့ ဟူသည်၊ ဤဝိဇ္ဇာတရား၊စရဏတရားတို့သာဖြစ်ကုန်၏။

မြတ်စွာဘုရားရှင်သည်၊ သက်တော်ထင်ရှား ရှိစဉ်အခါက၊ (ဗေဒင်)ကျမ်း၌လာသော အကြား,အမြင် ပညာ ဟူသော ဝိဇ္ဇာ တရား၊ ယဇ်ပူဇော်ခြင်း၊ မီးပူဇော်ခြင်းစသော စရဏတရားတို့ကို၊ ဟောပြောကျင့်ဆောက်တည်၍ နေကြကုန်သော (တိတ္ထိ) ဆရာကြီး = (ပုဏ္ဏား) ဆရာကြီးတို့သည်၊ ရံခါ-ရံခါ၊ မြတ်စွာဘုရားရှင်၌၊ အမျိုးဇာတ်အားဖြင့်၎င်း=ထို ဝိဇ္ဇာတရား၊ စရဏ တရားတို့ဖြင့်၎င်း=ဂုဏ်တု,ဂုဏ်ပြိုင်ပြုကြကုန်၏။ ။(ရံခါ-ရံခါ) ထို ဝိဇ္ဇာ တရား၊ စရဏ တရား၊ အမျိုးဇာတ်တို့ကို မေးမြန်းကြကုန်၏၊ မြတ်စွာဘုရားရှင်သည်၊ (ရံခါ-ရံခါ) ထိုထိုအမေးစကားတို့ကို၊ ဖြေကြားတော်မူ၏။

(ရံခါ-ရံခါ) ၌၊ အသင်တို့သည်၊ ငါဘုရားရှင်၌၊ အမျိုးဇာတ်ကို၎င်း=စရဏ, တရားတို့ကို၎င်း=မမေးမြန်းကြကုန်လင့်၊ဤလောက၌၊ လူတို့၌ အသုံးအစွဲ မပြုသော ထင်းတုံးကြီးမှသော်လည်း၊ အလျှံ

တပြောင်ပြောင်၊တောက်လောင်သော မီးပုံ,မီးတောက်ကြီး, ဖြစ်ပေါ်လာနိုင်၏ကဲ့သို့၊ အမျိုးယုတ်သော သူသည်လည်း၊ တည်ကြည် ခိုင်ခံ့သော သမာဓိ, တရားနှင့် ပြည့်စုံ၍ အမွန်အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်, ကြီးတဆူ၊ ဖြစ်ပေါ်လာနိုင်၏=ဟူ၍၊ ဟောကြားတော်မူ၏။ ။ဤစကားတို့သည်၊ (သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၌လာ၏။)

(၁၉) ခတ္တိယော သေဋ္ဌော-ဇနေ-တသ္မိံ၊
ယေ ဂေါတ္တ ပဋိသာရိနော။
ဝိဇ္ဇာ စရဏ သမ္ပန္နော၊
သော သေဋ္ဌော ဒေဝ မာနုသေ။ ။

(၁၉) တသ္မိံ ဇနေ၊ ထိုလူအပေါင်း၌။ ခတ္တိယော၊ မင်းမျိုးသည်။ သေဋ္ဌော၊ ချီးမွမ်းအပ်၍၊ မြတ်ပေ၏။ ဣတိ၊ ဤသို့။ ယေဇနာ၊ အကြင်သူတို့သည်။ ဂေါတ္တ ပဋိသာရိနော၊ ဘ, မိ, နွယ်ရိုး၊ ဂုဏ်တန်းခိုးနှင့်၊ အမျိုးအနွယ်ကို၊ ရွေးချယ်စီစစ်လေ့ရှိကုန်၏။ ။တေသံ၊ ထိုသူတို့တွင်။ယော,ဇနော၊ အကြင်သူသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာ တရား၊ စရဏ တရားတို့နှင့်၊ မချို့ကိုလို၊ ပြည့်စုံတော်မူပေ၏။ သောဇနော၊ ထိုသူသည်။ ဒေဝ မာနုသေ၊ နတ်နှင့်တကွသော သတ္တလောကကြီး၌။ သေဋ္ဌော၊ တုဘက် ကဲလွန်၊ ဂုဏ်ပေါင်းချွန်၍၊ အမွန်ခေါင်ဖျား၊ အမြတ်စား ဖြစ်တော်မူပေ၏။

**ဝိဇ္ဇာစရဏသမ္ပန္န—ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်**
**အဓိပ္ပါယ်ဖွင့်ပြီး၏။**

---

## (၄) သုဂတ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့်

(၄) **သုဂတ** ဟူသော ဂုဏ်တော်ပုဒ်ကို၊ အားထုတ်ပွားများလိုသော **သမထ** ယောဂီ ပုဂ္ဂိုလ်သည်လည်း၊ (**အရဟံ**) ဂုဏ်တော်ပုဒ်၏ နည်းတူ၊ မြတ်စွာဘုရား,ဟု၊ ခေါ်ဆို ပညတ်၊ သမုတ်အပ်သော ရူပကာယ၊ခန္ဓာဒြဗ်ကို အာရုံမပြုအပ်။ ။ဇာတိ-ဇရာ၊ဗျာဓိ-မရဏ၊

ဒုက္ခမသန်း၊ နိဗ္ဗာန်နန်းသို့၊ ကေန်အာရုံပြု၍၊ ဖြောင့်တန်းစွာ သွားရောက်စေပါတတ်သော၊ (မဂ်ဉာဏ်-ဖိုလ်ဉာဏ်) ဟူသော ဂုဏ်တော်မြတ်တို့ကိုသာ၊ အစဉ်မပြတ် အာရုံပြုအပ်၏။

ထိုကြောင့်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။(သုန္ဒရဋ္ဌေသ, ဌာနံ-ဂတော အမတံ နိဗ္ဗာနန္တိ သုန္ဒရံဌာနံ ဂတတ္တာပိ သုဂတော။ ။ဟူ၍ဖွင့်ဆိုအပ်၏။

(စ) ဆက်၍ဆိုဦးအံ့=သေ၊ (သော-ဘဂဝါ) ထိုမြတ်စွာဘုရားရှင်သည်။ သုန္ဒရံ၊ အစ္စန္တသုခဖြစ်၍ စင်စစ် ကောင်းမွန်သော။ အမတံ၊ ခန္ဓာပြတ်ကြွေ သေလွန်ခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်, ဟူသော။ ဌာနံ၊ အောင်မြေ-ဟူသော အရပ်သို့။ဂတော၊ ကြွသွားတော်မူပြီ။ ။ဣတိတသ္မာ, သုန္ဒရံဌာနံ, ဂတတ္တာပိ၊ ဤသို့အစ္စန္တသုခဖြစ်၍ စင်စစ်ကောင်းမွန်သော နိဗ္ဗာန်အောင်မြေသို့ ကြွသွားတော်မူတတ်သည်၏ အဖြစ်ကြောင့်။ သုဂတော၊ **သုဂတ**, မည်တော်မူ၏)။ ။ဤအရာ၌၊ **သုဂတ** ဟူသော ဂုဏ်တော်ပုဒ်သည်၊ အသင်္ခတ, ဓာတ်၊ မြတ်သောနိဗ္ဗာန်သို့၊ ကေန်အာရုံပြုသောအားဖြင့်၊ သွားရောက်တတ်သော ပရမတ္ထတရားဖြစ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊ ပဓာနနည်းအားဖြင့် ဟော၏။ ။မြတ်စွာဘုရားဟု၊ ခေါ်ဆိုပညတ်၊သမုတ်အပ်သောခန္ဓာဒြပ်ကိုမူ၊အပဓာနနည်းအားဖြင့်ဟော၏။

ယင်းသို့ဖြစ်၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို အစွဲပြု၍ ခန္ဓာဒြပ်ကိုမူလည်း၊ **သုဂတ**ဟူသောပုဒ်၏အရကောက်ယူ၍ မြတ်စွာဘုရားရှင်သည်၊**သုဂတ** မည်၏။ ။ထို့ကြောင့်၊ **သုဂတ** ဟူသော ဂုဏ်တော်ပုဒ်ကို အာရုံပြု၍ စီးဖြန်းပွားများရာ၌၊ **သုဂတ** ဟူသောပုဒ်၏ ပဓာနအနက်, ပရမတ္ထတရားဖြစ်သော နိဗ္ဗာန်သို့၊ကေန်အာရုံပြုနိုင်သော မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဟူသော ဂုဏ်တော်မြတ်တို့ကိုသာ အာရုံပြုရာ၏။ ။အပဓာနအနက် ပညတ်မျှသာဖြစ်သော ခန္ဓာဒြပ်ကို အာရုံမပြုအပ်ချေ။ ။ဤမှကြွင်းသော စကားတို့ကိုလည်း၊ရှေးရှေးသော ဂုဏ်တော်ပုဒ်တို့ကဲ့သို့၊ချဲ့ဖွင့်၍ သိနိုင်ကြကုန်ရာ၏။

**သုဂတ**—ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်ဖွင့်ပြီး၏။

# (၅) လောကဝိဒူ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့်

(၅) **လောကဝိဒူ**-ဟူသောပုဒ်ကို၊ အားထုတ်ပွားများလိုသော သမထ ယောဂီပုဂ္ဂိုလ်သည်လည်း၊ **အရဟံ** ဂုဏ်တော်ပုဒ်၏ နည်းတူ၊ မြတ်စွာဘုရား-ဟု၊ ခေါ်ဆိုပညတ်၊ သမုတ်အပ်သော ရူပကာယ၊ ခန္ဓာဒြပ်ကို အာရုံမပြုအပ်။ ။**လောက**သုံးပါးတို့ကို၊ အကြွင်းမရှိသိမြင်တော်မူတတ်သော သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုအပ်၏။

၌အရာ၌၊ ''**လောက**''ဟူသည်၊ **သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက** အားဖြင့်၊ သုံးပါးအပြားရှိ၏။ ။ထိုသုံးပါးတို့တွင်၊ **သတ္တလောက, ဩကာသလောက** နှစ်ပါးတို့ကို၊ သိခြင်း, မသိခြင်း, အားဖြင့်၊ သံသရာဘုံဘဝ၌၊ တိုးပွားခြင်း၊ ဆုတ်ယုတ်ခြင်း, များစွာမဖြစ်ရာချေ။ ။ရုပ်,နာမ် ဓမ္မ-ဟူသော **သင်္ခါရလောက**ကို၊ ဖြစ်ခြင်း, ပျက်ခြင်း အရင်းမူလနှင့်တကွ၊ သိခြင်း,မသိခြင်းအားဖြင့်မူ၊ သံသရာ ဘုံဘဝ၌၊ တိုးပွားခြင်း, ဆုတ်ယုတ်ခြင်း များစွာဖြစ်ချေ၏။

ထိုစကားမှန်၏။—

ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်၊ သက်တော်ထင်ရှားရှိစဉ် အခါက၊ အချို့သော မြဟ္မာမင်းကြီးတို့သည်၊ **ဩကာသလောက**ကြီး၏ အဆုံးအပိုင်းအခြားကို၊ လှည့်လည်၍ ကြည့်ရှုကြကုန်၏။ ။ထိုသို့ကြည့်ရှုကြခြင်းသည်လည်း၊ ကြည့်ရှုကောင်းသော သဘောဓမ္မတာပင်ဖြစ်၏၊ ထိုသို့ပင်ဖြစ်သော်လည်း၊ ယင်းသို့ **ဩကာသလောက**ကိုကြည့်ရှုရှာဖွေခြင်းအားဖြင့် အကျိုးကျေးဇူး၊ ထူးထူးခြားခြားမရှိချေ။ ။ခန္ဓာငါးတန်၊ ရုပ်,နာမ်,ဓမ္မ, **သင်္ခါရလောက**၏ ဖြစ်ခြင်း,ပျက်ခြင်း အဆုံးအပိုင်းအခြားကိုသာ၊ ဉာဏ်ဖြင့်သက်ဝင်၊ ဟုတ်တိုင်းထင်အောင်၊ ဆင်ခြင်ကြည့်ရှုရှာဖွေအပ်သင့်လှပေ၏။

ထိုစကားမှန်၏။ ။သံသရာ၌၊ခန္ဓာမြင့်ရှည်၊ဇာတိတည်၍၊ကျင်လည်ကြရကုန်သော သတ္တဝါဟူသမျှတို့သည်၊ အကြင်မျှလောက်သော ကာလပတ်လုံး၊ ခန္ဓာငါးတန်၊ ရုပ်,နာမ် ဓမ္မ-ဟူသော **သင်္ခါရလောက**၏၊

ဖြစ်ခြင်း, ပျက်ခြင်း-ဟူသော အဆုံးအပိုင်းအခြားကို။ မသိ,ရသေး၊ မမြင်ရသေး၊ ရှာဘွေ၍မတွေ့ရသေးဖြစ်၏၊ ထိုမျှလောက်သော ကာလပတ်လုံး၊ (မည်သည့်)ပုဂ္ဂိုလ်-သတ္တဝါတဦးတယောက်မှ၊ ကိလေသာနှောင်၊ မာရ်မင်း ဆောင်သည့်၊ ချုပ်ထောင် ပမာ၊ သံသရာဘုံဘဝ ဟူသော ဒုက္ခ ဘောင်မှ၊ မလွတ်မြောက်နိုင်ချေဖြစ်၏။ ။အကြင်အခါ၊ ခန္ဓာငါးတန်၊ရုပ်,နာမ်,ဓမ္မ-ဟူသော **သင်္ခါရလောက** ကို ဉာဏ်ဖြင့်ပိုင်း၍၊ ဟုတ်တိုင်းထင်ထင် သိမြင်၏။ ။ထိုအခါ သံသရာ ဝဋ်တွင်းမှ၊ လွတ်ကင်း ကူးမြောက်ရ လေတော့သတည်း။ ။(**ဝိပဿနာဉာဏ်ဆယ်ပါး နည်းဖြင့်ကြည့်**)။ ။ထို**သင်္ခါရလောက**၏ ဖြစ်ခြင်း, ပျက်ခြင်း, အဆုံး အပိုင်းအခြားကိုလည်း၊ ဉာဏ်ဖြင့်သာ သွားရောက်ကြည့်ရှု ရှာဘွေအပ်၏။ ။ပကတိသော ခြေဖြင့်, သွားရောက်ရှာဘွေရာ မဟုတ်ချေ။ ။ ထို့ကြောင့်၊ (သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်)၌၊ အောက်၌ပါသော ဂါထာကိုဟောကြားတော်မူအပ်၏၊

(၂၀) ဂမနေန, နပတ္တဗ္ဗော၊
လောကဿ-န္တော’ ကုဒါစနံ။
နစ, အ-ပ္ပတွာ, လောက-န္တံ၊
ဒုက္ခာ, အတ္ထိ, ပ-မောစနံ။ ။

(၂၀) ဂမနေန၊ လောက အလေ့၊ ပြကတေ့သော သွားခြင်းဖြင့်။ လောကဿ၊ ခန္ဓာငါးတန်၊ ရုပ်, နာမ်, ဓမ္မ-ဟူသော **သင်္ခါရလောက** ၏။ အန္တော၊ သံသရာ၌ ခန္ဓာ သိမ်းကျုံး၊ အဆုံးကို ပြုခြင်း၏|အကြောင်းဖြစ်သော နိဗ္ဗာန်သို့။ကုဒါ- စနံ၊ တရံတဆင့်မျှလည်း။ နပတ္တဗ္ဗော၊ မရောက်အပ်, မရောက်ထိုက်ချေ။

လောကန္တံ၊ **သင်္ခါရလောက** ၏ အဆုံးကို ပြုခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သို့။ အပ္ပတွာစ၊ အရဟတ္တမဂ်ဖြင့်၊ ထွက်ရာ လမ်းပေါက်၊ မရောက်မူ၍လည်း။ ဒုက္ခာ၊ သန္ဓေ တဖြာ၊ ဖြစ်ပြန်လာ၍၊ အို, နာ ညှဉ်းဆဲ၊ ဆင်းရဲ ဒုက္ခ အပေါင်းမှ။ ပမောစနံ၊ လွတ်မြောက်ခြင်းသည်။ န-အတ္ထိ၊ မရှိချေ။

(၂၁) ယထာ, ပုဗ္ဗုဠကံ, ပဿေ၊
ယထာ, ပဿေ, မရိစိကံ။
ဧဝံ, လောက, မ-ဝေက္ခန္တံ၊
မစ္စု-ရာဇာ, နပဿတိ။ ။
(ဓမ္မပဒပါဠိတော် ၁၇၀-ပဥ္စသတဝိပဿက ဝတ္ထု။)

(၂၁) ပုဗ္ဗုဠကံ၊ ရေပွက်, ရေမြှုပ်ဆိုင်ကို။ ပဿေ ယထာ၊ အရှည်, အကြာ၊ မတည်လာဘဲ၊ လျင်စွာ သက်သက်၊ ဖြစ်, ပျက်,သည်-ဟု၊ ရှုကြည့်ရာသကဲ့သို့=ဧဝံ၊ ဤနည်းတူစွာ။ လောကံ၊ ခန္ဓာ ငါးတန်၊ ရုပ်, နာမ်, ဓမ္မ-ဟူသော **သင်္ခါရလောက** ကို။ ပဿေ၊ ခဏ, မမြဲ၊ ဖြစ်, ပျက်, ဆဲ-ဟု၊ စွဲ၍ရှုကြည့်ရာ၏။ ။မရိစိကံ၊ တံလျှပ် ရောင်ကို။ ပဿေ ယထာ၊ ထင်တိုင်း, မဟုတ်-ဟု၊ ရှုကြည့်ရာသကဲ့သို့။ ဧဝံ၊ ဤနည်းတူစွာ။ လောကံ၊ ခန္ဓာ ငါးတန်၊ ရုပ်, နာမ်, ဓမ္မ-ဟူသော **သင်္ခါရလောက** ကို။ပဿေ၊ ခဏ,မမြဲ၊ ဖြစ်, ပျက်, ဆဲ-ဟု၊ စွဲ၍ ရှုကြည့်ရာ၏။ ။ဧဝံ၊ ဤသို့။ လောကံ၊ ခန္ဓာ ငါးတန်၊ ရုပ်, နာမ်, ဓမ္မ-ဟူသော **သင်္ခါရလောက** ကို။ အဝေက္ခန္တံ၊ ရေမြှုပ်, ပမာ၊ တဖြာ တံလျှပ်၊ပုံဆောင်ကပ်၍၊ အတပ်ထင်အောင်ရှုကြည့်သော ရဟန်းကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ သုံးဘုံ နယ်တွင်း၊ ထွက်မြောက်ကင်း၍၊ အရှင်း, ပင်, မမြင်, မသိနိုင်တော့သတည်း။

ဤမှကြွင်းသော စကားတို့ကိုလည်း၊ ရှေးရှေးသော ဂုဏ်တော်ပုဒ်တို့ကဲ့သို့၊ ချဲ့ဖွင့်သိနိုင်ကြကုန်ရာ၏။

**လောကဝိဒူ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်**
**အဓိပ္ပါယ်ဖွင့်ပြီး၏။**

## (၆) အနုတ္တရောပုရိသ ဒမ္မသာရထိ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ် အဓိပ္ပါယ်ဖွင့်

(၆) ဤ **အနုတ္တရောပုရိသဒမ္မသာရထိ**-ဟူသော ဂုဏ်တော်ပုဒ်ကို၊ အားထုတ်ပွားများလိုသော **သမထ** ယောဂီပုဂ္ဂိုလ်သည်လည်း၊ (**အရဟံ**) ဂုဏ်တော်ပုဒ်၏ နည်းတူ၊ ရူပကာယ၊ခန္ဓာ ဒြဗ်ကို အာရုံမပြုအပ်။ ။ မြတ်စွာဘုရား၏ ခန္ဓာဒြဗ်၌ တည်နေသော ဆုံးမသင့်,ဆုံးမထိုက်သော သတ္တဝါတို့၏ ဣန္ဒြေ အနု,အရင့်ကို ထောက်ချင့်သိတတ်သော(ဣန္ဒြိယ ပရောပရိယတ္တိ) ဉာဏ်၊ သတ္တဝါတို့၏ အကြိုက်၊ စရိုက်အလိုကို သိတတ်သော (**အာသယာနုသယ**) ဉာဏ်လျှင်၊ နီးစွာသောအကြောင်းရင်း ရှိသော ပရမတ္ထတရားဖြစ်သော သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော် မြတ်ကိုသာ အာရုံပြုအပ်၏။

(**နတ္ထိ ဧတသ ဥတ္တရော, တိ-အနုတ္တရော**။

ဧတသ၊ ထိုမြတ်စွာဘုရားအား။ ဥတ္တရော၊ တုဘက် ကဲလွန်၊ အမွန်အမြတ်ဖြစ်သော သူသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရော၊ **အနုတ္တရ** မည်တော်မူ၏။ ။) ဟု၊ ဝစနတ္ထပြု၍ သီလ,ဂုဏ်၊ သမာဓိ, ဂုဏ်၊ ပညာ,ဂုဏ်၊ ဝိမုတ္တိ,ဂုဏ်၊ ဝိမုတ္တိဉာဏဒဿန, ဂုဏ်တို့ဖြင့်၊ မိမိထက် ကဲလွန်၊ ထူးချွန် မြင့်မြတ်သော တစုံတယောက်သောသူ-ရှိတော်မမူသော (မြတ်စွာဘုရားရှင်)ကို၊ အရကောက်ယူအပ်၏။ ။(**ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ**၊) ယောဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ပုရိ-သဒမ္မေ၊ ဆုံးမသင့်,ဆုံးမထိုက်သော သူတို့ကို။ သာရေတိ၊ ဆုံးမတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပုရိသဒမ္မသာထိ၊ **ပုရိသဒမ္မသာရထိ** မည်၏။ ။ဟု၊ ဝစနတ္ထပြု၍၊ ဆုံးမသင့်, ဆုံးမထိုက်သော သတ္တဝါတို့ကို။ ဆုံးမပုံ-ထုံးနည်း, ဥပဒေသ,ကို သိမြင်တတ်သော (**ဣန္ဒြိယပရောပရိယတ္တိ**) ဉာဏ်၊ (**အာသယာနုသယ**) ဉာဏ်တို့ကိုအစွဲပြု၍ သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကို၊အရ ကောက်ယူအပ်၏။

ဤဂုဏ်တော်ပုဒ်[illegible]၊ မယဉ်ကျေးသဖြင့်၊ ယဉ်ကျေးအောင်,ဆုံးမသင့် ဆုံးမထိုက်သော လူယောကျ်ား,နတ်ယောကျ်ား,တိရစ္ဆာန်ယောကျ်ား

တို့ကို၊ ဆုံးမတော်မူရာ၌=အချို့ကိုမူ၊ နူးညံ့သိမ်မွေ့သော တရားစကားဖြင့် ဆုံးမတော်မူ၏။

အချို့ကိုမူ၊ပြင်းထန်ခက်မာသော အပြုအမူပြု၍ ဆုံးမတော်မူ၏။ ။(စိတ်တော် အားဖြင့်မူ၊ မဟာကရုဏာဉာဏ်နှင့် ယှဉ်သော ဇောစိတ်အစဉ် ရှေ့သွားတော်မူရကား- နူးညံ့သိမ်မွေ့တော်မူ၏။ ။)

အချို့ကိုမူ၊ အနု-အကြမ်း၊ ရောပြွမ်းသော အပြုအမူဖြင့်၊ ဆုံးမတော်မူ၏။

တနည်းကား။ ။ယဉ်ကျေး, နူးညံ့,သိမ်မွေ့ပြီးသော ပုဂ္ဂိုလ်တို့ကိုလည်း၊ တဆင့်ထက် တဆင့်၊ ရင့်သည်ထက် ရင့်၍၊ ယဉ်ကျေး, နူးညံ့, သိမ်မွေ့ကြစေရန်၊ အဆင့်ဆင့်၊ မြင့်မြတ်သော ကျင့်စဉ်ထုံးနည်းကိုပြ၍ ဆုံးမတော်မူ၏။ ။သစ္စက ပရိဗိုဇ်၊ အမ္ဗဋ္ဌ လုလင်။ ပေါက္ခရသာတိ ပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏား၊ ကူဋဒန္တ ပုဏ္ဏား၊ အာဠဝက ဘီလူး၊ သူစိလောမ ဘီလူး၊ ခရလောမ ဘီလူး၊ နာဠာဂိရိ ဆင်၊ စူဠောဒရ နဂါး၊ မဟောဒရ နဂါး, အစရှိသည်တို့သည်၊ ထို ဂုဏ်တော်ပုဒ်၏၊ ပြယုဂ်ဝတ္ထုသက်သေတို့ပင်တည်း။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ဆုံးမပုံနည်း ထုတ်ပြရာ၌၊ လွန်စွာ ကျယ်ဝန်းလှချေ၏။

ဤမှကြွင်းသော စကားတို့ကိုလည်း၊ ရှေးရှေးသော ဂုဏ်တော်ပုဒ်တို့ကဲ့သို့၊ ချဲ့ဖွင့်၍ သိနိုင်ကြကုန်ရာ၏။

အနုတ္တရောပုရိသဒမ္မသာရထိ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်ဖွင့်ပြီး၏။

---

## (၇) သတ္ထာ ဒေဝမနုဿာနံ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့်

(၇) ဤ **သတ္ထာ ဒေဝမနုဿာနံ**-ဟူသော ဂုဏ်တော်ပုဒ်ကို၊ အားထုတ်ပွားများလိုသော သမထ ယောဂီပုဂ္ဂိုလ်သည်လည်း၊ (**အရဟံ**) ဂုဏ်တော်ပုဒ်၏နည်းတူ၊ မြတ်စွာ ဘုရား,ဟု ခေါ်ဆိုပညတ်၊ သမုတ်အပ်သော ရူပကာယ၊ ခန္ဓာဒြပ်ကို အာရုံမပြုအပ်။ ။လူ,နတ်,ဗြဟ္မာ၊

သတ္တဝါအပေါင်းတို့ကို၊ မျက်မှောက်, တမလွန်၊ နှစ်တန်သောဘဝတို့၌၊ မြတ်သောအကျိုးကို၊ ထိုက်တန်သည်အားလျော်စွာပြု၍၊ ဆုံးမတော်မူတတ်သော (**ဣန္ဒြိယပရောပရိယတ္တိ**)ဉာဏ်၊ (**အာသယာနုသယ**)ဉာဏ်တော်လျှင်၊ ရှေးသွားရှိသော သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုအပ်၏။

တနည်းသော်ကား။ ။(**လှည်းကုန်သည်**)တို့၏ အကြီးအမှူးဖြစ်သော (**ကုန်သည်**)ကြီးသည်၊ **လှည်းကုန်သည်** လက်ငယ်သားတို့ကို၊ ဘေးအတန်တန်၊ ရန် အသွယ်သွယ်၊ အန္တရာယ် အမျိုးမျိုးတို့ဖြင့်၊ ပြိုးပြွမ်းထူထပ်သော ခရီးကြမ်း,ခရီးခဲကို၊ လွန်မြောက်စေ၏-ကဲ့သို့၊ ထိုနည်းတူစွာ၊ (**လှည်းကုန်သည်**)မှူးသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်လည်း၊ ဝေနေယျကြွ၊ သတ္တဝါဟူ၊ သုံးဘုံသူ တည်းဟူသော သံသရာ(**ခရီးသည်**)တို့ကိုလည်း၊ သံသရာ ဘုံ ဘဝ တည်း-ဟူသော ခရီးကြမ်း, ခရီးခဲကို၊လွန်မြောက်စေတော်မူ၏။

ဘုံ-ဘဝ အသစ်အသစ်၌၊ ခန္ဓာဝန် အသစ်အသစ်၊ ဖြစ်ပြန်ရခြင်းဟူသော (ဇာတိကန္တာရ)ကို၊ လွန်မြောက်စေတော်မူ၏။

ဤအဓိပ္ပါယ်ဖြင့်၊ မဟာကရုဏာဉာဏ်-ရှေ့သွားရှိသော သဗ္ဗညုတဉာဏ်-ဟူသောဂုဏ်တော်မြတ်ကိုသာ အာရုံပြုရာ၏။ ။သတ္ထာ ဝိယာတိ–သတ္ထာ၊ဘဂဝါ-သတ္ထဝါဟော။ ။သတ္ထာဝိယ, (**လှည်းကုန်သည်**)မှူးကြီးကဲ့သို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။သတ္ထာ၊**သတ္ထာ**,မည်၏။ ။ဘဂဝါ၊ မြတ်စွာဘုရားရှင်သည်။ သတ္ထဝါဟော၊ လှည်းကုန်သည်မှူး, သဘွယ်ဖြစ်တော်မူ၏။ ။)ဟူသော အဋ္ဌကထာစကားအရ၊ (**သတ္ထာ**) သဒ္ဒါသည်။ (**လှည်းကုန်သည်**) မှူး ဟူသော အနက်ကိုဟော၏။ ။ဤမြတ်စွာဘုရားရှင်၏ အဖြစ်တော်၌မူ၊ (**လှည်းကုန်သည်**) မှူးကြီးနှင့် တူတော်မူကြောင်းကို၊ ဥပမာ, ပြုတော်မူရ၏။

အလောင်းတော်မြတ်၊ဗောဓိသတ်,ဖြစ်စဉ်အခါကမူ၊ ပကတိ,သော (**လှည်းကုန်သည်**)မှူးကြီးဖြစ်ခဲ့ဘူး၍ (**လှည်းကုန်သည်**) လက်ငယ်သားတို့ကို(**နိရုဒကကန္တာရ**)ရေမရှိသောခရီးခဲမှ၊ လွန်မြောက် ချမ်းသာစေခဲ့ဘူးကြောင်း၊ ပုံးပေါင်း တင်ပြ၍၊ (ဧကနိပါတ်၊ အပဏ္ဏကဇာတ်ကို၊ အကျယ်အားဖြင့်၊ဟောတော်မူအပ်၏။

ဤအရာ၌ (ဒေဝမနုဿာနံ) ဟူသော ပါဌ်ဖြင့်၊ အလွန်မြတ်သော သတ္တဝါအပိုင်းအခြားအားဖြင့်ဝင်း=ကျွတ်ထိုက်သော (ဘဗ္ဗ)ပုဂ္ဂိုလ်၏ အပိုင်းအခြားဖြင့်ဝင်း=(ဒေဝမနုဿာနံ၊နတ်လူတို့၏)ဟူ၍၊ နတ်, နှင့်လူ,ပုဂ္ဂိုလ်ကိုသာ၊ဒေသနာသီသပြု၍ ရွေးကောက်တော်မူ၏။

စင်စစ်အားဖြင့်မူကား။ ။မြတ်စွာဘုရားရှင်သည်၊ တိရစ္ဆာန် ဖြစ်သော သတ္တဝါတို့အားလည်း၊ (အပဏ္ဏက)မချွတ်, မယွင်း, ကျိန်းသေ, စိတ်ချ, အကျိုးခံစားရမည်ဖြစ်သော, ထိုက်တန်သော အဆုံးအမကို ပေး၍၊ သံသရာထဲ၊ ခရီးခဲမှ၊ကယ်ဆွဲ ထုတ်ဆောင်တော်မူ၏။ ။ထို တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည်လည်း၊ မြတ်စွာဘုရားရှင်၏၊ (အပဏ္ဏက) မချွတ်, မယွင်း, ကျိန်းသေ, စိတ်ချ, အကျိုးခံစားရမည် ဖြစ်သော တရားစကား၊ကြားနာရသဖြင့်၊တိဟိတ် ပဋိသန္ဓေ၊ တည်နေ ရခြင်း အစရှိသော မဂ်,ဖိုလ်ရခြင်း၏၊ အားကြီးသောမှီရာကိုရ၍၊ ထို ကသိုလ်ကံတို့ဖြင့်၊နှစ်ဘဝ,သုံးဘဝ အတွင်း၌ပင်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၏ အဘို့ဖြစ်လာကြကုန်သော ဝတ္ထုသက်သေ- ဇာတ်- နိပါတ် တို့သည်ကား၊ များစွာရှိကုန်၏။

> ဤအရာ၌၊ (အပဏ္ဏက) ဇာတ်၌၊ ဟောတော်မူအပ်သော (အပဏ္ဏက)ဟူသော-ပါဠိ-၏ အဓိပ္ပါယ်သည်ကား။ ။မချွတ်, မယွင်း,ကျိန်းသေ,စိတ်ချ,အကျိုးခံစားရမည်ဖြစ်သော အကျင့် ကို-ဆိုလို၏။

သရဏဂုံဆောက်တည်ခြင်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလဆောက် တည်ခြင်း၊စတုပါရိသုဒ္ဓိသီလလေးပါးနှင့်ပြည့်စုံခြင်း၊ စက္ခုန္ဒြေ,သော တိန္ဒြေ,စသောဣန္ဒြေတို့၌၊ လုံခြုံစွာစောင့်စည်းသော တံခါးရှိသောသူ၏ အဖြစ်ဖြစ်ခြင်း၊ စားမျိုအပ်သော အစားအစာတို့၌၊အတိုင်းအရှည်ကို သိသောသူ၏ အဖြစ်ဖြစ်ခြင်း၊ နိုးကြားခြင်းအမှု၌အားထုတ်ခြင်း၊ ဈာန် တရား, ဝိပဿနာတရား,အဘိညာဉ်တရား, သမာပတ်တရား, အရိယ မဂ်, အရိယဖိုလ်,ဟူသော ဤအလုံးစုံတို့သည်၊(အပဏ္ဏကဋ္ဌာန)မချွတ် မယွင်းသောအကြောင်းတို့မည်၏။

ဤ(အပဏ္ဏက)အကျင့်သည်၊ ခပ်သိမ်းကုန်သော ဘုရား, ပစ္စေက ဗုဒ္ဓါ၊ သာဝကတို့၏အကျင့်မည်၏။

ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ ဤ(အပဏ္ဏက)အကျင့်ကိုသာလျှင် ကျင့်၍၊မြတ်စွာသော ဝီရိယဖြင့် ပါရမီဖြည့်၍ဗောဓိပင်ရင်း၌၊ ဘုရားရှင် အဖြစ်ကို၊ ရတော်မူ၏။

ပစ္စေကဗုဒ္ဓါတို့သည်၊ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကုန်၏။

သာဝကတို့သည်၊ သာဝကပါရမီဉာဏ်ကို ရကြကုန်၏။

ထို့ကြောင့်၊ ပညာရှိပုဂ္ဂိုလ်တို့သည်၊ ဤ(အပဏ္ဏက)မချွတ်,မယွင်း, ကျိန်းသေ,စိတ်ချ,အကျိုးခံစားရမည်ဖြစ်သောအကျင့်ကိုသာလျှင်၊ ကျင့် သုံးဆောက်တည်ကြကုန်ရာ၏။

ဘုန်းခြောက်ပါးရှင် မြတ်စွာဘုရား သခင်သည်၊ မချွတ်, မယွင်း, ကျိန်းသေ,စိတ်ချ,အကျိုးခံစားရမည်ဖြစ်သော ဤ(အပဏ္ဏက)အကျင့်ဖြင့် လူ,နတ်,ဗြဟ္မာ၊သတ္တဝါအပေါင်းတို့အား၊ဆုံးမတော်မူတတ်သော ဂုဏ် သကတ်ကြောင့်၊ သတ္ထာဒေဝမနုဿာနံ, မည်တော်မူ၏။

ဤအရာ၌- (ကေနိပါတ်၊ အပဏ္ဏကဇာတ်၌ လာသော ဂါထာကို၊အခွင့်အားလျော်စွာ၊ဘော်ပြအပ်၏။)

(၂၂) အပဏ္ဏကံ,ဌာန,မေကေ၊
ဒုတိယံ,အာဟု,တက္ကိကာ။
ဧတ,ဒ-ညာယ,မေဓာဝီ၊
တံ,ဂဏှေယျ,အပဏ္ဏကံ။ ။

(၂၂) ဧကေ၊ မြတ်စွာဘုရားသျှင် အလောင်းတော်လျှင်၊ အမှူးရှိကုန်သော အချို့ကုန်သော လှည်းကုန်သည်တို့သည်။ (အပဏ္ဏကံ၊)မချွတ် မယွင်း၊ဆင်းရဲခြင်းမှ၊ လွတ်ကင်း စေတတ် သော။ ဌာနံ၊ အကြောင်းကို။ ဂဏှိံသု၊ ယူကြကုန်ပြီ။ ။(ဧဝ- ပန၊ အကြင်,ပညာမဲ့သူ-ကြီးမှူး အုပ်ချုပ်အပ်ကုန်သော လှည်း ကုန်သည်တို့သည်။ တက္ကိကာ၊ ဖြစ်မည်, မဖြစ်မည်၊အတည် မကျ၊ မှုကိစ္စ၌၊ ကြံဆ၍ ယူတတ်ကုန်သည်။ အာဟု၊ ဖြစ်ကုန်ပြီ။ တေပန၊ ထိုပညာမဲ့သူ-ကြီးမှူးအုပ်ချုပ်အပ်ကုန်သော လှည်း ကုန်သည်တို့သည်။ ဒုတိယံ၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော,

စင်စစ်မမှန်၊ဘောက်ပြန် ချွတ်ယွင်း၊ဆင်းရဲခြင်းမှ၊ မလွတ်ကင်းသော အကြောင်းကို။ အဂ္ဂဟေသုံ၊ ယူကြကုန်ပြီ။ ။မေဓာဝီ၊ ကြောင်း,ကျိုး,သိမြင်၊ ပညာရှင်သည်။ တော်၊ထိုအကျိုးရှိသည်, မရှိသည်ကို။ ဥတ္တာ၊ သိမြင်၍။တံ အပဏ္ဏကံ၊ထိုမချွတ် မယွင်း၊ ဆင်းရဲခြင်းမှ၊လွတ်ကင်း စေတတ်သောအကြောင်းကို။ဂဏှေ-ယျ၊ ယူရာ၏။

သဏ္ဌာဒေဝမနုဿာနံ–ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်ဖွင့်ပြီး၏။

---

## (ဂ) ဗုဒ္ဓ–ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့်

(ဂ)၌ ဗုဒ္ဓ-ဟူသော ဂုဏ်တော်ပုဒ်ကို၊ အားထုတ် ပွားများလိုသော"**သမထ**"ယောဂီ ပုဂ္ဂိုလ်သည်လည်း၊ (**အရဟံ**)ဂုဏ်တော်ပုဒ်၏ နည်းတူ၊မြတ်စွာဘုရား-ဟု၊ခေါ်ဆိုပညတ်၊သမုတ်အပ်သောရူပကာယ၊ ခန္ဓာဒြပ်ကို၊အာရုံမပြုအပ်။

မြတ်စွာဘုရား,၏ ခန္ဓာဒြပ်၌ တည်နေသော သစ္စာလေးပါး၊ တရားအစဉ်ကို၊မိမိကိုယ်တော်တိုင်၊သိမြင်တတ်သော အရဟတ္တမဂ်ဉာဏ်လျှင်၊ နိုးစွာသော အကြောင်းရင်းရှိသော သဗ္ဗညုတဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုအပ်၏။

တနည်းကား။ ။ဝေနေယျကြာ၊ သတ္တဝါ အပေါင်းတို့ကိုလည်း၊ ကိုယ်တော်မြတ်နှင့်အတူ၊ သစ္စာ လေးပါး၊ တရားအစဉ်ကို၊ သိမြင်စေရန် (**ဣန္ဒြိယပရောပရိယတ္တိ**) ဉာဏ်၊ (**အာသယာနုသယ**) ဉာဏ်တို့ဖြင့်၊ ဝေဘန်ပိုင်းခြား၍ ဟောတော်မူတတ်သော သဗ္ဗညုတ ဉာဏ်-ဟူသော ဂုဏ်တော်မြတ်ကိုသာ အာရုံပြုအပ်၏။

၎င်းအရာ၌၊ **သမ္မာသမ္ဗုဒ္ဓ**-ဟူသော ဂုဏ်တော်ပုဒ်ဖြင့်၊ (သခံ့ပ-ဝိတ္ထာရ) အကျဉ်း,အကျယ်အားဖြင့်၊ မြတ်စွာဘုရားရှင်၏၊ (**စတုသစ္စ သမ္မောဓ**)သစ္စာလေးပါး၊တရားအစဉ်ကို၊သိမြင်ပုံကိုပြဆို၏။

ဤ **ဗုဒ္ဓ**-ဟူသောဂုဏ်တော်ပုဒ်ဖြင့်၊ထိုသစ္စာလေးပါး၊ တရားအစဉ်မှ လွတ်သော (**ဥေယျာဝဗောဓ**)သိမြင်အပ်သော တရားအစဉ်ကို၊သိမြင်ပုံကို ပြဆို၏။

တနည်းကား။ ။**သမ္မာသမ္ဗုဒ္ဓ**-ဟူသော ဂုဏ်တော်ပုဒ်ဖြင့်၊(**ပဋိဝေဓဉာဏာနုဘာဝ**)ထိုးထွင်း၍ သိမြင်တတ်သောဉာဏ်၏ အာနုဘော်ကို ပြဆို၏။

ဤ **ဗုဒ္ဓ**-ဟူသောဂုဏ်တော်ပုဒ်ဖြင့်၊(**ဒေသနာဉာဏာနုဘာဝ**)ဒေသနာဉာဏ်၏ အာနုဘော်ကို ပြဆို၏=ဟူ၍၊ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယ) ဆရာမိန့်မှာတော်မူ၏။

ဤအရာ၌၊ (လွန်စွာမှ သိမ်မွေ့, နက်နဲခြင်းရှိသဖြင့်၊ ထင်မြင်နိုင်ခဲသော အရာဖြစ်၍၊ ပညာရှင် ပုဂ္ဂိုလ်တို့သည်၊ဉာဏ်ဖြင့် သက်ဝင်၊ ဆင်ခြင်၍ ထင်မြင်အောင်,ပွားများနိုင်ကြပါစေကုန်သတည်း။)

ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊မိမိကိုယ်တိုင်၊ သစ္စာလေးပါး၊တရားအစဉ်ကို၊အကြောင်း သစ္စာ၊ အကျိုး သစ္စာ-အားဖြင့်၊ ပိုင်းခြား ခွဲဝေ၍ သိမြင်တော်မူ၏။ ။ဝေနေယျ ကြာ၊သတ္တဝါအပေါင်းတို့ကိုလည်း၊ကိုယ်တော်မြတ်နှင့်အတူ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ ဟုတ်တိုင်းထင်ထင်၊ သိမြင်စေတော်မူ၏။ ။ထို့ကြောင့်၊ **ဗုဒ္ဓ**-ဟူသော ဂုဏ်တော်ထူးဖြင့်၊ ချီးကျူးပူဇော်ခြင်းကို ခံတော်မူရ၏။

ထိုစကားမှန်၏။—

ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်။ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်အံ့သောသတ္တဝါတို့ကို မြင်တော်မူလျှင်၊ ခရီးလမ်းတာ အကွာ-အဝေးကို၊ ကြည့်ရှုတော်မမူဘဲ၊ တခဏခြင်းဖြင့်ပင်၊ ထိုပုဂ္ဂိုလ်-ရှိနေရာအရပ်သို့၊ ကြွသွားတော်မူ၍၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်စေတော်မူ၏—ဟူ၍ဟောကြားတော်မူအပ်၏။

(၂၃) ဗောဓနေယျံ,ဇနံ,ဒိသွာ၊
သတ,သဟဿေပိ,ယောဇနေ။
ခဏေန,ဥပဂန္တွာန၊
ဗောဓေတိ,တံ,မဟာမုနိ။ ။
(**ဗုဒ္ဓဝင်ပါဠိတော်၊သုမေဓကထာ။**)

(၂၃) မဟာမုနိ၊မုနိ–ငါးဦး၊ ပုဂ္ဂိုလ်ထူးတို့ထက်၊ကြီးမြူးမြင့်မြတ်တော်မူသော မြတ်စွာဘုရားရှင်သည်။ဗောဓနေယျ၊သတ္တဝါလေးဆင့်၊ ဉာဏ်ရောင်သင့်၍၊ ပွင့်လာခြင်းငှါထိုက်သော။ ဇနံ၊လူ-နတ်-ဗြဟ္မာ၊ သတ္တဝါ-ဟူ၊ သုံးဘုံသူအပေါင်းကို။ ဒိသွာ၊ရှေ့ဉာဏ်ကွန်ယက်၊ ဖြန့်ကျက်ဆင်ခြင်၊သိမြင်တော်မူလတ်သော်။ သတသဟဿေပိ,ယောဇနေ၊ ခရီးစဉ်လာ၊ ယူဇနာဖြင့်၊ သချာတသိန်းတိုင်တိုင်မျဝေးကွာသော အရပ်တို့သို့လည်း။ ခဏေန၊ တခဏခြင်းဖြင့်။ ဥပဂန္တွာန၊ အဘိညာဉ်မျိုး၊ ဈာန်တန်းခိုးဖြင့်၊ မိုးပြင်လမ်းမှ၊ မြန်းကြွကပ်ရောက်တော်မူ၍။ တံ၊(ဇနံ)၊ထိုသတ္တဝါလေးပါး၊ တရားအမြိုက်၊ထိုက်ယူချွတ်၍။ကျွတ်အံ့ သ-သူ၊နတ်နှင့် လူကို၊ဗောဓ-မေတိ၊သတ္တဝါလေးဆင့်၊ ဉာဏ်ရောင်သင့်၍၊ ပွင့်စေ,သိစေ,တော်မူ၏။

ထိုမှတပါး ပြဆိုဦးအံ့။–

(မဇ္ဈိမ-ပဏ္ဏာသ-ပါဠိတော်၊ ဗြာဟ္မဏ-ဝဂ်။)

(၁) ဗြဟ္မာယု-ပုဏ္ဏားအား၊ မြတ်စွာဘုရားသျှင်သည်၊ မိမိသည်၊ ''ဗုဒ္ဓ'' ဟူသော ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ်အပ်ပြီးသော သူဖြစ်၍ အသင်-ပုဏ္ဏားသည်မေးလိုရာရာစကား၊ မေးလျှောက်လေလော-ဟု၊ ဘိတ်ကြားပုံပြဂါထာအဆက်။

(၂၄) အဘိညေယျံ, အဘိညာတံ၊
ဘာဝေတဗ္ဗဉ္စ, ဘာဝိတံ။
ပဟာတဗ္ဗံ, ပဟီနံ မေ၊
တသ္မာ ဗုဒ္ဓေါ-သ္မိ,ဗြာဟ္မဏ။ ။

(၂၄) ဗြာဟ္မဏ၊ ဗြဟ္မာယု-ခေါ်တွင်၊ငါ့သျှင်ပုဏ္ဏား။ အဘိညေ-ယျံ၊ ထူးသောဉာဏ်ဖြင့်၊သိအပ်သော သစ္စာ လေးပါးတရားအစဉ်ကို။ မေ၊ ငါဘုရားသျှင်သည်။ အဘိညာတံ၊ ထူးသောဉာဏ်ဖြင့် သိအပ်ပြီ။

ဘာဝေတဗ္ဗဉ္စ၊ ပွားစေအပ်သော မဂ္ဂသစ္စာကိုလည်း။ မေ၊ ငါဘုရားသျှင်သည်။ ဘာဝိတံ၊ ပွားစေအပ်ပြီ။

ပဟာတဗ္ဗံ၊ ပယ်အပ်သော သမုဒယသစ္စာကိုလည်း။ မေ၊ ငါ ဘုရားသျှင်သည်။ ပဟီနံ၊ ပယ်အပ်ပြီ။

ယသ္မာ၊ အကြင့်ကြောင့်။ စတ္တာရိသစ္စာနိ၊လေးပါးကုန်သော သစ္စာတို့ကို။ မယာ၊ ငါဘုရားသျှင်သည်။ ဗုဒ္ဓါနိ၊ သိအပ်ကုန်ပြီ။

သစ္စဝိမုတ္တံ၊ သစ္စာလေးပါးမှ လွတ်သော။ ကိဉ္စိဉေယျဓမ္မံ၊ တစုံတခုသော သိအပ်သော တရားသည်လည်း။ နတ္ထိ၊ မရှိခဲ့။

တသ္မာ၊ ထို့ကြောင့်။ သဗ္ဗမ္ပိဉေယျံ၊ အလုံးစုံသော ဉေယျဓမ်တရားကို။ဗုဒ္ဓေါ၊သိနိုင်သောသူသည်ကား။အသ္မိ၊ငါဘုရားရှင်ပင်ဖြစ်၏။

ဤဂါထာ၌၊ အကြောင်းဖြစ်သော သမုဒယသစ္စာ၊ +မဂ္ဂ သစ္စာ ၂-ပါးကို၊ တိုက်ရိုက်ပြသဖြင့်၊ အကျိုးဖြစ်သော ဒုက္ခသစ္စာ၊ +နိရောဓ သစ္စာ ၂-ပါးကို၊ သိမြင်ခြင်းကိစ္စ သည်လည်း၊ ပြီးစီး၏-ဟူ၏။

၄၈- ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်ဖွင့်ပြီး၏။

---

## (၉) ဘဂဝါ-ဂုဏ်တော်ပုဒ်၏အကျဉ်းချုပ်အဓိပ္ပါယ်ဖွင့်

(၉) ဤ(ဘဂဝါ)ဟူသော ဂုဏ်တော်ပုဒ်ကို၊ အားထုတ်ပွားများလိုသော "သမထ" ယောဂီပုဂ္ဂိုလ်သည်လည်း၊ (အရဟံ) ဂုဏ်တော်ပုဒ်၏နည်းတူ၊ မြတ်စွာဘုရား-ဟု၊ခေါ်ဆိုပညတ်၊ သမုတ်အပ်သောရူပကာယ၊ ခန္ဓာဒြပ်ကို အာရုံမပြုအပ်။

ထိုခန္ဓာဒြပ်၌စွဲးမှီ၍ဖြစ်ပေါ်လာသော,ဈာနရိယံ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ, ဟူသော ဘုန်းတော်ခြောက်ပါး-ဟူသော ဂုဏ်တော်မြတ်ကိုသာ၊ အာရုံပြုအပ်၏။

ဤအရာ၌၊ ဘုန်းတော်ခြောက်ပါးကို၊ခွဲးဝေ၍ ပြဉ္စူးအံ့။—

(၁) ဣဿရိယ၊ အစိုးရခြင်း, တည်းဟူသော ဘုန်းတော်။ ။(ဤအရာ၌၊ အစိုးရခြင်း, ဣဿရိယ ဘုန်းတော်သည်၊ "စိတ်" ကို အစိုးရခြင်း၊ "ဈာန်သမာပတ်"ကို အစိုးရခြင်း၊ "သမာဓိ" ကို အစိုးရခြင်း, စသည်ဖြင့်၊ များပြားကျယ်ဝန်းလှစွာ၏။)

(၂) **ဓမ္မ၊ ''လောကုတ္တရာ''**တရား တည်းဟူသော ဘုန်းတော်။ ။ (ဤအရာ၌၊ မြင့်မြတ်သော သီလ, သမာဓိ, ပညာ, တရားတို့ သည်ဝင်း။ ။ဈာန်,အဘိညာဉ်,တို့သည်ဝင်း။ ။ဆအသာ ဓာရဏ, ဉာဏ်တော်တို့သည်ဝင်း=ဓမ္မ, ဘုန်းတော်မည်၏။

(၃) **ယသ၊** အခြံအရံ များခြင်း၊ ကျော်စောသတင်း ပျံ့နှံ့ခြင်း-ဟူသော ဘုန်းတော်။ ။(ဤအရာ၌၊ ဇာတိခေတ်အတွင်း၌ တည်ရှိကြကုန်သော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့သည်၊ မြတ်စွာဘုရားရှင်၏ တရားတော်-တည်းဟူသော အရိပ်၌၊ ခိုလှုံ၍၊ မြတ်စွာဘုရားရှင်၏၊ အခြံအရံသာ၊ ဖြစ်ကြကုန်၏၊ ကျော်စောသတင်း၊ ပျံ့နှံ့ခြင်းတို့သည်လည်း၊ ထိုမျှအတိုင်း အရှည်ရှိကုန်၏။)

(၄) **သိရီ၊** သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏၊လက္ခဏာ တော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့်တကွ၊ ဗျာမပ္ပဘာ,စသော ရောင်ခြည်တော်တို့ဖြင့်၊ ကိုယ်တော်မြတ် ၏၊ တင့်တယ်ခြင်း-ဟူသောဘုန်းတော်။

(၅) **ကာမ၊** လူ, နတ်, ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့၏၊ ပစ္စုပ္ပန်, တမလွန်၊ နှစ်တန်သော အကျိုးတို့ကို၊ ပွားတိုး ကြီးမြင့်စေလို သော ဆန္ဒတော်ရှိခြင်း၊ ထိုဆန္ဒတော်ဖြင့်၊ အကျိုး ပြီးစီး အောင်၊ကျင့်ဆောင်တော်မူခြင်း- ဟူသော ဘုန်းတော်။

(၆) **ပယတ္တ။** ။လေးသင်္ချေနှင့်၊ကပ္ပါတသိန်းတို့ ကာလပတ်လုံး၊ မိမိ၏ ပြုသင့်,ပြုထိုက်သော ဗုဒ္ဓကိစ္စတော်ကြီးကို၊ ကြီးမားမြင့်မြတ်သော ဝီရိယတော်ဖြင့်၊မဆုတ်မနစ်၊ အားသစ်ကြိုးပမ်း,ကျင့်ဆောင်တော်မူခြင်းဟူသော ဘုန်းတော်။

(ဤဘုန်းတော် ၆-ပါးတို့တွင်၊(**သိရီ**)ဟူသော ဘုန်းတော်၊(**ယသ**) ဟူသော ဘုန်းတော်တို့သည်၊ပရမတ္ထတရားမဟုတ်သောကြောင့်၊ ထို ဘုန်းတော်နှစ်ပါးတို့ကို၊ ဖြစ်စေတတ်သော သဒ္ဓါ, သတိ, စသော ပရမတ္ထတရားတို့သို့၊ တိုင်ရောက်အောင်၊စိတ်ဖြင့်၊ အစဉ်လျှောက်၍၊ အောက်မေ့ပွားများအပ်၏။ ။**သိရီ**,သဒ္ဓါ၊ **ယသ** သဒ္ဓါတို့၏အနက်

ဖြစ်သော **တင့်တယ်ခြင်း, ကျော်စောခြင်း, ဟူသော** ပညတ်တရား မျှလောက်သာ၊စိတ်ရောက်၍- လမ်းဆုံးသို့မရောက်ချေ။ ။ဤကား- အမှာတည်း။)

ဤသို့ - ပြဆိုအပ်ပြီးသော ဘုန်းတော်ခြောက်ပါးနှင့်၊ ပြည့်စုံတော်မူသောကြောင့်၊မြတ်စွာဘုရားရှင်သည်၊**ဘဂဝါ**မည်တော်မူ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်၏ရှင်း=အဆုံးအမတော် ဖြစ်သော သာသနာတော်မြတ်ကြီး၏ရှင်း= ကြီးကျယ်ခမ်းနား မြင့်မြတ်တော်မူပုံ ကို၊ဤ**ဘဂဝါ** ဂုဏ်တော်ပုဒ်ဖြင့်၊ လွန်စွာထင်ရှားတော်မူ၏။ ။ဤဘုန်းဟော် ခြောက်ပါးနှင့်စပ်လျဉ်း၍၊ရသင့်,ရထိုက်၊ သိသင့်,သိထိုက်သော အနက် အဓိပ္ပါယ်တို့သည်လည်း၊လွန်စွာကျယ်ဝန်းတော်မူ၏။

(၂၄) ဘဂ္ဂ ရာဂေါ,ဘဂ္ဂ ဒေါသော၊
ဘဂ္ဂ မောဟော,အနာသဝေါ။
ဘဂ္ဂါဿ ပါပကာ ဓမ္မာ၊
ဘဂဝါ,တေန ဝုစ္စတိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

(၂၄) ဘဂ္ဂ ရာဂေါ၊အရဟတ္တမဂ်၊ ဉာဏ် သန်လျက်ဖြင့်၊ ချိုးဖျက်အပ်ပြီးသော ရာဂ,ရှိတော်မူ၏။ ။ဘဂ္ဂ ဒေါသော၊ အရဟတ္တမဂ်၊ဉာဏ် သန်လျက်ဖြင့်၊ ချိုးဖျက်အပ်ပြီးသော ဒေါသ, ရှိတော်မူ၏။ ။ဘဂ္ဂ မောဟော၊ အရဟတ္တမဂ်၊ ဉာဏ် သန်လျက်ဖြင့်၊ ချိုးဖျက်အပ်ပြီးသော မောဟ,ရှိတော်မူ၏။ အနာသဝေါ၊ အာသဝဟူ၊ မြူမှုန် အညစ်အကြေးမှလည်း ကင်းဝေးတော်မူ၏။ ။အဿ၊ ထိုမြတ်စွာဘုရားရှင်သည်။ ပါပကာ၊အပါယ် လားကြောင်း၊ မကောင်းယုတ်မာ၊ဆိုးညစ်စွာ ကုန်သော။ဓမ္မာ၊ရာဂ,ဒေါသ၊မောဟ, ထွေပြား၊ တရားအစုတို့ကို။ ဘဂ္ဂါ၊ အရဟတ္တမဂ်၊ ဉာဏ် သန်လျက်ဖြင့်၊ ချိုးဖျက်တော်မူအပ်ကုန်ပြီ။ ။တေန၊ ထို့ကြောင့်။ ဘဂဝါ၊**ဘဂဝါ** မည်၏-ဟူ၍။ဝုစ္စတိ၊မိန့်ဆိုအပ်၏။

(၂၅) ဘဂဝါ-တိ,ဝစနံ,သေဋ္ဌံ၊
ဘဂဝါ-တိ,ဝစန-မုတ္တမံ။
ဂရု-ဂါရဝ-ယုတ္တော,သော၊
ဘဂဝါ,တေန,ဝုစ္စတိ။ ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

(၂၅) ဘဂဝါတိဝစနံ၊**ဘဂဝါ** သဒ္ဒါသည်။သေဋ္ဌံ၊ချီးမွမ်းအပ်၏။ ။ဘဂဝါတိဝစနံ၊ **ဘဂဝါ** သဒ္ဒါသည်။ ဥတ္တမံ၊မြတ်၏။ ။ဂရု၊ရှိသေ, လေးမြတ် အပ်၏။ ။ဂါရဝယုတ္တော၊ အလေးအမြတ်, ပြုအပ်သည်၏အဖြစ်, ဟူသော သီလ, သမာဓိ, ပညာ,စသောဂုဏ်နှင့်ယှဉ်၏။ ။တေန၊ထို့ကြောင့်။ သော၊ ထိုမြတ်စွာဘုရားရှင်ကို။ဘဂဝါ၊**ဘဂဝါ** မည်၏-ဟူ၍။ဝုစ္စတိ၊ မိန့်ဆိုအပ်၏။

(၂၆) ဘာဂျ ဝါ,ဘဂ္ဂ ဝါ, ယုတ္တော၊
ဘဂေဟိစ,ဝိဘတ္တ ဝါ၊
ဘတ္တ ဝါ,ဝန္တ-ဂမနော၊
ဘဝေသု,ဘဂဝါ,တတော။ ။

(၂၆) ဘာဂျဝါ၊ဒါန, သီလ, စသော အထွတ်အထိပ်သို့ ရောက်တော်မူသဖြင့်၊ ကြီးမားသော ဘုန်းရှိတော်မူ၏။ ။ဘဂ္ဂဝါ၊ ရာဂ,ဒေါသ၊ မောဟ,ထွေပြား၊ အယုတ်တရားတို့ကို၊ပယ်ရှားဖျက်ဆီးတော်မူပြီ။ ။ဘဂေဟိစ၊ ဣဿရိယ၊ စသည်ခြောက်မျိုး၊ဘုန်းတန်းခိုးတို့နှင့်လည်း။ ယုတ္တော၊ ယှဉ်တော်မူ၏။ ။ဝိဘတ္တဝါ၊တရားရတနာ၊အရသာကို၊ဝိတ်ဖြာဝေခွဲး၍ ဟောကြားတော်မူပေတတ်၏။ ။ဘတ္တဝါ၊ ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ,အရိယဝိဟာရ,စသည်တို့ကိုမှီဝဲတော်မူတတ်၏။ ။ဘဝေသု၊ကာမ,ရူပ၊အရူပ,ဟူသော ဘုံသုံးပါးတို့၌။ ဝန္တဂမနော၊နှစ်သက်တွယ်တာ၊တဏှာဖြင့်သွားရောက်ခြင်း

ကို ထွေးအန်စွန့်ပယ်တော်မူပြီ။ ။တတော၊ ထို့ကြောင့်၊ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဘဂဝါ-ဂုဏ်တော်ပုဒ်၏ အကျဉ်းချုပ်
အဓိပ္ပါယ်ဖွင့်ပြီး၏။

---

ဤသို့ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ မြတ်စွာဘုရားရှင်၏ အရဟံ အစရှိသော ၉-ပါးသောဂုဏ်တော်ပုဒ်တွင်၊ တပါးပါးသောဂုဏ်တော်ပုဒ်ကို၊ အဘန်တလဲးလဲး၊ စိတ်စွဲအောက်မေ့ ပွားများသော ပုဂ္ဂိုလ်အား၊ ထိုခဏ၌၊ ထက်ဝန်းကျင်မှ ပြွမ်းပြွမ်းထသော "ရာဂ" နှင့်ယှဉ်သောစိတ်="ဒေါသ"နှင့် ယှဉ်သောစိတ်="မောဟ"နှင့်ယှဉ်သောစိတ်တို့သည်၊မဖြစ်ပေါ်လာနိုင်ကုန်၊ထိုခဏ၌စိတ်နေမြင့်ခြင်း,"ဥန္နတိ" သဘော=စိတ်နေနိမ့်ကျခြင်း "ဩဏတိ"သဘော=တွန့်တိုဆုတ်နစ်ခြင်း,"လီန" သဘော=ပျံ့လွင့်ခြင်း, "ဥဒ္ဓစ္စ" သဘော=လှည့်ပတ်တတ်သော"မာယာ"သဘော စသည်တို့မှ ကင်းလွတ်၍၊ မိမိပွားများအပ်သော မြတ်စွာဘုရားရှင်၏ (အရဟံ) အစရှိသောဂုဏ်တော်မြတ်ကိုသာ၊ အာရုံပြုလျက်၊မကွယ်မထောင့်၊ဖြောင့်တန်းစွာလျှ၊ မဇ္ဈိမ-ဟု၊ "သမထ"ခရီးလမ်းမကြီးသို့၊အပြီးစိုက်စိုက်၊လိုက်ပါသွားသည်သာလျှင်ဖြစ်သော(*စိတ်သည် ဖြစ်ပေါ်လာ၏။)

ဤသို့အားဖြင့် "ရာဂ, ဒေါသ, မောဟ, တရားတို့၏ ထကြွ,နှိပ်စက်ခြင်း(ပရိယုဋ္ဌာန)သဘောမရှိခြင်းကြောင့်၊ ပယ်ခွါစွန့်လွှတ်အပ်ပြီးသော နီဝရဏ တရားရှိသော,(အရဟံ)အစရှိသော ကမ္မဋ္ဌာန်းအာရုံသို့၊ရှေးရှုသည်၏အဖြစ်ဖြင့် မကွယ်မထောင့်၊ဖြောင့်တန်းစွာလျှ၊မဇ္ဈိမ-ဟု၊သမထ ခရီး၊လမ်းမကြီးသို့၊အပြီးစိုက်စိုက်၊လိုက်ပါသွားသော စိတ်ရှိသော အရဟံ အစရှိသော ဂုဏ်တော်မြတ်ကိုသာ၊ အဘန် တလဲလဲ၊ စိတ်စွဲးကြံစည်သော, အဘန်တလဲးလဲး၊ စိတ်စွဲသုံးသပ်သော သမထယောဂီပုဂ္ဂိုလ်အား၊ ထိုမြတ်စွာဘုရားရှင်၏ အရဟံ အစရှိသော ဂုဏ်တော်မြတ်သို့ ရှေးရှုညွှတ်သော (*ကြံစည်ခြင်း, ဝိတက်။)=(*သုံးသပ်ခြင်း ဝိစာရ။)ဥပစာရဈာန်ကို ပြီးစေတတ်သော (*နှစ်သက်ခြင်း-ပီတိ

တို့သည်၊ဖြစ်ပေါ်လာကုန်၏။ ။ထိုနောက်၊နှစ်သက်ခြင်း ပီတိ နှင့်တကွဖြစ်သော စိတ်ရှိသောပုဂ္ဂိုလ်အား၊ထိုပီတိလျှင်၊နီးစွာသောအကြောင်းရင်းရှိသော—

(၁) *ကာယပဿဒ္ဓိ၊ ရူပကာယ, ကိုယ်ခန္ဓာ၏ ငြိမ်းချမ်းခြင်း။ (၂) *စိတ္တပဿဒ္ဓိ၊ နာမကာယ, နာမ်ခန္ဓာ၏ ငြိမ်းချမ်းခြင်း, ပဿဒ္ဓိ တရားတို့သည်၊ဖြစ်ပွားပေါ်လာကုန်၏။

ထိုအခါ၊ ထိုငြိမ်းချမ်းခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော သိမ်မွေ့သော အခိုက်အတန့်အားဖြင့်တည်သော,ပြန့်လွင့်ခြင်း"ဥဒ္ဓစ္စ"နှင့်တကွဖြစ်သော ကိလေသာတို့သည်၊ ငြိမ်သက်စွာတည်နေကြကုန်၏။ ။ငြိမ်းပြီးသောကိလေသာ, ဟူသော ပူပန်ခြင်းရှိသော ထိုပုဂ္ဂိုလ်အား၊ကိုယ်စိတ်နှစ်ပါး၌ဖြစ်သော (*ချမ်းသာခြင်း,သုခသည်ဖြစ်ပွားပေါ်လာ၏။) ။ ။ထို ပုဂ္ဂိုလ်အား၊ (အရဟံ)အစရှိသောဂုဏ်တော်လျှင်အာရုံရှိသည်ဖြစ်၍(*စိတ်၏တုန်လှုပ်ခြင်း၊ပြန့်လွင့်ခြင်းကိုထိန်းသိမ်းချုပ်တည်းတတ်သောသမာဓိ သည်၊ ဖြစ်ပွားပေါ်လာပြန်၏၊)(ပူပန်ခြင်းမှ၊ ကင်းလွတ်၏ဟူလို။ ။ကမ္မဋ္ဌာန်းအာရုံတည်း၌သာ စိတ်သည်၊ နစ်မြုပ်၍နေ၏-ဟူလို။ ။)

ဤသို့ပြဆိုအပ်ပြီးသောစကားအစဉ်ဖြင့်၊ တပြိုက်နက်သောခဏ၌၊ ပွားများအပ်သော (အရဟံ) အစရှိသောဂုဏ်တော်မြတ်ကို အာရုံပြုလျက်၊(ဝိတက်, အစ၊ သမာဓိ,အဆုံး)ရှိသော ဈာန်အင်္ဂါတို့သည်၊ဖြစ်ပွားပေါ်ပေါက်လာကုန်၏။ ။ထိုသို့ သမာဓိထိန်းချုပ်အပ်သောစိတ်သည်၊ တည်ကြည်၏။ ။တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်အား၊ သဘာဝမှန်၌၊ကျနထင်ထင်၊သိမြင်နိုင်၏။

ထို့ကြောင့်(သမာဓိံ ဘိက္ခဝေ ဘာဝေထ၊သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ။)ဟူ၍၊ ဟောကြားတော်မူအပ်၏။

ဘိက္ခဝေ၊ (အို—)ငါ၏ချစ်သား၊ ရဟန်းများတို့=သမာဓိံ၊ စိတ်၏တည်ကြည်ကြောင်း သမာဓိ တရားကို။ ဘာဝေထ၊ ပွားများကြကုန်လော။ဘိက္ခဝေ၊ (အို-) ငါ၏ချစ်သား၊ ရဟန်းများတို့=သမာဟိတော၊

တည်ကြည်သော **သမာဓိ** နှင့်ယှဉ်သော စိတ်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊မဆုတ်မဆိုင်း၊ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ ပိုင်းခြားထင်ထင်၊သိမြင်နိုင်၏။

ထိုမှတပါးလည်း။ ။မိလိန္ဒပဉှာပါဠိတော်၊အနုမာနဝဂ်၌၊ **သမာဓိ** တရားသည်၊ လူတို့ပန်ဆင်ယင်အပ်သော ရတနာမျိုးနှင့်တူ၍ "**သမာဓိ** ရတနံ,,ဟူ၍ပြဆို၏။ ။ထို၌ **သမာဓိ**တရား၊ ပွားများရသောအကျိုးနှင့်တကွ၊ ဥပမာတင်ပြ၍၊ အကျယ်ပြဆို၏။ ။ဤ၌ကား–အကျဉ်းချုပ်၊ ဥယျောဇဉ်ဂါထာမျှထုတ်ဆောင်၍ အခွင့်အားလျော်စွာ၊ပြပေအံ့။–

(၂၇) သမာဓိ,ရတန,မာလဿ၊
ကု-ဝိတက္ကာ,နဇာယရေ။
နစ,ဝိက္ခိပတေ,စိတ္တံ၊
ဧတံ,တုမှေ,ပိဠန္ဓထ။ ။

(၂၇) သမာဓိရတနမာလဿ၊တည်ကြည်ခြင်း**သမာဓိ**တရားတည်းဟူသော ရတနာပန်းကို၊ဆင်မြန်းပန်ဆင်ယင်သောပုဂ္ဂိုလ်အား။ကု-ဝိတက္ကာ၊(ကာမစ္ဆန္ဒ)စသည်ထွေပြား၊ဆိုးဝါးသော **ဝိတက်** တရားတို့သည်။ နဇာယရေ၊ မဖြစ်ပေါ်လာကုန်။ ။စိတ္တံ၊ မငြိမ်ယောက်ယက်၊ ထို,ဤ,သက်၍၊ **ဝိတက်** ဆွဲငင်၊စိတ်အစဉ်သည်။ နစဝိက္ခိပတေ၊ ထို,ဤ,ဝေးခြား၊ ပြေးသွားပြန့်လွင့်ခြင်းမရှိချေ။ ။တုမှေ၊ **သမာဓိ** လမ်း၊ ရှာန်ဝင်ခန်း၌၊ စွဲလမ်းနေငြား၊ (သင်) သူတော်ကောင်းအများတို့သည်။ဧတံ၊ ထို **သမာဓိ** တရား-တည်းဟူသော ပန်းကို။ ပိဠန္ဓထ၊ စိတ်၌ယှဉ်၍၊ပန်ဆင်ကြကုန်လော။

ဤသို့အားဖြင့်၊ထိုထို သမထ ကမ္မဋ္ဌာန်းအာရုံကို အာရုံပြု၍၊အဖန်တလဲလဲ၊စိတ်စွဲပွားများ၍နေသောပုဂ္ဂိုလ်အား၊ ထိုသို့ပွားများလေ့လာသော ဘာဝနာဉာဏ်၊ရင့်သန်၍လာသဖြင့်၊ နောက်ဆုံးဖြစ်သောအချိန်၌၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသော စကားစဉ်အတိုင်း၊(* **ဝိတက်,ဝိစာရ,**

**ပီတိ,သုခ,ဧကဂ္ဂတာ**) ဟူသော ဈာန်အင်္ဂါတို့သည်၊ တပြိုင်နက်ဖြစ်ပေါ် လာကုန်၏။

(ဤသို့ဖြစ်ပေါ်လာသော်လည်း၊ ထို (*ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ,)ဟူသောဈာန်အင်္ဂါတို့သည်၊ (*ပရိကံ၊ဥပစာရ၊ အနုလုံ၊ ဂေါတြဘု) ဟူသော ဥပစာရ, ဇော၏ နောက်၌ဖြစ်၍ (*အပ္ပနာဈာန်ဇော,ဟု ခေါ်ဆိုထိုက်သော (မဟဂ္ဂုတ်)၊ ဈာန် အင်္ဂါတရားတို့မဟုတ်ချေ။

(ဥပစာရ)ဇော၏အနီး၌၎င်း၊ ထို(ဥပစာရ)ဇော၏ရှေးအဘို့၌၎င်း၊မြတ်စွာဘုရားရှင်၏(* **အရဟံ**)အစရှိသော ဂုဏ်တော်မြတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဘာဝနာကံကို၊ အဖန်ဖန်အားထုတ် ပွားများသော ကာမာဝစရကုသိုလ်စိတ်၌ရှိသော ဈာန်အင်္ဂါတို့- ဟူ၍သာ မှတ်ယူအပ်၏။

ထိုစကားမှန်၏။ ။(**အရဟံ**)အစရှိသောကိုးပါးသော ဂုဏ်တော် တို့သည်၊ ပရမတ္ထ, တရားဖြစ်၍ နက်နဲသည်၏ အဖြစ်ကြောင့်၎င်း၊ အထူးထူးအပြားပြားများသော ဂုဏ်တော်တို့ကို အောက်မေ့ခြင်း ဖြင့်၊လေးမြတ်ယုံကြည်အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ထိုဂုဏ်တော် မြတ်တို့ကိုအာရုံပြု၍ (*အပ္ပနာ)ခေါ်သော (မဟဂ္ဂုတ်)ဈာန်ဇော မဖြစ်နိုင်ချေ။

ထိုဈာန်အင်္ဂါတို့ကို၊(*အပ္ပနာ)ဇော၏အနီး၌ဖြစ်သောကြောင့်၊ (ဥပစာရ)ဈာန်အင်္ဂါ,တို့ဟူ၍သာဆိုရ၏၊ မဟဂ္ဂုတ်, ဈာန်အင်္ဂါတို့ ဟူ၍ မမှတ်ယူအပ်ကုန်-ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ဆို၏။ ဤကား-အမှာစကားတည်း။)

ထိုနောက် (**ကာမစ္ဆန္ဒ**) စသော နီဝရဏ တရားတို့သည်လည်း၊ တစ,တစ,ချုပ်ငြိမ်းပျောက်ကွယ်၍သွားကုန်၏။ ။ဤသို့ နီဝရဏတရား တို့၊ချုပ်ငြိမ်း၍ စိတ်၏ ကမ္မဋ္ဌာန်း အာရုံ၌ တည်နေခြင်းကို၊ (**သမာဓိ**) စခန်းသို့၊ဆိုက်ရောက်နေပြီ-ဟု၊မှတ်ယူအပ်၏။

ထို **သမာဓိ** ကိုပင်စိတ်၌ စွဲကပ်တည်နေသော (**ကာမစ္ဆန္ဒ**) စသော နီဝရဏ တရားတို့ကို ချုပ်ငြိမ်းစေတတ်သောကြောင့်၊ (* **သမထ**) ဟူ၍ လည်း,မှတ်ယူအပ်၏။

ဤအရာ၌၊**သမာဓိ** ဟူသောအမည်နှင့်၊**သမထ** ဟူသောအမည်သည်၊ တရားကိုယ်အားဖြင့်၊**ဧကဂ္ဂတာ**,စေတသိက်ပင်ဖြစ်၍—အတူပင်,ကောက်

ယူရာ၏။ ။(သမာဓိ—တည်ကြည်ခြင်း။ ။သမထ—ငြိမ်းချမ်းခြင်း။ ။) တည်ကြည်ခြင်း သမာဓိ ဖြစ်မှ၊ငြိမ်းချမ်းခြင်း, (သမထ) ဖြစ်နိုင်၏။ ။ ငြိမ်းချမ်းသော သမထအဖြစ်သို့ ရောက်လျှင်၊ တည်ကြည်ခြင်း သမာဓိ ဖြစ်ပြီ-ဟူ၍သိကြရာ၏။

၌အရာ၌၊(တည်ကြည်ခြင်း-သမာဓိ၊ ငြိမ်းချမ်းခြင်း-သမထဟူသော စကားသည်၊ ဝေါဟာရမျှခြားနား၏။ ။ထိုသို့ ထပ်ခါ-ထပ်ခါ၊ သမာဓိ ဖြစ်ပေါ်လာရန်၊ ပွားများနေမှုကိုပင်၊ *သမထ ဘာဝနာကမ္မဋ္ဌာန်း၊ စီးဖြန်းပွားများ၏-ဟူ၍ မှတ်ယူအပ်၏။ ။၌ သမထ ဘာဝနာ ကမ္မဋ္ဌာန်းနည်း၌၊သမာဓိ ဖြစ်လျှင်၊ လုပ်ငန်းကိစ္စ ပြီးဆုံးလေတော့သတည်း။

၌သို့အားဖြင့်၊ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်၊ ဗုဒ္ဓါနုဿတိ အစရှိသော အနုဿတိ, ရှစ်ပါး+အာဟာရေ ပဋိကူလသညာ တပါး+စတုဓာတုဝဝတ္ထာန် တပါး-၌ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌၊ ဥပစာရ ဘာဝနာသာလျှင်ဖြစ်၏။ ။အပ္ပနာ ဘာဝနာမဖြစ်နိုင်=ဟု ဆိုသော သဂြိုဟ်ကျမ်းလာစကားကိုဒင်း။ ။(မြတ်စွာဘုရားရှင်၏ ဂုဏ်အစရှိသည်တို့၏၊ ပရမတ္ထတရား ဖြစ်သောကြောင့်ဒင်း။ ။များသော အပြားရှိသည်၏ အဖြစ်ကြောင့်ဒင်း။ ။တခုသော ဂုဏ်တော်မြတ်၏လည်း၊ နက်နဲသောသဘောရှိသည်၏ အဖြစ်ကြောင့်ဒင်း=ဗုဒ္ဓါနုဿတိ အစရှိသော ဆယ်ပါးသောကမ္မဋ္ဌာန်းတို့၌၊ အပ္ပနာ၏အစွမ်းဖြင့်, သမာဓိ၏တည်နေခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် အပ္ပနာ၏အဖြစ်သို့ မရောက်မူ၍ သမာဓိ သည်၊ ဥပစာရ ဘာဝနာအဖြစ်ဖြင့်သာ တည်နေ၏-ဟု၊ ဖွင့်ဆိုသော ဋီကာကျော်စကားတို့ကိုဒင်း=ထောက်၍၊၌ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့ကိုပွားများ၍ ဈာန်စိတ်မဖြစ်ပေါ်လာနိုင်=ဟူ၍၊မှတ်ယူကြကုန်ရာ၏။

၌မှ ကြွင်းကျန်သော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း ပွားများရာ၌၊ နိမိတ်ထင်ပုံနည်းတို့သည်၊ ကမ္မဋ္ဌာန်းအားလျော်စွာ၊ မုချနိမိတ်ထင်ပုံနည်း၊ အာရုံနိမိတ်၏ အဖြစ်ဖြင့်တူသော (သဒိသူပစာရ) အားဖြင့် ထင်ပုံနည်း=ဟူ၍၊ များပြားကျယ်ဝန်းရကား၊ ၌အရာ၌၊ လျစ်လျူရှုအပ်၏။ ။နောက်အခွင့်သင့်လျှင်၊ အကျယ်ဖွင့်ပါဦးမည်ဖြစ်၍ မြော်လင့်တော်မူကြပါကုန်။

ဤ **သမထ** ကမ္မဋ္ဌာန်းနည်းမှ၊ ဝိပဿနာ ကမ္မဋ္ဌာန်းနည်းသို့၊ ကူးပြောင်းပုံအဆက်ကား၊ ဤသို့တည်း။—

ဤ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို၊ ရွတ်ဆိုစီးဖြန်း၍နေစဉ်၊ ဖြစ်ပေါ်လာသော နှစ်သက်ခြင်း-**ပီတိ**ကိုပင်၊ ချုပ်ဆုံးကုန်ခန်းခြင်း-(**ခယ**)သဘော၊ ပျက်စီးခြင်း-(**ဝယ**)သဘောဖြင့်၊ ဆင်ခြင်သုံးသပ်နိုင်လျှင်၊ ဝိပဿနာ သဘောဖြစ်၍၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ပေါ်လာနိုင်၏-ဟူ၍ သုတ်ပါထေယျ သင်္ဂီတိသုတ်အဖွင့် (ဆက္ကကထာ) ၌ဆို၏။ (စာအုပ်မျက်နှာ နံပါတ် ၁၉၂-၌ကြည့်။)

ထိုမှတပါးလည်း။ ။မြတ်စွာဘုရားရှင်၏၊ ဂုဏ်တော်မြတ်ကို၊ အစဉ်မပြတ်၊ အောက်မေ့ပွားများသော ပုဂ္ဂိုလ်၏စိတ်သည်၊ လောဘ, ဒေါသ၊မောဟ,ဟူသည့်၊ မြူညစ်မတင်၊ ကြည်လင်၏၊ ထိုကြည်လင်သော စိတ်၏အစွမ်းဖြင့်၊ **ကာမစ္ဆန္ဒ**, စသော နီဝရဏ တရားတို့ကိုခွါ၍၊ ပြန့်ပြော၊ ပေါများသော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍၊ ရုပ်, နာမ်, ဓမ္မ၊ သင်္ခါရတရားတို့ကို၊ (အနိစ္စ, ဒုက္ခ, အနတ္တ,) ဟု၊ မှတ်ရှုဆင်ခြင်ခြင်း-ဟူသော ဝိပဿနာတရား၊ ပွားများအားထုတ်ခဲ့မူ= **ကင္ခါအန္တကာရ** အရပ်၌၊ သီတင်းသုံးနေသော (ဖုဿဒေဝ) မထေရ်ကြီးကဲ့သို့၊ အရဟတ္တဖိုလ်သို့၊ မျက်မှောက်ပြုနိုင်သည်သာတည်း။

ထိုဝတ္ထုကို၊ ချဲ့၍ဆိုဦးအံ့။—

ထို (**ဖုဿဒေဝ**)မထေရ်မြတ်သည်၊ စေတီယင်ပြင်၌၊ တံမြက်စည်းလှည်းသော ဝတ်ကိုပြုပြီး၍၊ သက်န်းကို၊ လက်ဝဲတဘက်၊ ပခုံးထက်၌၊ ကိုယ်ဝတ် စမ့်ယ်တင်သည်ကိုပြု၍၊ (ရေဉနှဲး) ပွင့်ဖြင့် ခင်းဘိသကဲ့သို့၊ သဲဖြူဖြင့် ဖြန့်ခင်းအပ်သော စေတီယင်ပြင်တော်ကို ကြည့်၍နေစဉ်၊ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်လျှင် အာရုံရှိသော နှစ်သက်ခြင်း-(**ပီတိ**) ဝမ်းမြောက်ခြင်း-(**ပါမောဇ္ဇ**)တရား၊ဖြစ်ပွားပေါ်လာလျက်၊ ရပ်တည်နေ၏။ ။ထိုခဏ၌၊ မာရ်နတ်မင်းသည်၊ တောင်ခြေရင်း၌၊ ဖြစ်သော မျောက်ညိုကြီးကဲ့သို့၊ မိမိကိုယ်ကို၊ ဘန်ဆင်းသည်ကိုပြု၍၊ စေတီယင်ပြင်၌၊ (နွားချေး)တို့ကို၊ ထိုမှ၊ ဤမှ၊ဖရိုဖရဲ၊ ဖြန့်ကြဲ၍သွားလေ၏။ ။ထို (**ဖုဿဒေဝ**)မထေရ်ကြီးသည်၊ အရဟတ္တဖိုလ်-ဟူသော တရားထူးသို့၊တက်ရောက်ခြင်းငှါ မစွမ်းနိုင်သေးဖြစ်၏။ ။ရှေးနည်းအတူ၊တံမြက်

စည်းလှည်း၍ ပြန်ကြွသွားလေ၏။ ။ထိုနောက်၊ နှစ်ရက်မြောက်သော နေ့၌၊ မာရိနတ်မင်းသည်၊ နွားအိုကြီးသဏ္ဍာန်ကဲ့သို့၊ မိမိကိုယ်ကို ဘန်ဆင်းသည်ကိုပြ၍၊ရှေးနည်းအတူသာလျှင်၊ ဘောက်ပြန်သောအ ပြုအမူကို ပြု၍သွားပြန်၏၊ မထေရ်ကြီးသည်၊ ရှေးနည်းအတူ၊ ပြုမြ ဝတ်ကို ပြု၍ပြန်ကြွသွား၏၊ ထိုနောက်၊ သုံးရက်မြောက်သောနေ့၌၊ ကောက်သောခြေရှိသောလူ၏ ကိုယ်ကို ပြုဘန်ဆင်း၍၊ ခြေဖြင့်၊ (တံမြက်စည်းလှည်းပြီးဖြစ်သော သဲတို့ကို) အမြင်မကောင်း၊ အ ကြောင်းအရေးထင်အောင် ဆွဲခြစ်၍သွားပြန်၏၊ ထိုအခါ၊ **ဖုဿဒေဝ** မထေရ်ကြီးသည်၊၍သို့ သဘောရှိသော စက်ဆုပ်ဘွယ်သောယောက်ျား ကို၊ ထက်ဝန်းကျင်ဖြစ်သော အရပ်မှ၊ ယူဇနာပမာဏမျှရှိသော ဆွမ်း ခံရွာ၌ မရှိခဲ့ဘူးချေ၊ ၍သူသည်ကား၊ မာန်နတ်မင်းပင်၊ ဖြစ်လေရာ သလော-ဟု၊ တွေးတောကြံအောက်မေ့၍။—

*(အသင်) သည်၊ မာရ်နတ်မင်း, ဖြစ်လေသလော,ဟု၊ မေး မြန်းလေ၏။

*အရှင်ဘုရား....၊ အကျွန်ုပ်သည်၊ မာရ်နတ်မင်း ဖြစ်ပါ၏၊ ယခုအခါ၌၊ အရှင်ဘုရားအား၊ လှည့်ပတ်-လိမ်လည်ခြင်းငှါ မစွမ်း နိုင်ပါပြီ-ဟု၊လျှောက်ဆို၏။

*ထိုသို့ဖြစ်လျှင်၊ (အသင်) မာရ်နတ်မင်းသည်၊ သက်တော် ထင်ရှား၊မြတ်စွာဘုရားရှင်ကို၊ မျက်မှောက်ထင်ထင်၊ ဘူးမြင် လိုက်ရ၏လော-ဟုမေးမြန်းပြန်၏။

*အရှင်ဘုရား၊ အကျွန်ုပ်သည်၊ မြတ်စွာဘုရားရှင်ကို၊ မျက် မှောက်ထင်ထင်၊ဘူးမြင်လိုက်ရပါ၏-ဟု၊ လျှောက်ဆို၏။

*(အသင်) မာရ်နတ်မင်းသည်၊ ကြီးမားသောဘုန်းတန်းခိုး အာနုဘော်ရှိ၏၊ (အသင်) မာရ်နတ် မင်းအား၊ တိုက်တွန်း တောင်းပန်ပါ၏၊ (အသင်)သည်၊ သစ္စာလေးအင်၊သိမြင်ထင် ရှား၊ မြတ်စွာဘုရားရှင်အား၊ မျက်ဝါးထင်ထင်၊ဘူးမြင်လိုက်ရ သူဖြစ်၍၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏၊ အဆင်း သဏ္ဍာန်နှင့်တူသော အဆင်းသဏ္ဍာန်ကို၊ ဘန်ဆင်း၍ပြပါ လော,ဟု၊တောင်းပန်ပြောဆို၏။

*အရှင်ဘုရား၊(အကျွန်ုပ်)သည်၊မြတ်စွာဘုရားရှင်၏ ပြက တွေ့သော အဆင်းသဏ္ဌာန်တော်နှင့်တူသော အဆင်းတော်ကို၊ ပြုဘန်ဆင်း၍ပြခြင်းငှါမစွမ်းနိုင်ပါကုန်၊စင်စစ်အားဖြင့်မူကား၊ ထိုမြတ်စွာဘုရားရှင်၏ အဆင်းသဏ္ဌာန် တော်နှင့်၊ စိုးစဉ်းမျှ တူသော (အတု) (အပ)မျှ ဖြစ်သော အဆင်းတော်ကို၊ ဘန် **ဆင်း၍** ပြပါအံ့။—

ဟု-ဆို၍၊မိမိ၏ ကိုယ်အဆင်းကို စွန့်၍မြတ်စွာဘုရားရှင်၏ အဆင်း သဏ္ဌာန်တော်နှင့်၊ စိုးစဉ်းမျှ တူသော(အတု) (အပ) မျှ ဖြစ်သော အဆင်းတော်ကို ဘန်ဆင်း၍၊ တင့်တယ်စွာရပ်တည်၍ပြ၏။

*ထိုအခါ၊**ဖုဿဒေဝ** မထေရ်ကြီးသည်၊ မာရ်နတ်မင်းဘန်ဆင်း၍ပြ အပ်သော မြတ်စွာဘုရားရှင်၏ အဆင်းသဏ္ဌာန်တော်ကို ဘူးမြင်ရ၍၊ ဤသို့ကြံစည်မိ၏။

*"ဤလောက၌၊ ရာဂ, ဒေါသ၊ မောဟ,မကင်းသေးသော မာရ်နတ်သား စဉ်လျက်၊ ဤမျှလောက် တင့်တယ်တုံသေး၏၊ ဝါသနာ-နှင့်တကွ၊ အချင်းခပ်သိမ်း၊ ရာဂ, ဒေါသ၊ မောဟ, မြူမှေး၊အညစ်အကြေးမှ၊ကင်းဝေးစင်ကြယ်တော်မူပြီးဖြစ်သော မြတ်စွာဘုရားရှင်သည်ကား၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါအများ သုံးဘုံသားတို့၏အလယ်၌၊ အဘယ်သို့လျှင်၊ တင့်တယ်သပ္ပါယ် တော်မူရှာလိမ့်နည်း"ဟု၊

မြတ်စွာဘုရားရှင်၏ပြကတွေ့သော အဆင်း သဏ္ဌာန်တော်မြတ်ကို တဆင့်အာရုံပြု၍ အောက်မေ့သည်၏ အစွမ်းဖြင့်၊ နှစ်သက်ခြင်း၊ **ပီတိ**တရားဖြစ်ပွားပေါ်လာ၏၊ ထိုအခါ၊မြတ်စွာဘုရားရှင်၏ ဂုဏ်လျှင် အာရုံရှိသော နှစ်သက်ခြင်း, ပီတိ ကိုရ၍၊ ထိုပီတိကို၊ ဝိပဿနာ နည်းအရ၊ခယ, ဝယ-ဟု၊ဆင်ခြင်ပွားများအားထုတ်သဖြင့်၊ အရဟတ္တ ဖိုလ်သို့ ရောက်၏။

ထိုအခါ၊ မာရ်နတ်မင်းသည်—အရှင်ဘုရားသည်၊ အကျွန်ုပ်အား လှည့်ပတ်အပ်၏"ဟု-လျှောက်ဆို၏။

ဖုဿရေဝ မထေရ်ကြီးသည်၊ဤသို့ဆိုပြန်၏။

(အို) မာရ်နတ်မင်းအို····၊

အသင်ကဲ့သို့သဘောရှိသောသူကို၊ လှည့်ပတ်ခြင်းငှါ၊ အဘယ်မှာတတ်နိုင်အံ့နည်း,ဟု၊ မိန့်ဆို၏။

ဤသည်ကား၊ပရိဝါအဋ္ဌကထာ,ကေတ္တရိကနယ၊ပဥ္စက-စာမျက်နှာနံပါတ် ၅၁၀-၌လာသောစကားနှင့်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ဆိုအပ်သောစကားနှစ်ရပ်ကိုစပ်၍ ပြဆိုသော အမိပ္ပါယ်တည်း။

ထိုမှ တပါးလည်း၊ အင်္ဂုတ္တိုရ်ပါဠိတော်၌၊ အောက်၌ ပါသောတရားစကားကို၊ ဟောကြားတော်မူအပ်၏။

ကေစမ္မော ဘိက္ခဝေ ဘာဝိတော,ဗဟုလီကတော,ကေန္တ-နိဗ္ဗိဒါယ,ဝိရာဂါယ, နိရောဓာယ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ, သံဝတ္တတိ၊ ကတမော ကေစမ္မော၊ ဗုဒ္ဓါနုဿတိ၊အယံခေါ ဘိက္ခဝေ ကေစမ္မော,ဘာဝိတော,ဗဟု-လီကတော,ကေန္တနိဗ္ဗိဒါယ,ဝိရာဂါယ,နိရောဓာယ,ဥပသမာ-ယ,အဘိညာယ,သမ္ဗောဓာယ,နိဗ္ဗာနာယ,သံဝတ္တတိ။ ။

ဘိက္ခဝေ၊(အို)ငါ၏ချစ်သား၊ ရဟန်းများတို့။—

ကေစမ္မော၊တခုသောတရားကို။ဘာဝိတော၊အစဉ်ပွားအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာပြု၍ ပွားအပ်သည်ရှိသော်။ ကေန္တနိဗ္ဗိဒါယ၊စင်စစ်ငြီးငွေ့ခြင်းငှါ=ဝိရာဂါ-ယ၊ တပ်နှစ်သက်ခြင်းမှ ကင်းခြင်းငှါ=နိရောဓာယ၊ချုပ်ခြင်းငှါ=ဥပသမာယ၊ ကိလေသာမီး၊ ငြိမ်းခြင်းငှါ=အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ=သမ္ဗောဓာယ၊ ထိုးထွင်း၍သိခြင်းငှါ=နိဗ္ဗာနာယ၊နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ=သံဝတ္တ-တိ၊ဖြစ်၏။ ။ကေစမ္မော၊ တခုသောတရားဟူသည်။ ကတမော၊အဘယ်ပါနည်း။—

ဗုဒ္ဓါနုဿတိ၊မြတ်စွာဘုရား၏ဂုဏ်တော်မြတ်ကို အာရုံပြု၍ အဘန်တလဲလဲအောက်မေ့ခြင်းဟူသော**သတိ**, တရားပင်တည်း။

ဘိက္ခဝေ၊(အို)ငါ၏ချစ်သား၊ ရဟန်းများတို့=ကေစမ္မော၊ တခုသောတရားဖြစ်သော။ အယံခေါ၊ဤ**ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း

ကို။ ဘာဝိတော၊ အစဉ် ပွားအပ်သည် ရှိသော်=ဗဟုလီက-
တော၊ အကြိမ်များစွာပြု၍ပွားအပ်သည်ရှိသော်=ဧကန္တနိဗ္ဗိ-
ဒါယ၊စင်စစ်ငြီးငွေ့ခြင်းငှါ=ဝိရာဂါယ၊တပ်နှစ်သက်ခြင်းမှကင်း
ခြင်းငှါ=နိရောဓာယ၊ ချုပ်ခြင်းငှါ=ဥပသမာယ၊ ကိလေသာ
မီး၊ငြိမ်းခြင်းငှါ=အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ=
သမ္ဗောဓာယ၊ထိုးထွင်း၍သိခြင်းငှါ=နိဗ္ဗာနာယ၊နိဗ္ဗာန်ကိုမျက်
မှောက်ပြုခြင်းငှါ=သံဝတ္တတိ၊ဖြစ်၏။

၍**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်းကို၊စီးဖြန်းပွားများသောပုဂ္ဂိုလ်သည်။မြတ်စွာဘုရားရှင်၌၊ရိုသေခြင်း,တုပ်ဝပ်ကျိုးနွံခြင်းရှိ၏။ ။(အဝေစ္စပသာဒ)နှင့်တူစွာ၊သဒ္ဓါပြန့်ပြော၊ပေါများသည်၏အဖြစ်ကိုရင်း။ ။အောက်မေ့ခြင်းသတိ၊ပြန့်ပြောပေါများသည်၏အဖြစ်ကိုရင်း။ ။ဆင်ခြင်ခြင်းပညာ၊ပြန့်ပြော ပေါများသည်၏ အဖြစ်ကိုရင်း ရနိုင်၏။ ။မြတ်စွာဘုရားရှင်၏၊ ဂုဏ်တော် ကျေးဇူးတော်တို့၏ ကြီးကျယ် မြင့်မြတ်သည်၏အဖြစ်ကို အာရုံပြု၍၊ နှစ်သက်ခြင်း, **ပီတိ**၊ ဝမ်းမြောက်ခြင်း**ပါမောဇ္ဇ**တရားတို့သည်၊ များစွာဖြစ်ပွားပေါ်လာကုန်၏။

အမျိုးမျိုးသော ကြောက်ရွံ့ထိတ်လန့်ဘွယ်သောဘေးရန်ကြီးငယ်အသွယ်သွယ်တို့ကို၊နှိပ်နင်းပယ်ဖျောက်နိုင်၏။

ထို**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်း၏ တန်းခိုးရှိန်စော်၊ အာနုဘော်ကြောင့်။ ကိုယ်၌ကျရောက်လာသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို၊ ကြာဘက်၌ကျသောရေကဲ့သို့၊ လျောကျစေ၍၊ ထိုဆင်းရဲဒုက္ခကို သည်းခံနိုင်၏။

မြတ်စွာဘုရားရှင်နှင့်အတူတကွ၊ နေရ၏-ဟူ၍စိတ်၌ထင်ရ၏။

မြတ်စွာဘုရားရှင်၏ဂုဏ်တော်, ကျေးဇူးတော်တို့၌စိတ်စွဲ၍၊ အဘန်တလဲလဲ၊ အောက်မေ့ခြင်း သတိ သည်၊ အစဉ်မပြတ်၊ကိန်းဝပ်တည်နေ၏။

ထို**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်း၊ စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်၏ကိုယ်ခန္ဓာသည်"စေတီ"အိမ်ကဲ့သို့၊ဖြစ်၍ ပူဇော်ခြင်းငှါထိုက်၏။

ထိုပုဂ္ဂိုလ်အား။ ကျူးလွန်အပ်သော ဝတ္ထုအာရုံနှင့်၊ တွေ့ဆုံကြုံကြိုက်သောအခါ၌လည်း၊ မိမိ၏ မျက်မှောက်၌၊ သက်တော်ထင်ရှား၊

ဘုရားရှင်ကို၊ ဖူးမြင်ရသကဲ့သို့ဖြစ်၍၊ မိမိ ကျူးလွန်၊ ပြုကျင့်မည့်အမှု အတွက်၊ရှက်ခြင်း ဟိရီ၊ ကြောက်ရွံ့ခြင်း ဩတ္တပ္ပ တရားသည်၊ထင်ရှား ရှေ့ရှုဖြစ်ပေါ်လာ၏။

ထိုပုဂ္ဂိုလ်အား၊ အမြင့်မြတ်ဆုံးဖြစ်သော လောကုတ္တရာ တရားဖြစ် သောမဂ်ဖိုလ်ဟူသော ကျေးဇူးတရားတို့ကို၊ ထိုးထွင်း၍ မသိနိုင်သေး သော်လည်း၊သေသည်၏အခြားမဲ့၌၊လူ့ပြည်,နတ်ရပ်-ဟူသောမြင့်မြတ် သော သုဂတိဘဝသာလျှင်၊လားရောက်ရာရှိ၏။

ထို့ကြောင့်၊ ဤမျှလောက်အကျိုးကျေးဇူး၊ထူးထူးခြားခြား ကြီးမားမြင့်မြတ်သောသဘောရှိသော၊ဤ**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်း ကို၊ကြိုးပမ်းပွားများနိုင်ကြပါစေကုန်သတည်း။ ။

(၂၀) ယေကေစိ,ဗုဒ္ဓံ,သရဏံ,ဂတာသေ၊
နတေ,ဂမိဿန္တိ,အပါယံ,ဘူမိံ။
ပဟာယ,မာနုသံ,ဒေဟံ၊
ဒေဝ,ကာယံ,ပရိ-ပူရေဿန္တိ။
} သဂါထာဝဂ္ဂ-ဒေဝပုတ္တသံယုတ် ပါဠိတော်

(၂၀) ဘန္တေ၊ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော် ဖြိုးမြင့်၊ တန်းခိုးတင့်တော်မူသောမြတ်စွာဘုရား။

ယေကေစိ၊ အမှတ်မထင်၊ အကြင်သူတို့သည်။ ဗုဒ္ဓံ၊သစ္စာ, လေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရားရှင်ကို။ သရဏံ၊ (သရဏံ-ဉာတိ)ယုံကြည်လေးမြတ်၊ ဆည်းကပ်ကိုးကွယ်ရာ, ဟူ၍။ ဂတာသေ၊ နိဗ္ဗာန်ပြည်ဦး၊ သွားရောက်ကူးဘို့၊ ကြည်နူးဆည်းကပ်၊ ကိုးကွယ်ကြကုန်၏။

တေ၊ ထိုသူတို့သည်။ မာနုသံဒေဟံ၊ ဘုန်း,ကံနည်းပါး၊ ပြိတ္တာ,လားသို့၊ အစားဆန်ရေ၊ ရွှေ,ငွေချို့တဲ့၊ အလိုမဲ့ သောလူ့ဘဝ၊လူ့ကိုယ်ခန္ဓာ,ကို။ ပဟာယ၊ ရုပ်,နာမ်, အ သက်၊ချုပ်ပျက်ကင်းကွာ၊ စွန့်ပစ်ခွါရသည်ရှိသော်၊အပါယံ၊ ဆင်းရဲပေါင်းဆုံ၊ ပါယ်,လေးဘုံသို့၊ နဂမိဿန္တိ၊ မလား, မရောက်ကြကုန်လတ္တံ့။

ဒေဝကာယံ၊ ကြွင်နှန်းဘုံဆောင်၊ ထိန်ထိန်ပြောင်၍၊ တောက်လောင်ရှမ်းစို၊ ရောင်စုံမို့ သည့်၊ နတ်တို့စံမြန်း၊ ဗိမာန်နန်းကို၊ ပရိပူရေဿန္တိ၊ ''ကံ''လျှင်ပင့်ထောက်၊ လျှမ်းလျှမ်းတောက်မျှ၊ ဖြစ်မြောက်ပြည့်စေကုန်လတ္တံ့။

(၂၉) တဿ,ဟဝေ,အပ္ပမာဒံ၊
ကယိရာထ,သုမေဓသော။
ဇဝံ,မဟာ-နုဘာဝါယ၊
ဗုဒ္ဓါနုဿတိယာ,သဒါ။ ။
— ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

(၂၉) တဿ၊ ထိုသို့ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း၊ စီးဖြန်းရာ၌၊ များစွာသောအကျိုးရှိသည်၏အဖြစ်ကြောင့်။ သုမေဓသော၊ လောကုတ်,လောကီ၊ နှစ်လီအကျိုး၊ ပွားတိုးနိုင်ကြောင်း၊နည်းကောင်းမြင်သိ၊ ပညာရှိသည်။ဇဝံမဟာ-နုဘာဝါယ၊ ဤသို့ဆိုပြီး၊ ကြီးမားသောအာနုဘော်,နှင့်ပြည့်စုံသော။ ဗုဒ္ဓါနု-ဿတိယာ၊**ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း၌။သဒါ၊အခါခပ်သိမ်းသာလျှင်။ဟဝေ၊စင်စစ်ကေန်၊အမှန်အားဖြင့်။ အပ္ပမာဒံ၊ သတိ,ပညာ၊သဒ္ဓါ,မလျော့၊မပေါ့မဆမှု၍။ကယိရာထ၊(ကရေယျ) တာဝန်တခု၊လေးစွာရှု၍၊ပြုကြရာ၏။

• ဤသည်ကား—ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပုံ
နည်းနှင့်တကွ၊ အကျိုးရပုံအကျဉ်းချုပ်
ပြဆိုခဲ့ပြီး၏။

# သုဘူတိမဟာထေရဝတ္ထု

ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏,လက်ထက်တော်အခါက
ဇုဋ္ဌါနုသယတိ ကမ္ဘဌာန်း
စီးဖြန်း ပွားများခဲ့ဘူးသော ကုသိုလ်ကံကြောင့်
ဤဂေါတမ,မြတ်စွာဘုရားရှင်၏
လက်ထက်တော်အခါ၌
ရဟန္တာပုဂ္ဂိုလ်ဖြစ်လာရသော
(အရှင်သုဘူတိမဟာထေရ်ဝတ္ထု။)

(က) ''ဝက္ခတော,မေဃသေ တိဋ္ဌိ၊
သုဘူတိ,ကထ,တေ,ပဒံ။
အရဏောန,ဝိဟာရိနံ၊
ဒက္ခိဏေယျာန-မဂ္ဂကော''။ ။

(က) သုဘူတိ၊အရှင် သုဘူတိ ဟု၊မည်ရှိ သညာ၊သာသနာ၌၊ လွန်စွာထင်ရှားကျော်စောတော်မူသော အရှင်ဘုရား၊ သုဘူတိမဟာထေရ်ဘုရား။အရဏောနံ ဝိဟာရိနံ၊ ကိလေသာ,စိတ်၊ ကင်းဆိတ်ပယ်ခွါ၊နေတတ်စွာသော''အရဏဝိဟာရီ''ဂုဏ်ဖြင့်နေကြကုန်သော ရဟန်းတို့ထက်ဒင်း။ ။ဒက္ခိဏေယျာနံ၊ မြတ်သော အလှူ၊ ကြည်ဖြူသိမ်းပိုက်၊ ခံယူထိုက်ကုန်သော ရဟန်းတို့ထက်ဒင်း။ ။အဂ္ဂကော၊ တုဘက် ကဲးလွန်၊ဂုဏ်တံခွန်ဖြင့်၊ အမွန် အမြင့်မြတ်သို့ ရောက်တော်မူသော။ တုဝံ၊ အရှင်မြတ်ဘုရားသည်။တေ၊ အရှင်မြတ်၏။ ပဒံ၊ဘဝများစွာ၊သံသရာ၌၊ ခန္ဓာ စဉ်လျက်၊ အဆက်ဆက်ဖြင့်၊ ဖြစ်ပျက်,ရပုံ၊ အလုံးစုံသော အကြောင်းဝတ္ထုကို။ ဝက္ခတော၊ ရဟန်းရှင်လူ၊ နည်းယူသင်ဘို့၊ ကျင့်စဉ်တိုင်းသာ၊ မှန်စွာဆိုရမည်ဖြစ်ပါသော။မေ၊ (ဇာတ)မည်တွင်၊တပည့်ရှင်-ဟု၊ခေါ်ငင် သမုတ်၊ အကျွန်ုပ်၏။သိသေ၊ ဦးခေါင်းထိပ်ထက်၌၊ တိဋ္ဌိ၊(တိဋ္ဌန္တော)။ ကြွကြွ မတ်မတ်၊ ရပ်တန့်တည်

# သုဘူတိဘာဝနာဖွင့်အကျယ်

တော်မူလျက်။ တော၊အရှင်မြတ်ဘုရား၏။ ပဒံ၊ ဘဝများ၊ စွာ၊သံသရာ၌၊ ခန္ဓာစဉ်လျက်။ အဆက်ဆက်ဖြင့်၊ဖြစ်,ပျက် ရပုံ၊ အလုံးစုံသောအကြောင်းဝတ္ထုကို။ကထ၊ (ကထဿ) ကေဝုစ်,ဖြင့်၊ ဝေဝုစ်,ကင်းပ၊အလင်းရအောင်၊ ရှင်းပြ မိန့်မြွက်တော်မူပါဘုရား။

(ဤဂါထာဖြင့်၊အာသဝေါ,ကုန်ခန်း၍၊ရဟန္တာ,ပုဂ္ဂိုလ်ကြီးဖြစ် ပြီးသော အရှင် **သုဘူတိ** မဟာထေရ်သည်၊ခန္ဓာ,နာမ်ရုပ်၊ကင်းစင် ချုပ်၍၊ဝိမုတ္တိ,ဓာတ်မြတ်သောနိဗ္ဗာန်နန်းသို့၊ပရိနိဗ္ဗာန်၊ဝင်စံကြွမြန်း တော်မူပြီးဖြစ်၍၊ ဤယခု,မျက်မှောက်၌၊ ထင်ရှားပဘာတိ၊ မရှိသော် ငြားလည်း၊ ဤယခု, မျက်မှောက်၌ပင်၊ ထင်ထင်ရှားရှား၊ရှိလေသေး သကဲ့သို့ ကြံဆ၍၊

အရှင်မြတ် **သုဘူတိ**မဟာထေရ်ဘုရား။....

အရှင်ဘုရားသည်၊ ဘဝများစွာ၊ သံသရာ၌၊ ခန္ဓာစဉ်လျက်၊ အ ဆက်ဆက်ဖြင့်၊ ကျင်လည်ရစဉ်၊ အရှင်မြတ်ကိုယ်တိုင်၊ ဖြစ်,ပျက်, တွေ့ကြုံခဲ့ရသော အတိတ် ဇာတ်ပေါင်း၊ အကြောင်းဝတ္ထုတို့သည် များစွာရှိပါကုန်၏။

ထိုအလုံးစုံသော အကြောင်းဝတ္ထုတို့ကို၊ လူ,ရှင်,ရဟန်း,အ ပေါင်းတို့၊ကောင်းစွာ နည်းယူကျင့်ကြံကြစေရန်၊ ပုံစံပြု၍၊ဟုတ်တိုင်း မှန်စွာ၊ ပြဆိုရမည်ဖြစ်ပါသောအကျွန်ုပ်အား၊ ထိုအကြောင်းဝတ္ထု တို့ကို၊ မချန်ချွင်းဘဲ၊ ရှင်းလင်း, မိန့်မြွက်ဟောပြတော်မူပါ-အရှင် ဘုရား– ဟူ၍၊ ယဉ်ကျေးဘွယ်ရာ၊မင်္ဂလာ,ရှိသော အဘိယာစက, စကားကို၊ ပညာရှင်ပုဂ္ဂိုလ်တို့၏၊ သုတိ-မင်္ဂလာ၊ နားတန်းဆာ အလို့ငှါ၊တိုက်ရိုက်ပြဆိုအပ်လေသတည်း။)

# သုဘူတိတွေရအပဒါန်
# ပါဠိတော်
# မြန်မာဘာသာပြန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

''သုဘူတိ''မဟာထေရ်၏၊ ပစ္စုပ္ပန်ဘဝ၌၊
ဂုဏ်ထူးဘွဲ့တံဆိပ်ရပုံ

(၁) *(တေဒ-ဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ, အရဏ-ဝိဟာရီနံဒက္ခိဏေယျာနဉ္စယဒိဒံ,သုဘူတိ)
[အင်္ဂုတ္တိုရ်ပါဠိတော် တေဒဂ္ဂဝဂ်။]

(၁) ဘိက္ခဝေ၊ အို····ချစ်သားရဟန်းတို့။မမ၊ သင်တို့၊ဆရာ-ငါဘုရားသျှင်၏။ သာဝကာနံ၊ တပည့်သားဖြစ်ကြကုန်သော။ အရဏ-ဝိဟာရီနံ၊ ''အရဏ-ဝိဟာရီ'' ပုဂ္ဂိုလ်လည်း ဖြစ်ကုန်သော။ဒက္ခိဏေယျာနဉ္စ၊ ''ဒက္ခိဏေယျ'' ပုဂ္ဂိုလ်လည်း ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းအပေါင်းတို့တွင်။ ယ-ဒိဒံ၊ (ယော+အယံ)သုဘူတိ၊အကြင်(သုဘူတိ)မည်တွင်၊ရဟန္တာအသျှင်သည်။ အတ္ထိ၊ထင်ရှားရှိ၏။

တော်၊ (သော) သု-ဘူတိ၊ ထို (သု-ဘူတိ) မည်တွင်၊ ရဟန္တာအသျှင်သည်။ အဂ္ဂံ၊ (အဂ္ဂေါ)၊ တပည့်မြတ်ပီပီ၊ သမ္မာ-မိုလျက်၊ ပါရမီ-ထူးချွန်၊ ဂုဏ်ပေါင်းလွန်၍၊ အမွန်ဆုံး၊အမြင့် ဆုံး၊အမြတ်ဆုံး-ဖြစ်ပေ၏။

**အထူးမှတ်ချက်။**

ဤပါဠိတော်စကားအရ၊-ဤ-''သု-ဘူတိ''မဟာထေရ်သည်၊-

(၁) ''အရဏ-ဝိဟာရီ''ဟူသောဂုဏ်အင်္ဂါ၊-

(၂) ''ဒက္ခိဏေယျ'' ဟူသော ဂုဏ်အင်္ဂါ၊-

ဤဂုဏ်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသဖြင့် နှစ်ကြိမ်တိုင်တိုင်၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်၊ ခတ်နှိပ်ချီးမြှင့်ခြင်းကို ခံယူရ၍၊ထူးမြတ်သော အသျှင်မြတ်ဖြစ်၏၊

ထို့ကြောင့်—

(ပ) တေ-ဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊
အရဏ-ဝိဟာရီနံ ယဒိဒံ သုဘူတိ ဟူ၍၎င်း,

(ဒု) တေ-ဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ၊
ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ-ဟူ၍၎င်း—နှစ်ကြိမ်ခွဲ၍ဆို
ရာ၏။ ။ရှေး၌ထင်ရှားလတ္တံ့။

ဤ ယခု အခါ၌၊ "သုဘူတိ" မဟာထေရ်၏၊အတိတ်-ဇာတ်ဟောင်း အကြောင်းဝတ္ထုကို၊ "နန္ဒ" ရသေ့-အဖြစ်က စ၍ ပြဆိုပေအံ့။—

အရိယဂိုဏ်းဝင်၊သူတော်စင်၊ အပေါင်းတို့သည်၊ ကောင်းစွာ နှစ် မြိုက်၊ထောင်နားစိုက်၍၊ မှတ်ပိုက် နာယူနိုင်ကြစေကုန်သတည်း။

ရှေးလွန်လေပြီးသော မြတ်စွာဘုရားရှင်တို့၏ အထံတော်၌၊ ပြု အပ်ပြီးသောပတ္တနာဆုတောင်း၊ ကောင်းမှုဘာဂီ၊ ပါရမီအထူးရှိ သော အရှင် သုဘူတိ မဟာထေရ်မြတ် အလောင်းသည်၊ ထိုထိုများ စွာ၊ သံသရာစက်၊ အဆက်ဆက်သောဘဝတို့၌၊ (ဝဋ္ဋ-စာဂီ)ပါရမီ ကုသိုလ်မျိုးကို၊ စိုက်ပျိုးပြုလုပ်၊ အားထုတ်ခဲ့၍၊ဤကပ္ပါမှ၊ ပြန်၍ ရေ တွက်သည်ရှိသော်၊ကပ္ပါတသိန်းထက်၌။ (ပဒုမုတ္တရ) နာမထင်ရှား၊ ဘုရားမြတ်စွာ၊ ပွင့်လာတော်မမူမီ၊ဟံသာဝတီမြို့တော်ကြီး၌၊ အမျိုးအ မည်အားဖြင့်၊မထင်ရှားသော "ဗြာဟ္မဏမဟာသာလ" ခေါ်သော ပုဏ္ဏားတဦး၏၊တယောက်တည်းသော သားငယ်ဖြစ်လာ၍၊ အမည် အားဖြင့် နန္ဒ သတို့သား-ဟူ၍ ထင်ရှားစွာမှည့်ခေါ်ကြကုန်၏။

ထို နန္ဒ သတို့သားသည်၊ အတတ်ပညာသင်ကြားရန်၊ အရွယ်သို့ ရောက်လတ်သော်၊ ပုဏ္ဏားတို့၏အလေ့အကျင့်ဖြစ်သော ဗေဒင်ကျမ်း တို့ကို၊ သင်ကြားရာ (မကြာမြင့်မီ)၊ တတ်မြောက်သိမြင်၍၊ ထိုဗေဒင် ကျမ်းတို့၌ လာသော စကားအစဉ်ကို၊ဆင်ခြင်စီစစ်လတ်သော်၊သံသ ရာဝဋ်၊ဘဝ ညွှတ်မှ၊လွတ်ထွက်နိုင်ရန် အကြောင်း၊တရားကောင်း, တ ရားစစ်,၊ အနှစ်သာရ, ဖြစ်သောစကားကို၊ မကြားရ, မတွေ့ရဖြစ်၍၊ ထိုဗေဒင်,ကျမ်းတို့၌လာသော အယူဝါဒတို့ကိုစွန့်ပယ်၍၊မိမိ၏အခြံအ ရံဖြစ်သော လေးသောင်း,-လေးထောင်သော ပုဏ္ဏားလုလင်ပျိုတို့နှင့်

အတူတကွ၊ ဟံသာဝတီ မြို့မှ၊ ထွက်ခွါခဲ့ကြ၍ ဟိမဝန္တာ တောင်၏အနီး (နိသဘ)မည်သော တောင်ခြေရင်း၌၊ သင်္ခမ်းကျောင်း, ဆောက်လုပ်ပြီးလျှင်၊ ရသေ့အသွင်၊ ဆင်ယင်ဝတ်စားလျက်၊ ကမ္မဋ္ဌာန်းတရား၊ ပွားများအားထုတ်လေရာ၊ (မကြာမြင့်မီ)ရှစ်ဖြာသောသမာပတ်၊ ငါးရပ်သော အဘိညာဉ် ဈာန်တရားတို့ကို၊ မိမိ၏ သန္တာန်၌၊ ဖြစ်ပွားရရှိလေ၏။

ထိုနောက်၊ မိမိတပည့်ပုဏ္ဏားလုလင်,လေးသောင်း,လေးထောင်, တို့အားလည်း၊ ထိုသူတို့၏စရိုက်နှင့်၊ ထိုက်တန်သင့်လျော်သော ကမ္မဋ္ဌာန်းတရား၊ဟောကြားဆုံးမလျက်၊ အစဉ်သဖြင့်နေရာ၊ ထိုတပည့်တို့သည်လည်း၊ ဆရာရှင်နှင့်အတူ၊ (မကြာမြင့်မီ) သာလျှင်၊ လောကီဈာန်ယှဉ်၊ အဘိညာဉ်တို့ကို၊ အသီး,အသီးရကြကုန်၏။

ဤသို့အားဖြင့်၊ထိုဆရာ,တပည့် ဖြစ်သော ရသေ့အပေါင်း,တို့သည်၊ တောမှိုပျော်မွေ့၊ သူတော်လေ့ဖြင့်၊ မမွေ့သော၊အပ္ပမာဒ,တရား၊ လက်ကိုင်ထား၍၊ နှစ်-အရေအတွက် အားဖြင့်၊ (သုံးသောင်း) တို့၊ကာလ တိုင်တိုင်၊ ထို (နိသဘ) မည်သော တောင်ခြေရင်း၌သာ၊ အစဉ်သဖြင့် နေထိုင်ကြကုန်၏။

ဤအဓိပ္ပါယ်ကို ပြခြင်းအကျိုးငှါ၊ (ထေရအပဒါန်-ပါဠိတော်၊ သုံးခုမြောက်သော သုဘူတိဝဂ်-သုဘူတိ)ဝတ္ထု၌၊ အောက်၌ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏။

(၁) ဟိမဝန္တဿာ,ဝိဒူရေ၊
နိသဘော-နာမ,ပဗ္ဗတော။
အဿမော,သုကတော မယှံ၊
ပဏ္ဏ-သာလာ,သု-မာပိတာ။ ။

(၁) ဟိမဝန္တဿ၊“ဟိမဝန္တာ”၊ လွန်သာယာသည့်၊ မာလာလှိုင်သင်း၊ဂနိုင်တွင်းဝယ်၊မြိုင်မင်း,မြဟာ၊သေလာ ရိပ်ဆိုး၊ တောအုပ်ကြီး၏။အဝိဒူရေ၊လူရှင်အများ၊ သွား,လာခရီး၊ မနီး,မဝေးသောအရပ်၌၊နိသဘောနာမ၊နိသဘ-အမည်ရှိသော။

ပဗ္ဗတော၊ မြင့်မောက်သီခေါင်၊စွင့်စွင့်ဆောင်သည့်၊ တောင်ကြီးသည်။ အတ္တိ၊ ထင်ရှားပကတိ၊တည်ရှိလေ၏။ ။တတ္ထ၊ မျိုးဇာတ်တူချင်း၊ပေါင်းသင်းတွေ့ဆုံ၊ သားငှက်စုံတို့၊ နေတုံပျော်မှန်၊ ထိုတောင်ယံ၌။ မယ့်ံ၊ **နန္ဒ**- မည်တွင်၊ ရသေ့ရှင်ဖြစ်သောငါသည်။ အဿမော၊ တရားယူမွေ့၊ သူတော်လေ့ဖြင့်၊ ရသေ့စံမြန်း၊ ကျောင်းသင်္ခမ်းကို။ သုကတော၊ သင့်တန်မျှရုံ၊ လုံးစုံပြီးမြောက်၊ ဆောက်လုပ်အပ်ပြီ။ ။မယ့်ံ၊ **နန္ဒ** မည်တွင်၊ရသေ့ရှင်ဖြစ်သောငါသည်။ တတ္ထ၊ထိုတောင်ခြေရင်း၌။ ပဏ္ဏသာလာ၊သစ်ရွက်မိုးအပ်၊တည်းခိုရန် ဇရပ်ကို။သု-မာပိတာ၊ နေပူ-မိုယ်းစွတ်၊ ကင်းလွတ်စေကြောင်း၊ကောင်းစွာပြုလုပ်အပ်၏။

(၂) ကောသိယောနာမ,နာမေန၊
ဇဋ္ဌိလော,ဥဂ္ဂ တာပနော။
*ကောကိကော အ-ဒုတီယော၊
ဝသာမိ,နိသဘေ,တဒါ။ ။

(၂) တတ္ထ၊ထိုတရားယူမွေ့၊သူတော်လေ့ဖြင့်၊ရသေ့စံမြန်း၊ ကျောင်းသင်္ခမ်း၌၊ နာမေန၊ ဘ, မိ, နှယ်ရိုး၊အမျိုးအမည်အားဖြင့်။ ကောသိယောနာမ၊ **ကောသိယ**- အမျိုးဖြစ်သော။ ဥဂ္ဂတာ-ပနော၊အစွာ-ရဒ္ဓ၊ဝီရိယဖြင့်၊ပြင်းပြစွာသောအကျင့်ရှိသော။ ဇဋ္ဌိလော၊ဆံကျစ်ထုံးနှောင်၊ရသေ့ဘောင်၌နေသော။အဟံ၊ **နန္ဒ**မည်တွင်၊ရသေ့ရှင်ဖြစ်သော ငါသည်။ နိသဘေ၊**နိသဘ** မည်သော တောင်ယံ၌။ တဒါ၊ထိုသို့တစေ၊ နေတုံအခိုက်၌။ ကောကိကော၊ ချစ်သူတွဲ၍၊နှဲ့ဘက်မပါ၊ကိုယ့်ချည်းသာလျှင်။ အ-ဒုတီယော၊ချစ်သူအဖေါ်၊မခေါ်ကိုယ့်ချည်း၊တယောက်

---

* (အတ္တနော,ပရိဝါရဘူတေဟိ, စတုစတ္တာလီသာယ, မာဏဝသဟဿေ-ဟိ,သဒ္ဓိံ,ပဗ္ဗတပါဒေ,ဈာသိပဗ္ဗဇ် ပဗ္ဗဇိတွာ။ ။ဟူသောအဋ္ဌကထာ စကားအရနှင့်။ ။၍(ကောကိကော,အဒုတီယော။) ဟူသော ပါဠိတော်စကားနှစ်ပြင်ကို၊ ဆင်ခြင်ဉာဏ်ဖြင့်၊ကြံဆ၍ယူတော်မူကြပါကုန်။)

တည်း သာလျှင်။ဝသာမိ၊ ရှေးရှေးပုံနှုန်း သူတော်ထုံးဖြင့်၊ နှလုံးကြည်သာ၊နေထိုင်ပါ၏။

(၃) ဖလ,မူလဉ္စ,ပဏ္ဏဉ္စ၊
နဘုဉ္ဇာမိ,အဟံ,တဒါ။
ပဝတ္တံ,ဝသုပါတာ,ဟံ၊
ဥပ-ဇီဝါမိ,တာဝဒေ။ ။

(၃) တဒါ၊ ထိုသို့တစေ၊ နေတုံအခိုက်၌။ အဟံ၊နန္ဒ-မည်တွင်၊ရသေ့ရှင်ဖြစ်သော ငါသည်။ ဖလဉ္စ၊ တည်သီး,စသော သစ်သီးမျိုးကိုရင်း=မူလဉ္စ၊ကြာစွယ်,ကြာရင်း, စသော အမြစ်မျိုးကိုရင်း=ပဏ္ဏဉ္စ၊ ကဗျည်း, ရွက်စသောအရွက်မျိုးကိုရင်း=(ဩစိနိတွာ၊ထိုမှ၊ဤမှ၊လှည့်လည်ရှာဖွေလျက်)န-ဘုဉ္ဇာမိ၊မစားခဲ့ချေ။ တာဝဒေ၊ထိုသို့တစေ၊နေတုံအခိုက်၌။အဟံ၊ နန္ဒ-မည်တွင်၊ရသေ့ရှင်ဖြစ်သောငါသည်။ပဝတ္တံ၊အလိုအလျောက်၊ဖြစ်မြောက်ပေါ်လာသော။ဝသု-ပါတံ၊အညာမှကြွေ၊သက်လျောလေ၍၊မြေသို့ကျလာသောအသီးအရွက်မျိုးကိုသာလျှင်။ ဥပ-ဇီဝါမိ၊ရှေးရှေးပုံနှုန်း၊သူတော်ထုံးဖြင့်၊ စားသုံး သက်မွေးပါ၏။

(၄) နာဟံ,ကောပေမိ,အာဇီဝံ၊
စဇမာနောပိ,ဇီဝိတံ။
အာရာဓေမိ,သကံ,စိတ္တံ၊
ဝိဝဇ္ဇေမိ,အနေသနံ။ ။

(၄) အဟံ၊ နန္ဒမည်တွင်၊ ရသေ့ရှင်ဖြစ်သောငါသည်။ ဇီဝိတံ၊ ရုပ်,နာမ်, နှစ်ချက်၊ မိမိအသက်ကို။ စဇ မာနောပိ၊ စွန့်ရစေကာမူလည်း=အာဇီဝံ၊ မိစ္ဆာ,မကျ၊စိတ်စင် ဖြူသည့်၊ သူတော်စင် တို့၏အသက်မွေးခြင်းကို။န ကောပေမိ၊တရားလွတ်ကင်း၊ စိတ်ပေါ့ပျင်းလျက်၊မချွတ်ယွင်း မဖျက်ဆီးပါအံ့။ ။သကံ စိတ္တံ၊ဘာဝနာညာဉ်၊ခါ-ခါ-ယှဉ်၍၊အစဉ်ဆို့

ပိတ်၊မိမိစိတ်ကို။အာရာမေမိ၊ဝမ်းသာ ရွှင်ဖိမ့်၊ဘဝင်စိမ့်မျှ၊ နှစ်သိမ့်ကြည်အေးပါစေအံ့။ ။အနေသနံ၊မိစ္ဆာသဘော၊ စိတ်ဝယ် စောလျက်၊ ရောနှော ယှက်စပ်၊ မအပ်သော ရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ နောင်အစဉ်ဖြင့်၊ ရှောင်ကြဉ် စွန့်ပယ်ပါအံ့။

(ဤမှနောက်၌၊နန္ဒ ရသေ့သည်၊ မိမိ၏စိတ်ကို၊ မိမိ-ဆုံးမပုံ-ပြဆိုသော ဂါထာတို့သည်၊ ပါဠိအစဉ်အားဖြင့်ရင်း၊အဓိပ္ပါယ်သဘောအားဖြင့်ရင်း၊ဥပမာအလင်္ကာရဏ်အားဖြင့်ရင်း၊လွန်စွာမှ၊မှတ်သားနည်းယူထိုက်လှပေ၏။ ။(သို့ရာတွင်)ဤကျမ်း၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏ အကျိုးကျေးဇူးကို၊ အထူးပြလို၍၊ ဤနေရာ၌ ၅-အမှတ်မှ၊ ၂၁-အထိ၊ ဂါထာတို့ကို အကျဉ်းချုံးအပ်ပါသတည်း။)

(၂၂) ဧဝံ မေ,ဝိဟရန္တဿ၊
အပ္ပမာဒ-ဝိဟာရိနော။
တိံသ,ဝဿာ,သဟဿာနိ၊
ပဝနေ,မေ,အတိက္ကမုံ။ ။

(၂၂) ဧဝံ၊ဤသို့ ကျင့်ပုံ, ကျင့်နည်း၊ နိဿယည်းဖြင့်။ အပ္ပမာဒ-ဝိဟာရိနော၊ မမေ့မလျော့၊ မပေါ့, မဆ,သော နေခြင်းရှိသည်ဖြစ်၍။ဝိဟရန္တဿ၊ တရားယူမွေ့၊ သူတော်လေ့ဖြင့်၊ မမေ့ဘယ်ခါ၊ ကောင်းစွာနေလေ့ရှိသော။ မေ၊ နန္ဒ-မည်တွင်၊ရသေ့ရှင်ဖြစ်သောငါအား။ ပဝနေ၊တောင်ခြေရိပ်ဌမ်း၊ ဆိပ်ငြိမ်ချမ်း၍၊ သခ်မ်းဆောက်လုပ်၊ တောအုပ်ကြီးထဲ၌။ တိံသ, ဝဿ, သဟဿာနိ၊ သချာတွက်စစ်၊ အနှစ် (သုံးသောင်း)တို့သည်။ အတိက္ကမုံ၊ တနေ့ တနေ့၊ ချိန်ခါရွေ့လျက်၊ကြုံတွေ့လွန်မြောက်၍သွားချေကုန်ပြီ။

ထိုအခါ၌၊ "နာရဒ" မြတ်စွာဘုရားရှင် ပွင့်တော်မူပြီးနောက်၊တခုသောအသင်္ချေကို လွန်မြောက်ပြီးခါ၊ ဤကပ္ပါမှပြန်၍ ရေတွက်သည်ရှိသော်၊ ကပ္ပါတသိန်းထက်၌၊ "ပဒုမုတ္တရ" မြတ်စွာဘုရားသခင်သည်၊ ထင်ရှားပွင့်တော်မူလာ၍၊ဟံသာဝတီပြည်ကို အမှီပြုလျက်၊ သီတင်းသုံး စံနေတော်မူဆဲအခါဖြစ်၏။

ထိုအခါ၊ တနေ့သ၌၊ ထိုမြတ်စွာဘုရား သခင်သည်၊ ဘုရားရှင်တို့၊ အစဉ်မချွတ်၊ ကျင့်ဝတ်တံထွာ၊ ဓမ္မတာအလျောက်၊မိုးသောက်ထအခါ၊မဟာကရုဏာသမာပတ်၊ဈာန်မြတ်ချမ်းသာ၊ ဝင်စားရာမှ၊ထ,တော်မူ၍နတ်,လူ,ဗြဟ္မာ၊ သတ္တဝါဟူ၊ ဝေနေသူကို၊ ကယ်ယူဆယ်တင်အံ့သောငှါ၊ လောကဓာတ်လုံး၊ တိုက်နယ်ဆုံးအောင်၊သိမ်းရုံးကြည့်ရှုတော်မူ၏။

ထိုအခါ၊နန္ဒ-မည်တွင်၊ရသေ့ရှင်၏၊တပည့်ဖြစ်သော ပုဏ္ဏားလုလင်ပျိုတို့၏၊ အရဟတ္တဖိုလ်၊ နန်းရိပ်ခို၍၊ ထိုထိုရဟန္တာပုဂ္ဂိုလ်၏အဖြစ်သို့၊ ရောက်အံ့သည်ကိုဥင်း=ထို နန္ဒ မည်တွင်၊ ရသေ့ရှင်၏ပင်လျှင်လည်း၊ နောက်၌ ပြဆိုလတ္တံ့သော နှစ်ပါးသော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသော မဟာသာဝက အဖြစ်ကို၊ အားသစ်ရည်သန်၍၊ဆုပန်ဆင်ယင်အံ့သည်ကိုဥင်း=ရွှေဉာဏ်တော်ဖြင့်၊ မြင်သိတော်မူသောကြောင့်၊ နံနက်စောစောကပင်လျှင်၊ ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍၊ သပိတ်,သင်္ကန်း၊လှမ်းယူ-ဝတ်ဆင်တော်မူလျက်၊ နောက်ပါ, ရဟန်းတပါးမျှ၊ ခေါ်ဆောင်တိုင်ပင်ခြင်းကို၊ ပြုတော်မမူဘဲ၊ သား-များသေဌ်နင်း၊ ခြင်္သေ့မင်းကဲ့သို့၊ ကိုယ်တော်မြတ် တပါးတည်းသာလျှင်၊ ကောင်းကင်လမ်းဖြင့်၊ ကြွမြန်းတော်မူလျက်၊ နန္ဒ မည်တွင်၊ ရသေ့ရှင်၏၊တပည့်ကြီးငယ်တို့၏၊သစ်သီးကြီး,ငယ်၊စားသောက်ဘွယ်ရာ၊ရှာဖွေသွားလာနေခိုက်၊ငါ၏သုံးဘုံထင်ရှား၊မြတ်စွာဘုရားရှင်၏အဖြစ်ကို၊ သိစေအံ့သတည်း=ဟု၊ ဆောက်တည်ရည်မှတ်လျက်၊ နန္ဒ မည်တွင်၊ ရသေ့ရှင်,ကြည့်၍နေစဉ်ပင်သာလျှင်၊ကောင်းကင်ထက်မှ၊ သက်ဆင်းခဲ့၍ ညီညွတ်သောမြေအပုံ၌၊ခြေစုံမတ်မတ်၊ ရပ်တန့်တည်နေတော်မူ၏။

ထိုသို့ကြွရောက်တော်မူလာပုံ၊ အခြင်းအရာတို့ကို၊နန္ဒ-ရသေ့မြင်၍၊ သဒ္ဒါပိုမို၊ ကြည်ညိုနှစ်သက်ခြင်း,ဖြစ်ရကား=အောက်၌ ဘော်ပြအပ်သော ဂါထာတို့ဖြင့်၊ ချီးကျူး မြွက်ဆိုလေသတည်း။

(၂၃) အပ္ပမာဒ-ရတံ,ဒိသွာ၊
ဥတ္တမ-တ္ထံ,ဂဝေသကံ။
ပဒု မု-တ္တရ,သမ္ဗုဒ္ဓေါ၊
အာဂစ္ဆိ, မမ,သန္တိကံ။ ။

(၂၃) ဥတ္တ-မတ္ထံ၊ အလိုရှိအပ်၊ မြတ်သောအကျိုးကို။ ဂဝေသကံ၊ ပါရမီရင့်၊သမ္ဗောဓိမြင့်ဘို့၊ကျင့်ကြံရှာမှီး၍ နေသော၊အ-ပ္ပမာ-ဒရတံ၊ ပညာ ဉာဏ်ဖြင့်၊ အမှန်သိ၍၊သတိမပေါ့၊မမေ့လျော့ခြင်း၌၊မွေ့လျော်သော။မမံ၊ နန္ဒ မည်တွင်၊ ရသေ့ရှင်ဖြစ်သောငါ့ကို။ ပဒု မု-တ္တရ—သမ္ဗုဒ္ဓေါ၊ ရွှေကြာပဒုံ၊ ပန်းဝတ်မှုံတို့၊မွေးထုံကြိုင်စွာ၊ ကဲ့-ပမာသို့၊ ငဲ့ညှာသနား၊ ဝေနေအားကို၊ တရားအောင်စည်၊ဆော်ရွှမ်းလည်က၊ မွေးရည်ပျံ့ထုံ၊ ရနံ့ဂုဏ်ကြောင့်၊ပဒုမု-တ္တရ၊အမည်ရတော်မူသောမြတ်စွာဘုရားရှင်သည်။ ဒိသွာ၊ ဉာဏ်တော်ကွန်ယက်၊ ဖြန့်ကျက်ဆင်ခြင်၊ သိမြင်တော်မူလတ်၍။ မမ၊ နန္ဒ မည်တွင်၊ ရသေ့ရှင်ဖြစ်သောငါ၏။ သန္တိကံ၊ ရွှေရှုမျက်မှောက်၊ မြင်လောက်ရာဖြစ်သောအနီးအရပ်သို့။အာဂစ္ဆိ၊အဘိညာဉ်မျိုး၊ဈာန်တန်းခိုးဖြင့်၊မိုးပြင်လမ်းမှ၊လှမ်းကြွသက်ရောက်တော်မူလာခဲ့လေပြီ။

(၂၃) တိမ္ဗရုသက-ဝဏ္ဏာဘော၊
အပ္ပမေယျော,အနူပမော။
ရူပေနာ-သဒိသော,ဗုဒ္ဓေါ၊
အာကာသေ,စင်္ကမိ,တဒါ။ ။

(၂၄) တိမ္ဗရုသက ဝဏ္ဏာဘော၊ မှည့်ရင့်လေပြီး။ **ရွှေတည်** သီး၏၊ ထိန်ညီးဝါဝင်း၊ ပုံအဆင်းနှင့်၊ မယွင်းအမှန်၊သဏ္ဍာန်တမူ၊ တူမျှသော ကိုယ်တော်မြတ် အဆင်းရှိတော်မူသော။ အပ္ပ-မေယျော၊လူ့ပြည်,နတ်ရပ်၊ဂုဏ်ဒြပ်ဖြင့်၊နှိုင်းအပ်သသူ၊အတူရှိတော်မမူသော၊ အနူပမော၊ ဤနည်း ဤပုံ၊ဖြစ်လေတုံဟု၊ တစုံတခု၊ နှိုင်းပြုဆိုရာ၊ ဥပမာ,ရှိတော်မမူသော။ ရူပေန၊သုံး

ဆယ့်နှစ်ဖြာ၊ လက္ခဏာ ဂုဏ်တို့ဖြင့် ပြည့်စုံစွာ-တင့်တယ်သောကိုယ်တော်မြတ်အဆင်းတော်အားဖြင့်။အသဒိသော၊ လောကဓာတ်၌၊ နှိုင်းအပ်သသူ၊ အတူ ရှိတော်မမူသော။ (ဗုဒ္ဓေါ၊ သစ္စာလေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရားရှင်သည်)။ တဒါ၊ ထိုတောနက်မြိုင်ခြေ၊နေတုံစဉ်အခိုက်၌။ အာကာသေ၊ ကောင်းကင်ပြင်၌။စင်္ကမိ၊ထို-၍ ရှေ့နောက်၊ တုံ့ခေါက်မနား၊ ဈာန်ယာဉ်အားဖြင့်၊ ကြွသွားတော်မူ၏။

(၂၅) သုဖုလ္လော,သာလရာဇာ-ဝ၊
ဝိဋ္ဋပ-ဝ-ဗ္ဘ-ဃနန္တရေ။
ဉာဏေနာ-သဒိသော,ဗုဒ္ဓေါ၊
အာကာသေ,စင်္ကမိ,တဒါ။ ။

(၂၅) သု ဖုလ္လော၊ ဖူးပွင့်ဆိုင်ရာ၊ခိုင်အညာ ဝယ်၊ ပြိုင်လာအသင့်၊ ကြိုင်စွာ တင့်၍၊ အပွင့် စည်ရုံး၊ မြင်မဆုံးအောင်၊ ပင်လုံးကျွတ်ပွင့်ဝေသော။ သာလ ရာဇာ ဝ၊ လေယူသွင်းက၊ သင်းပျံ့အေးချို၊ တောလုံးစိုသည့်၊ အင်ကြင်းပင်ပျိုကြီးကဲ့သို့ရင်း။

အဗ္ဘ-ဃနန္တရေ၊တခဲနက်မှောင်၊မဲကွက် ဆောင်သည့်၊တိမ်တောင်,တိမ်လိပ်တို့၏ အကြား၌။ ဝိဋ္ဋပ-ဝ၊ ရောင်စုံ ပြက်သန်း၊ ရှုမခန်းသည့်၊ လျှပ်ပန်း,လျှပ်စစ်နွယ်ကဲ့သို့ရင်း။

ဉာဏေန၊ သိအပ်သမျှ၊ ဓမ္မ ဥဿုံ၊ လုံးစုံသိမြင်၊ ဉာဏ်၌ထင်သည့်၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့်။ အသဒိသော၊ လောက ဓာတ်၌၊ နှိုင်းအပ်သသူ၊အတူရှိတော်မမူသော။(ဗုဒ္ဓေါ၊သစ္စာလေးအင်၊သိမြင်ထင်ရှား၊ မြတ်စွာဘုရား ရှင်သည်)။ တဒါ၊ ထိုတောနက် မြိုင်ခြေ၊ နေတုံစဉ်အခိုက်၌။ အာကာသေ၊ကောင်းကင်ပြင်၌။စင်္ကမိ၊ ထို၍,ရှေ့နောက်၊ တုံ့ခေါက်မနား၊ ဈာန်ယာဉ်အားဖြင့်၊ ကြွသွားတော်မူ၏။

(၂၆) - သီဟရာဇာ-ဝ,ဆမ္ဘိတော၊
ဂဇရာဇာ-ဝ,ဝမ္ဘိတော။
လာသိတော,ဗျဂ္ဃရာဇာ-ဝ၊
အာကာသေ,စင်္ကမိ,တဒါ။ ။

(၂၆) အဆမ္ဘိတော၊ တောနက် မြိုင်ပူ၊ ကျောက် ရွှေဂူ၌၊ ဆူဆူ ဝှမ်းတောက်၊ဟိန်းမြည်ဟောက်လျက်၊ မကြောက်မရွံ့၊ရဲဝံ့ မာန်တင်းသော။ သီဟရာဇာ ဝ၊ကေသရာဇာတ်၊ခြင်္သေ့မြတ် ကဲ့သို့။ အဆမ္ဘိတော၊လောကဓာတ်မြိုင်၊ဂနိုင်ထက်ဝယ်၊ပြိုင် ဘက် မပူ၊ တဆူ မောက်မောက်၊ ဘုန်းရောင် တောက်၍၊ မကြောက်မရွံ့၊ ရဲဝံ့သော စိတ်ရှိတော်မူသော။ ဝမ္ဘိတော၊ ကကြိုးတန်းဆာ၊ အဖြာဖြာကို၊ မကွာထက်ချပ်၊ ဆင်ယင် အပ်သော။ ဂဇ-ရာဇာ-ဝ၊စီးတော်ဆင်ကဲ့သို့။ ဝမ္ဘိတော၊ သီ လ,သမာ၊ ချပ်တန်းဆာကို၊ မကွာထက်ချပ်၊ ဆင်ယင်အပ် တော်မူသော။လာသိတော၊လွန်စွာသပ်ယပ်၊ ထူးမြတ်တင့် တယ်သော။ဗျဂ္ဃ-ရာဇာ-ဝ၊ ကျားမင်းကဲ့သို့။လာသိတော၊ သုံးဆယ့်နှစ်ဖြာ၊ကိုယ်အင်္ဂါ၌၊ လက္ခဏာဂုဏ်တို့နှင့်၊ပြည့်စုံ တင့်တယ်တော်မူသော။ (ဗုဒ္ဓေါ၊ သစ္စာ လေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်သည်။) တဒါ၊ ထို-တောနက် မြိုင်ခြေ၊ နေတုံစဉ်အခိုက်၌။ အာကာသေ၊ ကောင်းကင်ပြင် ၌။စက်မိ၊ ထို, ဤ,ရွှေနောက်၊ တံ့ခေါက်မနား၊ရှာန်ယာဉ် အားဖြင့်၊ကြွသွားတော်မူ၏။

(၂၇) သိင်္ဂီ-နိက္ခ,သ-ဝဏ္ဏာ-ဘော၊
ခဒိရ-င်္ဂါရ-သန္နိဘော။
မဏိ ယထာ,ဇောတိရသော၊
အာကာသေ,စက်မိ,တဒါ။ ။

(၂၇) သိင်္ဂီ-နိက္ခ, သ-ဝဏ္ဏာ-ဘော၊ လှော်စင် ရောင်ဖိတ်၊ မှောင် မမှိတ်သဖြင့်၊သိင်္ဂီနိက် ရွှေအဆင်းကဲ့သို့၊ ဝါဝင်း တောက်ပ သော ကိုယ်တော်မြတ်အဆင်းရှိတော်မူသော။ ခဒိရ-င်္ဂါရ- သန္နိဘော၊ ရဲရဲညီးညီး၊ ရှားမီးကြီးနှင့်၊ စံမှီးယှဉ်ဆ၊ တူမျှ သော ကိုယ်တော်မြတ်အဆင်းရှိတော်မူသော။မဏိယထာ, ဇောတိရသော၊ဇောတိရသ၊ မနောမြ,တွင်၊ကျောက်မျက် ရှင်သို့၊ကြည်လင်တောက်ပသော ကိုယ်တော်မြတ် အဆင်း

ရှိတော်မူသော။(ဗုဒ္ဓေါ၊ သစ္စာလေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်သည်။) တဒါ၊ ထို-တောနက်မြိုင်ခြေ၊နေ တုံစဉ်အခိုက်၌။အာကာသေ၊ကောင်းကင်ပြင်၌။စက်မိ၊ ထို့, ဤ-ရွှေ,နောက်၊တို့ ခေါက်မနား၊ရှာန်ယာဉ်အားဖြင့်၊ ကြွ သွားတော်မူ၏။

(၂၀) ဝိသုဒ္ဓ,ကေလာသ,နိဘော၊
ပုဏ္ဏမာယေဝ,စန္ဒိမာ။
မဇ္ဈန္ဟိကေဝ,သူရိယော၊
အာကာသေ,စက်မိ,တဒါ။ ။

(၂၀) ဝိသုဒ္ဓ,ကေလာသ,နိဘော၊ တဆင့် တဆင့်၊နိမ့်မြင့်ယောင် ယောင်၊ဘော်ငွေရောင်သို့၊ တောက်ပြောင် စင်ကြယ်သော (ကေလာသ) တောင်ကြီး ကဲ့သို့၊ ညီးညီး, ပြောင်ပြောင်၊ တောက်လောင် ထွန်းပသော ကိုယ်တော်မြတ် အဆင်းရှိ တော်မူသော။ပုဏ္ဏမာယ၊ ပန္နရသီ၊အညီစေ့သည့်၊ လပြည့် နေ့၌။ စန္ဒိမာ ဝ၊ သော်တာ ယုန်နန်း၊ လပြည့် စန်းကဲ့သို့ ၎င်း။ ။မဇ္ဈန္ဟိကေ၊ရောင်ဝါဝန်းလှည့်၊ တောက်ထွန်းပြည့် ၍၊ မွန်းတည့်သော အချိန်၌။ သူရိယောဝ၊ နဘာ-န္တရာ၊ အ လှုံ့ဖြာသည့်၊ ဖလ်ဝါ-နေဝန်းကြီး ကဲ့သို့၎င်း။ ။(ဗုဒ္ဓေါ၊ သစ္စာလေးအင်၊ သိမြင် ထင်ရှား မြတ်စွာဘုရားရှင်သည်။) တဒါ၊ထို-တောနက်မြိုင်ခြေ၊ နေတုံစဉ်အခိုက်၌။အာကာ- သေ၊ ကောင်းကင်ပြင်၌။ စက်မိ၊ ထို, ဤ-ရွှေ, နောက် တို့ ခေါက်မနား၊ ရှာန်ယာဉ်အားဖြင့်၊ ကြွသွားတော်မူ၏။

ဤသို့အားဖြင့်၊ ရွှေရှုမျက်မှောက်၊ ကြွရောက်တော် မူလာသော အခါ၊ နန္ဒ-မည်တွင်၊ရသေ့ရှင်သည်၊ မြတ်စွာဘုရားသခင်၏ လက္ခဏာ တော်ကြီး,ငယ်၊ အသွယ်သွယ်တို့ဖြင့်၊ တင့်တယ် ပြည့်စုံတော်မူသည်၏ အဖြစ်ကို မြင်၍- ဤပုဂ္ဂိုလ် မြတ်သည်ကား= ဘုန်းတော်ရောင်ရှိန်၊ တထိန်ထိန်ဖြင့်၊ ဝတီ စိုးစံ၊ မိုးယံ ပျော်ပါး၊ နတ် သိကြားပင်, ဖြစ်လေ

တော့သလော –(ယိုးယိုးဟုတ်ချေကလည်း)လူ့ပြည် လူ့ရပ်၊ လူတို့ဇာတ်၌၊ ထူးမြတ်သော လူယောက်ျားပင် ဖြစ်လေသလော–

ဤသို့အားဖြင့်၊ အသင်း ရုပ်ရည်၊ ကြည်လင် ထူးခြား၊ လူယောက်ျားကို၊ စကားမျှဖြင့်လည်း၊ မကြားရ,စဘူးချေ။

မျက်မှောက်ထင်ထင်၊မြင်လည်း, မမြင်ရ, စဘူးချေ=ထူးဆန်းပေစွ=တကား-

ဟု၊ အံ့အားသင့်၍နေ၏၊ ထိုနောက်မှ၊လက္ခဏာဘတ်ကျမ်းတို့ဖြင့်၊ စမ်းသပ်ဆင်ခြင်ကြည့်ရှုလတ်သော်–

ဤမည်သော လက္ခဏာ ဂုဏ်တို့နှင့် ပြည့်စုံညီညွတ်သော သူတို့မည်သည်ကား– အိမ်ရာတည်ထောင်၊ လူတို့ဘောင်၌၊ ဆောင်ရွက်နေထိုင်ခဲ့မူ၊ လေးကျွန်းသေဌ်နင်း (စကြဝတေး) မင်းကြီးဖြစ်ရာ၏၊

သာသနာတော်၌၊ ဆောင်ရွက်နေထိုင်ခဲ့မူ၊ လောကမျက်ရှု၊ သဗ္ဗညု-ဟု၊အတုမထင်၊ မြတ်စွာဘုရားရှင်၊ စင်စစ်ဖြစ်ရာ၏။

ယင်းသို့- ဖြစ်ရကား၊ ဤယောက်ျားသည်၊ ယောက်ျားမြတ်ဝိဝိ၊ အာဇာနည်စင်စစ်၊ မြတ်စွာဘုရားရှင်ပင်ဖြစ်ရာ၏– ဟု၊ သိမြင်၍၊ ခရီးဦးကြိုဆိုခြင်းကို ပြု၍၊ ရှိခိုးပြီးလျှင်၊ နေရာခင်း၍ပေးလှူတော်မူ၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ခင်းထားအပ်သောနေရာ၌၊ထိုင်နေတော်မူ၏၊နန္ဒမည်တွင်၊ရသေ့ရှင်သည်လည်း၊ မိမိအား သင့်လျော်သောနေရာကိုယူ၍၊ ထိုနေရာ၌ ထိုင်နေလေ၏။ ထိုသို့မြတ်စွာဘုရားရှင်နှင့်၊ နန္ဒ-ရသေ့တို့၊ အတူတကွထိုင်နေကြစဉ်ပင်၊ ယခင်က၊ သစ်သီး,ကြီးငယ်၊စားသောက်ဘွယ်တို့ကို၊ ရှာဖွေယူဆောင်ရန်၊ သွားကြကုန်သော လေးသောင်း,လေးထောင်ကုန်သော တပည့်လုလင်ရသေ့တို့သည်၊မွန်မြတ်သည်ထက် မွန်မြတ်၍၊သြဇာ, အရသာ, ရှိကုန်သောသစ်သီးကြီး,ငယ်တို့ကိုဆောင်ယူ၍၊ဆရာရှင်၏အထံမှောက်သို့၊ ပြန်ရောက်လာကြသော်=သုံးလူ့ထွတ်တင်၊ မြတ်စွာ ဘုရားရှင်၏

ငင်း=ဆရာရင်းဖြစ်သော **နန္ဒ** - ရသေ့၏ရင်း=မနီးမဝေးယှဉ်ပြိုင်၍၊ ထိုင်နေကြပုံကိုကြည့်၍၊ ဤသို့စကားပြောကြားကြကုန်၏။

မြင်းမိုရ်မေရု၊ မြေအထုနှင့်၊ နှိုင်းပြုစံပြ၊ ဆိုကုန်ကြလည်း၊ မ,က—မြားမြင်၊ ဂုဏ်ပေါင်းဆင်သည့်၊ ဆရာရှင်....။

ရှေး-ယခင်ကမူ၊ဤဇမ္ဗူဒီပေ၊ မြေအပြင်၌၊ ဆရာရှင်ထက်၊ ဂုဏ်အင်အားဖြင့်၊ကြီးမားမြင့်မြတ်သောသူ=မရှိဟူ၍မှတ်ထင် ယုံကြည်ပါကုန်၏။

ယခုမူကား=ဤယောက်ျားသည်၊ ဆရာရှင်ထက်ပင်၊ဂုဏ်အင်အားဖြင့်၊ ကြီးမားမြင့်မြတ်ပေ၏=တကား,ဟု၊ မှတ်မှားကြကုန်,၏-ဟူ၍၊ပြောဆိုကြကုန်၏။
ထိုအခါ၊ **နန္ဒ**-မည်တွင်၊ရသေ့ရှင်သည်၊ဤသို့စကား၊ပြောကြားမိန့်ဆို၏။

(အို) ငါ၏-ထံရင်း၊ ခ-ဝပ်-စင်းသည့်၊အချင်းတပည့်တို့....။
အသင်တို့သည်ကား=ဤလောက၌၊ မပြောပဘွယ်၊သေးငယ်သောအရာဖြစ်သော **မုန်ညင်းစေ့** နှင့်၊ ရှစ်သောင်း,လေးထောင်၊ နှစ်ပြန်ဆောင်သည့်၊**မြင်းမိုရ်တောင်** မင်းကြီးကို၊ နှိုင်းယှဉ်ခြင်းကို၊ အလိုရှိကြကုန်၏။

သုံးလူ့ထွတ်တင်၊မြတ်စွာဘုရားရှင်နှင့်=ငါ့သို့,သူစား၊ အတူထား၍၊ ပြောကြားနှိုင်းယှဉ်ခြင်းကို၊ မပြုအပ်ပေကုန်= ဟူ၍၊တားမြစ်ပြောဆိုလေ၏။

ထိုအခါ၊ တပည့်ဖြစ်ကြကုန်သော ဈာနလာဘီ၊ တောခိုပျော်မွေ့ ရသေ့အပေါင်းတို့သည်၊ ဆရာရှင်ဖြစ်သော **နန္ဒ**-ရသေ့၏၊ ဖွင့်ဆိုမြွက်ကြား(ဥပမာ)စကားကို၊ ကြားနာကြရကုန်သဖြင့်-ဤသူယောက်ျား၊ အမျိုးသားသည်၊ မမှားကေန်၊ မြင့်မြတ်ရိုးမှန်ပေ၏၊ ယောက်ျားမြတ် ဖိဖိ၊ အာဇာနည်, စင်စစ်၊ မြတ်စွာဘုရားရှင်ပင်, ဖြစ်ရာ၏=ဟူ၍၊ ယုံကြည်ကြကုန်လျက်၊ တရာ့ရှစ်ကွက်၊စက်မြတ်အစုံ၊ ကြာပဒုံ၌၊ ဦးပုံညွတ်ပျောင်း၍၊ ဦးခေါင်းဖြင့်၊ ရှိခိုး ပူဇော်ကြကုန်၏။

ထိုအခါ၊ဆရာရှင်ဖြစ်သော နန္ဒ-ရသေ့သည်။တပည့်ဖြစ်သောရသေ့ အပေါင်းတို့ကို၊ ဤသို့စကား၊ ပြောကြားမိန့်ဆိုလေ၏။

(အို) အချင်းတပည့်တို့၊ (အသင်)တို့, (အကျွန်ုပ်) တို့မှာ၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်၌၊ ကြည်လင်သော စိတ်ဖြစ်လျက်၊သင့်တင့်လျောက်ပတ်သော လှူဒါန်းဘွယ်ဝတ္ထုတို့သည်၊ အဘယ်ဝတ္ထု=ဟူ၍၊ တခုမျှမရှိချေ။

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် လည်း၊နံနက်မိုးသောက်၊ နေဝန်းတောက်,စ-အခါကပင်၊ ကြွရောက် တော်မူလာချေ၏။

(အသင်)တို့,(အကျွန်ုပ်)တို့သည်၊ အရည၀ါသီ၊ တောမှီပျော်မွေ့၊ တောခရေ့ဖြင့်၊ ရသေ့ဘာဝ, အလိုက်၊ ထိုက်တန်သောသစ်သီးကြီး, ငယ်၊ အသွယ်သွယ်တို့ကို၊ လှူဘွယ်ရာဝတ္ထုပြု၍၊ ကပ်လှူကြကုန်အံ့။

အသင်တို့သည်၊ကောင်းမွန်ထူးဆန်း၊ရသာပြွမ်းလျက်၊လှူဒါန်းဘွယ် ရာဖြစ်သော သစ်သီးကြီး,ငယ်တို့ကို၊ ယူဆောင်ကြကုန်လော-ဟု၊ခိုင်း စေလေ၏ ။

ထိုအခါ၊ ရသေ့အပေါင်းတို့သည်၊ တောတောင်အတွင်းသို့ဝင်၍ သစ်သီး,ကြီးငယ်၊ စားသောက်ဘွယ်တို့ကို၊ ရှာဖွေယူဆောင်၍ ပြန် ရောက်လာကြသောအခါ၊ မိမိ၏လက်ဖြင့်၊ ဆေးကြောသုတ်သင်၊ ပြုစီ ရင်၍၊ ကြည်လင် ဝမ်းမြောက်စွာ၊ မိမိကိုယ်တိုင်၊ မြတ်စွာဘုရားရှင်၏၊ သပိတ်တော်တွင်းသို့၊ထည့်သွင်း၍ ကပ်လှူလေ၏။

ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊ထိုသစ်သီးကြီးငယ်၊ လှူဒါန်းဘွယ်တို့ကို၊ အလှူခံသောအခါ၌၊နတ်တို့သည်၊ နတ်တို့ သြဇာ၊ အရသာတို့ကို၊ ထည့်သွင်း၍၊ ကပ်လှူကြကုန်၏။

ထိုနောက်၊ နန္ဒ-ရသေ့သည်၊ မိမိကိုယ်တိုင်၊ ရေကို (ရေစစ်)ဖြင့်စစ် ယူ၍၊ လှူဒါန်းပူဇော်၏။ ။မြတ်စွာဘုရားသခင်သည်၊ နတ်တို့သြဇာ၊ ရသာပြည့်ရွှမ်း၊ သစ်သီးဆွမ်းကိုပင်၊ ရွှင်လန်းဝမ်းမြောက်စွာ၊ ဘုဉ်း ပေးသုံးဆောင်တော်မူပြီး၍၊ တပါးတည်း, သီတင်းသုံး စံနေတော် မူ၏။

ထိုအခြင်းအရာကို၊ **နန္ဒ**-ရသေ့မြင်၍၊ မိမိ၏တပည့်ဖြစ်သော လေးသောင်း,လေးထောင်၊ကုန်သော ရသေ့တို့ကိုခေါ်၍၊မြတ်စွာဘုရားရှင်၏ အထံတော်၌၊ ကြည်လင် ဝမ်းမြောက်ဘွယ်ရာ ဖြစ်သော စကားတို့ကို၊ လျှောက်ထား ပြောဆိုစေ၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်လည်း၊ ငါ၏တပည့်သား၊ ရဟန်းအပေါင်းတို့သည်၊ ငါ၏မျက်မှောက်၊ ရှေးတော် အောက်သို့၊ ရောက်လာကြ စေသတည်း-ဟု၊ စိတ် အကြံ ဖြင့်၊ အဓိဋ္ဌာန်ပြုတော်မူပြန်၏။

ထိုအခါ၊ ရဟန်းအပေါင်းတို့သည်၊ မြတ်စွာဘုရားသခင်၏၊ စိတ်အကြံပြုတော်မူသည်ကိုသိ၍၊ **တသိန်း** အတိုင်းအရှည် ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း၊ အဘိညာဉ်ဈာန်ဖြင့်၊ ကောင်းကင်ယံခရီးမှ ကြွလာကြ၍၊ မြတ်စွာဘုရားရှင်၏၊ထံပါး မျက်မှောက်၊ရှေ့တော် အောက်သို့၊ကပ်ရောက်ဝပ်လျှိုး၊ ရှိခိုးဦးညွတ်လျက် တည်နေကြကုန်၏။

ထိုအခါ၊ **နန္ဒ**-ရသေ့သည်၊ ဤသို့တဖန်၊ စိတ်အကြံဖြစ်ပြန်၏။

(အို) ဈာနလာဘီ၊ဉာဏ်ဝသီဖြင့်၊တောမှီပျော်မွေ့၊ရသေ့အပေါင်း၊ တပည့်ကောင်းတို့····။

သုံးဘုံထင်ရှား၊ မြတ်စွာဘုရားရှင်၏။ သီတင်းသုံးစံနေတော် မူရာ အရပ်သည်၊ နိမ့်ကျ၍ နေ၏။

**တသိန်း** သောရဟန်းတို့၏နေဘို့ရာ၊နေရာ-ဟူ၍လည်း,မရှိဖြစ်၏။

ယင်းသို့ဖြစ်၍၊ အသင်တို့သည်၊ လောကမျက်ရှု၊ သဗ္ဗညု-ဟု၊ အတုမထင်၊ မြတ်စွာဘုရားရှင်အားရင်း=ထိုမြတ်စွာဘုရားရှင်၏၊ တပည့်သား **တသိန်း** သော ရဟန္တာပုဂ္ဂိုလ်တို့အားရင်း=ညွတ်တွားကော်ရော်၊ ပူဇော်သက္ကာရအမှုကို၊ ပြုခြင်းငှါထိုက်ပေ၏။

ထို့ကြောင့်အသင်တို့သည်၊တောဖျားရဂုံ၊ပန်းစုံ-ညွန့်ဖူး၊ဟေမဝါမြှင်၊ သေလာဆိုင်သည့်၊ ဂနိုင်ဥူးဝယ်×အထူးအဆန်းဆုံးဖြစ်သော အဆင်း, အမျိုးမျိုး+အနံ့,အမျိုးမျိုးတို့နှင့် ပြည့်စုံသော ပန်းပွင့်,ပန်းခိုင်၊ အဆိုင်ဆိုင်တို့ကို၊ ကိုယ်တိုင်+ ကိုယ်တိုင် သည်ပိုးဆောင်ယူကြကုန်လော=ဟု၊မိန့်ဆိုခိုင်းစေလေ၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်၏၊ ဇလ္ဒိဝိသယ၊ အစိန္တေယျ တန်းခိုးတော်ဂုဏ်၏အစွမ်းဖြင့်၊ ထိုရသေ့အပေါင်းတို့သည် တခဏခြင်းဖြင့်ပင်၊ တောတောင်အတွင်းမှ၊ အဆင်းအမျိုးမျိုး+အနံ့ အမျိုးမျိုးတို့နှင့် ပြည့်စုံသော ပန်းပွင့်,ပန်းခိုင်၊အဆိုင်ဆိုင်တို့ကို၊ ကိုယ်တိုင်+ကိုယ်တိုင်ယူဆောင်၍၊ တယူဇနာခန့်၊ အပြန့် ကျယ်ဝန်းသော ပန်းဖြင့် ခင်းအပ်သော မြတ်စွာဘုရားရှင်၏နေရာကိုရင်း။

သုံးဂါဝုတ်ခန့်၊အပြန့်ကျယ်ဝန်းသောပန်းဖြင့်ခင်းအပ်သော''**အဂ္ဂသာဝက**'' ရဟန်း ငယ်တို့၏နေရာကိုရင်း။

ယူဇနာဝက်ခန့်၊ အပြန့် ကျယ်ဝန်းသော ပန်းဖြင့် ခင်းအပ်သော ကြွင်းသောရဟန်းတို့၏နေရာကိုရင်း။

တဥသဘ,ခန့်၊ အပြန့် ကျယ်ဝန်းသော ပန်းဖြင့် ခင်းအပ်သော ''**သံဃနဝက**'' ရဟန်းငယ်တို့၏နေရာကိုရင်း-ကောင်းစွာခင်းထားကြကုန်၏။

ထိုသို့ ကောင်းစွာပြုပြင်၊စီရင်ခင်းထားအပ်ပြီးသော်၊နန္ဒ-မည်တွင်၊ ရသေ့ရှင်သည်၊ မြတ်စွာဘုရားရှင်၏ အနီးထံပါးသို့၊ဝပ်တွားချဉ်းကပ်လျက်၊ ရိုသေစွာရှိခိုး၍၊ ဤသို့ စကားလျှောက်ကြား၏။

ဘုန်းခြောက်ပါးသခင်၊ အရှင်မြတ်ဘုရား....။

''အကျွန်ုပ်တို့၏၊ ကာလ မြင့်ကြာ၊ သံသရာ၌၊ ခန္ဓာ စဉ်လျက်၊ အဆက်ဆက်ဖြင့်၊ ကျင်လည်၍ နေရဆဲ ဖြစ်သော အခါ၊ ဆင်းရဲကင်း၍၊ ပွင့်လင်းချမ်းသာ၊ အဖြာဖြာနှင့်၊ မင်္ဂလာ ကောင်းကျိုး၊ အမျိုးမျိုးတို့၊ ပွားတိုး ကြီးမြင့်ပါစေခြင်းငှါ၊သင်းပျံ့မွှေးထုံ၊ ပန်းမျိုးစုံတို့ဖြင့်၊စုပုံ ဖြန့်ခင်း၍၊သန့်ရှင်းသော ဤ(**ပန်းမွေ့ရာ**)အထက်သို့၊ တက်ရောက်တော်မူ၍၊ သီတင်းသုံး, စံနေတော်မူပါဘုရား=ဟု၊ ဝပ်တွား၍ လျှောက်ဆိုလေ၏။

ဤအဓိပ္ပါယ်ကို ပြခြင်း အကျိုးငှါ၊ အောက်၌ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏။

(၂၉) ဒိသွာန,တံ စက်မန္တိ၊
စဝံ,စိန္တေသ-ဟံ,တဒါ။
ဒေဝေါ,နုခေါ,အယံ သတ္တော၊
ဥဒါဟု,မနုဇော,အယံ။ ။

(၂၉) တဒါ၊ထိုအခါ၌။စက်မန္တိ၊ထို,ဤ-ရှေ့,နောက်၊ တုံ့ခေါက်မနား၊ စကြိုသွား၍ နေသော။ တံ၊ ထိုသုံးလူ့ထွတ်တင်၊ မြတ်စွာ ဘုရားရှင်ကို။ ဒိသွာန၊ မျက်ဝါး ထင်ထင်၊ ဖူးမြင်တွေ့ရ၍။ အယံ သတ္တော၊ ဤပုဂ္ဂိုလ်သည်ကား။ ဒေဝေါ-နုခေါ၊ လူ-ရှင်-အများ၊အမှတ်မှားအောင်၊နတ်,သိကြားပင် ဖြစ်လေသလော။ ။ဥဒါဟု၊ ထိုသို့ မဟုတ်။ အယံ-သတ္တော၊ ဤပုဂ္ဂိုလ် သည်ကား။ မနုဇော နုခေါ၊ လူ့ပြည် လူ့ရပ်၊ လူတို့ ဇာတ်၌၊ လူးမြတ်သော လူယောကျ်ားပင် ဖြစ်လေသလော=ဝံ၊ ဤသို့သော နည်းဖြင့်။ အဟံ၊ နန္ဒမည်တွင်၊ ရသေ့ရှင်ဖြစ်သော ငါသည်။ စိန္တေသိ၊အောက်မေ့ကြံစည်ခဲ့လေပြီ။

(၃၀) ဝေါ-ဟံ,စိန္တယိတွာန၊
သကံ စိတ္တံ,ပသာဒယိံ။
နာနာ-ပုပ္ဖဉ္စ,ပဏ္ဏဉ္စ၊
သန္နိပါတေသ-ဟံ,တဒါ။ ။

(၃၀) ဝံ၊ဤသို့သောနည်းအားဖြင့်။အဟံ၊နန္ဒ-မည်တွင်၊ ရသေ့ရှင်ဖြစ်သော ငါသည်။ စိန္တယိတွာန၊စိတ်၌ ရည်မှတ်၊ ကြံစည် လတ်၍၊ သကံ စိတ္တံ၊ မိမိစိတ်ကို၊ ပသာဒယိံ၊ သဒ္ဓါစိတ်ဖြင့်။ ပြည့်သိပ် ကြည်လင်စေပြီ။ ။တဒါ၊ ထိုအခါ၌။အဟံ၊ နန္ဒ-မည်တွင်၊ရသေ့ရှင်ဖြစ်သောငါသည်။နာနာ-ပုပ္ဖဉ္စ၊ပန်းပွင့်,ပန်းခိုင်၊တောလုံးလှိုင်မျှ၊ မွှေးကြိုင် ပြန့်ကြူး၊ အထူးထူးသောပန်းကိုငင်း။ ။ပဏ္ဏဉ္စ၊ အထူးထူးသော သစ်ရွက်ကိုငင်း။ ။အဟံ၊နန္ဒ-မည်တွင်၊ရသေ့ရှင်ဖြစ်သော

ငါသည်။ သန္တိပါတေသိ၊ ကောင်းစွာ သန့်ရှင်း၊ဖြန့်ခင်း ဘိုရာ၊ရှာဘွေ စုဆောင်းခဲ့လေပြီ။

(၃၁) န မေ သုတောဝါ,ဒိဋ္ဌောဝါ၊
မဟိယာ,ဒေသော,နရော။
အပိ မန္တပဒံ အတ္တိ၊
အယံ သတ္တာ ဘဝိဿတိ။ ။

(၃၁) မေ၊နန္ဒ-မည်တွင်၊ ရသေ့ရှင်ဖြစ်သော ငါသည်။ မဟိယာ၊ လောက ဓာတ် ဗွေ၊ မြေ အပြင်၌။ ဒေသော၊ ဤသည့် ယောကျ်ား၊ မခြား သဏ္ဍာန်၊ ပုံဟန် ထူးမြတ်သော သ ဘောရှိသော။ နရော၊လူရည်ထူးခြား၊မင်းယောကျ်ားကို။ န-ဝါ,သုတော၊တဆင့်အားဖြင့်၊ ကြားလည်း မကြားရ-စ ဘူးချေ၊ ။န-ဝါ,ဒိဋ္ဌော၊မျက်မှောက်ထင်ထင်၊မြင်လည်း မမြင်ရ-စဘူးချေ။ ။အယံ (သတ္တော)၊ အဆင်း ရုပ် ရည်၊ လှဲ့လှဲ့ကြည်၍၊ ရောင်ခြည် ထူးခြား၊ ဤယောကျ်ား သည်။ သတ္တာ၊ ဆုံးမနက်လေး၊ ကောင်းစွာပေး၍၊ ယဉ် ကျေး စေတတ်၊ ဘုရားရှင် ကိုယ်တော် မြတ်သည်။ ဘဝိ- ဿတိ၊ ဖြစ်လိမ့်ယောင်, ထင့်=ဇာတိ၊ဤသို့။ အပိ၊(ကေ- န္တေန၊) စင်စစ် ဧကန်၊ အမှန် မလွဲသဖြင့်။ မန္တပဒံ၊ (မန္တပဒေ) လက္ခဏာ ဘတ်ကျမ်း၌။ အတ္တိ၊ ထင်ရှား, ပကတိ၊ ရှိချေ၏တကား။

(၃၂) ပုပ္ဖါ-သန်ံ,ပညပေတွာ၊
သာခုံ,စိတ္တံ, မနောရမံ။
နရ-သာရထိနံ,အဂ္ဂံ၊
ဇူဒံ,ဝစန-မံ ဗြဝိ။ ။

(၃၂) မနောရမံ၊ စိတ်နှလုံးကို၊ ရွှင်ပြုံး မွေ့လျော် စေနိုင်သော။ စိတ္တံ၊ အံ့ မခန်းဘွယ်၊ အသွယ်သွယ်ဖြင့်၊ ဆန်းကြယ်လှပ သော။ သာခုံ၊ အပြစ်ကင်း၍၊ သန့်ရှင်း ကောင်းမွန်စွာ သော။ပုပ္ဖါ-သနံ၊သင်းပျံ့ မွှေးယုံ၊ ပန်းမျိုးစုံတို့ဖြင့်၊ စုပုံဖြန့်

ခင်းအပ်သော ပန်းမွေ့ရာကို။ ပညပေတွာ၊ ကောင်းစွာ
သန့်ရှင်း၊ဖြန့်ခင်း စီမံပြီး၍။ နရ သာရထိန်၊လူအပေါင်း
ကို၊ ကောင်းရာအမွန်၊ နှုတ်တော် သွန်၍၊ ညွှန်ကြား ပေ
တတ်သော သူတို့ထက်။ အဂ္ဂ၊''ပါရမီ''မူ၊ ဘုန်းတော်စု
ကြောင့်၊ကြီးထု မြင့်မြတ်တော်မူသော။ (ဗုဒ္ဓ၊ သစ္စာလေး
အင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်ကို)။ ဗုဒ္ဓံဝစနံ၊
၍သို့သော စကားကို။အမြဲဝိ၊ရှိသေပင့်မြှောက်၊ စိတ်တော်
ရောက်၍၊ လျှောက်ဆိုလေပြီ။

(၃၃) ဇုဒ္ဓံ,မေ,အာသနံ,ဝီရ၊
ပညတ္တံ,တဝ-နုစ္ဆဝံ။
ဟာသယန္တော,မမ,စိတ္တံ၊
နိသီဒ,ကုသုမာ-သနေ။ ။

(၃၃) ဝီရ၊ သမ္မပဓာန်၊ ဝီရိယဓာတ်ဖြင့်၊ ကြီးမြတ်ကဲလွန်၊သမ္ဘာ
ချွန်သည့်၊အမွန်ထွတ်ထား၊မြတ်စွာဘုရား….။

တဝ နုစ္ဆဝံ၊ သုံးလူ ထွတ်တင်၊ အရှင်မြတ်ဘုရားအား,
သာလျှင်၊ သင့်လျော်ထိုက်တန်သော။ဗုဒ္ဓံအာသနံ၊သင်းပျံ့
မွှေးထုံ၊ ပန်းမျိုးစုံ တို့ဖြင့်၊ စုပုံ ဖြန့်ခင်းအပ်သော ၍ပန်း
မွေ့ရာကို။ မေ၊နန္ဒ-မည်ခေါ်၊တော၌ ပျော်သည့်၊ တပည့်
တော်သည်။ ပညတ္တံ၊ ရနံ့ ကြိုင်လှောင်း၊ ပန်းစုံ ပေါင်း
လျက်၊ ကောင်းစွာသန့်ရှင်း၊ ဖြန့်ခင်းအပ်ပါ၏ဘုရား။

မမ၊ နန္ဒ-မည်ခေါ်၊ တော၌ ပျော်သည့်၊တပည့်တော်၏။
စိတ္တံ၊ သဒ္ဓါယိုဖိတ်၊ ဖိုဖို ညိတ်မျှ၊ စိတ်အစဉ်ကို။ ဟာသ-
ယန္တော၊ ကြည်သာရွှင်ပျို၊ ဘဝင်ဆို့မျှ၊ နှစ်လို ရွှင်လန်း
စေလျက်။ ကုသုမာသနေ၊ သင်းပျံ့ မွှေးထုံ၊ ပန်းမျိုးစုံ တို့
ဖြင့်၊ စုပုံ ဖြန့်ခင်း၍၊ သန့်ရှင်းသော ပန်းမွေ့ရာ ထက်၌။
နိသီဒ၊ ဣရိယာပုထ်၊ မယုတ်ခံ့ငြား၊ တန့်နား စမ္ပယ်တော်
မူပါဘုရား။

ဤသို့အားဖြင့်၊ လျှောက်ကြားပြီးသော စကား၏အဆုံး၌၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ထိုပန်းမွှေရာ အခင်းထက်သို့၊ တက်ရောက်တော်မူ၍၊ ပြဟ္မာမင်းကြီး၏ တင့်တယ်ခြင်းကဲ့သို့၊ တင့်တယ်စွာ သီတင်းသုံးစံနေတော်မူ၏။

ရဟန်းအပေါင်းတို့သည်လည်း၊ မြတ်စွာဘုရားရှင်၏ စိတ် အလိုကို သိကြ၍၊ မိမိတို့နှင့် သင့်လျော်သောနေရာတို့၌၊ ထိုင်နေကြကုန်၏။

**နန္ဒ**-မည်တွင်၊ ရသေ့ရှင်သည်လည်း၊ ပန်းပွင့်,ပန်းခိုင်,အမျိုးမျိုးတို့ကို ကုံးသီ၍၊ ဆန်းကြယ်စွာပြုလုပ်အပ်သော(**ပန်းထီး**) ကို၊ ယူဆောင်၍ မြတ်စွာဘုရားရှင်အား၊ (**ဆောင်းမိုး**) လျက်နေ၏။

ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ဤရသေ့တို့အား၊ မွန်မြတ်သော စေတနာဖြင့်၊ သဒ္ဓါကြည်ဖြူ၊ ပူဇော်အပ်သော ပန်းအခင်းစသော အလှူသည်၊ ကြီးကျယ် ဖွံ့ဖြိုး၊ များမြတ်သော အကျိုးရှိသည်,ဖြစ်စေသတည်း=ဟု၊ ရည်သန်တော်မူ၍၊ (၇) ရက်တိုင်တိုင်၊ (**နိရောဓ**)သမာပတ်၊ချာန်မြတ်ချမ်းသာ၊ဝင်စား,ခါ နေတော်မူ၏။

ထိုနည်းတူစွာ၊ ရဟန်းအပေါင်းတို့သည်လည်း၊ (၇)ရက်တိုင်တိုင်၊ (**နိရောဓ**)သမာပတ်၊ ချာန်မြတ်ချမ်းသာ၊ ဝင်စား,ခါနေကြကုန်၏။

ထိုသို့-သုံးလူ့ ထွတ်တင်၊ မြတ်စွာ ဘုရားရှင်သည်၊ (**နိရောဓ**)သမာပတ်၊ချာန်မြတ် ချမ်းသာ၊ဝင်စား,၍နေစဉ်အခါ၌၊ **နန္ဒ**မည်တွင်၊ ရသေ့ရှင်၏ တပည့် ဖြစ်ကြသော ရသေ့အပေါင်းတို့သည်၊ တော,တောင် အတွင်းသို့ သွားရောက်ကြ၍၊ သစ်သီး ကြီး,ငယ်တို့ကို၊ ဆောင်ယူခါ-စားသောက်ကြ၍၊ဤမှကြွင်းသော အချိန်တို့၌၊ အစဉ်မွေ့ယျ၊ လောက ထွတ်တင်၊ မြတ်စွာဘုရားရှင်၌၊ ကြည်လင် မြတ်နိုး၊ ရှိခိုး ဦးညွှတ်လျက်သာ တည်နေကြကုန်၏။

**နန္ဒ**-မည်တွင်၊ဆရာရှင် ဖြစ်သောရသေ့မူကား၊ ဆွမ်းစားမသွားဘဲ၊ မြတ်စွာဘုရားရှင်၏ အထံတော်၌၊ (**ပန်းထီး**)ကို၊ (**ဆောင်းမိုး**) လျက်သာ၊(၇)ရက်ပတ်လုံး၊ နှစ်သက်ခြင်း **ပီတိ**ဖြင့် ဖုံး၍၊ ရွှင်ပြုံးချမ်းသာစွာ အခါကိုလွန်စေ၏။

ထိုအခါ၊(**နိဂရောဓ**)ချာန်ရှင်၊ မြတ်စွာဘုရားသခင်သည်၊ (၇) ရက် စေ့၍၊မိမိ ဝင်စားအပ်သော ထို(**နိဂရောဓ**)သမာပတ်၊ချာန်မြတ်ချမ်းသာ မှထတော်မူ၍–

(၁) **အရဏဝိဟာရီ**, အဂ်ါ,

(၂) **ဒက္ခိဏေယျ**, အဂ်ါ- နှစ်ပါးနှင့် ပြည့်စုံသော (**မဟာသာဝက**) ထေရ်မြတ်တပါးအား၊ ထိုရသေ့အပေါင်းတို့၏ ကောင်းမှု-ဟူသော (**ပုဗ္ဗါသန**)ပန်းအခင်း,အလှူကို၊ ကြည်ဖြူစွာ ''**အနုမောဒနာ**'' တရား ဟောကြားစေရန်၊ ညွှန်ကြားတိုက်တွန်းတော်မူ၏။ ။ထို(မဟာသာ ဝက)ထေရ်သည်၊ လေးကျွန်းသေဌ်နင်း၊ စကြဝတေးမင်းကြီး၏ အထံ မှ၊ မြတ်သော ဆုလာဘ်ကိုရသဖြင့်၊ ဝမ်းသာရွှင်ပျို့၊နှစ်လိုကြည်သာ သောစိတ်ရှိသော မင်းချင်းယောက်ျားကဲ့သို့၊ စိတ်ထားကြည်ဖြူ၊ထိုအ လှူ၌၊ တရား''**အနုမောဒနာ**'' ပြုရန်ကိစ္စသည်၊ မိမိ၏တာဝန်ပေတည်း– ဟု၊နှလုံးပြု၍၊ထိုအလှူနှင့် ထိုက်တန်သောဒေသနာတော်ကို၊ဘွေ့ရှာသုံး သပ်၍၊ ''**အနုမောဒနာ**''တရား၊ ဟောကြားတော်မူ၏။

ထိုနောက်၊ (**မဟာသာဝက**) ထေရ်မြတ်၏ တရားတော်အဆုံး၌၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်လည်း၊ ''သစ္စာ''လေး ပါး၊တရားအစဉ်ကို၊ သိမြင်နိုင်ရန်၊ ရည်သန်ပိုင်းခြား၍၊ နောက်ထပ် တကြိမ် ဟောကြားတော်မူပြန်၏။

ထိုတရားဒေသနာတော်၏ အဆုံး၌၊**နန္ဒ**-ရသေ့၏တပည့်ဖြစ်ကြသော (လေးသောင်း,လေးထောင်) သော ရသေ့တို့သည်၊ ထိုတရားတော်၌ နှစ်သက်ခြင်း(**ပီတိ**)ဖြစ်ကြကုန်၏။

ထို(**ပီတိ**)ကိုအမှီပြု၍ ကိုယ်,စိတ်နှစ်ပါး၏ ငြိမ်းချမ်းခြင်း (**ပဿဒ္ဓိ**) ဖြစ်ကြကုန်၏။

ထို(**ပဿဒ္ဓိ**)ကိုအမှီပြု၍ တည်ကြည်ခြင်း(**သမာဓိ**)ဖြစ်ကြကုန်၏။

(**သမာဓိ**) ၌တည်နေကြကုန်လျက်၊ ''**ရုပ်,နာမ်**'' တရားနှစ်ပါးကို၊ (အနိစ္စ,ဒုက္ခ,အနတ္တ) ဟု-လက္ခဏာရေး သုံးတန်တင်၍၊ ဆင်ခြင်ကြ သောအခါ၊ အစဉ်သဖြင့်၊ (သောတာပတ္တိ)မဂ်,(သောတာပတ္တိ) ဖိုလ်

မှစ၍(မဂ်)အဆင့်ဆင့်၊ (ဖိုလ်) အဆင့်ဆင့်ဖြစ်ပေါ်လာကြကုန်ပြီးလျှင်၊ အဆုံးတိုင်သောအခါ၊ အာသဝေါ,လေးဖြာ၊ ကင်းစင်ကွာ၍၊ ရဟန္တာပုဂ္ဂိုလ်၏အဖြစ်သို့ရောက်ကြကုန်၏။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်၊ ''ဆဒ္ဒန်'' ဆင်မင်း၏ နှာမောင်းနှင့်တူသော လကျ်ာ လက်ရုံးတော်ကို၊ဆန့်တန်းတော်မူ၍—

(**ဧထ,ဘိက္ခဝေါ**။ ။ဘိက္ခုဝေါ၊ အို-ငါ၏ချစ်သား၊ တပည့်များတို့။ ဧထ၊ လျှင်စွာအသော့၊ လာရောက်ကြကုန်လော့။ ။)

ဟူ၍၊ (**ဧဟိဘိက္ခု**။)ခေါ်တော်မူလျှင်၊ ထိုခဏဉပင်၊ မုတ်ဆိပ်,ဆံပင်နှင့်တကွ၊ ရသေ့၏အသွင်၊ ဆင်ယင်ဝတ်စားအပ်သော အဝတ်အရုံတို့သည် ကွယ်ပျောက်၍၊ ပရိက္ခရာရှစ်ပါးကိုဆောင်လျက်၊ ရဟန်းသိက္ခာ၊ ဝါ,တော်အရွယ်၊ ခြောက်ဆယ်, ရပြီးသော မဟာထေရ်ကြီးတို့ကဲ့သို့၊ ငြိမ်သက်သေခွေ၊ တင့်တယ်သောဣန္ဒြေဖြင့်၊ မြတ်စွာဘုရားထံတော်ပါး၌၊ ခစားဆည်းကပ်လျက်တည်နေကြကုန်၏။

ထိုအခါ၊ **နန္ဒ**-မည်တွင်၊ ဆရာရှင်ဖြစ်သော ရသေ့မူကား=မငြိမ်, မသက်၊ (**ဝိတက်**) များပြား၊ စိတ်ချောက်ချား၍၊ ပျက်ပြားသော (**သမာဓိခြေ**)ရှိရကား=တစုံတခုသော မဂ်,ဖိုလ်, ဟူသော လောကုတ္တရာ တရားတူးကို၊ မရမူ၍၊အချည်းနှီးမျှ ဖြစ်၍ ဆုံးရှုံးခြင်းဖြစ်ရလေ၏။

ဤအရာ၌၊ ထိုစကား အမြွက်ကို၊ ဆက်၍ ပြဦးအံ့။—

ထို **နန္ဒ**-မည်တွင်၊ ဆရာရှင်ဖြစ်သော ရသေ့သည်၊ ရှေးယခင်က၊ (**ပုဗ္ဗါသန**) ပန်းအခင်းအလျှူ၌၊ ကြည်ဖြူစွာ''အနုမောဒနာ''တရား၊ဟောကြားသော (**အရဏဝိဟာရီ**) အမည်ရှိသော (**မဟာသာဝက**)၊ မည်ရကျော်သီး၊ သားကြီးထေရ်၏ တရားတော်ကို၊ နာယူအံ့=ဟု၊အားထုတ်သော အခါမှစ၍၊ (ငါတို့တမူကား၊ နောင်သောအခါ၊ တဆူသော မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်၌၊ ဤ (**အရဏဝိဟာရီ**) ရဟန္တာ ပုဂ္ဂိုလ်ကဲ့သို့၊ တပည့်သာဝကအဖြစ်ကိုရပါမူကား၊ ကောင်းလေစွာ

တကား=)ဟု၊ စိတ်အကြံအစည် (ဝိတက်) များ၍နေသော ကြောင့်၊တရားတော်၌၊ နှလုံးမသွင်းနိုင်—ရကား၊ မဂ်,ဖိုလ်,ဟူ သောတရားထူးကို၊ ရခြင်းငှါမစွမ်းနိုင်ချေ။

ထိုအခါ **နန္ဒ**-ရသေ့သည်၊သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်အား၊ ကြည်လင်စွာရှိခိုး၍၊ မျက်မှောက်အောက်၌ ရပ်တည်ပြီးလျှင်—

(ဘုန်းခြောက်ပါးသခင်၊ အရှင်ဘုရား....။

အကြင်ရဟန်းတပါးသည်၊ တပည့်တော်နှင့်တကွ၊ ရသေ့အပေါင်း တို့၏၊''**ပုဗ္ဗါသန**''ပန်းအခင်း,ဟူသောအလှူ၌ ကြည်ဖြူစွာ တရား''**အနု-မောဒနာ**''ပြု၏၊ ထိုရဟန်းသည်၊အဘယ် အမည်ရသော ရဟန်းပုဂ္ဂိုလ် ပါနည်း=ဘုရား-ဟူ၍၊လျှောက်ထားလေ၏။

ထိုအခါ၊ မြတ်စွာ ဘုရားသခင်သည်၊ ဤရဟန်းသည်၊ ငါဘုရား၏ သာသနာတော်၌၊(**အရဏဝိဟာရီ+ဒက္ခိဏေယျ**)အဖြစ်ဖြင့်၊''**ဧတဒဂ်**'' ဘွဲ့ခံ၊ သာဝကဂုဏ်ထူးဖြင့်၊ ချီးကျူးမြှောက်စားအပ်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်ပင်တည်း-ဟူ၍၊ မိန့်ဆိုတော်မူ၏။

ထိုအခါ၊**နန္ဒ**-ရသေ့သည်—

ဘုန်းခြောက်ပါး သခင်၊အရှင်မြတ်ဘုရား....၊ (အကျွန်ုပ်) သည်၊ အရှင်ဘုရားသည်၊(၇) ရက်ပတ်လုံး၊ (**နိရောဓ**) သမာပတ်၊ ချာန်မြတ် ချမ်းသာ၊ ဝင်စားလျက်၊သီတင်းသုံးစံနေတော်မူစဉ်၊အရှင်ဘုရားအား၊ ပန်းပွင့်ဖြင့် ပြုလုပ်အပ်သော (**ပန်းထီး**) ကို(**ဆောင်းမိုး**)၍၊ မြတ်နိုး ကော်ရော်၊ပူဇော်လျက် နေပါ၏။ ။ထိုသို့ပြုရသော ကုသိုလ်စေတနာ ဖြင့်၊ တပါးသော လောကီ ရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာမျိုးကို၊ မြတ်နိုး တောင့်တ၊ ကြံဆ ရည်စူးခြင်း မရှိမူ၍၊ နောင်သောအခါ၊ တဆူသော မြတ်စွာဘုရားရှင်၏၊ သာသနာတော်မြတ်အတွင်း၌၊ ဤရဟန္တာ ပုဂ္ဂိုလ်,ပြည့်စုံသောဂုဏ်အင်္ဂါကဲ့သို့၊နှစ်ပါးသော ဂုဏ်အင်္ဂါတို့နှင့်ပြည့် စုံသော(**မဟာသာဝက**)၊မည်ရ ကျော်သီး၊သားကြီးရတနာအစစ်၊ ဖြစ် ကြီး,ဖြစ်ရပါစေသတည်း=ဟု၊ နှုတ်မြွက်သံပြောင်း၊ စိတ်ညွတ်ပျောင်း ၍၊ ဆုတောင်း ပတ္ထနာပြုလေ၏။

ထိုအခါ၊ဘုန်းခြောက်ပါးရှင်၊မြတ်စွာဘုရားသခင်သည်၊ ဈာနလာဘီ၊ဉာဏ်ဝသီဖြင့်၊ တောမှီပျော်မွေ့၊ ဤရသေ့၏၊ နှုတ်ငွေ့ သံမြွက်၊ဆုပန်ချက်သည် မပျက် ကေန်၊ အမှန်ပင် ပြည့်စုံနိုင်အံ့လော=မပြည့်စုံအံ့လော=ဟု၊ စောကြော ဆင်ခြင်လျက်၊အနာဂတ် အခါ၊ ဖြစ်ရာစုံလင်၊ အကြောင်းအင်ကို၊ သိမြင်နိုင်သော "အနာဂတံသ" အဘိညာဉ်ဈာန်ကိုဝင်စား၍၊ဆင်ခြင် ကြည့်ရှုတော်မူလတ်သော်၊ ဤကပ္ပါမှ၊စ၍ရေတွက်သော်၊ ကပ္ပါတသိန်း လွန်သောအခါ၊ ပြီးမြောက် ပြည့်စုံ လတ္တံ့သော အကြောင်းကို၊ ကောင်းစွာသိမြင်တော်မူ၏။

ထိုအခါ—

(အို) ငါ၏ချစ်သား၊ **နန္ဒ**-ရသေ့....၊အသင်သည်ကား= ငါဘုရားသခင်သည်၊ဟောကြား ဆုံးမတော်မူအပ်သော လေးဆယ်သော ဘာဝနာ တို့တွင်၊ အထူးသဖြင့်၊ ကဲလွန်မြင့်မြတ်သော အကျိုးကို ပေးစွမ်းနိုင်သော **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်းကို၊ စီးဖြန်း ပွားများလေလော့၊ ဤ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်းကို၊စီးဖြန်းပွားများရခြင်းကြောင့်၊(အသင်) ၏ စိတ်အလိုသည်၊ ထိုထို အရာ၌၊ အခါ ခပ်သိမ်း၊ ပြီးငြိမ်း, ပြည့်စုံ ရလတ္တံ့။

ကပ္ပါသုံးသောင်းတို့ ကာလပတ်လုံး၊ နတ်ပြည်၌၊ နတ်နန်းရိပ်ငြိမ်၊ နတ်စည်းစိမ်၌၊ မွေ့လျော် ပျော်ပါး၊ ခံစား စံစားရလတ္တံ့။

အကြိမ်ရှစ်ဆယ်၊နတ်များ **သေဋ္ဌနင်း**၊သိကြားမင်း ဖြစ်ရလတ္တံ့။

အကြိမ် တထောင်၊ လေးကျွန်း **သေဋ္ဌနင်း**၊ စကြဝတေးမင်းဖြစ်ရလတ္တံ့။

ပဒေသရာဇ်-ကေရာဇ်-ဟု၊ ထွန်းသစ်တေဇာ၊ အာဏာထန်ပြင်း၊ မင်း၏အဖြစ်ကို မူကား= ဤမျှ, ဤမျှ, ဟု၊ ဂဏန်းချ၍၊ မှန်းဆ ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင်ပင် ဖြစ်ရလတ္တံ့။

ထိုအလုံးစုံသော လူမင်း, နတ်မင်းတို့၏ စည်းစိမ်ကို၊ အကြိမ်များစွာ၊ ခံစား,စံစား,ရခြင်းသည်ကား=**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်းကို၊ စီးဖြန်း ပွားများရသော ကုသိုလ်စေတနာ၏ တန်းခိုးကြောင့်၊ ရအပ်သော အကျိုးပေတည်း-ဟု မိန့်ကြားတော်မူလေ၏။

ထိုမှတပါးလည်း—၊

(အို) ငါ၏ချစ်သား-**နန္ဒ**-ရသေ့····၊အသင်သည်ကား၊ ဘဝများစွာ၊ သံသရာ၌၊ ခန္ဓာမြင့်ရှည်၊ ဇာတိတည်၍၊ ကျင်လည်ရသည်ရှိသော်၊ လွန်စွာများပြား၊ ကြီးမားမြင့်မြတ်သော စည်းစိမ်ကို ရလတ္တံ့။

ထို**ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်းကို၊ စီးဖြန်း ပွားများသော သူအား၊လောကီ ရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာ၌၊ သေးငယ် နည်းပါးသော အရာ,ယုတ်လျော့ သိမ်ဖျင်းသော အရာ-ဟူသော အဖြစ်မည်သည်၊ မရှိသည်ဖြစ်ရလတ္တံ့။

ဤသည်ကား၊ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်းကို၊ စီးဖြန်း ပွားများရခြင်းကြောင့်၊ ရအပ်သော အကျိုးပေတည်း။

ထိုမှတပါးလည်း—၊

(အို)ငါ၏ချစ်သား၊ **နန္ဒ**-ရသေ့··၊ဤကပ္ပါမှ၊စ၍ ရေတွက်သည်ရှိသော်၊ ကပ္ပါတသိန်းထက်၌၊ ဩက္ကာကရာဇ်၊ ဘုန်းရောင်လွှစ်၍၊ထွန်းသစ်သောမင်းမျိုးမှဖြစ်သော **ဂေါတမ** မြတ်စွာဘုရားရှင်သည်၊လောကသုံးပါး၌၊ ထင်ရှားစွာ ပွင့်တော်မူလာလတ္တံ့။

ထိုအခါ၊ (အသင်) သည်ကား=ကုဋေ ရှစ်ဆယ်၊ဥစ္စာကြွယ်သော အမျိုးသားဖြစ်၍၊ ထိုပစ္စည်း, ဥစ္စာ,တို့ကို၊ အာသာ,မက်မော၊ နှမြောတွယ်တာခြင်းမရှိဘဲ၊စွန့်ပယ်ပြီးလျှင်၊ ထို**ဂေါတမ** မြတ်စွာဘုရားရှင်၏သာသနာတော်၌၊ ရဟန်းပြုရလတ္တံ့။

ထိုအခါ၊ အသင်သည်၊ **သုဘူတိ** ဟူသော အမည်ဖြင့်၊ **ဂေါတမ**ဟု၊ လောကထွတ်တင်၊ မြတ်စွာဘုရားရှင်၏၊ သားကြီး"**သာဝက**" အစစ်၊ ဖြစ်ရလတ္တံ့။

ထိုအခါ၊ အသင်အား၊ **ဂေါတမ** မြတ်စွာဘုရားရှင်သည်၊ ရဟန်း, အပေါင်းတို့၏ အလယ်၌၊တင့်တယ်စွာ သီတင်းသုံးစံနေတော်မူလျက်၊

(၁) **အရဏ ဝိဟာရီ,** အဂ်ါ,

(၂) **ဒက္ခိဏေယျ,** အဂ်ါ-နှစ်ပါးနှင့် ပြည့်စုံသော "**ဧတဒဂ်**" ဘွဲ့ခံ၊ **သာဝက** ဂုဏ်ထူးကို၊ ချီးကျူးမြှောက်စား၊ ပေးသနားတော်မူလတ္တံ့=ဟူ၍၊ဗျာဒိတ်စကား၊ မိန့်ကြားတော်မူပြီးလျှင်၊ရဟန်းအပေါင်းတို့ဖြင့်၊ ခြောင်း ခြံရံလျက်၊ ကိုးသောင်းသော ဟင်္သာငှက်မင်းတို့၏ အလယ်၌၊

(ဓတရဋ္ဌ) ရွှေဟင်္သာမင်းကဲ့သို့၊ တင့်တယ်စွာ, ကောင်းကင်ခရီး၊ ဈာန်ယာဥ်စီးလျက်၊စောထီးလူ့ဘ၊ လောကမျက်ရှင်၊ မြတ်စွာဘုရားသခင်သည်၊ အစဥ်သဖြင့်၊ ပြန်လည် ကြွသွားတော်မူ၏။

ဤအဓိပ္ပါယ်ကို၊ ပြခြင်း အကျိုးငှါ၊အောက်၌ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏၊

(၃၄) နိသိဒိ, တတ္ထ,ဘဂဝါ၊
အဆမ္ဘိတော ဝ,ကေသရီ။
သတ္တရတ္တိ,ဒိဝံ,ဗုဒ္ဓေါ၊
ပဝရေ,ကုသုမာသနေ။ ။

(၃၄) ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော။ဗုဒ္ဓေါ၊သစ္စာလေးအင်၊သိမြင်ထင်ရှား၊မြတ်စွာဘုရားရှင်သည်။ ကေသရီဝ၊ ကျောက်ဂူ,သေလာ၊မြေပထဗျာ၌၊ကေသရာဇာတ်၊ခြင်္သေ့ မြတ်ကဲ့သို့။အဆမ္ဘိတော၊ မရွံ့မထိတ်၊ ကြောက်စိတ်ကင်းကွာတော်မူလျက်။ ပဝရေ၊ ဆန်းကြယ်သပ်ယပ်၊ ချီးမွမ်းအပ်၍၊ ထူးမြတ်လှသော။ တတ္ထ-ကုသုမာသနေ၊ သင်းပျံ့မွှေးထုံ၊ ပန်းမျိုးစုံတို့ဖြင့်၊ စုပုံဖြန့်ခင်းအပ်သော၊ ထိုပန်းမွေ့ရာ ထက်၌။ သတ္တရတ္တိဒိဝံ၊ ၇-ညဉ့်, ၇-နေ့တို့ပတ်လုံး။ နိသိဒိ၊ (ဈာန်) စိတ်အယဥ်၊ ပွားကာ,ယှဥ်၍၊ အစဥ်နေတော်မူလေပြီ။

(၃၅) နမဿမာနော,အဋ္ဌာသိ၊
သတ္တ ရတ္တိ,ဒိဝံ,အဟံ။
ဝုဋ္ဌဟိတွာ, သမာဓိမှာ၊
သတ္ထာ လောကေ,အနုတ္တရော။ ။

(၃၆) မမ,ကမ္မံ,ပကိတ္တေန္တော၊
ဣဒံ,ဝစန-မ ဗြဝိ။ ။

(၃၇) ဘာဝေဟိ,ဗုဒ္ဓါနုဿတိံ၊
ဘာဝနာနု-မနုတ္တရံ။
ဣမံသတိံဘာဝယိတွာန၊
ပူရယိဿတိ မာနသံ။ ။

(၃၅-၃၆) အဟံ၊နန္ဒ-မည်တွင်၊ရသေ့ရှင်ဖြစ်သောငါသည်။သတ္တ-ရတ္တိံ၊ဒိဝံ၊၇-ညဥ့်,၇-နေ့တို့ပတ်လုံး။ နမဿမာနော၊သဒ္ဓါ,ရှင်ဖြိုး၊ ဦးနှိမ်ကျိုး၍၊ ရှိခိုးလျက်သာလျှင်။ အဋ္ဌာသိံ၊ ရပ်တည်နေပြီ။
လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ အနုတ္တရော၊ တုဘက်-ကဲးလွန်၊ ဂုဏ်တန်းခွန်ဖြင့်၊ အမွန်အမြင့်မြတ်ဆုံးဖြစ်တော်မူသော။ သတ္ထာ။ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်သည်။ သမာဓိမှာ၊ (နိရောဓ) သမာပတ်၊ ဈာန်မြတ်ချမ်းသာ၊ ဝင်စားရာဖြစ်သော (သမာဓိ) မှ။ ဝုဋ္ဌဟိတွာ၊ ရုပ်,နာမ်, နှစ်ပါး၊ ဝီထိ, သွားဖြင့်၊ ဖြစ်ပွား,ထတော်မူ၍။ မမ၊ နန္ဒ-မည်တွင်၊ ရသေ့ရှင်ဖြစ်သောငါ၏။ကမ္မံ၊ လွန်လေ-နောက်နှောင်း၊ ဘဝ—ဟောင်းက၊ တောင်းဆုမျိုးမှန်၊ တန်းခိုးသန်၍၊ ဘိုး,တန်ပြီးမြောက်၊ ရလတ္တံ့,သော အမှုကို။ ပကိတ္တေန္တော၊ သဒ္ဓါ-တက်လျှမ်း၊ စိတ်စွဲလမ်းလျက်၊ ကြိုးပမ်းအားသစ်၊ ပွားရစ်လိမ့်မည်၊ ကြံစည် ပိုင်းခြား၊ ကြားသိစေတော်မူ၍။ ဣဒံဝစနံ၊ ဤသို့မြွက်ကြား၊စကားအလုံးစုံကို။ အဗြဝိ၊ သာယာချိုမြိန့်၊ မိန့်ဆိုတော်မူလေပြီ။

(၃၇) ကိံအာဟ၊ အဘယ်သို့စကား၊ နှုတ်မြွက်သား၍၊ မိန့်ကြားဟောတော်မူလေသနည်း။

ဘိက္ခု၊ (အို) ချစ်သား။ ။ဘာဝနာနံ၊ လေးဆယ်သော (သမထ) ဘာဝနာတို့တွင်။အနုတ္တရံ၊ တုဘက်ကဲးလွန်၊ဂုဏ်တန်းခွန်ဖြင့်၊အမွန်အမြင့်မြတ်ဆုံးဖြစ်သော။ဗုဒ္ဓါနုဿတိံ၊ (ဗုဒ္ဓါနုဿတိ)ကမ္မဋ္ဌာန်းကို။ ဘာဝေဟိ၊ ဉာဏ်ဖြင့်ဆင်ခြင်၊ စိတ်၌ထင်အောင်၊ သက်ဝင်ပွားများလေလော့။ ဣမံသတိံ၊

၍(ဇုဋ္ဌါနုဿတိ)ကမ္မဋ္ဌာန်းကို။ ဘာဝယိတွာန၊ အားထုတ်ကြိုးပမ်း၊စီးဖြန်းပွားများရခြင်းကြောင့်။မာနသံ၊ကိုယ်ဝယ်, ကြောင့်ကြ၊ တောင့်တထိုထို၊ စိတ်အလိုကို။ ပူရယိဿတိ၊ ကြည်သာ, ရွှင်ပျို၊ ဘဝင်ဆို့မျှ၊ နှစ်လိုပြည့်စုံစေလတ္တံ့။

(၃၈) တိံသ ကပ္ပ,သဟဿာနိ၊
ဒေဝ-လောကေ,ရမိဿသိ။
အသီတိက္ခတ္တုံ,ဒေဝိန္ဒော၊
ဒေဝ-ရဇ္ဇံ,ကရိဿသိ။
သဟဿက္ခတ္တုံ,စက္ကဝတ္တိ၊
ရာဇာ ရဋ္ဌေ ဘဝိဿသိ။ ။

(၃၈) ဒေဝလောကေ၊ နတ်တို့စံမြန်း၊ ရှုမခန်းသည့်၊ နတ်နန်းဘုံဗိမာန်၌။ တိံသကပ္ပသဟဿာနိ၊ အနှစ် သုံးသောင်းတို့ကာလပတ်လုံး။ ရမိဿသိ၊ နတ်တို့အာရုံ၊ စိတ်ဝယ်ထုံ၍၊ တွေ့ကြုံ,မွေ့လျော်ရလတ္တံ့။ ။ဒေဝိန္ဒော၊နတ်တို့သေဌ်နင်း၊ သိကြားမင်းသည်။ အသီတိက္ခတ္တုံ၊အကြိမ်(ရှစ်ဆယ်)တိုင်တိုင်။ဟုတ္ဝာ၊ ဖြစ်၍။ဒေဝ ရဇ္ဇံ၊သိကြားနတ်မင်း၏အဖြစ်ကို။ ကရိဿသိ၊ ပြုရလတ္တံ့။ ။ရဋ္ဌေ၊ တိုင်းနိုင်ငံအတွင်း၌။ သဟဿက္ခတ္တုံ၊အကြိမ်(တထောင်) တိုင်တိုင်။စက္ကဝတ္တိ-ရာဇာ၊စကြဝတေးမင်းသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။

(၃၉) ပဒေသ-ရဇ္ဇံ,ဝိပုလံ၊
ဂဏနာတော,အ-သင်္ခယံ။
အနု-ဘောဿသိ,တံသဗ္ဗံ၊
ဗုဒ္ဓါ-နုဿတိယာ,ဖလံ။ ။

(၃၉) ဂဏနာတော၊ အရေအတွက်အားဖြင့်။ အသင်္ခယံ၊ မရေတွက်နိုင်သော။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြောသော။ပဒေသ-ရဇ္ဇံ၊ ပဒေသရာဇ်မင်း၏အဖြစ်ကို။ အနု-ဘောဿသိ၊ သုံး

ဆောင်,ခံစားရလတ္တံ့။တံသဗ္ဗံ၊ ထိုအလုံးစုံသော စည်းစိမ် မျိုးသည်။ ဗုဒ္ဓါ-နုဿတိယာ၊ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏။ ဖလံ၊ အကျိုးပေတည်း။

(၄၀) ဘဝါ-ဘဝေ,သံသရန္တော၊
မဟာ-ဘောဂံ,လဘိဿသိ၊
ဘောဂေန,ဦနတာ,နတ္ထိ၊
ဗုဒ္ဓါ-နုဿတိယာ,ဖလံ။ ။

(၄၀) ဘဝါဘဝေ၊ ရှစ်-နာမ်,နှစ်ရပ်၊ ချုပ်ပြန်စပ်သို့၊ ထပ်ခါ-ထပ်ခါ၊ ဖြစ်ရာပေါင်းဆုံ၊ ဘုံဘဝ-အကြီး,အငယ်၌။သံသ-ရန္တော၊ ခန္ဓာမြင့်ရှည်၊ ဇာတိ-တည်၍၊ ကျင်လည်ရသည်ရှိ သော်။ မဟာဘောဂံ၊ များမြတ်သော စည်းစိမ်ဥစ္စာကို။ လဘိဿသိ၊ ရလတ္တံ့။ ။ဘောဂေန၊ လောကီရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာဖြင့်။ ဦနတာ။ နည်းပါး-ယုတ်လျော့သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိရာချေ။ ။ဧဒံ၊ ဤသို့ကေန်၊ အ မှန်ဖြစ်ရမည်ကား။ဗုဒ္ဓါနုဿတိယာ၊ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ၏။ ဖလံ၊ အကျိုးပေတည်း။

(၄၁) ကပ္ပသတ, သဟဿမှိ၊
ဩက္ကာက-ကုလ-သမ္ဘဝေါ။
ဂေါတမော,နာမ ဂေါတ္တေန၊
သတ္ထာ,လောကေ,ဘဝိဿတိ။ ။

(၄၁) ကပ္ပသတ, သဟဿမှိ၊ သင်္ချာတွက်ကိန်း၊ ကပ္ပါတသိန်း ထက်၌။ဩက္ကာက ကုလ သမ္ဘဝေါ၊ ဩက္ကာကရာဇ်၊ ဘုန်း ရောင်လှစ်၍၊ နွယ်မြစ်သန့်စင်၊ သာကီဝင်, ဟု၊ လွှမ်းထင် ကျော်ဟိုး၊ ဂုဏ်တန်းခိုးဖြင့်၊ မင်းမျိုးမှလည်း ဖြစ်ထသော။ ဂေါတ္တေန၊ အတိတ်စဉ်လာ၊ မင်္ဂလာနှင့်၊ သညာမည်သို့၊ အ မျိုးအနွယ်တော်အားဖြင့်။ဂေါတမောနာမ၊ ဂေါတမ-ဟု၊ လောကဝေါဟာ၊ ထောမနာ, ဖြင့်၊ ဩဘာ ချီးကျူး၊

အမည်ထူးလည်းရှိထသော။ သတ္ထာ၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်သည်။လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ ဘဝိဿတိ၊ ထင်ထင်ရှားရှား၊ ဖြစ်ပွားပွင့်ပေါ်တော်မူလာလတ္တံ့။

(၄၂) အသီတိ,ကောဋ္ဌိ,ဆဍ္ဍေတွာ၊
ဒါသေ,ကမ္မကရေ,ဗဟူ။
ဂေါတမဿ ဘဂဝတော၊
သာသနေ,ပဗ္ဗဇိဿသိ။ ။

(၄၂) အသီတိ,ကောဋ္ဌိ၊ ကုဋေရှစ်ဆယ်သော ဥစ္စာပစ္စည်းတို့ကိုငှင်း။ ။ဗဟူ၊ များစွာကုန်သော။ ဒါသေ၊ ကျေးကျွန်တို့ကိုငှင်း။ ။ကမ္မကရေ၊အမှုလုပ်တို့ကိုငှင်း။ ။ဆဍ္ဍေတွာ၊ စွန့်ပယ်ခဲ့၍။ဂေါတမဿ၊ ဂေါတမအမည်ရှိတော်မူသော။ ဘဂဝတော၊ ဘုန်းခြောက်ပါးရှင်၊ဘုရားသခင်၏။သာသနေ၊ သာသနာတော်မြတ်၌။ ပဗ္ဗဇိဿသိ၊ သင်္ဂါရှင်လန်း၊ ဝတ်သင်္ကန်းဖြင့်၊ ရဟန်းပြုရလတ္တံ့။

(၄၃) အာရာဓယိတွာန သမ္ဗုဒ္ဓံ၊
ဂေါတမံ သကျ-ပုင်္ဂဝံ။
**သုဘူတိ** နာမ နာမေန၊
ဟေဿတိ သတ္ထု-သာဝကော။ ။

(၄၃) သကျ ပုင်္ဂဝံ၊ ဘ,မိ နွယ်ရိုး၊ နေ နတ်မျိုး-ဟု၊တန်းခိုး သန့်စင်၊ဘုန်းရောင် ထင်သည့်၊သာကီဝင်,မင်းမြတ် ဖြစ်တော်မူသော။ ဂေါတမံ၊ဂေါတမအမည်ရှိတော်မူသော။ သမ္ဗုဒ္ဓံ၊ သစ္စာလေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာ ဘုရားရှင်ကို။ အာရာဓယိတွာန၊ စိတ်ဓာတ် တည်ရာ၊ ကြည်သာရွှင်ဖိမ့်၊ နှစ်သိမ့်စေတော်မူလျက်။သုဘူတိနာမ နာမေန၊သုဘူတိ ဟူသော အမည်ဖြင့်။ [ဝါ "မေတ္တာ" ပွားတိုး၊ ကုသိုလ်မျိုးကြောင့်၊ ပြည့်ဖြိုး သပ်ယပ်၊ ထူးမြတ်လေဘိ၊ ဂုဏ်ထူးရှိ

သည့်၊ **သုဘူတိ** ဟူသော အမည်ဖြင့်။] သတ္ထုသာ၀ကော၊ မြတ်စွာဘုရား၊ ထံတော်ပါး၌၊ ခစား ဆည်းကပ်၊ သားမြတ်,သားထူးသည်။ ဟေဿတိ၊ စင်စစ် မသွေ၊ ဖြစ်ရပေလတ္တံ့။

(၄၄) ဘိက္ခု-သံဃေ,နိသီဒိတွာ၊
ဒက္ခိဏေယျ-ဂုဏေဟိ,တံ။
တထာ-ရဏ,ဝိဟာရေန၊
ဒွီသု,အဂ္ဂေ,ဌပေဿတိ။ ။

(၄၄) ဘဂဝါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်သည်။ ဘိက္ခုသံဃေ၊ ရဟန်း အပေါင်းတို့၏ အလယ်၌။ နိသီဒိတွာ၊ ထိုင်နေတော်မူလျက်။ ဒက္ခိဏေယျ-ဂုဏေဟိ၊ မြတ်သောအလှူ၊ကြည်ဖြူသိမ်းပိုက်၊ ခံယူထိုက်သော (**ဒက္ခိဏေယျ**)ဂုဏ်တို့ဖြင့်၎င်း။ ။တထာ၊ ထို့မှတပါး၊ အရဏ-ဝိဟာရေန၊ ကိလေသာ စိတ်၊ကင်းဆိတ် ပယ်ခွါ၊နေတတ်စွာသော **အရဏဝိဟာရီ** ဂုဏ်ဖြင့်၎င်း။ ။ဒွီသု၊ နှစ်ပါးသော အရာတို့၌။ အဂ္ဂေ၊ **တေဒဂ်** အရာ၌၊ ဌပေဿတိ၊ ထားတော်မူလတ္တံ့။

(၄၅) ဣဒံ ဝတွာန,သမ္ဗုဒ္ဓေါ၊
ဇလဇုတ္တရ,နာမကော။
နဘံ,အဗ္ဘုဂ္ဂမိ,ဝီရော၊
ဟံသ-ရာဇာဝ,အမ္ဗရေ။ ။

---

(ဤ ၄၅-အမှတ်ပြဂါထာ-ဒုတိယပါဒ၌။ ။ဇလဇု—တ္တရနာမကော-ဟူသည်ကား။ ။ပဒု မု-တ္တရ-မြတ်စွာဘုရား,ဟော,သဒ္ဒါပင်ဖြစ်၏။ ။ပဒု မု-တ္တရ-၌၊(ပဒုမ + ဥတ္တရ)ဟူသကဲ့သို့။ (ဇလဇ + ဥတ္တရ) ဟု၊ ပုဒ်ဖြတ်၍။(ပဒုမ) သဒ္ဒါနှင့်လဲ၍(ဇလဇ)သဒ္ဒါဖြင့်၊လိုရင်းအမည်ကို မသိအောင်၊ပရိယာယ်တူ၊အမည်တခုဖြင့်၊ ပြောင်း၍ ဖွက်ဆိုသောကြောင့်၊(သမာနသဒ္ဒါပဟေဠိ)ဖြစ်၏။ ။အလင်္ကာနည်း။)

(၄၅) ဣဒံ၊(ဝစနံ)ဤသို့ မိန့်ကြား၊ **ဗျာဒိတ်** စကားကို။ ဝတ္တာန၊ ကျူးရင့် မိန့်မြွက်တော်မူပြီး၍။ ဝီရောါသမ္ဗုပခါန၊ ဝီရိယ ခါတ်၊ကြီးမြတ်ကဲးလွန်၊ **သဗ္ဗာ** ချွန်လျက်၊အမွန် မြင့်မြတ် တော်မူသော။ ဇလဇုတ္တရနာမကော၊ ရွှေကြာပဒုံ၊ ပန်း ဝတ်မှုံတို့၊မွှေးထုံ ကြိုင်စွာ၊ ကဲ့-ပမာသို့၊ ငဲ့ညှာသနား၊ ဝေ နေ-အားကို၊ တရား အောင်စည်၊ ဆော်ရွှမ်းလည်ကာ၊ မွှေးရည်ပျံ့ထုံ၊ ရနံ့ ဂုဏ်ကြောင့်။ **ပဒုမုတ္တရ**၊ အမည်ရ တော်မူသော။ သမ္ဗုဒ္ဓေါ၊သစ္စာလေးအင်၊သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်သည်။အမ္ဗရေ၊ကောင်းကင်ပြင်၌။ဟံသ- ရာဇာ,ဝ၊ ဟသ်ာငှက်မင်းကဲ့သို့။ နဘံ၊ ကောင်းကင်ထက် သို့။ အဗ္ဘုဂ္ဂမိ၊ အဘိညာဉ်စွမ်း၊ ဈာန်ယာဉ်လမ်းဖြင့်၊ လှမ်းကြွပြန်လည်တော်မူလေပြီ။

ဤသို့အားဖြင့်၊ ဗျာဒိတ်တော်ပန်းကို၊ ဆင်မြန်းပန်ဆင်ရပြီးနောက်၊ **နန္ဒ**-မည်တွင်၊ရသေ့ရှင်သည်လည်း၊ ရံခါ-ရံခါ၊သင့်လျော်သော အခါ တို့၌၊ သုံးလူထွတ်တင်၊ မြတ်စွာဘုရားရှင်၏၊ ရှေ့တွင် မျက်မှောက်၊ ထံ တော်အောက်သို့၊ကပ်ရောက်ဝပ်တွား၍၊ တရားစကား၊ မှတ်သားနာယူ လျက်၊ မယုတ်သော ဈာန်စိတ်ရှိသည်ဖြစ်၍၊ဤရသေ့,ဘဝမှ၊ခန္ဓာပြတ် ကြွေ၊ သေလွန်လတ်သော်၊ ဗြဟ္မာဘုံ၌ ဖြစ်လေ၏။ ။ထိုနောက်၊ ထို ဗြဟ္မာဘုံမှ၊ကုသိုလ်"**ကံ**"ကုန်၍၊ လူ့ဘုံသို့၊ စုန်ဆင်းခဲ့ပြန်သော်၊ ဘဝ- ငါးရာ တိုင်တိုင်၊ **ရသေ့**,ရဟန်းပြု၍၊ အရညဝါသီ၊ တောရပ် မှီလျက်၊ ယောဂီ အလေ့၊ ဘာဝနာ ဋ္ဌေဖြင့်၊ ပျော်မွေ့စွာ နေခဲ့ဘူး၏။ ။

ထိုနောက်တဖန်။"**ကဿပ**" မြတ်စွာဘုရားရှင်၏လက်ထက်တော် အခါ၌လည်း၊ကာလ မြင့်ကြာ၊ သံသရာ ဘဝ အဆက်ဆက်တို့၌၊ဖြည့် ကျင့် ဆည်းပူး အပ်သော ကောင်းမှုအစုံ၊ အထုံ ဘာဂီ၊ ဝသီ အလေ့ အတိုင်း၊ အရည ဝါသီ၊ တောမှီရဟန်း ပုဂ္ဂိုလ်ပင်ဖြစ်၍၊ **ဂတပစ္စာဂတ** ဝတ်ကို၊ အနှစ်,နှစ်သောင်း တိုင်တိုင် ဖြည့်ကျင့်ခဲ့ဘူး၏။

မြတ်စွာဘုရား၏သာသနာတော်၌၊ **မဟာသာဝက** အ ဖြစ်သို့ရောက်တော်မူကြကုန်သော ရဟန္တာ ပုဂ္ဂိုလ်ကြီးတို့

သည်၊ဤ**ဂတပစ္စာဂတ** ဝတ်ကို၊ ဖြည့်ကျင့် ကြရသည် ချည်း သာတည်း။ ။ဤဝတ်ကို မဖြည့်ကျင့်မူ၍၊ **မဟာသာဝက** အဖြစ်သို့ မရောက်နိုင်ချေ။

ထိုသို့အားဖြင့်၊ ထိုရဟန်းဘဝမှ၊ ခန္ဓာပြတ်ကြွေ သေလွန်လတ်ပြန် သော်၊ တာဝတိံသာ နတ်ပြည်၌ဖြစ်၏။ ။ထိုအခါ၊ တာဝတိံသာ၊ နတ်ရွာအထက်၌ပင်၊ ဆက်ခါ-ဆက်ခါ၊ **ကပ္ပါ**အားဖြင့် သုံးသောင်း၊ အကြိမ်အားဖြင့်၊ရှစ်ဆယ်တိုင်တိုင်၊ နတ်တို့**သေဋ္ဌ်နင်း**၊ သိကြားနတ်မင်း ၏ စည်းစိမ်ချမ်းသာကို၊ ခံစား,စံစားပြီး၍၊ ထိုမှတဖန်၊ ကုသိုလ် "**ကံ**" အဟုန်၊ ကုန်ပြန်လတ်၍၊ နတ်တို့ဘုံမှ၊ စုန်ဆင်းခဲ့ပြန်သော်၊ လူတို့ဘုံ၌၊ အကြိမ်တထောင်၊ **စကြဝတေး**မင်း ဖြစ်ပြီး၍၊ **ပဒေသရာဇ်**မင်း၏၊ စည်းစိမ်ကို-မူကား၊အရေအတွက်အားဖြင့်၊မကုန်နိုင်အောင်ပင်၊ခံစား စံစားရ၏။

ထိုမှတပါးလည်း၊—

ဘဝများစွာ၊သံသရာ၌၊ ကျင်လည်ရစဉ်၊ လွန်စွာ များပြား၊ ကြီးမား မြင့်မြတ်သော စည်းစိမ်တို့ကို၊ ရခဲ့ဘူး၏။

**ဤသည်ကား—ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏အကျိုးပင်တည်း။**

ထိုမှတပါးလည်း၊—

ဘဝ များစွာ၊ သံသရာ၌၊ကျင်လည်ရစဉ်၊ လောကီ ရိပ်ငြိမ်၊ စည်းစိမ် ချမ်းသာ၌၊သေးငယ်နည်းပါးသောအရာ,ယုတ်လျော့ သိမ်ဖျင်းသောအရာ-ဟူသောအဖြစ်မည်သည်ကို၊မဖြစ်ခဲ့ဘူးချေ။

**ဤသည်ကား—ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏အကျိုးပင်တည်း။**

ထိုမှတပါးလည်း၊—

**နန္ဒ**-မည်တွင်၊ ရသေ့ရှင်ဖြစ်သော ဘဝ,ကစ၍၊ ဤ **သုဘူတိ** မည်တွင်၊ ရဟန္တာအရှင်ဖြစ်လာသည့်အခါတိုင်အောင်၊ ကပ္ပါ တသိန်းတို့၏ အတွင်း၌၊ ယုတ်မာဆိုးတောင်း၊ မကောင်းသော **ဒုဂ္ဂတိ**,ဘုံသို့၊ ကျရောက်ရဘူးသည်ကို၊ မသိခဲ့ဘူးချေ။

**ဤသည်ကား—ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏ အကျိုးပင်တည်း။**

ထိုနောက်၊ ငါတို့၊ **ဂေါတမ** မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌၊ **သာဝတ္ထိ,** ပြည်ဝယ်၊ **သုမန** သူဌေးကြီး၏ အိမ်၌၊ **ဇေတဝန်** ကျောင်းတော်ကြီး၏ ဒါယကာ၊ **အနာထပိဏ်** သူဌေးကြီး၏-ညီငယ်အရင်း(သုဘူတိ) ဟူသောအမည်ဖြင့်၊ ထင်ရှားစွာဖြစ်ပေါ်လာ၏၊ ထိုအခါ၊ **သကျ-နွယ်ရိုး**၊ ဂုဏ်တန်းခိုးနှင့်၊ အမျိုးအသမ္ဘိန္န, ဖြစ်တော်မူသော ငါတို့**ဂေါတမ** မြတ်စွာဘုရားရှင်သည်၊ အထင်အရှား၊ ဖြစ်ပွားပွင့်လာတော်မူ၍၊ ထိုထို တိုင်းကြီး, ပြည်ကြီး၊အသီး, အသီး,တို့သို့၊ ခရီးဒေသစာရီ၊ ကြွချီတော်မူပြီးလျှင်၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်ဟီးအောင်၊ တီးခတ်တော်မူလျက်၊ အစဉ်သဖြင့်၊ကြွလာတော်မူရာ၊ **ရာဇဂြိုဟ်**, ပြည်သို့ရောက်တော်မူလတ်သော်၊ ထိုပြည်၌၊ **ဝေဠုဝန်**ကျောင်းတော်ကြီးကို၊ အလှူခံတော်မူခြင်း အစရှိသည်တို့ဖြင့်၊ထိုထို တိုင်းသူ,ပြည်သား၊ လူအများတို့အား၊ သနားချီးမြှင့်တော်မူပြီးလျှင်၊ထို**ရာဇဂြိုဟ်**ပြည်ကိုအမှီပြု၍၊ **ယင်းတိုက်** တော၌၊ သီတင်းသုံးစံနေတော်မူ၏။

ထိုအခါ၊ **အနာထပိဏ်** သူဌေးကြီးသည်၊**သာဝတ္ထိ,** ပြည်၌၊ အတိုးအပွားဖြစ်သောဥစ္စာကိုယူ၍၊ မိမိ၏အဘော်ဖြစ်သော**ရာဇဂြိုဟ်** ပြည်သားသူဌေးကြီးတဦး၏ နေအိမ်သို့သွားရာ၊ ထိုပြည်၌၊ မြတ်စွာဘုရားရှင် ပွင့်လာတော်မူ၏==ဟူသော စကားကို၊ ကြားသိလတ်၍၊ မြတ်စွာဘုရား၏ အထံတော်သို့၊ ချဉ်းကပ်ဖူးမျှော်၍၊လက်မွန်မဆွ၊ အစဦးစွာ၊ဖူးမြင်ရခြင်းဖြင့်ပင်လျှင်၊ လေးဖြာ,ဒွိ၌၊ **ဝိစိကိစ္ဆာ**၊ကင်းစင်ကွာလျက်၊(**သောတာပတ္တိ**)ဖိုလ်၌ တည်၍၊ ကြည်လင်သောစိတ်ဖြင့်၊ မြတ်စွာဘုရားရှင်အား၊ **သာဝတ္ထိ,** ပြည်ကြီးသို့၊ ခရီးဒေသစာရီ၊ ကြွချီ ချီးမြှောက်တော်မူပါဘုရား-ဟု၊လျှောက်ထား‌တောင်းပန်လေ၏။ ။မြတ်စွာဘုရားသခင်သည်လည်း၊ **အနာထပိဏ်** သူဌေးကြီး၏စကားကို၊ ခွင့်ပြုဝန်ခံတော်မူ၏၊ ထိုသို့ တောင်းပန် ပင့်လျှောက်ပြီးလျှင်၊လေးဆယ့် ငါး ယူဇနာ၊ သင်္ချာကွာလှမ်းသော, ခရီးလမ်းအကြား၌၊တန့်နားတည်းခိုတော်မူရန်ယူဇနာ-တိုင်း,ယူဇနာ-တိုင်း၊ တသိန်း,တသိန်းသော အသပြာတို့ကိုစွန့်၍၊ မိုးပါးနီးမျှ ကြီးစွာသောကျောင်းတော်ကြီးတို့ကို ဆောက်လုပ်စေ၍၊ ခရီးလမ်း အကြား, အကြားတို့၌၊တန့်နားတည်းခို-ကြွစေတော်မူပြီးလျှင်၊ **သာဝတ္ထိ** ပြည်ကြီးသို့၊ ခရီးဆိုက်ရောက်တော်မူသောအခါ၌၊

ရှစ်(ကရီသ)အတိုင်းအရှည်ရှိသော ဇေတ မင်းသား၏ဥယျာဉ်မြေကို၊ ငါးဆယ့်လေးကုဋေ့,သော အသပြာငွေကိုပေး၍ ဝယ်ယူပြီးလျှင်၊ ထို ဥယျာဉ်မြေ၌၊ မြတ်စွာဘုရားရှင်အား၊ ကျောင်းတော်ဆောက်၍ လှူ ဒါန်း၏။

[ဤအရာ၌၊ ကျောင်းတော်၏ အခြင်းအရာကို၊ အထူးမဆိုချေ။ ။ ဇေတဿ ကုမာရဿ ဥယျာနဘူမိံ။ ။ဟူသော အဋ္ဌကထာစကားအရ၊ ဇေတ,မင်းသား၏ ဥယျာဉ်မြေ ဖြစ်ဘူးသည်ကိုစွဲ၍၊ဇေတဝန၊ဇေတဝန် ကျောင်းတော်ဟူ၍ပင်၊ခေါ်တွင်လေ၏။ ။ဤကား၊အမှာစကားတည်း။]

ထိုသို့ အနာထပိဏ်သူဌေးကြီးသည်၊ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်၍၊ရေစက်သွန်ချ လှူဒါန်းသော နေ့၌၊ဤသုဘူတိ သူကြွယ် သည်လည်း၊သူဌေးကြီးနှင့်အတူတကွ၊ ကျောင်းတော်သို့ သွား၍ တရား တော်နာယူ၏။ ။ထိုအခါ၊ ဘဝ များစွာ၊ သံသရာ၌၊ ကျင်လည်ရစဉ် အခါက၊ဖန်ဝါ နီမြန်း၊ဝတ်သက်န်းဖြင့်၊ ရဟန်းပြု၍၊ ဖြည့်ကျင့်ဆည်းပူး ခဲ့လေပြီးသော သဒ္ဓါစိတ်ဓာတ် အထုံသည်၊လေဟုန်ပင့်ဓမြှောက် မီးရှိန် တောက်သို့၊ဖြစ်မြောက်ပေါ်လာရကား၊ထိုခဏ၌ပင်၊ မြတ်စွာ ဘုရား ရှင်၏ အထံတော်၌၊ခွင့်ပန်လျှောက်ထား၍ရဟန်းပြုလေ၏။

ထိုသို့ ရဟန်းပြုပြီးနောက်၊ ရဟန်းတို့ ကျင့်ဝတ် ဖြစ်သော ဝိနည်း တရား၊ လေ့လာသင်ကြားပြီး၍၊ မိမိ စရိုက်နှင့်၊ ထိုက်တန်သော ကမ္မ ဋ္ဌာန်းတရား၊ ဟောကြားညွှန်ပြ၊ ဆုံးမတော်မူစေပြီးလျှင်၊ အာရည ဝါ သီ၊ တောမှီရဟန်းပြု၍၊ မေတ္တာ ဈာန်ကို၊ မိမိသန္တာန်၌ဖြစ်စေပြီးလျှင်၊ ထို မေတ္တာဈာန်ကိုပင်လျှင်၊အခြေခံပြု၍၊ (ဝိပဿနာ)ကမ္မဋ္ဌာန်း၊စီးဖြန်း ပွားများအားထုတ်ရာ၊(မကြာမြင့်မီ) ပဋိသမ္ဘိဒါဉာဏ် လေးပါး+ ဝိမောက္ခတရားရှစ်ပါး+အဘိညာဉ် ၆-ပါးတို့နှင့်ပြည့်စုံ၍၊အာသဝေါ, ကုန်ခန်း၍ ရဟန္တာပုဂ္ဂိုလ်, ဟူသော အထွတ်အမြတ်သို့ ရောက်တော် မူရကား၊ ဤမှ တဖန်၊ နောက်သို့ပြန်၍ ရေတွက်လတ်သော်၊ ကပ္ပါ တသိန်းထက်က၊ နန္ဒရသေ့ဖြစ်၍၊ပဒုမုတ္တရ မြတ်စွာ ဘုရားရှင်၏၊ အထံ တော်၌၊ နှုတ်မြွက်သံပြောင်း၊ ဖြစ်လိုကြောင်းဖြင့်၊ ဆုတောင်း၍ ပြုအပ် သော ကောင်းမှုကုသိုလ်ကံ၏အကျိုးသည်၊ တောင်းဆု, အတိုင်း၊ ဤတွင်ပြီးပြည့်စုံလတ်သတည်း။

ဤအဓိပ္ပါယ်ကို ပြခြင်းအကျိုးငှါ၊ အောက်၌ ပါသော ဂါထာကို ဟောကြားတော်မူအပ်၏။

(၄၆) သာသိတော,လောက-နာထေန၊
နမဿိတွာ,တထာဂတံ။
သဒ္ဒါ,ဘာဝေမိ,မုဒိတော၊
ဗုဒ္ဓါနုဿတိ-မုတ္တမံ။ ။

(၄၆) လောက နာထေန၊ လူသုံးပါးတို့၏၊ကိုးစားရာအစစ်၊ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်။ သာသိတော၊ နည်းညွှန် ဆုံးမတော်မူအပ်သည်ဖြစ်၍။ တထာဂတံ၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်ကို။ နမဿိတွာ၊ ရှိသေမြတ်နိုး၊ရှိခိုးဦးညွှတ်ပြီး၍။ ဥတ္တမံ၊တုဘက်ကဲလွန်၊ ဂုဏ်တန်းခွန်ဖြင့်၊ အမွန် အမြင့် မြတ်ဆုံး ဖြစ်သော။ ဗုဒ္ဓါနုဿတိံ၊ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်းကို။ မုဒိတော၊ ကြည်သာရွှင်ပျို့၊ နှစ်လို့ဝမ်းမြောက်သည်ဖြစ်၍။ သဒ္ဒါ၊အခါ ခပ်သိမ်း။ ဘာဝေမိ၊မြတ်စွာဘုရား၊ ကိုးပါးဂုဏ်ကို၊ အာရုံညွှတ်၍၊ ရွတ်ဆို ပွားများလေ၏။

(၄၇) တေနကမ္မေန,သုကတေန၊
စေတနာ,ပဏိဓိဟိစ။
ဇဟိတွာ,မာနုသံ,ဒေဟံ၊
တာဝတိံသံ,အဂစ္ဆ-ဟံ။ ။

(၄၇) သုကတေန၊ သဒ္ဒါ ပြောရွှင်၊ ဇော အစဉ်ဖြင့်၊ ကြည်လင်စွာ ပြုအပ်သော။ တေန ကမ္မေနစ၊ ထိုသို့ ပေါင်းစု၊ အကြောင်းပြုသည့်၊ ကောင်းမှု ကံကြောင့်၎င်း=စေတနာ-ပဏိဓိဟိစ၊(အရဏဝိဟာရီ)ရဟန်း၊ဗျာဒိတ် ပန်းကို၊စိတ်မှန်း ဆောက်တည်ခြင်း တို့ဖြင့်၎င်း=မာနုသံ၊ လူ့ပြည် လူ့ရပ်၊ လူတို့ဇာတ်၌ ဖြစ်သော။ ဒေဟံ၊ ကိုယ် ခန္ဓာကို။ ဇဟိတွာ၊ စွန့်ပယ်ခဲ့၍။ တာဝတိံသံ၊ တာဝတိံသာ နတ်

ပြည်သို့၊ အဟံ၊နန္ဒ မည်တွင်၊ ရသေ့ရှင် ဖြစ်ခဲ့ဘူးသောငါသည်။ အဂစ္ဆိံ၊ လား ရောက်ရခဲ့ဘူးလေပြီ။

(၄၇) အသီတိကပ္ပတ္တုံ ဒေဝိန္ဒော၊
ဒေဝရဇ္ဇ-မ ကာရယိံ။
သဟဿကပ္ပတ္တုံ,ရာဇာစ၊
စက္ကဝတ္တိ အဟောသ-ဟံ။ ။

(၄၇) ဒေဝိန္ဒော၊နတ်တို့သခင်နန်း၊သိကြားမင်းသည်။အသီတိကပ္ပတ္တုံ၊အကြိမ်ရှစ်ဆယ်တိုင်တိုင်။ ဟုတ္ဝာ၊ ဖြစ်၍။ ဒေဝရဇ္ဇံ၊ သိကြားနတ်မင်း၏အဖြစ်ကို။အကာရယိံ၊ပြုခဲ့ဘူးပြီ။ ။အဟံ၊ငါသည်။သဟဿကပ္ပတ္တုံ၊ အကြိမ်တထောင်တိုင်တိုင်။ စက္ကဝတ္တိရာဇာစ၊ စကြဝတေးမင်းသည်လည်း။ အဟောသိံ၊ဖြစ်ခဲ့ဘူးလေပြီ။

(၄၉) ပဒေသရဇ္ဇံ,ဝိပုလံ၊
ဂဏနာတော,အသင်္ခိယံ။
အနုဘောမိ,သုသမ္ဘတ္တိံ၊
ဗုဒ္ဓါနုဿတိယာ,ဖလံ။ ။

(၄၉) ဝိပုလံ၊ ကြီးကျယ်ပြန့်ပြောသော။ ပဒေသရဇ္ဇံ၊ ပဒေသရာဇ်,မင်း၏အဖြစ်သည်။ ဂဏနာတော၊ အရေအတွက်အားဖြင့်။ အသင်္ခိယံ၊မရေတွက်နိုင်ချေ။ ။သုသမ္ဘတ္တိံ၊ လူ့,ပြည်,နတ်ရပ်၊မွန်မြတ်သောစည်းစိမ်ကို။အနုဘောမိ၊ သုံးဆောင်,ခံစားရခဲ့ဘူးလေပြီ။ဣဒံ၊ ဤသို့ဖြစ်ရခြင်း သည်ကား။ ဗုဒ္ဓါနုဿတိယာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၏။ဖလံ၊အကျိုးပေတည်း။

(၅၀) ဘဝါဘဝေ,သံသရန္တော၊
မဟာဘောဂံ,လဘာ မ-ဟံ။
ဘောဂေ မေ, ဦနတာ နတ္ထိ၊
ဗုဒ္ဓါနုဿတိယာ, ဖလံ။ ။

(၅၀) ဘဝါဘဝေ၊ရုပ်-နာမ်,နှစ်ရပ်၊ချုပ်ပြန်စပ်သို့၊ထပ်ခါ-ထပ်ခါ၊ ဖြစ်ရာပေါင်းဆုံ၊ဘုံဘဝ အကြီး,အငယ်၌။ သံသရန္တော၊ ခန္ဓာ မြင့်ရှည်၊ ဇာတိတည်၍ ကျင်လည် ရသည်ရှိသော်။ အဟံ၊ ငါသည်။မဟာ ဘောဂံ၊များမြတ်သော စည်းစိမ်ကို။လဘာ-မိ၊ရ၏။ ။မေ၊ငါ့အား။ ဘောဂေ၊လောကီ ရိပ်ငြိမ်၊ စည်းစိမ် ဥစ္စာ၌။ ဦနတာ၊ နည်းပါး ယုတ်လျော့သည်၏ အဖြစ်သည်။ နတ္ထိ၊မရှိခဲ့ဘူးချေ။ ။ဣဒံ၊ဤသို့ဖြစ်ရခြင်းသည်ကား။ ဗုဒ္ဓါ-နုဿတိယာ၊ **ဗုဒ္ဓါနုဿတိ**ကမ္မဋ္ဌာန်း၏။ဖလံ၊အကျိုးပေတည်း။

(၅၁) သတ,သဟဿိတော,ကပ္ပေ၊
ယံကမ္မ-မ ကရိံ,တဒါ။
ဒုဂ္ဂတိံ,နာဘိဇာနာမိ၊
ဗုဒ္ဓါနုဿတိယာ,ဖလံ။ ။

(၅၁) ဣတော၊ ဘဒ္ဒ ကပ်,ဟု၊ ထူးမြတ် သညာ၊ဤကပ္ပါမှ။ သတ-သဟဿေ ကပ္ပေ၊ သန်းချာတွက်ကိန်း၊ ကပ္ပါတသိန်းထက်၌။ တဒါ၊ထို **နန္ဒ** မည်တွင် ရသေ့ရှင် ဖြစ်သော အခါ၌။ ယံကမ္မံ၊ အကြင်ကုသိုလ်အစု၊ ကောင်းမှု"**ကံ**"ကို။ အကရိံ၊ ပြုလုပ်ခဲ့ ဘူးပြီ။ ။တတော၊ (ပဘူတိ)၊ထို **နန္ဒ** မည်တွင်၊ ရသေ့ရှင် ဖြစ် သော ဘဝမှစ၍။ ဒုဂ္ဂတိံ၊ အကျိုးနုတ်စွာ၊ ညှိုးပုပ်လာသည့်၊ ယုတ်မာဆိုးတောင်း၊ မကောင်းသော အလားကို။ နာဘိဇာ-နာမိ၊ မကြားမသိရစဘူးချေ။ ။ဣဒံ၊ ဤသို့ဖြစ်ရခြင်းသည် ကား။ ဗုဒ္ဓါနုဿတိယာ၊ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း၏။ ဖလံ၊ အကျိုးပေတည်း။

(၅၂) ပဋိသမ္ဘိဒါ,စတဿော၊
ဝိမောက္ခာပိစ,အဋ္ဌိမေ။
ဆဠာဘိညာ,သစ္ဆိကတာ၊
ကတံ,ဗုဒ္ဓဿ,သာသနံ။ ။

(၅၂) စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါပိစ၊ ပဋိသမ္ဘိဒါ ဉာဏ်တို့ကိုရင်း။ ။အဋ္ဌ၊ရှစ်ပါးကုန်သော။ဝိမေ၊ဝိမောက္ခာ-ပိစ၊ ဤဝိမောက္ခတရားတို့ကိုရင်း။ဆဠာဘိညာစ၊ ခြောက်ပါးသော အဘိညာဉ်တရားတို့ကိုရင်း။ ။သစ္ဆိကတာ၊ ဉာဏ်ဖြင့် ထွင်းဖေါက်၊ အလင်းရောက်၍၊ မျက်မှောက်ပြုအပ်ကုန်ပြီ။ ။ ဗုဒ္ဓသာသနံ၊သစ္စာလေးအင်၊သိမြင်ထင်ရှား မြတ်စွာဘုရားရှင်၏။ သာသနံ၊ ကျင့်စဉ်ထုံးပြ၊ နှလုံးလှဘို့၊ အဆုံး, အမဖြစ်သော တရားစကားကိုလည်း။ ကတံ၊ သွေလှန်မဖင့်၊ ဧကန်ဆင့်၍၊ ဉာဏ်ဖြင့်ပိုက်ခါ၊လိုက်နာပြုကျင့်အပ်ပါပြီ။

ဤသို့အားဖြင့် ထို **သုဘူတိ**မည်တွင် ရဟန္တာအရှင်သည်၊တရားဓမ္မ၊ ဟောပြဆုံးမတော်မူသော အခါ၌၊ အကြင့်ကြောင့် မြတ်စွာဘုရား၊ ဟောကြားတော်မူအပ်သော နည်းဖြင့်၊မရည်ညွှန်းသည်ကိုပြု၍၊ တရား ဟောတော်မူ၏။ ။ထို့ကြောင့်၊**အရဏဝိဟာရီ**ရဟန္တာပုဂ္ဂိုလ်အပေါင်း တို့ထက်၊ **သုဘူတိ** ထေရ်သည်၊ ထူးကဲ မြင့်မြတ်တော်မူ၏။ ။အကြင့် ကြောင့်၊ ဆွမ်းခံကြွသွားတော်မူသော အခါ၌၊ အိမ်တိုင်း- အိမ်တိုင်း ရှေ့သို့ ရောက်တော်မူလျှင်၊ **မေတ္တာ** ဈာန်ကို ဝင်စား၍ ထို**မေတ္တာ** ဈာန် စိတ်မှ-ထ၍ ဆွမ်းကို အလှူခံတော်မူ၏။

ဤသို့၊ အလှူခံပုဂ္ဂိုလ်တို့သည်၊ **မေတ္တာ** ကမ္မဋ္ဌာန်း၊ စီးဖြန်းပွားများ ၍ အလှူခံအပ်ကုန်သည်ရှိသော်၊ အလှူရှင်ဒါယကာတို့အား၊ ကြီးကျယ် ဖွံ့ဖြိုး၊ များမြတ်သော အကျိုးထူးကိုခံစားရ၏။

ထို့ကြောင့်၊**ဒက္ခိဏေယျ**မြတ်သော အလှူခံပုဂ္ဂိုလ် အပေါင်းတို့ထက်၊ **သုဘူတိ** ထေရ်သည်၊ ထူးကဲမြင့်မြတ်တော်မူ၏။

ထို့ကြောင့်၊ ဤ**သုဘူတိ** ထေရ်မြတ်ကို၊ နောက်၌ ပြဆိုအပ်ခဲ့ပြီး သော နှစ်ပါးသောဂုဏ်အင်္ဂါတို့ဖြင့်၊ မိမိ၏ သာသနာတော်၌၊ **ဧတဒဂ်** ဘွဲ့ခံ၊ **သာဝက** ဂုဏ်ထူးဖြင့်၊ ချီးကျူးမြှောက်စား, အပ်နှင်းတော်မူ၏။

ထို့ကြောင့်၊ အင်္ဂုတ္တရပါဠိတော်၊ ဧကနိပါတ်၊ ဒုတိယ ဧတဒဂ္ဂ ဝဂ်၌၊ အောက်၌ပါသောဒေသနာကို၊ဟောကြားတော် မူအပ်၏။

တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ အရဏာ ဝိဟာ-
ရီနံ ဒက္ခိဏေယျာနဉ္စ ယဒိဒံ **သုဘူတိ**။ ။

ဘိက္ခဝေ၊ (အို) ချစ်သားအပေါင်းတို့....။

မမ၊သင်တို့ဆရာ၊ငါဘုရား၏၊သာဝကာနံ၊ တပည့်သားဖြစ်ကြကုန်သော။ အရဏာဝိဟာရီနဉ္စ၊ **အရဏာဝိဟာရီ** ပုဂ္ဂိုလ်လည်းဖြစ်ကြကုန်သော။ ဒက္ခိဏေယျာနဉ္စ၊ **ဒက္ခိဏေယျ** ပုဂ္ဂိုလ်လည်းဖြစ်ကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းအပေါင်းတို့တွင်၊ ယဒိဒံ၊ (ယော၊ အယံ,) **သုဘူတိ**၊အကြင် **သုဘူတိ** မည်တွင်၊ ရဟန္တာအရှင်သည်၊ အတ္ထိ၊ ထင်ရှားပကတိ၊ ရှိ၏။

ဧတံ၊(သော)သုဘူတိ ထို**သုဘူတိ**မည်တွင်၊ ရဟန္တာအရှင်သည်၊ အဂ္ဂံ၊(အဂ္ဂေါ)၊ချီးမွမ်းအပ်၍၊ အမြတ်ဆုံးသောပုဂ္ဂိုလ်ပင်တည်း။

ဤအရာ၌၊**သုဘူတိ** ထေရ်၏ (၁) **အရဏာဝိဟာရီ** ဟူသောဂုဏ်အင်္ဂါ။ ။(၂) **ဒက္ခိဏေယျ** ဟူသောဂုဏ်အင်္ဂါ, နှစ်ပါးတို့ကို၊ ခွဲ၍ဆိုဦးအံ့—

(၁) ကိလေသာဆယ်ပါး, အယုတ်တရားတို့မှ၊ ကင်းဆိတ်၍နေလေ့ရှိသောပုဂ္ဂိုလ်သည်၊ **အရဏာဝိဟာရီ** ပုဂ္ဂိုလ်မည်၏။ ။ဤအရာ၌၊ တပါးသော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း၊ ထိုကိလေသာတရားတို့မှ၊ ကင်းဆိတ်၍ နေလေ့ရှိသဖြင့်၊ ထိုပုဂ္ဂိုလ်တို့ကိုလည်း **အရဏာဝိဟာရီ** ဟူသောအမည်ဖြင့်၊ ခေါ်ဆိုထိုက်သည်ကား—မှန်၏။ ။ထိုသို့ဖြစ်သော်လည်း၊ ဤ**သုဘူတိ** ထေရ်မြတ်အားသာလျှင်၊ တရားဟောတော်မူသောနည်းအားဖြင့်၊ ဤ **အရဏာဝိဟာရီ** ပုဂ္ဂိုလ်ဟူသော အမည်ကို၊တိုက်ရိုက်ရအပ်၏။

ထိုစကားမှန်၏။—

တပါးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည်၊ တရားဟောတော်မူသည်ရှိသော်၊ ရည်ညွှန်းသည်ကိုပြု၍ကျေးဇူးကိုဂုဏ်း, ကျေးဇူးမဲ့ကိုဂုဏ်း,ဟောကုန်၏။ ဤ **သုဘူတိ** ထေရ်မြတ် မူကား၊ တရား ဟောတော်မူသည်ရှိသော်၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အမှတ်အသားနည်းဖြင့်၊ အစဉ်အတိုင်း၊ ဟောတော်မူ၏။

ထို့ကြောင့်၊ ကိလေသာစိတ်မှ၊ ကင်းဆိတ်၍ နေလေ့ရှိသော ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ချင်းချင်း-တူမျှသော်လည်း၊ ဤ **သုဘူတိ** ထေရ် မြတ်အားသာလျှင်၊ တရားဟောတော်မူသော နည်းအားဖြင့်၊ တပါး သော ရဟန္တာပုဂ္ဂိုလ်တို့ထက်၊ ဆထက်ထူးချွန်၊ ဂုဏ်တန်းခွန်ဖြင့်၊ အ မွန်အမြင့် မြတ်ဆုံးသော **အရဏဝိဟာရီ** ပုဂ္ဂိုလ်ဟူ၍၊ **ဧတဒဂ်** ပေးသ နားတော်မူ၏။

(၂) မြတ်သောအလှူကို၊ခံယူသိမ်းပိုက်၊ ထိုက်တော်မူသောပုဂ္ဂိုလ် သည်၊ **ဒက္ခိဏေယျ** ပုဂ္ဂိုလ်မည်၏။

ဤအရာ၌တပါးသော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း၊ မြတ်သော အလှူကို၊ ခံယူသိမ်းပိုက်၊ ထိုက်တော်မူသဖြင့်၊ ထိုပုဂ္ဂိုလ်တို့ကိုလည်း၊ **ဒက္ခိဏေယျ** ဟူသောအမည်ဖြင့်၊ ခေါ်ဆိုထိုက်သည်ကားမှန်၏။

ထိုသို့ဖြစ်သော်လည်း၊ ဤ **သုဘူတိ** ထေရ်မြတ်သည်၊ ဆွမ်းခံဝင် သည်ရှိသော် အိမ်တိုင်း,အိမ်တိုင်း၌ရပ်၍၊ **မေတ္တာ** ဈာန်စိတ်ကိုဝင်စား ပြီးလျှင်၊ ထို **မေတ္တာ** ဈာန်စိတ်မှထ၍၊ ဆွမ်းကိုအလှူခံတော်မူ၏။

ဤသို့ **မေတ္တာ** ဈာန်စိတ်မှထ၍ဆွမ်းစသောပစ္စည်းဝတ္ထု အစုစုတို့ကို အလှူခံခြင်းသည်၊အလှူရှင်ဖြစ်သော ပုဂ္ဂိုလ်တို့အား၊ ကြီးကျယ်ဖွံ့ဖြိုး၊ များမြတ်သော အကျိုးရှိသည်ဖြစ်၏။

ထို့ကြောင့်၊ မြတ်သော အလှူကို၊ခံယူသိမ်းပိုက်၊ထိုက်တော်မူသော ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ချင်းချင်း-တူမျှသော်လည်း ဤ**သုဘူတိ**ထေရ် မြတ်အားသာလျှင်၊ **မေတ္တာ** ဈာန်ကို ဝင်စားပြီးလျှင်၊ ထို**မေတ္တာ**ဈာန် စိတ်မှထ၍ ဆွမ်းကိုအလှူခံသော နည်းအားဖြင့်၊ တပါးသောရဟန္တာ ပုဂ္ဂိုလ်တို့ထက်၊ ဆထက် ထူးချွန်၊ ဂုဏ်တန်းခွန်ဖြင့်၊ အမွန်အမြင့်မြတ် ဆုံးသော **ဒက္ခိဏေယျ** ပုဂ္ဂိုလ်ဟူ၍၊ **ဧတဒဂ်**,ပေးသနားတော်မူ၏။

ထို **သုဘူတိ** မထေရ်၏ ရုပ်ရည်၏ သဏ္ဌာန်၊ ပုံဟန် အဆင်းသည် ကား=လွန်စွာပြည့်ဖြိုး၊သပ်ယပ်တော်မူ၏၊ ကောင်းစွာတန်းဆာ ဆင် ယင်အပ်သော တုရိုဏ်းကဲ့သို့ရင်း,ဆန်းကြယ်သော ပုဆိုးကဲ့သို့ရင်း, အလွန်အကျူး၊အထူးတင့်တယ်တော်မူ၏။ ။ထိုကြောင့်၊**သုဘူတိ**ထေရ် မြတ်ဟူ၍၊ ဘွဲ့မည်တပ်တော်မူ၏-ဟူ၍၊ အင်္ဂုတ္တရ အဋ္ဌကထာ၊ ဧက

နိပါတ်၊ တေဒဂ္ဂဝဂ်၌၊ဖွင့်ဆို၏။ ။ဤသို့ အားဖြင့်၊ ရုပ်ရည်သဏ္ဍာန်၊ ပုံဟန် အဆင်း၊ သန့်ရှင်း တင့်တယ်ခြင်းသည်ကား၊ မေတ္တာစျာန်စိတ်၏ အကျိုးဟူ၍-ဆိုထိုက်၏။

ချဲ့၍ဆိုဦးအံ့။ ။ဤအရာ၌၊ သုဘူတိထေရ်အား၊ ဒက္ခိဏေယျဂ္ဂတ်ဖြင့်၊ တေဒဂ်ပေးသနားရာ၌၊ ဤသုဘူတိထေရ်မြတ်၏သန္တာန်၌၊ မေတ္တာစျာန်စိတ်၊အမြဲ ကိန်းဝပ်တည်နေသည်ကို အကြောင်းပြု၍၊ မြတ်သော အလှူခံ ပုဂ္ဂိုလ် အပေါင်းတို့ထက်၊ အမြင့် မြတ်ဆုံးသော ဒက္ခိဏေယျ ပုဂ္ဂိုလ်,ဟူ၍ ချီးမွမ်းတော်မူ၏။

ထိုစကားမှန်၏။ ။အကြင်ရဟန်းသည်၊လက်ဖျစ်တတွက်ခန့် ကာလမျှ၊မေတ္တာစိတ်ကိုမှီဝဲ၏။ ။(နှလုံးသွင်း၏) (ပွားများ၏)။

ထိုရဟန်းသည်၊မြတ်စွာဘုရားရှင်၏ သာသနာတော်ကို၊ လိုက်နာ၍ ပြုကျင့်သည် မည်၏၊ အဆုံးအမ စကားတော်ကို နာခံ၍ ပြုကျင့်သည် မည်၏။

နောက်သံသရာ၌၊ချမ်းသာကောင်းကျိုး၊ဖွံ့ဖွံ့ဖြိုးဘို့၊အားကိုး ရွယ်ချူ၊ ရွာနေသူတို့၊ကြည်ဖြူရှင်လန်း၊ပေးလှူဒါန်းသော ဆွမ်းကို၊စားသောက် ခြင်းသည်၊ အချည်းနှီး မဟုတ်သောစားခြင်းမည်၏=ဟူ၍။(အင်္ဂုတ္တရ ပါဠိတော်၊ဧကနိပါတ်၊ အစ္ဆရာသင်္ဃာတ)ဝဂ်၌၊ဟောတော်မူ၏။

အစ္ဆရာ သင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာ-
စိတ္တံ အာသေဝတိ၊အယံဝုစ္စတိ ဘိက္ခဝေဘိက္ခု။ အရိတ္တဇ္ဈာ-
နော ဝိဟရတိ၊သတ္ထု သာသနကရော,ဩဝါဒပ္ပတိကရော,
အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကောပန ဝါဒေါ ယေပန,
ဗဟုလံ ကရောန္တီတိ။ ။(တတိယံ)။

ဘိက္ခဝေ၊ (အို) ငါ၏ချစ်သား၊ရဟန်းများတို့....။

ဘိက္ခု၊ရဟန်းသည်။အစ္ဆရာ သင်္ဃာတ မတ္တမ္ပိ၊(*လက်ဖျစ် တတွက်)ခန့် ကာလမျှလည်း။ မေတ္တာစိတ္တံ၊ မေတ္တာနှင့်

(*လက်ဖျစ်တတွက်-ဟူရာ၌။ ။အမိ,မင်းဖြစ်၊တောင်းပန်လစ်သော်၊ လက်ဖျစ်တတီး၊နှင်လိုက်ပြီးမှ။ ။(သံဝရပျို့)။ ။မြင်းမိုရ်သမုဒြစ်၊ ဝေးစွာဖြစ်လည်း၊လက်ဖျစ်တီးကာ၊ ။(နေမိနိက္ခမခန်းပျို့)။ ။ဤသို့လာသော အရာကိုထောက်၍ (လက်ဖျစ်တတွက်) ဟူ၍ရေသား-ရွတ်ဘတ်ကြသော ထုံးကို၊နှလုံးမူမိကြရာ၏။)

ယှဉ်သော စိတ်ကို။ စေ အာသေဝတိ၊ အကယ်၍၊ အဘန် တလဲလဲ,မှီဝဲသည်ဖြစ်အံ့။—

ဘိက္ခဝေ၊ (အို) ငါ၏ချစ်သား၊ ရဟန်းများတို့....။

အယံဘိက္ခု၊ ဤရဟန်းသည်။ အရိတ္တဈာနော၊ အချည်းနှီးမဟုတ်သော ဈာန်ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေသည်မည်၏။ ။သတ္ထု သာသန ကရော၊ မြတ်စွာ ဘုရားရှင်၏၊ သာသနာတော်ကို လိုက်နာ ပြုကျင့်သည်ဖြစ်၍။ ဩဝါဒပ္ပတိ ကရော၊ အဆုံး, အမ, စကားကို၊ လိုက်နာပြုကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေသည်မည်၏။ ။အမောဃံ၊ အချည်းနှီးမဟုတ်မူ၍။ ရဋ္ဌပိဏ္ဍံ၊ ကောင်းကျိုး ရွယ်ချူ၊ ရွာနေသူတို့၊ ကြည်ဖြူရှင်လန်း၊ ပေးလှူဒါန်းသော ဆွမ်းကို။ ဘုဥ္ဇတိ၊ စားသည်မည်၏။ ။ယေပန၊ အကြင် သူတို့သည်ကား။ ဗဟုလံ၊ အကြိမ်များစွာ။ ကရောန္တိ၊ မေတ္တာတရား၊ ပွားများသမှု၊ ပြုကြကုန်၏။ (တေသံ၊ ထိုသို့အကြိမ်များစွာ၊ မေတ္တာတရား၊ ပွားများသမှု၊ ပြုကြကုန်သော ထိုသူတို့အား။) ကောပန,ဝါဒေါ၊ အဘယ်မှာလျှင်၊ မေတ္တာ အကျိုး၊ အဘိုးမည်မျှ၊ ရလေစွ-ဟု၊ ဟောပြ-ပြောဆိုနိုင်ပါအံ့နည်း။

ဤသို့အားဖြင့်၊ သုဘူတိ မည်တွင်၊ ရဟန္တာ အရှင်သည်၊ အထွတ် အထိပ်ဖြစ်သော တေဒဂ် ဘွဲ့ခံ၊ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူလာ သဖြင့်၊ လောကဥ္စထင်ရှားကျော်စောစွာ၊ တိုင်းသား, ပြည်သူ၊ မိုလ်လူအပေါင်းတို့၏အကျိုး၊ သည်ပိုး ရွက်ဆောင်တော်မူခြင်း အကျိုးငှါ၊ ထိုထိုဇနပုဒ်တို့သို့၊ ခရီးဒေသစာရီ လှည့်လည် ကြွချီတော်မူရာ၊ အစဉ်သဖြင့် ဗိမ္ဗိသာရ ဟု၊ နာမ ပညတ်၊ မင်းမြတ်စံခို၊ ရာဇဂြိုဟ် ဟု၊ ပဟိုရ်စည်တီး၊ ပြည်တော်ကြီးသို့၊ ခိုမှီး ကပ်ရောက်တော်မူသတတ်။

ထိုအခါ၊ ရာဇဂြိုဟ် ပြည်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီးသည်၊ မိမိ၏ တိုင်းပြည်တော်အတွင်းသို့၊ သုဘူတိ မည်တွင်၊ ရဟန္တာ အရှင်မြတ်၊ ကြွရောက်တော်မူလာကြောင်း သတင်းကောင်း စကား၊ ကြားသိလတ်သော်၊ အနီးထံပါး၊ သွားရောက် ချဉ်းကပ်၍၊ အရှင်ဘုရားသည်၊

(အကျွန်ုပ်)၏=ဤ ရာဇဂြိုဟ် ပြည်ကြီး၌၊ ခိုမှီးသီတင်းသုံး စံနေတော်မူပါဘုရား။

အရှင်ဘုရားအား၊သင့်လျော်သောမြေ၌ နေဘို့ရာ တည်ထွင်၍ စီရင်ဆောက်လုပ် လှူဒါန်းပါအံ့=ဟု၊ လျှောက်ဆို၍၊ ဖဲသွားလေ၏။ ။ ထိုနောက်၊ မင်းကြီးသည်၊ ဃရာဝါသ၊ သမ္ဗာဓ,ဖြင့်၊ ကိစ္စများမြောင်၊ လူတို့ဘောင်၌၊ ဆောင်ရွက်ရန် အမှုအလုပ် အမျိုးမျိုးတို့ကြောင့်၊ ရှေးယခင်, ဝန်ခံ လျှောက်ထားခဲ့ပြီးဖြစ်သော အကြောင်းအရာတို့ကို မအောက်မေ့မိဘဲ၊ မေ့လျော့၍ နေသဖြင့်၊ သုဇာတိ မည်တွင်၊ ရဟန္တာအရှင်သည်၊ တည်းခိုရန် နေရာ မရှိဘဲ လွင်တီးခေါင်၌ပင်၊ (ကာလအတော်ကြာအောင်) အချိန်ကို ကုန်လွန်စေရသတည်း။

ဤသို့ဖြစ်ရာ၊သုဇာတိ မည်တွင်၊ ရဟန္တာအရှင်၏၊ တန်းခိုးရှိန်စော်၊ အာနုဘော်ကြောင့်၊ထိုရာဇဂြိုဟ်ပြည်တွင်း၌၊မိုယ်းမရွာသွန်းဘဲ၊ရှောင်ကွင်း၍နေလေ၏။

ထိုအခါ၊ ရာဇဂြိုဟ်, ပြည်သူ,ပြည်သားတို့သည်၊ မိုယ်းမရွာခြင်းဖြင့်၊ ပူပြင်းနှိပ်စက်အပ်သည်ဖြစ်၍ လုပ်ခင်းဆောင်တာ အဖြာဖြာတို့သည်၊ များစွာ ပျက်စီးကြရကား၊ ရာဇဂြိုဟ် ပြည့်ရှင်၊ဘုရင် ဗိမ္ဗိသာရ မင်းကြီး၏၊ အံ့ချီး ဘွယ်ရာ၊ စံရာကြငှန်း၊ ရှုမခန်းသည့်၊ နန်းတော်တံခါး-ဝ၌၊ ထိုထို-ဤဤ၊ မကြည်သာသော စကားတို့ဖြင့်၊ ဆိုမြည် ကြွေးကြော်ကြကုန်၏။

ထိုအခါ၊ ရာဇဂြိုဟ် ပြည့်ရှင်၊ ဗိမ္ဗိသာရ မင်းကြီးသည့်လည်း၊ ငါ၏တိုင်းပြည်တော် အတွင်း၌၊ မင်း,နှင့်-ဆင်းရဲသားတို့သည်၊ အဘယ်သို့လျှင်၊ အပြုအမှု-အကြောင်းဆိုး၍ မိုယ်းမရွာဘဲ၊ ရှောင်ကွင်းနေလေသနည်း=ဟု၊ဆင်ခြင်လတ်သော် သုဇာတိမည်တွင်၊ရဟန္တာအရှင်သည်၊ လွင်တီးခေါင်၌ နေရခြင်းကြောင့်၊ မိုယ်းမရွာဘဲ၊ ရှောင်ကွင်းယောင်တကား=ဟု၊ ကြံစည် အောက်မေ့ကြ၍၊ သစ်ခက်-သစ်ရွက် တို့ဖြင့်၊ အဆက်ဆက် မိုးကာအပ်သော သင်္ခမ်းကျောင်းကို ဆောက်လုပ်စေပြီးလျှင်—

အရှင်မြတ် သုဘူတိ ထေရ်ဘုရား….၊အရှင်မြတ်သည်၊ဤသစ်ရွက်, သစ်ခက်တို့ဖြင့်၊ မိုးကာအပ်သောကျောင်း၌ ကိန်းအောင်း စံနေတော် မူပါဘုရား=ဟု၊ လျှောက်ထား၍ ရှိခိုးပြီးလျှင် ဖဲသွားကြလေ၏။

ထိုအခါမှ၊ သုဘူတိမည်တွင်၊ ရဟန္တာအရှင်သည်၊ ကျောင်းတွင်းသို့ ဝင်၍၊ မြက်အခင်းထက်၌၊ ထက်ခက်ဖွဲ့ခွေ ထိုင်နေလေ၏၊ ထိုအခါမှ၊ မိုးယံရေ,မိုးယံပေါက်တို့သည် အတန်ငယ်, အတန်ငယ် ရွာသွန်းလေ ၏၊ အယဉ်မိုးမိုး၊ ဖြိုင်ဖြိုင်စီးလောက်အောင် ကြီးစွာသော မိုးယံရေ, မိုးယံပေါက်တို့ဖြင့် မရွာသွန်းကုန်။

ထိုအခါ၊ သုဘူတိမည်တွင်၊ ရဟန္တာ အရှင်မြတ်သည်၊ ရာဇဂြိုဟ်, ပြည်သူ, ပြည်သားတို့၏၊ မိုးမရွာဘဲ နေခြင်းကြောင့်၊ ပူပြင်းသော ဘေးရန်ကို၊တွန်းလှန် ပယ်ဖျောက်တော်မူလိုရကား=မိမိ၏ကိုယ်တွင်း ကိုယ်ပ,၌ဖြစ်သော ဝတ္ထုရုပ်တို့၏ ဘေးရန် လွတ်ကင်း၊ သန့်ရှင်း ကြည်လင်သည်၏ အဖြစ်ကို၊ဟောကြားတော် မူလိုသည်ဖြစ်၍ အောက် ၌ပါသော ဂါထာကို မိန့်ဆိုတော်မူအပ်၏။

(က) { ဆန္နာ မေ ကုဋိကာ သုခါ၊
နိဝါတာ, ဝဿ, ဒေဝ, ယထာသုခံ။
စိတ္တံ, မေ, သုသမာဟိတံ, ဝိမုတ္တံ၊
အာတာပီ, ဝိဟရာမိ, ဝဿ, ဒေဝါတိ၊ } သုဘူတိ-ထေရဂါထာ ကေနိပါတ်။

(ကာ) { ဒေဝ၊အို-မိုးယံမင်း….။ မေ၊ ငါ၏။ ကုဋိကာ၊ကျောင်း သည်။ ဆန္နာ၊ မိုးကာ၍ပြီးပြီ။ ။သုခါ၊ ချမ်းသာခြင်းကို ဖြစ်စေအပ်ပြီ။ ။နိဝါတာ၊ လေကင်း,လေလုံခြုံပြီ။ယထာ-သုခံ၊ အလိုရှိတိုင်း။ ဝဿ၊ ရွာသွန်းပါတော့လော။

ဒေဝ၊ (အို) မိုးယံမင်း….။ မေ၊ငါ၏။စိတ္တံ၊စိတ်သည်။ သုသမာဟိတံ၊ အလွန်တည်ကြည်၏။ ။ဝိမုတ္တံ၊ တွယ်တာ ခြင်းမှကင်း၏။ ။အဟံ၊ ငါသည်။ အာတာပီ၊ လုံ့လဝီရိယ }

နှင့်ပြည့်စုံသည်ဖြစ်၍။ဝိဟာရာမိ၊နေ၏။ ။ယထာသုခံ၊အလို
ရှိတိုင်း။ဝသာ၊ရွာသွန်းပါတော့လော။
(ဤဂါထာ၏ အဓိပ္ပါယ်ကို၊ (အဋ္ဌကထာ)၌၊ ပဉ္စတ်
နည်း, ပရမတ္ထနည်းအားဖြင့်၊ နှစ်နည်းဖွင့်ပြ၏။ ။ဤအနက်
ကား, အဓိပ္ပါယ်ကျဉ်းစေရန်၊ ပဉ္စတ်နည်း,မျှသာဖြစ်၏။)

အဓိပ္ပါယ်ကား။ ။(အို) မိုယ်းမင်း=ငါ၏တည်းခိုနေထိုင်ဘို့ရာ၊ ကျောင်းသည်၊ မိုးကာ၍ပြီးပြီ။ ။ချမ်းသာခြင်းကို ဖြစ်စေပြီး။ ။ လေကင်း,လေလုံခြုံပြီ၊ အလိုရှိတိုင်း,ရွာသွန်းပါတော့လော။

(အို) မိုယ်းမင်း=ငါ၏စိတ်သည်၊အလွန်တည်ကြည်၏။ ။တွယ် တာခြင်းမှကင်း၏။ ။ငါသည်၊ လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍၊ နေ၏။ ။အလိုရှိတိုင်းရွာသွန်းပါတော့လော။ ။ဟု=ဆို၏။

အရှင်သုဘူတိ မထေရ်မြတ်၏ တန်းခိုးတော်ကြောင့် မိုယ်းမရွာဘဲ ရှောင်ကွင်း၍နေ၏။

ယခုတဖန်၊ ထို သုဘူတိ ထေရ်ကပင်၊ မိုယ်းရွာသွန်းစေရန်၊ တိုက် တွန်း,ခွင့်ပြုရပြန်၏=ဟူလို။

ဤအရာ၌၊ ထို သုဘူတိ မည်တွင်၊ ရဟန္တာ အရှင်သည်၊ အဘယ် ကြောင့် မိမိ၏ဂုဏ်ကျေးဇူးကို၊ချီးကျူးမိန့်ဆိုပါသနည်း,ဟု၊ လျဉ်းပါး ဘွယ်ရာရှိ၏။

ထိုအခါ၊ ရှည်လျားလှစွာသော သံသရာ၌၊တကြိမ်တခါမှ၊ မရောက် စဘူး၊ မဖြစ်စဘူး၊ ထူးထူး ကဲးကဲး နက်နဲးလှစွာ၊အလွန်မှ၊နူးညံ့သိမ်မွေ့ လျက်၊ မိမိကိုယ်တိုင်, ရရှိ, သိမြင်အပ်သော လောကုတ္တရာတရားထူး, တရားမြတ်ကို ဆင်ခြင်လျက်၊ နှစ်သက်ခြင်း''ပီတိ''အဟုန်ဖြင့်၊ တုန် လှုပ်စွာ ဖြစ်ပေါ်လာသော ဥဒါန်း စကား၊မြွက်ကြားပြဆိုခြင်း၄ါဂုင်း။

မြတ်စွာဘုရား သာသနာတော်မြတ်ကြီး၏၊ (နိယျာနိက) သံသရာ ဝဋ်တွင်း၊ ညွတ်ကျော့ကွင်းမှ၊ လွတ်ကင်း, ထွက်မြောက်ရာ, ထွက် မြောက်ကြောင်း အဖြစ်ကို၊ ထင်ရှားစွာ ပြခြင်းအကျိုး၄ါဂုင်း။ ။ အလိုနည်းပါးခြင်း,ပေါ်ပေါ်လွင်လွင် မပြုလိုခြင်း,စသော အဝိစ္ဆတာ, ဂုဏ်တို့ကို၊ အာရုံပြုစိတ်ညွတ်လျက်၊ အရိယာပုဂ္ဂိုလ်တို့သည်၊ မိမိ၏

ဂုဏ်ကျေးဇူးကို၊ အခါအခွင့်အားလျော်စွာ၊ ချီးကျူးထုတ်ဆိုတော်ပြကြမြဲဖြစ်ကုန်၏။

ဤအရာ၌၊ ဥပမာအားဖြင့်၊ ထောက်ရှုဆင်ခြင်အပ်သည်ရှိသော်၊ လူသုံးပါးတို့၏၊ကိုးစားရာ အစစ်၊ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်၊ ဝေနေယျကြာ၊ သတ္တဝါတို့၏အကြိုက်၊ စရိုက်နှင့် သင့်လျော်စေသည်၏ အစွမ်းဖြင့်၊ ဤသို့စကား၊ မိန့်ကြားတော်မူ၏။

(အို) ငါ၏ချစ်သား၊ ရဟန်းများတို့····။
အားတော်ဆယ်တန်+ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော, ဘုန်းခြောက်ပါးရှင်၊(ငါ) ဘုရားသခင်သည်၊ ဤလောကကြီးအလယ်၌၊ လေးပါးသောပရိသတ်တို့၏ မျက်မှောက်၌၊ မကြောင့်မရွံ့၊ ဝံ့ဝံ့စားစား၊ ရွံ့ရှားခြင်းမှ၊ ကင်းဝေးတော်မူ၏–ဟူသောစကားကို၊မိန့်ကြားတော်မူ၏။ ။(*ဤအရာမျိုး၌၊ မြတ်စွာဘုရားရှင်သည်၊ မိမိ၏ဂုဏ်ကျေးဇူးကို၊ မိမိသည်ပင်လျှင်၊ ချီးပ ကျူးရင့်သည်ဟု-မယူရာချေ။ ။ဟူလို။)

ထိုနည်းတူစွာ၊ **သုဘူတိ** မည်တွင်၊ ရဟန္တာ အရှင်မြတ်သည်လည်း၊ မိမိသည်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်-ဟူသောတရားထူးကို၊ ဆွတ်ခူးပန်ဆင်ယင်ရကြောင်း၊ ဆင့်လောင်း, ညွှန်ပြအပ်သော မိမိ၏အတ္တုပ္ပတ္တိ၊ပါဠိဂါထာတို့သည်၊ထိုအခါ၌ ထင်ရှားစွာဖြစ်ပေါ်လာကုန်၏၊(*ဤအရာမျိုး၌၊ အရှင် **သုဘူတိ** မထေရ်မြတ်သည်လည်း၊ မိမိ၏ဂုဏ်ကျေးဇူးကို၊ မိမိသည်ပင်လျှင်၊ ချီးပ ကျူးရင့်သည်-ဟု၊ မယူရာချေ။ ။ဟူလို။)

---

(*ဤအရာ၌၊ မိမိ၏ဂုဏ်ကို၊မိမိ-ပလ္လား,ပြောဆိုခြင်းသည်၊လောက၌၊ ဝါ-ကြွား,သောသူ-ဟု၊ **ဩစိတျဟီန**ရောက်၍ကဲ့ရဲ့ကြ၏။ ။ထိုသို့ဖြစ်ရာ၊ ဂုဏ်ပြသင့်သည်သို့၊ ရောက်သောအခါ၌၊ဂုဏ်သတ္တိကိုပြမှ၊ လူရိုသေ၍ အမှုပြီးသည်။ ။ထိုသို့ဖြစ်လျက်၊ မပြလျှင်, လူအရိုအသေပျက်သောကြောင့်၊ အမှုမပြီး။ ။ဤသို့သောအရာ၌၊မိမိ၏ဂုဏ်ကို၊မိမိသည်,ပင် ဟုတ်မှန်သည့်အတိုင်း၊ ပြဆိုသော်လည်း၊ **ဩစိတျဟီန** ဒေါသရောက်သည်ဟု မဆိုသာ ဟူလို။ ။ထို့ကြောင့်၊မြတ်စွာဘုရားရှင်,သော်လည်း၊တန်းခိုးပြသင့်သောအရာသို့၊ ရောက်လျှင်၊ ပြတော်မူသောထုံးကို၊ နှလုံးသွင်းလျက်၊ အရှင် **သုဘူတိ** ထေရ်သည်လည်း၊မိမိ၏ ဂုဏ်ကျေးဇူးကို၊ မိမိသည်ပင်၊ ချီးပကျူးရင့်သည်-ဟူလို။ အလက်ာနည်း။)

ဤသို့လျှင် ရောက်အပ်ပြီး, ရအပ်ပြီး, သိမြင်အပ်ပြီးသော အရဟတ္တဖိုလ် တရားထူးနှင့်တကွ၊ **တေဒင်** ဘွဲ့ခံ၊သာဝက ဂုဏ်ထူးဖြင့်၊ ချီးကျူးမြှောက်စား,အပ်နှင်း,ခြင်းကို ခံယူအပ်ပြီးသော အရှင်သုဘူတိ ထေရ်သည်၊လွန်ခဲ့လေပြီး၊ အတီးရှည်ကြာ၊သံသရာ၌၊ ကျင်လည်ရစဉ်၊ **နန္ဒ**ရသေ့၏အဖြစ်၌၊ **ပဒုမုတ္တရ** မြတ်စွာဘုရားရှင်၏၊ အဆုံး, အမတော်ဖြင့်၊ **ဗုဒ္ဓါနုဿတိ** ကမ္မဋ္ဌာန်း၊ စီးဖြန်းပွားများခြင်း စသော မိမိပြုလုပ်အားထုတ်အပ်သော ကောင်းမှုတို့ကို၊အောက်မေ့ ဆင်ခြင်လတ်သော်၊ ဗုဒ္ဓဂုဏော၊ ဂုဏ်သဘောသည်၊ အဟောအစ္ဆရိ၊ အံ့ဘွယ်ရှိ,ဟု၊ ပီတိဖြာဖြာ၊အစလာဖြင့်၊ သဒ္ဓါဗလဝ၊လျှမ်းလျှမ်းကြွ၍၊ ကာလအခွင့်၊မြှော်ထောက်ချင့်လျက်၊မိမိ၏အတိတ် ဇာတ်ဟောင်း၊အကြောင်း အတ္တုပ္ပတ္တိတို့ကို၊ ဖေါ်ပြလိုရကား–

(၁) "ဟိမဝန္တဿာ-ဝိဒူရေ၊
နိသဘော နာမ ပဗ္ဗတော။
အဿမော၊ သုကတော မယှံ၊
ပဏ္ဏသာလာ သုမာပိတာ"။ ။

(၁) ဟိမဝန္တဿ၊ဆီးနှင်အနိတတ်,ချိတတ်သည့်ဟိမဝန္တာတောင်မြတ်၏။ အဝိဒူရေ၊ဝေးလည်းမဝေးလွန်း၊နီးလည်းမနီးလွန်းသောအရပ်၌။ ဋ္ဌိတော၊ မားမားမတ်မတ် တည်ရှိသော။ နိသဘောနာမ၊ နိသဘ အမည်ရသော။ ပဗ္ဗတော၊ တောမြိုင်ပိတ်ဖုံး၊ တောင်တလုံးသည်။ အတ္ထိ၊ ရှိပေ၏။ တတ္ထ၊ ထို **နိသဘ** မည်တွင် တောင်အပြင်၌။ မယှံ၊ **သုဘူတိ** မည်သောငါသည်။ အဿမော၊ ရသေ့ရဟန်းတို့နေရာ သင်္ခမ်းကို။ သုကတော၊ ကောင်းစွာမသွေ၊ ပြုအပ်ခဲ့လေပြီ။ ပဏ္ဏသာလာ၊သစ်ရွက်မိုးထပ်၊ကျောင်းတော်မြတ်ကို။သုမာပိတာ၊ကောင်းစွာထင်လင်း၊ ဖန်ဆင်းအပ်ခဲ့လေပြီ။

ဤသို့ အစရှိသော ပါဠိဂါထာတို့ဖြင့်၊ တန်းဆာဆင်အပ်သော ဤ **သုဘူတိ**ထေရအပဒါန်ပါဠိတော်မြတ်ကို၊ ဟောကြားတော်မူအပ်၏။

ဤတွင်ရွေ့ကား။
အရှင် **သုဘူတိ** မဟာထေရ်ဝတ္ထုပြီး၏။

## သုဘူတိ-မဟာထေရ်ဇၞ်(တေဒဂ်)ဟူသော ဘွဲ့ထူး–ဂုဏ်ထူး ဆွတ်ခူးပန်ဆင်ယင်ပုံပြ ပါဠိတော်

[* တေ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ "အရဏ-ဝိဟာရီ"နံ, "ဒက္ခိဏေယျာ"နဉ္စ, ယဒိဒံ "သုဘူတိ"။]

[အင်္ဂုတ္တိုရ်-ပါဠိတော်-တေဒဂ္ဂ-ဝဂ်]

(ငင်းအဋ္ဌကထာပါဠိ-ပ-၁၇၀-မျက်နှာ)

(က) တတိယေ "**အရဏဝိဟာရီ**"န-န္တိ နိ-က္ကိလေသ-ဝိဟာရီနံ၊ "ရဏာ"န္တိ–ဟိ ရာဂါဒယော ကိလေသာ ဝုစ္စန္တိ၊ တေသံ အဘာဝေန နိ-က္ကိလေသ-ဝိဟာရော "အရဏ-ဝိဟာရော" နာမ၊ သော ယေသံ အတ္ထိ, တေ "အရဏဝိဟာရိ"နော၊ တေသံ "အရဏ-ဝိဟာရိ"နံ (**သုဘူတိ**) တ္ထေရော အဂ္ဂေါ-တိ၊ ကိဉ္စာ-ပိ ဟိ အညေပိ ခီဏာသဝါ "အရဏဝိဟာရိ" နောဝ။ ထေရေန ပန ဓမ္မ ဒေသနာယ ဇော် နာမံ လဒ္ဓံ၊ အညေ, ဟိ ဘိက္ခူ ဓမ္မံ ဒေသေန္တော ဥဒ္ဒိသကံ ကတွာ ဝဏ္ဏံ-ဝါ, အဝဏ္ဏံ-ဝါ ကထေန္တိ။ ထေရော ပန ဓမ္မံ ဒေသေန္တော သတ္ထာရာ ဒေသိတနိယာမတော အနုက္ကမိတွာ ဒေသေသိ၊ တသ္မာ "အရဏဝိဟာရိ"-နံ အဂ္ဂေါ-နာမ ဇာတော။

(ခ) စတုတ္ထေ၊ = "**ဒက္ခိဏေယျာ**"နန္တိ ဒက္ခိဏာ ရဟာ-နံ။တတ္ထ ကိဉ္စာပိ အညေပိ ခီဏာသဝါ အဂ္ဂ-ဒက္ခိဏေ-ယျာ၊ ထေရော ပန ပိဏ္ဍာယ စရန္တော ဃရေ, ဃရေ, "မေတ္တာ" ဈာနံ သမာပဇ္ဇိတွာ သမာပတ္တိတော

ဝုဋ္ဌာယ ဘိက္ခံ ဂဏှာတိ,၊ ဧဝံ ဘိက္ခာ ဒါယကာနံ မဟပ္ဖလံ ဘဝိဿတီ-တိ။ တသ္မာ ဒက္ခိဏေယျာနံ အဂ္ဂေါ-တိ ဝုတ္တော။ အတ္တ-ဘာဝေါ ပန-ဿ သု-သမိဒ္ဓေါ။ အလင်္ကတ တောရဏံ, ဝိယ စိတ္တ-ပဋော, ဝိယ စ အတိဝိယ ဝိရောစတိ။ တသ္မာ သုဘူ-တီတိ ဝုစ္စတိ။

(တဿ-ပဉှာ ကမ္မေ အယမနုပုဗ္ဗီကထာ)

အယံ ကိရ "ပဒုမုတ္တရေ" ဘဂဝတိ အနုပ္ပန္နေ-ယေဝ "ဟံသဝတီ"နဂရေ ဗြာဟ္မဏ-မဟာသာလ-ကုလေ နိဗ္ဗတ္တိ။ "နန္ဒ"မာဏဝေါ တိ-ဿ, နာမံ အ-ကံသု။ သော ဝယပတ္တော တယော ဝေဒေ ဥဂ္ဂဏှိတွာ တတ္ထ သာရံ အပဿန္တော အတ္တနော ပရိဝါရေဟိ စတု-စတ္တာလီသာယ မာဏဝက-သဟဿေဟိ သဒ္ဓိံ ပဗ္ဗတ-ပါဒေ ဣသိ-ပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ ပဉ္စ-အဘိညာ, အဋ္ဌသမာပတ္တိယော, နိဗ္ဗတ္တေသိ။ အန္တေ-ဝါသိကေ-ပိ ဈာန-လာဘိနော အကာသိ။

တသ္မိံ-သမယေ "ပဒုမုတ္တရော" ဘဂဝါ လော-ကေ နိဗ္ဗတ္တိတွာ "ဟံသဝတီ" နဂရံ ဥပ-နိဿာယ ဝိဟရန္တော ဧက-ဒိဝသံ ပစ္စူသ-သမယေ လောကံ ဩလောကေန္တော "နန္ဒ" တာပသဿ အန္တေဝါ-သိကာနံ ဇဋိလာနံ အရဟတ္တူပ-နိဿယံ "နန္ဒ" တာပသဿစ ဒွိဟင်္ဂေဟိ သမန္နာဂတဿ သာဝ-ကဿ ဌာနန္တရ-ပတ္ထနံ ဒိသွာ ပါတော-ဝ, သရီရ-ပဋိဇဂ္ဂနံ ကတွာ ပုဗ္ဗ-ဏှ-သမယံ ပတ္တ-စီဝရ-မာဒါယ (သာရိပုတ္တ-တ္ထေရဿ ဝတ္ထုမှိ ဝုတ္တ-နယေနေဝ) "နန္ဒ" တာပသဿ အဿမံ အဂမာသိ။ တတ္ထ

"ဖလာ-ဖလ ဒါနဉ္စ,ပုပ္ဖါသန-ပညာပနဉ္စ,နိရောဓသမာပတ္တိ-သမာပဇ္ဇနဉ္စ" ဝုတ္တ-နယေနေဝ ဝေဒိတဗ္ဗံ။

သတ္ထာ ပန နိရောဓာ ဝုဋ္ဌိ တော "အရဏ ဝိဟာရိ-အဂ္ဂေနစ, "ဒက္ခိဏေယျ" ဂ္ဂေန စာ-တိ၊ ဒွီဟ-ဂ္ဂေဟိ သမန္နာဂတံ ဧကံ သာဝကံ ဇာသိဂဏှာသ ပုပ္ဖါသနာ-နုမောဒနံ ကရောဟီ-တိ အာဏာပေသိ။

သော အတ္တနော ဝိသယေ ဌတွာ တေပိဋကံ သမ္မသိတွာ အနု-မောဒနံ အကာသိ။ တဿ ဒေသနာ-ဝသာနေ သတ္ထာ သယံ ဓမ္မံ ဒေသေသိ။ ဒေသနာ ပရိယောသာနေ သဗ္ဗေ စတု-စတ္တာလီသ-သဟဿာပိ တာပသာ အရဟတ္တံ ပါပုဏိံသု။

"နန္ဒ"တာပသော ပန အနုမောဒကဿ ဘိက္ခု-နော နိမိတ္တံ ဂဏှိတွာ သတ္ထု ဒေသနာ-နုသာရေန ဉာဏံ ပေသေတုံ နာ-သက္ခိ။ သတ္ထာ "ဧထ-ဘိက္ခဝေါ"တိ သေသ-ဘိက္ခူနံ ဟတ္ထံ ပသာရေသိ၊ သဗ္ဗေပိ အန္တရဟိတကေသမဿူ ဣဒ္ဓိမယ-ပရိက္ခာရာ ဝဿ-သဋ္ဌိက-တ္ထေရော ဝိယ အဟေသုံ။

"နန္ဒ"တာပသော တထာဂတံ ဝန္ဒိတွာ သမ္မုခေ ဌိတော အာဟ-"ဘန္တေ ယေန ဘိက္ခုနာ ဇာသိဂဏှာ-သ ပုပ္ဖာသနာ-နုမောဒနာ ကတာ၊ ကော နာမေ-ယံ တုမှာကံ သာသနေ"တိ၊ = "အရဏဝိဟာရိ" အဂ္ဂေနစ,"ဒက္ခိဏေယျ"ဂ္ဂေနစ၊ (ဧတ-ဒဂ္ဂံ) ပတ္တော ဧသော"တိ၊ = "ဘန္တေ အဟံပိ ဣမိနာ သတ္တာဟ-ကတေန အဓိကာရကမ္မေန အညံသမ္ပတ္တိံ နပတ္ထေမိ၊ အနာဂတေ ပန-ဟံ ဧကဿ ဗုဒ္ဓဿ သာသနေ အယံ ထေရော ဝိယ ဒွီဟဂ္ဂေဟိ သမန္နာဂတော ဘဝေယျ"န္တိ ပတ္ထနံ အကာသိ။

သတ္ထာ အနန္တရာယံ ဒိသွာ ဗျာကရိတွာ ပက္ကမိ။ "နန္ဒ" တာပသောပိ ကာလေန ကာလံ ဒသ-ဗလဿ သန္တိကေ ဓမ္မံ သုတွာ အပရိ-ဟီနဇ္ဈာနော ဗြဟ္မလောကေ နိဗ္ဗတ္တော။

(ဣဒ-မဿ ကလျာဏ ကမ္မံ၊ အန္တရာ ပန ကမ္မံ နကထိယတိ။)

သော ကပ္ပ-သတ-သဟဿံ အတိက္ကမိတွာ "သာဝတ္ထိယံ" "သုမန" သေဋ္ဌိဿ ဂေဟေ နိဗ္ဗတ္တိ။ "သုဘူတိ"တိ တဿ နာမံ အကံသု။ အပရ-ဘာဂေ အမှာကံ သတ္ထာ လောကေ နိဗ္ဗတ္တော "ရာဇ-ဂဟံ" ဥပ-နိဿာယ ဝိဟရတိ။

တဒါ "အနာထ-ပိဏ္ဍိကော" သေဋ္ဌိ "သာဝတ္ထိ" ဥဋ္ဌာနက ဘဏ္ဍံ ဂဟေတွာ အတ္တနော သဟာယ-ကဿ ရာဇ-ဂဟ-သေဋ္ဌိနော ဃရံ ဂတော သတ္ထု ဥပ္ပန္န-ဘာဝံ ဉတွာ သတ္ထာရံ "သီတ-ဝနေ" ဝိဟရန္တံ ဥပသင်္ကမိတွာ ပဌမ-ဒဿနေနေဝ သောတာပတ္တိ-ဖလေ ပတိဋ္ဌာယ သတ္ထာရံ "သာဝတ္ထိံ" အာဂ-မနတ္ထာယ ယာစိတွာ ပဉ္စ-စတ္တာလီသ ယောဇနေ မဂ္ဂေ ယောဇနေ ယောဇနေ သတ သဟဿ ပရိစ္စာ-ဂေန ဝိဟာရေ ပတိဋ္ဌာပေတွာ သာဝတ္ထိယံ ရာဇမာ-နေန အဋ္ဌကရီသ-ပ္ပမာဏံ ဇေတ-ကုမာရဿ ဥယျာ-နဘူမိံ ကောဋိ-သန္ထာရေန ကိဏိတွာ တတ္ထ ဘဂဝ-တော ဝိဟာရံ ကာရေတွာ အဒါသိ၊ ဝိဟာရ မဟ-ဒိဝသေ အယံ "သုဘူတိ" ကုဋုမ္ဗိကော အနာထပိ-ဏ္ဍိက သေဋ္ဌိနာ သဒ္ဓိံ အာဂန္တွာ ဓမ္မံ သုဏန္တော သဒ္ဓံ ပဋိ-လဘိတွာ ပဗ္ဗဇိ၊ သော ဥပ-သမ္ပန္နော ဒွေ-မာတိကာ ပ-ဂုဏံကတွာ ကမ္မဋ္ဌာနံ ကထာပေတွာ အရညေ သမဏဓမ္မံ ကရောန္တော ဝိပဿနံ ဝဍ္ဎေတွာ

“မေတ္တာ”ဈာနံ ပါဒကံ ကတွာ အရဟတ္တံ ပါပုဏိ၊ ဓမ္မံ ဒေသေန္တော ဝုတ္တ-နယေနေဝ ဓမ္မံ ကထေတိ၊ ပိဏ္ဍာယ စရန္တော ဝုတ္တနယေနေဝ၊ “မေတ္တာ”ဈာန-တော ဝုဋ္ဌာယ ဘိက္ခံ ဂဏှာတိ၊ အထ နံ သတ္ထာ ဣမံ ကာရဏ-ဒွယံ ပဋိစ္စ “အရဏဝိဟာရီ” နဉ္စ “ဒက္ခိ ဏေယျာ”နဉ္စ ဘိက္ခူနံ အဂ္ဂ-ဋ္ဌာနေ ဌပေသိ-တိ။

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ “အရဏ-ဝိဟာရီနံ, ဒက္ခိဏေယျာနဉ္စ ယဒိဒံ “သုဘူတိ”။

အင်္ဂုတ္တိုရ် အဋ္ဌကထာဖွင့်ပါဠိ ပြီးပြီ။

## (၁) ဧကနိပါတ ၁-ပဌမဝဂ္ဂ သုဘူတိတ္ထေရဂါထာ

၁။ ဆန္နာ မေ-သာ ကုဋိကာ သုခါ၊
နိဝါတာ ဝဿ, ဒေဝ, ယထာ သုခံ
စိတ္တံ မေ သု-သမာဟိတံ ဝိမုတ္တံ။
အာတာပီ, ဝိဟရာမိ ဝဿ, ဒေဝါ”တိ။ ။

ဂါထ-မာဟ၊

(ဤဂါထာ၏နိဿယ စာမျက်နှာ(၁၁၅)၌ ပြီးခဲ့ပြီ။)

(၁) ဧကနိပါတ် ၁-ပဌမဝဂ်၊
သုဘူတိတ္ထေရဂါထာ ဝဏ္ဏနာ

## (၁) ဧကနိပါတ ၁-ပဌမဝဂ္ဂ သုဘူတိတ္ထေရဂါထာ ဝဏ္ဏနာ

၂။ ဣဒါနိ “ဆန္နာ မေသာ ကုဋိကာ”တိ အာဒိနယ ပ္ပ-ဝတ္တာနံ ထေရဂါထာနံ အတ္ထဝဏ္ဏနာ ဟောတိ၊ သာပနာယံ အတ္ထဝဏ္ဏနာ,ယသ္မာ တာသံ, တာသံ ဂါထာနံ အတ္ထုပ္ပတ္တိံ ပကာသေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ၊ သုဝိညေယျာစ။ တသ္မာ တတ္ထ တတ္ထ အတ္ထုပ္ပတ္တိံ ပကာသေတွာ အတ္ထဝဏ္ဏနံ ကရိဿာမာတိ။

တတ္ထ "ဆန္ဒာ မေ-သာ ကုဋိကာ"တိ ဂါထာယ ကာ, ဥပ္ပဇ္ဇတိ။ (ဝုတ္တော။)

ဣတော ကိရ ကပ္ပ သတ သဟဿ မတ္ထကေ အနုပ္ပန္နေ ယေဝ၊ ပဒုမုတ္တရေ ဘဂဝတိ၊ လောက-နာထေ "ဟံသဝတီ" နာမကေ နဂရေ အညတရဿ ဗြာဟ္မဏမဟာသာလဿ ဂေဟေ ပုတ္တော ဥပ္ပဇ္ဇိ။ တဿ "နန္ဒ" မာဏဝေါ-တိ နာမံ အကံသု။

သော ဝယ-ပ္ပတ္တော တယော ဝေဒေ ဥဂ္ဂဏှိတွာ တတ္ထ သာရံ အပဿန္တော အတ္တနော ပရိဝါရ ဘူ-တေဟိ စတုစတ္တာလီသာယ မာဏဝက သဟဿေ-ဟိ သဒ္ဓိံ ပဗ္ဗတပါဒေ ဣသိ-ပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ အဋ္ဌ-သမာပတ္တိယော, ပဉ္စ စ အဘိညာယော, နိဗ္ဗတ္တေသိ။ အန္တေဝါသိကာနမ္ပိ ကမ္မဋ္ဌာနံ အာစိက္ခိ၊ တေပိ န-စိရေနေဝ ဈာနလာဘိနော အဟေသုံ။

၃။ တေန စ သမယေန "ပဒုမုတ္တရော" ဘဂဝါ လောကေ ဥပ္ပဇ္ဇိတွာ "ဟံသဝတီ" နဂရံ ဥပနိဿာ-ယ ဝိဟရန္တော ဧက-ဒိဝသံ ပစ္စူသ- သမယေ လောကံ ဝေါလောကေန္တော "နန္ဒ" တာပသဿ အန္တေဝါသိက ဇဋိလာနံ အရဟတ္တူ-ပ-နိဿယံ, နန္ဒ-တာပသဿစ ဒွိဟင်္ဂေဟိ သမန္နာဂတဿ သာဝက-ဋ္ဌာနန္တရဿ ပတ္ထနံ, ဒိသွာ ပါတောဝ သရီရ-ပဋိဇဂ္ဂနံ ကတွာ ပုဗ္ဗဏှ-သမယေ ပတ္တ စီဝရ မာဒါယ အညံ ကိဉ္စိ အနာမန္တေတွာ သီဟော·ဝိယ ဧကစရော "နန္ဒ"တာပသဿ အန္တေဝါသိကေသု ဖလာ·ဖလ-

[ထေရဂါထာ အဋ္ဌကထာပါဠိ၊ စာနှက် ၂၀-မှ၊ ၃၅-အဆုံး, ဇမ္ဗူ့မိတ်ဆွေ ဘိုက်ထွက်။]

ဥဋ္ဌာယ ဂတေသု ဗုဒ္ဓဘာဝံ မေ ဇာနာတူ-တိ ပဿန္တဿ ဧဝ, "နန္ဒ"တာပသဿ အာကာသာ-ဩတရိတွာ ပထဝိယံ ပတိဋ္ဌာသိ။

"နန္ဒ" တာပသော ဗုဒ္ဓါနုဘာဝဉ္စေဝ,လက္ခဏ-ပါရိပူရိံ စ,ဒိသွာ လက္ခဏမန္တေ သမ္မသိတွာ ဣမေဟိ လက္ခဏေဟိ သမန္နာဂတော နာမ အဂါရံ အဇ္ဈာ-ဝသန္တော ရာဇာ ဟောတိ စက္ကဝတ္တိ, ပဗ္ဗဇန္တော လောကေ ဝိဝဋ္ဋ-စ္ဆဒေါ သဗ္ဗညူ ဗုဒ္ဓေါ ဟောတိ။ အယံ ပုရိသာဇာနီယော နိဿံသယံ ဗုဒ္ဓေါ-တိ ဉတွာ ပစ္စုဂ္ဂမနံ ကတွာ ပဉ္စ-ပတိဋ္ဌိတေန ဝန္ဒိတွာ အာသနံ ပညာပေတွာ အဒါသိ။ နိသီဒိ ဘဂဝါ ပညတ္တေ အာသနေ။

"နန္ဒ" တာပသောပိ အတ္တနော အနုစ္ဆဝိကံ အာသနံ ဂဟေတွာ ဧကမန္တံ နိသီဒိ။

၄။ တသ္မိံ သမယေ စတု စတ္တာလီသ သဟဿ ဇဋိလာ-ပဏီတ ပဏီတာနိ ဩဇဝန္တာနိ ဖလာ-ဖလာနိ ဂဟေတွာ၊ အာစရိယဿ သန္တိကံ သမ္ပတ္တာ ဗုဒ္ဓါနဉ္စေဝ အာစရိယဿ စ နိသိန္နာသနံ ဩလောကေန္တာ အာဟံသု "အာစရိယ" မယံ ဣမသ္မိံ လောကေ တုမှေဟိ မဟန္တတရော နတ္ထီတိ၊ ဝိစရာမ။ အယံ ပန ပုရိသော တုမှေဟိ မဟန္တတရော မ ညေ-တိ။

"နန္ဒ" တာပသော တာတာ,ကိံ သာသပေန သဒ္ဓိံ အဋ္ဌ-သဋ္ဌိ ယောဇန သတ သဟဿုဗ္ဗေဓံ သိ-နေရုံ ဥပမေတုံ ဣစ္ဆထ၊ သဗ္ဗညု-ဗုဒ္ဓေန သဒ္ဓိံ ဥပ-မိဿာ-တိ အာဟ။

အထ တေ တာပသာ,သစေ အယံ ဩရကော အဘဝိဿ၊ န အမှာကံ အာစရိယော ဧဝံ ဥပမံ

အာဟာရေယျ၊ ယာဝ "မဟာဝတာ-ယံ ပုရိသာဇာနိ
ယော" တိ ပါဒေသု နိပတိတွာ သိရသာ ဝန္ဒိံသု။
အယ တေ အာစရိယော အာဟ = တာတာ အ-
မှာကံ ဗုဒ္ဓါနံ အနုစ္ဆဝိကော ဒေယျ-ဓမ္မော နတ္ထိ၊
ဘဂဝါ စ ဘိက္ခာစာရဝေလာယံ ဣဓာ-ဂတော၊
တသ္မာ မယံ ယထာဗလံ ဒေယျ-ဓမ္မံ ဒဿာမ၊ တုမှေ
ယံယံ ပဏီတ-ဖလာ-ဖလံ အာဟရထာ-တိ။ အာ-
ဟာရာပေတွာ ဟတ္ထေ ဓောဝိတွာ သယံ တထာ-
ဂတဿ ပတ္တေ ပတိဋ္ဌာပေသိ။

၅။ သတ္ထာရာ ဖလာ-ဖလံ ပဋိဂ္ဂဟိတ မတ္တေ ဒေဝတာ
ဒိဗ္ဗောဇံ ပက္ခိပိံသု။ တာပသော ဥဒကံ သယမေဝ
ပရိသာဝေတွာ အဒါသိ။ တတော ဘောဇနကိစ္စံ
နိဋ္ဌာပေတွာ နိသိန္နေ သတ္ထရိ၊ သဗ္ဗေ အန္တေဝါသိကေ
ပက္ကောသိတွာ သတ္ထု သန္တိကေ သာရဏီယ-ကထံ
ကထေန္တော နိသီဒိ။
သတ္ထာ ဘိက္ခုသံဃော အာဂစ္ဆ-တူ-တိ စိန္တေသိ။

ဘိက္ခူ သတ္ထု စိတ္တံ ဉတွာ သတသဟဿမတ္တာ
ခီဏာသဝါ အာဂန္တွာ သတ္ထာရံ ဝန္ဒိတွာ ဧကမန္တံ
အဋ္ဌံသု၊ "နန္ဒ"တာပသော အန္တေဝါသိကေ အာ-
မန္တေသိ၊ တာတာ ဗုဒ္ဓါနံ နိသိန္နာသနမ္ပိ နီစံ, သမဏာ-
သတသဟဿဿာပိ အာသနံ နတ္ထိ,၊ တုမှေဟိ အဇ္ဇ
ဥဠာရံ ဘဂဝတော ဘိက္ခုသံဃဿစ, သက္ကာရံ
ကာတုံ ဝဋ္ဋတိ၊ ပဗ္ဗတ-ပါဒတော ဝဏ္ဏ ဂန္ဓ သမ္ပန္နာနိ
ပုပ္ဖါနိ အာဟရထာ-တိ၊ အစိန္တေယျတ္တာ ဣဒ္ဓိ-
ဝိသယဿ မုဟုတ္တေနေဝ ဝဏ္ဏ ဂန္ဓသမ္ပန္နာနိ ပုပ္ဖါနိ
အာဟရိတွာ ဗုဒ္ဓါနံ ယောဇန-ပမာဏံ ပုပ္ဖါသနံ

ပညပေသုံ၊ အဂ္ဂသာဝကာနံ တိဂါဝုတံ, သေသ-
ဘိက္ခူနံ အဍ္ဍယောဇနိကာဒိဘေဒံ, သံဃနဝကဿ
ဥသဘမတ္တံ,အဟောသိ၊ ဧဝံ ပညတ္တေသု အာသနေသု
"နန္ဒ"တာပသော တထာဂတဿ ပုရတော အဉ္ဇလိံ
ပဂ္ဂယှ ဋ္ဌိတော "ဘန္တေ မယှံ ဒီဃရတ္တံ ဟိတာယ
သုခါယ ဣမံ ပုပ္ဖါသနံ အဘိရူဟထာ"တိ အာဟ၊
"နိသီဒိ ဘဂဝါ ပုပ္ဖါသနေ" ဧဝံ နိသိန္နေ သတ္ထရိ-
သတ္ထု အာကာရံ ဉတွာ ဘိက္ခူ အတ္တနော အတ္တနော
ပတ္တာသနေ နိသီဒိံသု။ "နန္ဒ" တာပသော မဟန္တံ
ပုပ္ဖဆတ္တံ ဂဟေတွာ တထာဂတဿ ခါရေန္တော
အဋ္ဌာသိ။

"သတ္ထာ တာပသာနံ အယံသက္ကာရော မဟပ္ဖလော
ဟောတူ"တိ၊ နိရောဓ သမာပတ္တိံ သမာပဇ္ဇိ။ သတ္ထု
သမာပန္နဘာဝံ ဉတွာ ဘိက္ခူပိ သမာပဇ္ဇိံသု။

၆။ တထာဂတေ သတ္တာဟံ နိရောဓံ သမာပဇ္ဇိတွာ နိ-
သိန္နေ အန္တေဝါသိကာ ဘိက္ခာစာရကာလေ သမ္ပ-
တ္တေ ဝနမူလဖလံ ပရိဘုဉ္ဇိတွာ သေသကာလေ,
ဗုဒ္ဓါနံ အဉ္ဇလိံ ပဂ္ဂယှ တိဋ္ဌန္တိ။

"နန္ဒ" တာပသော ပန ဘိက္ခာစာရံပိ အဂန္တွာ
ပုပ္ဖ-ဆတ္တံ ခါရေန္တော သတ္တာဟံ ပီတိ-သုခေ နေဝ
ဝီတိနာမေတိ။

သတ္ထာ နိရောဓတော ဝုဋ္ဌာယ "အရဏဝိဟာရိ"
အင်္ဂေန "ဒက္ခိဏေယျ" င်္ဂေနဝါတိ, ဋ္ဌိဟိ အင်္ဂေဟိ
သမန္နာဂတံ ဧကံ သာဝကံ ဣသိဂဏဿ ပုပ္ဖါသနာ-
နုမောဒနံ ကရောဟီတိ အာဏာပေသိ၊ သော စက္က-
ဝတ္တိ ရညော သန္တိကာ ပဋိလဒ္ဓ မဟာလာဘော မဟာ

ယောဓော ဝိယ ဟုဋ္ဌပါနသော အတ္တနော ဝိသယေ ဌတွာ တေပိဋကံ ဗုဒ္ဓဝစနံ သမ္မသိတွာ၊ အနုမောဒနံ အကာသိ၊ တဿ ဒေသနာဝသာနေ သတ္တာသယံ ဓမ္မံ ဒေသေသိ။ ဒေသနာ-ပရိယောသာနေ သဗ္ဗေ စတုစတ္တာလီသ သဟဿ တာပသာ အရဟတ္တံ ပါပုဏိံသု၊သတ္ထာ “ဧထ ဘိက္ခဝေါ” တိ ဟတ္ထံ ပသာရေသိ တေသံ တာဝ ဒေဝ ကေသမဿု အန္တရဓာယိ၊ အဋ္ဌပရိက္ခာရာ ကာယေ ပဋိမုက္ကာဝ, အဟေသုံ၊

သဋ္ဌိ ဝဿ ထေရာ ဝိယ သတ္ထာရံ ပရိဝါရယိံသု။ “နန္ဒ” တာပသော ပန ဝိက္ခိတ္တ စိတ္တတာယ ဝိသေသံ နာဓိဂစ္ဆိ။

တဿ “ကိရ” “အရဏဝိဟာရိ” ထေရဿ သန္တိကေ ဓမ္မံ သောတုံ အာရဒ္ဓကာလတော ပဋ္ဌာယ “အဟောဝတာ-ဟမ္ပိ အနာဂတေ ဥပ္ပဇ္ဇနကဗုဒ္ဓဿ သာသနေ ဣမိနာ သာဝကေန လဒ္ဓဓုရံ လဘေယျ” န္တိ စိတ္တံ ဥဒပါဒိ။

သော တေန ပရိဝိတက္ကေန မဂ္ဂ-ဖလ-ပဋိဝေဓံ ကာတုံ နာသက္ခိ။ တထာဂတံ ပန ဝန္ဒိတွာ သမ္မုခေ ဌတွာ အာဟ = ဘန္တေ ယေန ဘိက္ခုနာ ဣသိဂဏဿ ပုပ္ဖါသနာ-နုမောဒနာ ကတာ၊ ကော နာမာ-ယံ တုမှာကံ သာသနေ” တိ။

“အရဏဝိဟာရိ” အင်္ဂေ, ဒက္ခိဏေယျအင်္ဂေစ, ဧတဒဂ္ဂံ ပတ္တော သော ဘိက္ခု” တိ၊ဘန္တေ ယွာ-ယံ မယာ သတ္တာဟံ ပုပ္ဖဆတ္တံ ဓာရေန္တေန သက္ကာရော ကတော။

၇။ တေန အဓိကာရေန နု အညံ သမ္ပတ္တိံ ပတ္ထေမိ။ အနာ-ဂတေ ပန ကဿ ဗုဒ္ဓဿ သာသနေ အယံ ထေ-ရော ဝိယ ဒွီဟင်္ဂေဟိ သမန္နာဂတော သာဝကော ဘဝေယျ”န္တိ ပတ္ထန မ ကာသိ။

သတ္ထာ သမိဇ္ဈိဿတိ-နု ခေါ, ဣမဿ တာပသဿ ပတ္ထနာ-တိ အနာဂတံသ ဉာဏံ ပေသေတွာ ဩ-လောကေန္တော ကပ္ပ သတ သဟဿံ အတိက္ကမိတွာ သမိဇ္ဈနက ဘာဝံ ဒိသွာ “နန္ဒ” တာပသံ အာဟ။

န တေ အယံ ပတ္ထနာ မောဃာ ဘဝိဿတိ၊ အနာဂတေ ကပ္ပ သတ သဟဿံ အတိက္ကမိတွာ “ဂေါတမော” နာမ ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတိ။

တဿ သန္တိကေ သမိဇ္ဈိဿတီတိ ဝတွာ ဓမ္မကထံ ကထေတွာ ဘိက္ခု သံဃ ပရိဝုတော အာကာသံ ပက္ခန္ဒိ။ “နန္ဒ” တာပသော ယာဝ စက္ခုပထံ သမ-တိက္ကန္တာ သတ္ထာရံ ဘိက္ခု သံဃဉ္စ ဥဒ္ဒိဿ အဉ္ဇလိံ ပဂ္ဂယှ အဋ္ဌာသိ။ သော အပရ ဘာဂေ ကာလေန ကာလံ သတ္ထာရံ ဥပ-သင်္ကမိတွာ ဓမ္မံ သုဏိ။ အ-ပရိ ဟီန-ဈာနော ဝ ကာလကတွာ ဗြဟ္မလောကေ နိဗ္ဗတ္တော။ တတော ပန စုတော အပရာနိ ပဉ္စ-ဇာတိ-သတာနိ ပဗ္ဗဇိတွာ အာရညကော အဟောသိ။

၈။ ကဿပ သမ္မာသမ္ဗုဒ္ဓ ကာလေပိ ပဗ္ဗဇိတွာ အာ-ရညကော ဟုတွာ ဂတ-ပစ္စာ-ဂတ-ဝတ္တံ ပူရေသိ။ [ဧတံကိရ ဝတ္တံ အပရိပူရေတွာ မဟာသာဝကဘာဝံ ပါပုဏန္တော နာမ နတ္ထိ၊ ဂတ-ပစ္စာ ဂတဝတ္တံ ပန (အာဂမဋ္ဌကထာသု) ဝုတ္တ နယေနေဝ ဝေဒိတဗ္ဗံ။]

သော ဝိသတိ-ဝဿ-သဟဿာနိ ဂတပစ္စာ-
ဂတဝတ္တံ ပူရေတွာ ကာလင်္ကတွာ ကာမာဝစရ-
ဒေဝလောကေ (*၁) တာဝတိံသ-ဘဝနေ နိဗ္ဗတ္တိ။

ဝုတ္တဥ္စေ-တံ အပဒါနေ။-

(၁) “ဟိမဝန္တဿ အဝိဒူရေ၊
နိသဘော နာမ ပဗ္ဗတော။
အဿမော သုကတော မယှံ၊
ပဏ္ဏသာလာ သုမာပိတာ။ ။

(လ)

(၅၂) “ပဋိသမ္ဘိဒါ စတဿော၊
ဝိမောက္ခာပိ စ အဋ္ဌ-မေ။
ဆဠာဘိညာ, သစ္ဆိကတာ၊
ကတံ ဗုဒ္ဓဿ သာသန-န္တိ။ ။

ဣတ္ထံ သုဒ-မာယသ္မာ “သုဘူတိ” ထေရော ဂါ-
ထာယော အဘာသိတ္ထာ-တိ။

၄။ ဧဝံ ပန သော (*၂) တာဝတိံသဘဝနေ အပရာ-
ပရံ ဥပ္ပဇ္ဇနဝသေန ဒိဗ္ဗသမ္ပတ္တိံ အနုဘဝိတွာ
တတော စုတော မနုဿလောကေ အနေက သ-
တက္ခတ္တုံ စက္ကဝတ္တိရာဇာစ, ပဒေသရာဇာစ, ဟုတွာ
ဥဠာရံ မနုဿသမ္ပတ္တိံ အနုဘဝိတွာ အမှာကံ ဘဂ-
ဝတော ကာလေ သာဝတ္ထိယံ “သုမန” သေဋ္ဌိဿ
ဂေဟေ အနာထပိဏ္ဍိကဿ ကနိဋ္ဌော ဟုတွာ နိဗ္ဗတ္တိ။
“သုဘူတိ” တိ-ဿ နာမံ အဟောသိ။

တေန စ သမယေန အမှာကံ ဘဂဝါ လောကေ
ဥပ္ပဇ္ဇိတွာ ပဝတ္တ ဝရ ဓမ္မ စက္ကော အနုပုဗ္ဗေန ရာဇ-

ဂဟ ဂန္တွာ တတ္ထ ဝေဠုဝန ပဋိဂ္ဂဟဏာဒိနာ လော-
ကာနုဂ္ဂဟံ ကရောန္တော ရာဇဂဟံ ဥပနိဿာယ
သီတဝနေ ဝိဟာရတိ။

တဒါ အနာထပိဏ္ဍိကော သေဋ္ဌိ သာဝတ္ထိယံ
ဥဋ္ဌာနကဘဏ္ဍံ ဂဟေတွာ အတ္တနော သဟာယဿ
ရာဇဂဟ သေဋ္ဌိနော ဃရံ ဂတော၊ ဗုဒ္ဓုပ္ပါဒံ သုတွာ
သတ္ထာရံ သီတဝနေ ဝိဟရန္တံ ဥပသင်္ကမိတွာ ပဌမ-
ဒဿနေနေဝ သောတာပတ္တိဖလေ ပတိဋ္ဌာယ
သတ္ထာရံ သာဝတ္ထိံ အာဂမနတ္ထာယ ယာစိတွာ
တတော ပဉ္စစတ္တာလီသ ယောဇနေ မဂ္ဂေ ယောဇ-
နေ, ယောဇနေ, သတသဟဿံ ပရိစ္စာဂေန ဝိဟာ-
ရေ ပတိဋ္ဌာပေတွာ သာဝတ္ထိယံ ရာဇမာနေန အဋ္ဌ-
**ကရီသ** ပ္ပမာဏံ ဇေတဿ ရာဇကုမာရဿ ဥယျာန-
ဘူမိံ ကောဋိသန္ထာရေန ကိဏိတွာ တတ္ထ ဘဂဝတော
ဝိဟာရံ ကာရေတွာ အဒါသိ၊ ဝိဟာရ-ပရိဂ္ဂဟဏဒိ-
ဝသေ အယံ ‘‘သုဘူတိ’’ ကုဋုမ္ဗိကော အနာထ-
ပိဏ္ဍိကသေဋ္ဌိနော သန္တိံ ဂန္တွာ ဓမ္မံ သုဏန္တော သဒ္ဓံ
ပဋိလဘိတွာ ပဗ္ဗဇိ။ သော ဥပသမ္ပဇ္ဇိတွာ ဒွေမာတိ-
ကာ ပဂုဏာ ကတွာ ကမ္မဋ္ဌာနံ ကထာပေတွာ အရ-
ညေ သမဏ ဓမ္မံ ကရောန္တော မေတ္တာဈာနပါဒကံ
ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏိ။

၁၀။ သော ဓမ္မံ ဒေသေန္တော ယသ္မာ သတ္ထာရာ ဒေသိတ-
နိယာမေန အနောဒိဿကံ ကတွာ ဓမ္မံ ဒေသေတိ၊
တသ္မာ ‘‘အရဏဝိဟာရီနံ’’ အဂ္ဂေါ နာမ ဇာတော၊
ပိဏ္ဍာယ စရန္တော ဃရေ ဃရေ မေတ္တာဈာနံ သမာ-

ပဋ္ဋိတွာ ဝုဋ္ဌာယ ဘိက္ခုံ ပဋိဂ္ဂဏှာတိ၊ ဧဝံ ဒါယကာနံ မဟပ္ဖလံ ဘဝိဿတီတိ၊ တသ္မာ “ဒက္ခိဏေယျာနံ” အဂ္ဂေါနာမ ဇာတော၊တေနာဟ ဘဂဝါ “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အရဏဝိဟာရီနံ ယဒိဒံ သုဘူတိ” ဒက္ခိဏေယျာနံ ယဒိဒံ “သုဘူတိ” တိ။ ဧဝမယံ မဟာထေရော အရဟတ္တေ ပတိဋ္ဌာယ အတ္တနာ ပူရိတပါရမီနံ ဖလဿ မတ္တကံ ပတွာ လောကေ အဘိညာတော,အဘိလက္ခိတော,ဟုတွာ ဗဟုဇနပိတာယ ဇနပဒစာရိကံ စရန္တော အနုပုဗ္ဗေန ရာဇဂဟံ အဂမာသိ၊ ရာဇာ ဗိမ္ဗိသာရော ထေရဿ အာဂမနံ သုတွာ ဥပသင်္ကမိတွာ ဝန္ဒိတွာ “ဣဓေဝ ဘန္တေ ဝသထာ”တိ ဝတွာ နိဝါသန ဋ္ဌာနံ ကရိဿာမီတိ ပက္ကန္တော ဝိဿရိ။ထေရော သေနာသနံ အလဘန္တော အဗ္ဘောကာသေ ဝီတိနာမေသိ၊ ထေရဿအာနုဘာဝေန ဒေဝေါ နဝဿတိ၊မနုဿာ အဝုဋ္ဌိတာယ ဥပဒ္ဒုတာ ရညော နိဝေသန-ဒွါရေ ဥက္ကုဋ္ဌိံ မ-ကံသု၊ ရာဇာ ကေနနုခေါ ကာရဏေန ဒေဝေါ န ဝဿတီတိ ဝီမံသန္တော ထေရဿ အ-ဗ္ဘောကာသဝါသေန မညေ န ဝဿတီတိ စိန္တေတွာ တဿ ပဏ္ဏကုဋိံ ကာရာပေတွာ “ဣမိဿာ ဘန္တေ ပဏ္ဏကုဋိယာ ဝသထာ”တိ ဝတွာ ဝန္ဒိတွာ ပက္ကာမိ။ ထေရော ကုဋိကံ ပဝိသိတွာ တိဏသန္ထာရကေ ပလ္လင်္ကေန နိသီဒိ၊

တဒါ ပန ဒေဝေါ ထောကံ ဖုဿာယတိ၊န,သမ္မာ ဓာရံ အနုပ-ဝစ္ဆတိ၊ အထ ထေရော လောကဿ အဝုဋ္ဌိကဘယံ ဝိဿမိတုကာမော အဇ္ဈတ္တိ-

ကဗ္ဗာဟိရဝတ္ထုကြာသ ပရိသယသ အဘာဝံ ပဝေ-
ဒေန္တော။

(က) "ဆန္ဒာ မေ-သာ ကုဋိကာ သုခါ၊
နိဝါတာ ဝဿ, ဒေဝ, ယထာသုခံ။
စိတ္တံ မေ သုသမာဟိတံ ဝိမုတ္တံ၊
အာတာပိ,ဝိဟရာမိ ဝဿ ဒေဝါ-"တိ။ ။

ဂါထ မာဟ။

ယေ ဟိ ထေရာ နာမမတ္တေနစ ပါကဋာ၊ တေ,
နာမေန,,ယေ ဂေါတ္တမတ္တေန,,ပါကဋာ၊ တေ ဂေါ-
တ္တေန,,ယေ ဥဘယထာ ပါကဋာ၊တေ ဥဘယေနပိ,
ဒဿိသန္တိ။

အယံ ပန ထေရော နာမေန အဘိလက္ခိတော,
န တထာ ဂေါတ္တေနာ-တိ၊

"**ဣတ္ထံ သုမံ အာယသ္မာ သုဘူတိ**"တိ ဝုတ္တံ။ တတ္ထ
"**ဣတ္ထ**"န္တိ ဣဒံ ပကာရံ၊ဣမိနာ အာကာရေနာ-တိ အတ္ထော။
"**သုမ**"န္တိ **သု + ဣမံ**၊ သန္ဓိဝသေန ဣ-ကာရလောပေါ။
"**သု**"တိစ နိပါတ မတ္တံ၊ ဣမံဂါထ-န္တိ ယောဇနာ။"**အာယ-
သ္မာ**"တိ ပိယဝစန မေတံ, ဂရု ဂါရဝ သပ္ပတိဿ ဝစန-
မေ-တံ။

"**သုဘူတိ**"တိ နာမကိတ္တနံ။ သော ဟိ သရီရ-သမ္ပတ္တိ-
ယာပိ ဒဿနီယော, ပါသာဒိကော, ဂုဏသမ္ပတ္တိယာပိ,၊
ဣတိ သုန္ဒရာယ သရီရာဝယဝ ဝိဘူတိယာ, သီလသမ္ပတ္တိ-
ယာဒိ ဝိဘူတိယာစ သမန္နာဂတတ္တာ"**သုဘူတိ**"တိ ပညာ-
ယိတ္ထ။ သီလသာရာဒိ ထိရ ဂုဏ ယောဂတော **ထေရော**၊
"အဘာသိတ္ထာ"တိ ကထေသိ။

ကသ္မာ ပနေ-တေ မဟာထေရော အတ္တနော ဂုဏေ ပကာသေန္တိ-တိ။ ဣမိနာ ဒီဃေန အဒ္ဓုနာ အန-ဓိ-ဂတပုဗ္ဗံ,ပရမ-ဂမ္ဘီရံ အတိဝိယ သန္တံ ပဏီတံ အတ္တနာ အဓိဂတံ လောကုတ္တရ-ဓမ္မံ ပစ္စဝေက္ခိတွာ ပီတိ-ဝေဂ သမုဿာဟိတ-ဥဒါန-ဝသေန, သာသ-နဿ နိယျာနိက-ဝိဘာဝန-ဝသေန စ, ပရမ-ပ္ပိစ္ဆာ အရိယာ အတ္တနော ဂုဏေ ပကာသေန္တိ၊ [ယထာ တံ လောက-နာထော ဗောဓနေယျ အဇ္ဈာသယဝသေန "ဒသ ဗလ သမန္နာဂတော ဘိက္ခဝေ တထာဂတော စတု ဝေသာရဇ္ဇ ဝိသာရဒေါ"] တိ အာဒိနာ အတ္တ-နော ဂုဏေ ပကာသေတိ၊ ဧဝ-မယံ ထေရဿ အညာဗျာကရဏ ဂါထာ ဟောတီတိ။

ပရမတ္ထ ဒီပနိယာ ထေရဂါထာ သံဝဏ္ဏနာယ "**သုဘူတိ**" ထ္ထေရဂါထာ ဝဏ္ဏနာ နိဋ္ဌိတာ။

---

အထူးမှတ်ချက်–

[မြန်မာဘာသာ ပြန်ဆို-ရေးသားအပ်သော "သုဘူတိ" မဟာထေရ်၏ ဝတ္ထု၏၊ မှီရာ အခိုင်အမာ-ဖြစ်သော အဋ္ဌကထာပါဠိကို သဒ္ဓါပွားတိုး၍၊ အကျိုးများစေရန် ထည့်သွင်းဖော်ပြအပ်၏။]

# မဟာကပ္ပိနထေရ်ဝတ္ထု

ဤဂေါတမ,မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါက၊
**ကုက္ကုဋဝတီ** ပြည်ကြီးရှင်၊ဘုရင်**မဟာကပ္ပိန**မင်းကြီးနှင့်၊
**အနောဇာ**ဒေဝီ မိဖုရားကြီးတို့သည်။
ရတနာသုံးပါးတို့၏ ဂုဏ်ကို၊ စိတ်ဖြင့်အာရုံယူ၍၊မြစ်ကြီးသုံးတန်၊
ကူးသွားကြရာ၊ရေအယဉ်သည်၊ကျောက်မြေအပြင်ကဲ့သို့၊
တင်းမာလျက်၊တည်နေရပုံနှင့်တကွ၊အာသဝေါ လေးဖြာ၊
ကင်းစင်ကွာ၍၊ရဟန္တာ,ယောကျ်ား၊ရဟန္တာ မိန်းမတို့၊
ဖြစ်လာရပုံ၊ပြဆိုရာဖြစ်သော

## (အရှင်မဟာကပ္ပိနထေရ်ဝတ္ထု)

(က) ဝက္ခတော မေ သိသေ တိဋ္ဌံ၊
ကပ္ပိန,ကထ တေ ပဒံ။
အင်္ဂေါ ဩဝါဒ ကာရိနံ၊
ဘိက္ခုနံ,ပါဝစေ တုဝံ။ ။

(က) ကပ္ပိန၊အရှင် **မဟာကပ္ပိန**၊မည်ရသည့်၊သာသနာ၌၊ လွန်စွာ ထင်ရှား ကျော်စောတော်မူသော ရဟန္တာ, သခင်၊ အရှင် **မဟာကပ္ပိန**ထေရ်ဘုရား····။

ပါဝစေ၊ အံ့ဘွယ် ရှစ်ဖြာ၊ ပြည့်စုံစွာသည့်၊ မြတ်စွာဘုရားရှင်၏၊ သာသနာတော်၌။ ဘိက္ခုနံ၊မင်္ဂပန်း,ဖိုလ်ပန်း၊ အရမှန်း၍၊ကြိုးပမ်းကျင့်လတ်၊ ရဟန်း မြတ်တို့ကို။ ဩဝါဒကာ-ရိနံ၊ မင်္ဂပန်း, ဖိုလ်ပန်း၊ ဆွတ်လှမ်း ပန်ဆင်ရစေခြင်းငှါ၊ ကောင်းစွာ ဆုံးမတတ်ကုန်သော ရဟန်းတို့ထက်။ အင်္ဂေါ၊ ပြိုင်ဘက် ကင်းလတ်၊ အမြင့် မြတ်ဆုံး ဖြစ်တော်မူသော။ တုဝံ၊အရှင်မြတ်ဘုရားသည်။ တေ၊ အရှင်မြတ်၏။ ပဒံ၊ဘဝများစွာ၊ သံသရာ၌၊ ခန္ဓာ စဉ်လျက်၊ အဆက်ဆက်ဖြင့်၊ဖြစ်ပျက်ရပုံ၊ အလုံးစုံသော အကြောင်း ဝတ္ထုကို။ ဝက္ခတော၊

ရဟန်း,လူ,ရှင်၊နည်းယူသင်ဘို့၊ ကျင့်စဉ်တိုင်းသာ၊မှန်စွာဆို
ရမည်ဖြစ်ပါသော။ မေ၊ ဇောတ မည်တွင်၊ တပည့်ရှင်-ဟု၊
ခေါ်ငင်,သမုတ်၊အကျွန်ုပ်၏။သိသေ၊ဦးခေါင်းထိပ်ထက်၌။
တိဋ္ဌံ၊ (တိဋ္ဌန္တော)၊ ကြွကြွ မတ်မတ်၊ ရပ်တန့် တည်တော်မူ
လျက်။ တေ၊ အရှင်ဘုရား၏။ ပဒံ၊ ဘဝများစွာ၊ သံသရာ၌၊
ခန္ဓာ စဉ်လျက်၊ အဆက်ဆက်ဖြင့်၊ ဖြစ်,ပျက်,ရပုံ၊ အလုံးစုံ
သော အကြောင်း ဝတ္ထုကို။ ကထ၊ (ကထယ)၊ ကေဝစ်
ဖြင့်၊ ဝေဝစ်, ကင်းပ၊ အလင်းရအောင်၊ ရှင်းပြ မိန့်မြွက်
တော်မူပါဘုရား။

(ဤဂါထာဖြင့်၊ အာသဝေါ,ကုန်ခန်း၍၊ ရဟန္တာ, ပုဂ္ဂိုလ်မြတ်ကြီးဖြစ်
ပြီးသော အရှင်မဟာကပ္ပိန ထေရ်သည်၊ ခန္ဓာ,နာမ်-ရုပ်၊ ကင်းစင်ချုပ်၍၊
ဝိမုတ္တိစာတ်၊ မြတ်သော နိဗ္ဗာန်,နန်းသို့၊ ပရိနိဗ္ဗာန်၊ ဝင်စံ ကြွမြန်းတော်
မူပြီးဖြစ်၍၊ ဤယခု, မျက်မှောက်၌၊ထင်ရှား ပကတိ၊ မရှိသော်ငြားလည်း၊
ဤယခု,မျက်မှောက်၌ပင်၊ ထင်ထင်ရှားရှား၊ ရှိလေသေးသကဲ့သို့၊ ကြံဆ၍-

- အရှင်မြတ် မဟာကပ္ပိနထေရ်ဘုရား....

အရှင်ဘုရားသည်၊ ဘဝများစွာ၊ သံသရာ၌၊ ခန္ဓာ စဉ်လျက်၊ အဆက်
ဆက်ဖြင့်၊ကျင်လည်ရစဉ်၊အရှင်မြတ်ကိုယ်တိုင်၊ ဖြစ်,ပျက်, တွေ့ကြုံခဲ့ရသော
အတိတ် ဇာတ်ဟောင်း၊ အကြောင်း, ဝတ္ထုတို့သည်၊ များစွာ ရှိပါကုန်
၏။ ။ထိုအလုံးစုံသော အကြောင်းဝတ္ထုတို့ကို၊လူ, ရှင်, ရဟန်းအပေါင်း
တို့၊ ကောင်းစွာနည်းယူ ကျင့်ကြံကြစေရန်၊ ပုံစံပြု၍၊ ဟုတ်တိုင်း မှန်စွာ။
ပြဆိုရမည် ဖြစ်ပါသော အကျွန်ုပ်အား၊ ထိုအကြောင်း ဝတ္ထုတို့ကို၊ မချန်
ချွင်းဘဲ၊ ရှင်းလင်း,မိန့်မြွက်,ဟောပြတော်မူပါ-အရှင်ဘုရား....ဟူ၍၊ ယဉ်
ကျေးဘွယ်ရာ၊ မင်္ဂလာ,ရှိသော အဘိယာစက,စကားကို၊ပညာရှင်ပုဂ္ဂိုလ်
တို့၏၊ သုတိ မင်္ဂလာ၊ နားတန်းဆာ အလို့ငှါ၊ တိုက်ရိုက် ပြဆိုအပ်လေ
သတည်း။)

---

ရှေးလွန်လေပြီးသော မြတ်စွာ ဘုရားရှင်တို့၏ လက်ထက်တော်
အခါက,စ၍၊ဒါန-သီလ၊စသည်ပေါင်းစု၊ကောင်းမှုဘာဂီ၊ပါရမီ,အစု
စုတို့ဖြင့်၊ပြုအပ်ပြီး,လေ့လာ အပ်ပြီးသော ဆုတောင်းခြင်း အရင်းခံရှိ
သော, အရှင် မဟာကပ္ပိန ထေရ် အလောင်းတော်သည်၊ မြင့်မြောင်း
ရှည်ကြာ၊ သံသရာ၌၊ ထိုထိုသို့သော အဖြစ်ဖြင့်၊ ကျင်လည်၍ နေရစဉ်၊

ပဒုမုတ္တရ မြတ်စွာ ဘုရားရှင်၏ လက်ထက်တော်အခါ၌၊ ဟံသာဝတီ အမည်ရှိသောမြို့ဝယ်၊တဦးသော အမျိုး၏၊ သတို့သားဖြစ်လာ၍၊အရွယ်သို့ ရောက်လတ်သော်၊ တရားသူကြီးဖြစ်၍၊တနေ့သ၌၊ထို ပဒုမုတ္တရ မြတ်စွာ ဘုရားရှင် သည်လည်း၊ လူ,ရှင်,ရဟန်း, ဟူသော ပရိသတ် အပေါင်း တို့အား၊ တရားတည်းဟူသော အမြိုက်ဆေး၊ တိုက်ကျွေး ဆုံးမလျက် နေတော်မူ၏။

ထိုအခါ၊ မြတ်စွာ ဘုရားရှင်သည်၊ ထိုပရိသတ် တို့၏ အလယ်၌၊ (ကတာဝီ) အမည်ရှိသော ရဟန်းတပါးအား၊(ဘိက္ခုဩဝါဒက)အရာ ၌၊ မဟာ တေဒဂ်၊ မိန့်မြွက် ချီးမြှင့်တော်မူသည်ကိုမြင်၍၊ ငါတို့=တမူ လည်း=နောင်တဆူသော ဘုရားရှင်၏၊ လက်ထက်တော် အခါ၌၊ ဤ (ကတာဝီ)အမည်ရှိသော ရဟန်းပုဂ္ဂိုလ်ကဲ့သို့၊ (ဘိက္ခု ဩဝါဒက) အ ရာ၊မဟာ တေဒဂ်၊ မိန့်မြွက် ချီးကျူး၊ ဂုဏ်အထူးကို၊ဆွတ်ခူး ပန်ဆင်ရ ပါမူကား=ကောင်းလေစွတကား-ဟု၊စိတ်အကြံ ဖြစ်လတ်သတည်း။

ထိုအခါ၊ မြတ်စွာ ဘုရားရှင်နှင့်တကွ၊ တပည့်သား, သံဃာ, အ ပေါင်းတို့အား၊မိမိ၏ နေအိမ်သို့၊ ညွတ်ပျောင်း ကော်ရော်၊ ပူဇော်ပင့် ဆောင်၍၊ ဆွမ်း,ခဲဘွယ်,ဘောဇဉ်၊ချို ချဉ် အမွန် အမြတ်တို့ဖြင့်၊ကျွေး မွေးဆက်ကပ် လှူဒါန်းပြီးလျှင်၊ရှေးယခင်က၊မိမိ၏ ကြံစည်ရည်သန်ရင်း အတိုင်း၊ ဤ ကုသိုလ်အစု၊ ကောင်းမှု“ကံ”ကြောင့်၊နောင်တဆူသော ဘုရားရှင်၏၊ လက်ထက်တော်အခါ၌၊ ဤ (ကတာဝီ) အမည်ရှိသော ရဟန်းပုဂ္ဂိုလ်ကဲ့သို့၊ (ဘိက္ခုဩဝါဒက) အရာ၊ မဟာတေဒဂ်ပန်းကို၊ရွှင် လန်းစွာ ပန်ဆင်ရပါစေသတည်း=ဟု၊ နှုတ်မြွက် သံပြောင်း၊ ရလို ကြောင်းဖြင့်၊ ဆုတောင်း ပန်ဆင်ယင်လေသတည်း။

ဤအဓိပ္ပါယ်ကို ပြခြင်းငှါ၊ (ထေရ အပဒါန် ပါဠိတော် ၅၄-ခု မြောက်၊ ကစ္စာယနဝဂ်၊ မဟာကပ္ပိန အပဒါန်) ၌၊ အောက်၌ပါသော ဂါထာကို၊ ဟောကြားတော်မူအပ်၏။

(၁) ပဒု မု-တ္တရောနာမ ဇိနော၊
သဗ္ဗ ဓမ္မာန ပါရဂူ။
ဥဒိတော ဇလ-ဒါ ကာသေ၊
ရဝိ-ဝ,သရဒ-မ္ဗရေ။ ။

(၁) သဗ္ဗ ဓမ္မာန ပါရဂူ၊ ဥဧယျ-ငါးတန်-တရားမှန်ကို၊ ကေန်သိ မြင်၊ ဉာဏ်သဗ္ဗညု-ဖြင့်၊ အစဉ် ဆိုရာ၊ ဟိုမှာ ဘက်ကမ်းသို့ ရောက်တော်မူထသော။ ပဒု မု-တ္တရောနာမ၊ ရွှေကြာပဒုံ၊ ပန်းဝတ်မှုံတို့၊မွှေးထုံ ကြိုင်စွာ၊ကဲ့-ပမာသို့၊ငွဲ့ညှာသနား၊ဝေနေ အားကို၊ တရားအောင်စည်၊ဆော်ရွမ်းလည်းက၊ မွှေး ရည်ပျံ့ထုံ၊ ရနံ့ဂုဏ်ကြောင့်။ ပဒုမု-တ္တရ၊အမည်ရတော်မူ သော။ ဇိနော၊ငါမာရ်အောင်မြင်၊မြတ်စွာဘုရားရှင်သည်။ အာကာသေ၊ ရေးခြစ် အံ့ဖွယ်၊ မထင်ရာသော။ အမ္ဗရေ၊ ကောင်းကင်ပြင်၌။ သရဒေ၊ ငါးထွေ ကြာရုံ၊ ရေရိပ်လှုံ၍၊ ဖူးငုံပွင့်ကြ၊သရဒ ရာသီ၊ ခါမှီချိန်ဆုံး၊ တန်ဆောင်မုန်းလ၌။ ရဝိ၊ရောင်ဝါထိန်လင်း၊ရှင်နေမင်းသည်။ဇလံ၊(ဇလန္တော)၊ အရောင် ဝင်းဝင်း၊ မိုက်မှောင် ကင်းအောင်၊ ထွန်းလင်း တောက်ပလျက်။ ဥဒိတော ဣဝ၊အရှေ့ကျွန်းမှ၊ ပေါ်ပေါက် ထွက်ပြူ၊ဥဒည်-မူသကဲ့သို့။ ဥဒိတော၊သဗ္ဗညုတ၊ ဉာဏ,ရောင် ဖိတ်၊ ရွှေတောင်ထိပ်သို့၊ မဂ် စိတ်, ဖိုလ်, လျှောက်၊ ချီပင့် ထောက်၍၊တက်ရောက်တော်မူလေပြီ။

(၂) ဝစနာ-ဘာယ,ဗောဓေတိ၊
ဝေနေယျ ပဒုမာနိ သော။
ကိလေသ-ပင်္ကံ သောသေတိ၊
မတိ-ရံသီဟိ နာယကော။ ။

(၂) သောဇိနော၊ ထိုငါးမာရ် အောင်မြင်၊ မြတ်စွာဘုရားရှင် သည်။ ဝေနေယျပဒုမာနိ၊ ဝေနေယျကြာ၊ သတ္တဝါဟူ၊ သုံး ဘုံ သူတို့ကို။ဝစနာ-ဘာယ၊သုံးဆယ့်ခုနစ်ပါး၊တရားဗောဓိ၊ ပက္ခိယ-ဟု၊ဓမ္မ ထွန်းပြောင်၊အလင်းရောင်ဖြင့်၊ ဗောဓေတိ၊ သစ္စာလေးဆင့်၊ ဉာဏ်ရောင်သင့်၍၊ ပွင့်စေတော်မူ၏။ ။ နာယကော၊ ရှေးသွား ရှန်းဆောင်၊နေနှုန်း ရောင်ဖြင့်၊ဘုန်း ခေါင် ထွတ်တင်၊ မြတ်စွာ ဘုရားရှင်သည်။ မတိ-ရံသီဟိ၊ အရဟတ္တမဂ်၊ ဉာဏ်စက်ဝင်းပြောင်၊ အလင်းရောင်ဖြင့်။

ကိလေသ-ပင်္က၊ ကိလေသာ,လျှေး၊ ရစ်ပတ်ထွေးသည့်၊ မြူ
မှေးညွန်နစ်ကို။ သောသေတိ၊ အရဟတ္တမဂ်၊ ဉာဏ်စက်ချိန်
လင့်၊အရှိန်သင့်၍၊လွှင့်စင်,ခြောက်သွေ့စေတော်မူ၏။

(၃) တိတ္ထိယာနံ,ယသော,ဟန္တိ၊
ခဇ္ဇောတာ-ဘံ,ယထာ ရဝိ။
သစ္စ-တ္ထာ-ဘံ,ပကာသေတိ၊
ရတနံ-ဝ ဒိဝါကရော။ ။

(၃) ရဝိ၊ရောင်ဝါ ထိန်လင်း၊ ရှင်နေမင်းသည်။ ခဇ္ဇောတာ-ဘံ၊
ပိုးမြေမြှူးရောင်ကို။ ဟန္တိ၊ (ဟနတိ) ယထာ၊ အလင်း
မရောက်၊အလျှင်းပျောက်အောင်၊ပယ်ဖျောက်နိုင်၏ကဲ့သို့=
သောဇိနော၊ ထိုငါးမာရ်အောင်မြင်၊ မြတ်စွာ ဘုရားရှင်
သည်။ တိတ္ထိယာနံ၊ တရားလက်လွှတ်၊ မှားချွတ်ယွင်းသည့်၊
အဖျင်းအချော်၊ မသူတော်ဖြစ်သော တိတ္ထိတို့၏။ ယသော၊
အကျော်အစောကို။ ဟန္တိ၊(ဟနတိ)၊ပယ်ဖျောက်နိုင်၏။ ။
ဒိဝါကရော၊ ရောင်ဝါ ထိန်လင်း၊ ရှင်နေမင်းသည်။ ရတနံ၊
လောကီဘွယ်ရာ၊ ရတနာမျိုးကို။ ပ ကာသေတိ ဣဝ၊ ပြနိုင်
၏ ကဲ့သို့=သော ဇိနော၊ထိုငါးမာရ်, အောင်မြင်၊ မြတ်စွာ
ဘုရားရှင်သည်။ သစ္စတ္ထာ-ဘံ၊တဆယ့်ခြောက်ချက်၊ သစ္စာ,
နက်-ဟူသော အလင်းရောင်ကို။ ပ ကာသေတိ၊ ထင့်ထင်
ရှားရှား၊ ပိုင်းခြား ထုတ်ဖေါ်ပြတော်မူနိုင်၏။

(၄) ဂုဏာနံ, အာယတိ ဘူတော၊
ရတနာနံ-ဝ, သာဂရော။
ပဋ္ဌုန္နောရိဝ-,ဘူတာနံ၊
ဓမ္မ-မေဃေန ဝဿတိ။ ။

(၄) သာဂရော၊ရတနာမျိုး၊ ဖြစ်ရိုး တည်ရာ၊ ရှည်ကြာမယုတ်၊
သမုဒ္ဒြာသည်။ရတနာနံ၊ ရတနာအမျိုးမျိုးတို့၏။အာယတီ-
ဘူတော ဣဝ၊မသွေစင်စစ်၊ ဖြစ်ရာ,တည်ရာဖြစ်၏ကဲ့သို့ =

သောဇိနော၊ထိုငါးမာရ်,အောင်မြင်၊မြတ်စွာဘုရားရှင်သည်။ ဂုဏာနံ၊သီလ,သမာဓိ၊ပညာ,ဝိမုတ္တိ၊စရှိ ထွေထူး၊ကျေးဇူးတရားတို့၏။ အာယတိဘူတော၊ ပါရမီ, လေ့၊ ဘာဂီ, ငွေ့ကြောင့်၊မရွေ့,ရှည်ကြာ၊တည်ရာစင်စစ်၊ ဖြစ်ကြီးဖြစ်တော်မူ၏။ပဇ္ဇုန္နော၊သံဝါ ထစ်ကြိုး၊သွန်းခါဖြိုးသည့်၊မိုးယံနတ်သားသည်။ ပဝဿတိ ဣဝ၊ ရေ တံခွန်ကို၊ သွန်ချ ဖြိုင်ဖြိုင်၊ ရွာစေနိုင်၏-ကဲ့သို့=သောဇိနော၊ ထိုငါးမာရ် အောင်မြင်၊ မြတ်စွာဘုရားရှင်သည်။ ဘူတာနိ၊ လူ, နတ်,ဗြဟ္မာ၊သတ္တဝါများ၊သုံးဘုံသားတို့ကို။ ဓမ္မ မေဃေန၊ သမ္မာဒိဋ္ဌိ၊ စရှိ-မည်တွင်၊မဂ္ဂင်ရှစ်ဖြာ၊ ဒေသနာ-ဟု၊ခွေကာ ထစ်ကြိုး၊ တရားတည်းဟူသောမိုးယံရေစင်ဖြင့်။ ဝဿတိ၊ကရုဏာ-မိုးယံ၊သံကုန်နှိုး၍၊ ဖြိုးဖြိုး ပြည့်ပြည့်၊-ရွာသွန်းတော်မူဘိ၏။

(၅) အက္ခ-ဒဿော,တဒါ အာသိံ၊
နဂရေ ဟံသာ-သဝှယေ။
ဥပေစ္စ,ဓမ္မ-မ ဿောသိံ၊
ဇလဇု-တ္တမ, နာမိနော။ ။

(၅) တဒါ၊ ထို ပဒုမုတ္တရ၊ နာမ ထင်ရှား၊ မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌။ အဟံ၊ ငါသည်။ဟံသ သ-ဝှယေ၊ (ဟံသာဝတီ)ဟူသောမိမိအမည်ရှိသော။နဂရေ၊မြို့တော်ကြီး၌။ အက္ခ-ဒဿော၊တရားဓမ္မသတ်၊ ဆုံးဖြတ်ပိုင်းခြား၊ တရားသူကြီးသည်။ အာသိံ၊ စင်စစ်မသွေ၊ ဖြစ်ခဲ့လေဘူးပြီ။ ။ ဇလဇု-တ္တမ နာမိနော၊ ရွှေကြာ ပဒုံ၊ပန်းဝတ်မှုံတို့ မွှေးထုံကြိုင်စွာ၊ ကဲ့—ပမာသို့၊ ငဲ့ညှာသနား၊ ဝေနေအားကို၊ တရားအောင်စည်၊ ဆော်ရွမ်းလည်က၊ မွှေးရည် ပျံ့ထုံ၊ ရနံ့ဂုဏ်ကြောင့်၊ ပဒုမု-တ္တရ အမည်ရတော်မူသော။(ဗုဒ္ဓဿ၊ သစ္စာလေးအင်၊သိမြင်ထင်ရှား၊မြတ်စွာဘုရားရှင်၏)။ဓမ္မံ၊သံသာ မြောက်ကျော်၊ အာ ပုပ်တော်ဖြင့်၊ ထုတ်ဘော် ဟောကြားအပ်သော တရားတော်မြတ်ကို။ ဥပေစ္စ၊ အနီး ထံရင်း၊ ခဝပ်စင်း

၍။ အသောသိ၊ သဒ္ဒါ ဟုန်ဖြင့်၊ ယုံကြည် လေးစား၊ ကြားနာရဘူးလေပြီ။

(၆) ဩဝါဒကဿ,ဘိက္ခုနံ၊
သာဝကဿ,ကတာဝိနော။
ဂုဏံ,ပကာသယန္တဿ၊
တပ္ပယန္တဿ, မေ မနံ။ ။

(၇) နိမန္တေတွာ,တထာဂတံ၊
သ-သံဃံ လောက-နာယကံ။
သ-သိဿံ,ဘောဇယိတွာန၊
တံဌာန-မ ဘိပတ္ထယိံ။ ။

(၆-၇) ဘိက္ခုနံ၊တပည့် ရဟန်းတို့အား။ ဩဝါဒကဿ၊ ကောင်း ရာ ညွှန်းတင်၊ သွန်သင်ထုံးပြ၊ ဆုံးမတော် မူတတ်သော။ သာဝကဿ၊ ရွှေရင်တော် နှစ်၊ သားရင်းစစ် ဖြစ်သော။ ကတာဝိနော၊ ကတာဝီအမည်ရှိသော ရဟန်း၏။ ဂုဏံ၊ သီလ,သမာဓိ၊ပညာ,ဝိမုတ္တိ၊ စရှိ ဖုံဖုံ၊ ကျေးဇူးဂုဏ်ကို။ ပကာသယန္တဿ၊ အင်္ဂါ ရှစ်တန်၊ အသံတော်ဖြင့်၊ ထုတ် ဖော်ချီးကျူး ပြတော်မူလျက်။ မေ၊ ငါ၏။ မနံ၊ စိတ်နှလုံး ကို။တပ္ပယန္တဿ၊ရွှင်ပြုံး နှစ်သိမ့်စေသည်ရှိသော်။တထာ- ဂတံ၊ ရှေးရှေးကာလ၊ ပွင့်ကြများမြင်၊ ဘုရားရှင်တို့နှင့်၊ အသွင် မပြား၊ အမြင်အားဖြင့်၊ မခြားတမူ၊ အလားတူ သော။ သ-သံဃံ၊ တပည့်သား, သံဃာနှင့်တကွသော။ လောကနာယကံ၊သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်ကို။ နိမန္တေတွာ၊ ညွတ်ပျောင်းကော်ရော်၊ ပူဇော်ပင့်ဖိတ်၍။ သ-သိဿံ၊တပည့်သား,သံဃာအပေါင်းနှင့်တကွ။ဘော- ဇယိတွာန၊ ကျွေးမွေး လှူဒါန်းပြီး၍။ တံဌာနံ၊ ထို (ဘိက္ခုဩဝါဒက) ရဟန်း၏ အရာကို။ အဘိပတ္ထယိံ၊ နှုတ်မြွက်သံပြောင်း၊ ရလိုကြောင်းဖြင့်၊ ဆုတောင်း ပန်ဆင်ယင်လေပြီ။

ထိုအခါ၊ ဟသ်ာမင်း၏ သွားခြင်းနှင့်တူသော သွားခြင်းရှိတော်မူသော၊ ဟသ်ာမင်း၏ အသံကဲ့သို့-သာယာ,နာပျော်ဘွယ်သော အင်္ဂါရှစ်စုံ၊ သံတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော၊ ပဒုမုတ္တရ မြတ်စွာဘုရားသခင်သည်၊ ဤသို့စကား၊ မိန့်ကြားတော်မူ၏။

(အို) ငါ၏ချစ်သား၊ ရဟန်းများတို့....။

ဤရဟန်းပရိသတ်အစုံ၊ ဗိုလ်ပုံအလယ်၌၊ ငါဘုရားရှင်၏ ခြေတော်အစုံ၊ ကြာပဒုံအောက်၌ ဝင်ရောက်ဆည်းကပ်၍၊ သဒ္ဓါတရားတည်းဟူသောပန်းဖြင့်၊ ရှင်လန်းတက်ကြွသော ကိုယ်အမွေးရှိသော=မိုယ်းကိမ်လိုလို၊ ကိုယ်မှအရောင်၊ ညိုမှောင်သော အဆင်းရှိသော=ပြည့်ဖြိုးသောပခုံးရှိသော=သမင်မျက်လုံး၊ ပုံနှုန်းအသွင်၊ ကြည်လင်တောက်ပသော မျက်စိ,မျက်နှာရှိသော=များငွသာအခြံအရံဖြင့်၊ မြတ်သောသတင်း၊ကျော်စောခြင်းရှိသော= မင်း၏အမူနှင့်ယှဉ်သော= တရားဓမ္မသတ်၊ ဆုံးဖြတ်ခွဲဝေခြင်း၌၊ ရဲရင့်သော, ထိုတရားသူကြီးကို၊ (သင်ချစ်သားတို့သည်) မျက်ဝါးထင်ထင်၊ မြင်လျှင် သိနိုင်အောင်၊ ကြည့်ရှုကုန်လော။

(အို) ငါ၏ချစ်သား၊ ရဟန်းများတို့....။

ထိုတရားသူကြီးသည်၊ ဤ(ကတာဝီ) အမည်ရှိသော ရဟန်းပုဂ္ဂိုလ်၏-ကဲ့သို့၊ ဧတဒဂ် ဘွဲ့ခံ၊ သာဝကအစစ်၊ ဖြစ်ရလိုမှု၊ ပတ္တနာ ဆုကိုပြု၏။

ဤသို့ငါဘုရားရှင်နှင့်တကွ၊ တပည့်သား,သံဃာတို့အား၊ဆည်းကပ်ကိုးကွယ်ခြင်း၊ တရားတော်ကိုယုံကြည်စွာနာယူခြင်း-ဟူသောသရဏဂုံမဆောက်တည်ခြင်းဖြင့်၎င်း။ ။ဒါန ဝတ္တု၊ အစုစုတို့ကို၊ စွန့်ကြဲပေးလှူခြင်းဖြင့်၎င်း။ ။ဤ (ကာတာဝီ) ရဟန်းပုဂ္ဂိုလ်၏-ကဲ့သို့၊ (ဘိက္ခုပြဲဝါ ၁၈)အရာ၊ မဟာ ဧတဒဂ် ပန်းကို၊ဆင်မြန်း ပန်ဆင်ယင်လိုခြင်း-ဟူသော စိတ်ဆောက်တည်ခြင်းဖြင့်၎င်း။ ။ကပ္ပါတသိန်းတို့၊ ကာလပတ်လုံး၊ မကောင်းသောဒုဂ္ဂတိ,ဘုံသို့၊ မလား,မရောက်ရလတ္တံ့။ ။

နတ်ပြည်တို့၌၊ နတ်တို့၏ တင့်တယ်ခြင်းသို့ရောက်၍၊ လူ့ပြည်တို့၌လည်း၊ လူတို့၏ ကြီးကျယ် မြင့်မြတ်သော အဖြစ်ကို၊ ခံစား,စံစားရ၍၊ ကြွင်းကျန်သော ကုသိုလ်ကံဖြင့်၊ အသခ်တ၊ဌာန ရိပ်မြုံ၊နိဗ္ဗာန်ဟူသော နန်းရွှေဘုံသို့၊ ခိုလှုံမျက်မှောက်ပြုရလတ္တံ့။

ဤကပ္ပမှ၊ စ၍ရေတွက်သည်ရှိသော်၊ကပ္ပါတသိန်းထက်၌၊ဩတ္တက-ရာဇ်၊ ဘုန်းရောင်လွှမ်းစ၍၊ ထွန်းသစ်သော မင်းမျိုးမှဖြစ်သော,အမည်တော်အားဖြင့်၊(ဂေါတမ) အမည်ရှိတော်မူသော မြတ်စွာဘုရားသခင်သည်၊လောကသုံးပါး၌ ထင်ရှားစွာ ပွင့်လာတော်မူလာလတ္တံ့။

ထိုမြတ်စွာဘုရားသခင်၏ တရားတော်၏ အမွေခံဖြစ်သော =ရင်၌ဖြစ်သောတရားဖြင့်ဖြစ်သော=တရားတော်သည် ဖန်ဆင်းအပ်သည်ဖြစ်၍၊ အမည်တော်အားဖြင့်၊ (**မဟာကပ္ပိန** အမည်ရှိသော,မြတ်စွာဘုရားသခင်၏၊ ရွှေရင်တော်နှစ်၊ သားရင်းစစ်သည်၊ ဖြစ်ရလတ္တံ့-ဟု၊ ဗျာဒိတ်စကား၊မိန့်ကြားတော်မူ၏။

ဤအဓိပ္ပါယ်ကို ပြခြင်းငှါ၊အောက်၌ပါသောဂါထာတို့ကို၊ ဟောကြားတော်မူ၏။

(၈) တဒါ,ဟံသ,သမ,ဘာဂေါ၊
ဟံသ,ဒုဒြဘိ,နိဝစော။
ပသထေ-တံ,မဟာ-မတ္တံ။
ဝိနိစ္ဆယ,ဝိသာရဒံ။ ။

(၉) မံ ပါဒမူလေ,ပတိတံ၊
သမုဂ္ဂတ,တနုရုဟံ။
ဇိမုတ္တ-ဝဏ္ဏံ,ပီဏံ-သံ၊
ပသန္န-နယနာနနံ။ ။

(၁၀) ပရိဝါရေန,မဟတာ၊
ရာဇ-ယုတ္တံ,မဟာ-ယသံ။
သော,ကတာဝိနော,ဌာနံ၊
ပတ္တေတိ,မုဒိတော,ယသော။ ။

(၈) တဒါ၊ ထိုအခါ၌။ ဟံသ,သမဘာဂေါ၊ **ဟသ်ာ** မင်း၏သွားခြင်းနှင့်တူသော သွားခြင်းရှိတော်မူသော။ ဟံသ,ဒုဒြဘိ,-နိဝစော၊ ဟသ်ာမင်း၏အသံ,စည်ကြီး၏အသံနှင့်တူသော

အသံရှိတော်မူသော။ (ဗုဒ္ဓေါ၊သစ္စာလေးအင်၊သိမြင် ထင်ရှား၊မြတ်စွာဘုရားရှင်သည်။)တော်၊ ဤသို့သော စကားကို။ အဝေါစ၊ သံသာချိုမြိန့်၊ ဆိုမိန့်တော်မူလေပြီ။

(၉) မံပါဒ မူလေ၊ငါဘုရားရှင်၏ ခြေတော်ရင်း၌။ ပတိတံ၊ကပ်ရောက်ဝပ်စင်း၍ နေသော။ သမုဂ္ဂတ, တနုရုဟံ၊ ရှင်လန်းတက်ကြွသော ကိုယ်အမွေးရှိသော။ ဇိမုတ္တ ဝဏ္ဏံ၊ မိုယ်းတိမ် လိုလို၊ ကိုယ်မှ အရောင်၊ ညိုမှောင်သော အဆင်းရှိသော။ ပီဏံ-သံ၊ပြည့်ဖြိုးသော ပခုံးရှိသော။ ပသန္န နယနာနနံ၊သမင်မျက်လုံး၊ ပုံနှုန်း အသွင်၊ ကြည်လင် တောက်ပသောမျက်စိ,မျက်နှာရှိသော။—

(၁၀) မဟတာ၊နောက်ပါ ထွေထွေ၊ဗိုလ်ခြေများစွာသော။ ပရိဝါရေန၊ အခြံ အရံဖြင့်။ မဟာ ယသံ၊ မြတ်သောသတင်း၊ ကျော်စောခြင်းရှိသော။ ရာဇ ယုတ္တံ၊ မင်းမှု ဝန်ထမ်း၊ မင်းခမ်း ဆင်ယင်၊မင်းပွဲ ဝင်၍၊စီရင်ပြုစု၊ မင်း၏ အမှုနှင့်လည်း ယှဉ်ထသော။ ဝိနိစ္ဆယ ဝိသာရဒံ၊တရားဓမ္မသတ်၊ ဆုံးဖြတ်ခွဲဝေခြင်း၌၊ ရဲရင့်စွာ ထသော။ တော် မဟာမတ္တံ၊ထိုတရားသူကြီးကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပဿထ၊ ကြည့်ကြကုန်လော။ ။ယသော၊ မြတ်သော သတင်း၊ ကျော်စောခြင်းရှိသော။ သော၊ ထိုတရားသူကြီးသည်။ ကတာဝိနော၊ (ကတာဝီ)အမည်ရှိသောရဟန်း၏။ဌာနံ၊(ဘိက္ခုဩဝါဒက) အရာ၊ မဟာ တောဂ်၊မိန့်မြွက် ချီးကျူး၊ ဂုဏ်အထူးကို။မုဒိ-တော၊မနောဘဝင်ဆို့၊ဇောရွှင်ပျိုလျက်၊နှစ်လိုဝမ်းမြောက်သည်ဖြစ်၍။ ပတ္ထေတိ၊ နှုတ်မြွက် သံပြောင်း၊ ရလိုကြောင်းဖြင့်၊ ဆုတောင်းပန်ဆင်ယင်လေ၏။

(၁၁) ဇူမိနာ,ပါဏိပါတေန၊
စာဂေန,ပဏိဓာယစ။
ကပ္ပ-သတ-သဟဿာနိ၊
နု-ပ ပဇ္ဇတိ,ဒုဂ္ဂတိံ॥ ။

(၁၁) ဣမိနာ ပါဏိပါတေန စ၊ ဤသို့ ဘုရား,တရား၊ သံဃာ အားဖြင့်၊ သုံးပါးပေါင်းဆို၊ **သရဏဂုမ်**ကို၊ ယုံကြည်စွာ ဆောက်တည်ခြင်းဖြင့်ရှင်း။ ။စာဂေနစ၊ဒါနဝတ္ထု၊အစုစု ကို၊ပြုရမလဲ့း၊ စွန့်ကြဲး ပေးလှူခြင်းဖြင့်ရှင်း။ ။ပဏိဓာယစ၊ (**ကတာဝိ**) ရဟန်း၊ဗျာဒိတ် ပန်းကို၊စိတ်မှန်း ဆောက်တည် ခြင်းဖြင့်ရှင်း။ ။ကပ္ပ သတ,သဟဿာနိ၊သချာတွက်ကိန်း၊ ကပ္ပါ တသိန်းတို့ ကာလပတ်လုံး။ ဒုဂ္ဂတိံ၊အကျိုး နုတ်စွာ၊ ညှိုးပုပ် လာသည့်၊ယုတ်မာ ဆိုးတောင်း၊ မကောင်းသော အလားသို့။ နုပပဇ္ဇတိ၊ (န-ဥပပဇ္ဇတိ) ကုသိုလ်''ကံ''အား ကြောင့်၊မလားရ,မဖြစ်ရလတ္တံ့။

(၁၂) ဒေဝေသု, ဒေဝ-သောဘဂ္ဂံ၊
မနုဿေသု, မဟန္တတံ။
အနုဘုတွာန, သေသေန၊
နိဗ္ဗာနံ, ပါပုဏိဿတိ။ ။

(၁၂) ဒေဝေသု၊ နတ်ပြည်တို့၌။ဒေဝ-သောဘဂ္ဂံ၊ ဝတိံနန်းမြင့်၊ကြ ၄န်း ဆင့်၌၊ ဆန်းတင့်ရှပ်ဝါ၊ နတ်ကညာတို့၊ သာယာဖျော် ဖြေ၊ ဝန်းရံ ခြွေ၍၊ တင့်တယ်စွာ နေရခြင်းကိုရှင်း။ ။ မနုဿေသု၊ လူ့ပြည်တို့၌။မဟန္တတံ၊ ကြက်သရေမျိုး၊တက် နေတိုးသို့၊ တန်းခိုး ဂုဏ်သိရ်၊ ဝင်းဝင်း ထိန်လျှက်၊ အရှိန် နှိုးနွှယ်၊ ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်ကိုရှင်း။ ။အနု- ဘုတွာန၊သုံးဆောင် ခံစား၊စံစားရ၍။သေသေန၊ကြွင်းကျန် သောကုသိုလ်''ကံ''ဖြင့်။နိဗ္ဗာနံ၊**ခန္ဓာ,နာမ်-ရုပ်**၊ကင်းစင်ချုပ် ၍၊ဝိမုတ္တိ,ဓာတ်၊ မြတ်သောနိဗ္ဗာန်,နန်းသို့။ ပါပုဏိဿတိ၊ ရှေး''ကံ''စွမ်းဖြင့်၊စခန်းပေါက်၍၊လှမ်းရောက်ရပေလတ္တံ့။

(၁၃) သတ-သဟဿိတော,ကပ္ပေ၊
ဩဋ္ဋာက,ကုလ,သမ္ဘဝေါ။
ဂေါတ္တမော,နာမ,နာမေန၊
သတ္ထာ,လောကေ,ဘဝိဿတိ။ ။

(၁၃) ဗုဒ္ဓေါ၊ဘဒ္ဒ ကပ်,ဟု၊ထူးမြတ် သညာ၊ဤကပ္ပါမှ။သတ-သဟဿေ, ကပ္ပေ၊ သင်္ချာတွက်ကိန်း၊ ကပ္ပါတသိန်း ထက်၌။ ဩက္ကာက,ကုလ,သမ္ဘဝေါ၊ ဩက္ကာက-ရာဇ၊ ဘုန်းရောင် လွှစ်၍၊ ထွန်းသစ်ကျေငြာ၊ ရွှေ သမ္ဘာနှင့်၊ တေဇာ, မညိုး! အမျိုးတော်မှလည်း ဖြစ်ထသော။ နာမေန၊ အမည်တော်အားဖြင့်။ ဂေါတမောနာမ၊(ဂေါတမ)ဟု၊လောကဝေါဟာ၊ထောမနာ ဖြင့်၊ ဩဘာ ချီးကျူး၊အမည်ထူးလည်း ရှိထသော။ သတ္ထာ၊သုံးလူ့ ထွတ်တင်၊ မြတ်စွာဘုရားရှင်သည်။ လောကေ၊လောက သုံးခွင်၊-ကုံ အပြင်၌။ ဘဝိဿ-တိ၊ ထင်ထင် ရှားရှား၊ဖြစ်ပွား, ပွင့်တော် မူလာလတ္တံ့။

(၁၄) တဿ ဓမ္မေသု, ဒါယာဒေါ၊
ဩရသော, ဓမ္မ နိမ္မိတော။
ကပ္ပိနော နာမ, နာမေန၊
ဟေဿတိ, သတ္ထု, သာဝကော။ ။

(၁၄) တဿ၊ထို(ဂေါတမ)ဟု၊ လောကထွတ်တင်၊မြတ်စွာဘုရားရှင်၏၊ ဓမ္မေသု၊ တရားတော်တို့၌။ ဒါယာဒေါ၊ အမွေခံဖြစ်သော။ဩရသော၊ ရင်၌ဖြစ်သော တရားဖြင့် ဖြစ်သော။ ဓမ္မ-နိမ္မိတော၊ တရားတော်သည် ဖန်ဆင်းအပ်သော။ နာမေန၊ အမည်တော်အားဖြင့်။ ကပ္ပိနော နာမ၊(ကပ္ပိန) အမည်ရှိသော။ သတ္ထု၊ သာဝကော၊ သုံးလူ ထွတ်တင်၊ မြတ်စွာဘုရားရှင်၏၊ ရင်နှစ် သီးချာ၊ သားပုတ္တာသည်။ ဟေဿတိ၊ စင်စစ်မသွေ၊ ဖြစ်ရပေလတ္တံ့။

ဤသို့အားဖြင့်၊ သုံးလူ ထွတ်တင်၊ မြတ်စွာဘုရားရှင်၏၊ ထံပါးမျက်မှောက်၊ ရွှေတော် အောက်၌၊ (ဗျာဒိတ်)စကား၊ ကြားနာရ ပြီးသည်ကစ၍၊ ထိုတရားသူကြီးသည်၊အသက် ထက်ဆုံး၊ ရှင်ပြုံးကြည်ညို၊ ထိုထိုသို့သော ကုသိုလ်အစု၊ ကောင်းမှု“ကံ”တို့ကို၊ စိမံပြုလုပ်၍ လာခဲ့ရာ၊ အစဉ်သဖြင့်၊လူ့ဘုံ,နတ်ဘုံတို့၌၊ လူတို့၏ စည်းစိမ်×နတ်တို့၏ စည်းစိမ်တို့ကို၊ ကြိမ်ဖန် များစွာ၊ ခံစား, စံစား လာရပြီးသည့် နောက်၊

**ဗာရာဏသီ**ပြည်ကြီးမှ၊ မနီး, မဝေးသော အရပ်၌၊ တခုသော (ရက်ကန်းသည်) ရွာ၌၊ (**ရက်ကန်းသည်**)အမှုဖြင့်၊ အသက်မွေးပြုရသော အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော်၊ (**ရက်ကန်းသည်**)ကြီး ပြု၍အသက်မွေးနေ၏။

ထိုအခါ၊ အရေအတွက်အားဖြင့်၊ တထောင်မျှ လောက်သော (**ပစ္စေကဗုဒ္ဓါ**)အရှင်မြတ်တို့သည်၊ **ဆောင်း,နွေ**-ဟူသော ရှစ်လတို့ပတ်လုံး၊ဟိမဝန္တာတော၌၊ နေတော်မူကြပြီးလျှင်၊ မိုး, လေးလတို့ပတ်လုံး၊ ဇနပုဒ်တို့၌၊ မှီ၍နေကြကုန်၏။

ထို**ပစ္စေကဗုဒ္ဓါ**၊အရှင်မြတ်တို့သည်၊ တပြိုင်နက်တည်း၊ ကောင်းကင်ခရီးဖြင့်၊ ကြွလာကြ၍၊ **ဗာရာဏသီ**ပြည်ကြီး၏၊ မနီးမဝေးသော အရပ်၌၊ သက်ဆင်းကြပြီးလျှင်၊ ကျောင်းဆောက်လုပ်ရန် အလို့ငှါ၊ မင်းကြီး၏အထံသို့၊ (**လက်သမား**)အမှုကို၊ တောင်းခံကြကုန်လော=ဟု၊**ပစ္စေကဗုဒ္ဓါ**အရှင်မြတ်၊ ရှစ်ပါးတို့ကို၊ စေလွှတ်တော်မူကြကုန်၏။

ထိုအခါ၊ **ဗာရာဏသီ**ပြည့်ရှင်မင်းကြီးအား၊ လယ်ထွန်မင်္ဂလာ ပြုအံ့သော နေ့အခါကြုံ၍နေ၏။ ။ထိုမင်းကြီးသည်၊ **ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့၊ ကြွလာ၏=ဟူသော စကားကိုကြား၍ မိမိ၏နေရာမှ၊ ထွက်လာပြီးလျှင်၊**ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့အား၊ကြွလာတော်မူခြင်း၏အကြောင်းရင်းကို၊ မေးလျှောက်၏။

ထိုအခါ၊ **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့သည်၊ မိမိတို့၏လာရောက်ရခြင်းကို၊ ရှင်းလင်းသေချာ မိန့်ဆိုကြကုန်၏။ ။ထိုအခါ၊ အရှင်ဘုရားတို့····အကျွန်ုပ်တို့အား၊ ယခုနေ့အတို့, ပြုစွမ်းနိုင်ရန်၊ အခွင့်မရှိပါကုန်။ ။နက်ဖြန်ပါတုံလည်း၊လယ်ထွန်မင်္ဂလာပြုရန်၊ စီမံဆဲးရှိပါ၏။

သုံးရက် မြောက်သော နေ့၌သာ၊ ပြုနိုင်ပါအံ့-ဟု၊ လျှောက်ထားပြီးလျှင်၊ **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့အား၊ တစုံတခုသော စကားဖြင့်၊ ဘိတ်ကြားခွင့်ပန်ခြင်းမပြုဘဲ၊ မိမိ၏နေရာသို့၊ တဘန်, ပြန်ဝင်၍သွားလေ၏။

ထိုအခါ၊ **ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့သည်၊ အရပ်တပါး၊ ကြွသွားကြကုန်အံ့-ဟု၊ နှလုံးပိုက်လျှက်၊ ပြန်လည်၍ပါ၊ ထွက်လာခဲ့ကြကုန်၏။

ထိုခဏ၌၊ (ရက်ကန်းသည်) ရွာမှ၊ (ရက်ကန်းသည်) ကြီး၏ခင်ပွန်းမသည်၊ အမှုတခု၊ ပြုလုပ်ရန်ကိစ္စဖြင့်၊ **ဗာရာဏသီ**ပြည်ကြီးသို့ လာခဲ့ရာ၊ **ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့ကို တွေ့မြင်၍၊ ကြည်လင် ဝမ်းမြောက်စွာ ရှိခိုးပြီးလျှင်၊ (အရှင်ဘုရားတို့သည်)၊ အချိန်အခါမဟုတ်သည်၌၊ အဘယ့်ကြောင့်, ကြွလာကြပါသနည်း—ဟု၊ မေးလျှောက်ရာ၊ **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့သည်၊ မိမိတို့၏၊ ကြွလာခြင်း၏ အကြောင်းရင်းကို၊ ထင်လင်းစွာ အစမှပြန်၍ အစဉ်သဖြင့်၊ ပြောကြားမိန့်ဆိုကြကုန်၏။

ထို(**ရက်ကန်းသည်**)မိန်းမသည်၊ ထိုစကားအစုံကို၊ကြားတုံလတ်၍—

(အရှင်ဘုရားတို့သည်)၊နက်ဖြန် နံနက် စောစော၊အကျွန်ုပ်တို့၏ ဆွမ်းအလှူကို၊ ကြည်ဖြူစွာ ခွင့်ပြုတော်မူပါဘုရား—ဟု၊ လျှောက်ထား၏။

ထိုအခါ၊ **ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့သည်၊ ဤသို့စကား၊ ပြောကြားမိန့်ဆိုလေ၏။

(အသင်ဒါယိကာမ)၊ ငါတို့သည်ကား၊ ဤမျှသာမဟုတ်ကုန်၊ အပေါင်းအဖေါ် ဖြစ်သောအရှင်မြတ်တို့သည်၊ များစွာ ပင်ရှိကုန်သေး၏—ဟု၊ မိန့်ဆို၏။

ထိုအခါ—

အရှင်ဘုရားတို့သည်၊ အဘယ်မျှလောက် အရေအတွက် ရှိပါကုန်သနည်း—ဟု၊ တဘန် မေးလျှောက်ပြန်လေ၏။

ထိုအခါ—

အသင်ဒါယိကာမ.... အရေအတွက်အားဖြင့်၊ **တထောင်** မျှရှိကုန်၏-ဟု မိန့်ဆိုလတ်သော်—

အရှင်ဘုရားတို့....ဤ(**ရက်ကန်းသည်**)ရွာ၌၊(**ရက်ကန်းသည်**) အိမ်ခြေ၊ **တထောင်**ရှိပါ၏၊ တဦး,တဦးသော (**ရက်ကန်းသည်**) သည်၊တပါး, တပါးသော အရှင်မြတ်အား၊ တထပ်စာသော ဆွမ်းအလှူကို ကြည်ဖြူစွာ လှူဒါန်း ဆက်ကပ်ပါလတ္တံ့၊ ထိုကြောင့်၊ ထိုဆွမ်းအလှူကိုသာ၊ ခွင့်ပြု - သည်းခံတော်မူကြပါ

ဘုရား=အကျွန်ုပ်သည်၊ အရှင်မြတ်တို့၏နေထိုင်ဘို့ရာ၊ ကျောင်း အဆောက်အဦကို၊ ပြုလုပ်ပါအံ့=ဟု လျှောက်ဆို၍သွား လေ၏။

ထိုအခါ၊ **ပဉ္စကဗုဒ္ဓါ**၊ အရှင်မြတ်တို့သည်လည်း၊ ထို(ဒါယိကာမ၏) ဆွမ်းအလှူကို ကြည်ဖြူစွာခွင့်ပြု သည်းခံတော်မူကြကုန်၏၊ ထို (**ရက်ကန်းသည်**)ဒါယိကာမသည်၊ ရွာတွင်းသို့ ပြန်ဝင်၍–အချင်း, မိတ်ဆွေတို့…အကျွန်ုပ်သည်(တထောင်)မျှလောက်သော **ပဉ္စကဗုဒ္ဓါ** အရှင်မြတ်တို့ကို၊ မျက်ဝါး ထင်ထင်၊ ဖူးမြင်ခဲ့ရ၍၊ ပင့်လျှောက်ခဲ့ပြီ၊ အရှင်မြတ်တို့အား၊ နေထိုင်ဘို့ရာ,နေရာကို၊ ပြုစီရင်ကြပါကုန်လော့၊ ယာဂုဆွမ်း, စသော ခဲဘွယ်ဘောဇဉ်တို့ကိုလည်း၊ ပြုစီရင်ကြပါကုန်လော့-ဟု၊ ဤသို့ စကား၊ ပြောကြားကြွေးကြော်လေ၏။

ထိုအခါ၊ ရွာသူ,ရွာသားတို့သည်၊ ရွာလယ်၌ မဏ္ဍပ်ဆောက်လုပ်၍ နေထိုင်ဘို့ရာ၊ နေရာကိုခင်း၍၊ တဘန် မိုးသောက်သောနေ့၌၊ **ပဉ္စကဗုဒ္ဓါ** အရှင်မြတ်တို့ကို၊ နေထိုင်စေပြီးလျှင်၊ မွန်မြတ်လှစွာသော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးကြ၍၊ ဆွမ်းစားပြီးသော အခါ၌၊ ထိုရွာ၌ ရှိသော အလုံးစုံသော (**ရက်ကန်းသည်**) မိန်းမတို့ကိုခေါ်၍၊ ထိုမိန်းမတို့ နှင့် အတူတကွ၊ **ပဉ္စကဗုဒ္ဓါ** အရှင်မြတ်တို့ကို ရှိခိုးပြီးလျှင်–အရှင်ဘုရား တို့သည်၊ ဤရွာ၌ပင်၊ (**ဝါတွင်း**) သုံးလပတ်လုံး သီတင်းသုံးဝါကပ်နေ ထိုင်တော်မူပါကုန်ဘုရား–

ဟု၊ လျှောက်ထား၍ ပဋိညာဉ် ဝန်ခံချက်ကို၊ တောင်းယူပြီးလျှင်၊ ရွာ တွင်း၌ တဘန် ကြွေးကြော်ပြန်လေသတည်း။

(အို) ချစ်မောင်တို့….
တအိမ်, တအိမ်မှ တယောက်, တယောက်စီ၊ အညီအမျှ သော ယောကျ်ားတို့သည်၊ ပုဆိန်,ပဲခွပ်,လွှ, စသည်တို့ကိုယူ၍၊ တောသို့ဝင်ပြီးလျှင်၊ သစ်, ဝါး,ကြိမ်, နွယ်, တို့ကိုဆောင်ယူ၍၊ အရှင်မြတ်တို့၏ နေထိုင်ဘို့ရာ၊ ကျောင်း ဆောက်လုပ်ကြပါ လော့=ဟု၊ ကြွေးကြော်ပြန်လေ၏။

ထိုအခါ၊ ရွာ၌နေသူ-ယောက်ျားတို့သည်၊ထို (ရက်ကန်းသည်) ဒါယိကာမ၏၊ အားတက်ဝမ်းမြောက်စွာ ပြောဆို တိုက်တွန်းအပ်သော စကားကိုကြား၍၊တယောက်တယောက်သော ဒါယကာသည်၊ တပါးတပါးသော **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်၏ နေ့သန့်ရာ,ညဥ့်သန့်ရာကျောင်းတို့နှင့်တကွ၊ ကျောင်း**တဆောင်**ကို ဆောက်လုပ်ပြီးလျှင်၊ မိမိ, မိမိတို့၏ ကျောင်း၌၊ (**ဝါဆို-ဝါကပ်**) ကုန်သော **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့ကို၊ အကျွန်ုပ်သည်၊ ရိုသေစွာ၊ဆည်းကပ်ပြုစုပါအံ့။ အကျွန်ုပ်သည်၊ ရိုသေစွာ ဆည်းကပ်ပြုစုပါအံ့=ဟု၊ လျှောက်ထားဝန်ခံ၍၊ ဆည်းကပ်ပြုစု လှူဒါန်းကြလျက် (**ဝါလ**) ကို ကုန်လွန်စေ၏။

ထိုနောက် (**ဝါ-လ**) ကျွတ်သောအခါ၌၊ မိမိ-မိမိတို့၏ ကျောင်း၌၊ (**ဝါဆို-ဝါကပ်**)၍၊ (**ဝါ**)မှ ထကြကုန်သော **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့အား၊ **သင်္ကန်းလျာ** ပုဆိုးတို့ကို ပြုစီရင်ကြကုန်အံ့=ဟု၊ ရည်မှတ်ကြပြီးလျှင်၊ တပါးတပါးသော **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်အား၊ အဘိုး **တထောင်,တထောင်**,ထိုက်သော သင်္ကန်းကို၊ အသီး,အသီး လှူဒါန်းကြကုန်၏။

ထိုအခါ၊(ဝါ)မှ ထကြကုန်သော **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့သည်၊ ထိုသင်္ကန်းအလှူကို၊ ကြည်ဖြူစွာ အနုမောဒနာ ပြုကြပြီးလျှင်၊ ထိုထို အရပ်တပါးသို့၊ ဖဲသွားကြကုန်၏။ ။(**ရက်ကန်းသည်**) ရွာ၌ နေကြကုန်သောသူတို့သည်၊ **ပစ္စေကဗုဒ္ဓါ** အရှင်မြတ်တို့အား၊ဤသို့ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး ဟူသော လေးပါးသော ပစ္စည်းအလှူကို၊ ကြည်ဖြူစွာ လှူဒါန်းကြရသော ကုသိုလ်''ကံ''ကြောင့်၊ဤ(**ရက်ကန်းသည်**) ဘဝ—မှ၊ ခန္ဓာပြတ်ကြွေ၊ စုတေလွန်လတ်ကုန်သော်၊တာဝတိံသာ,နတ်ဘုံ၌-နတ်ရွာ ပျော်ပါး၊နတ်သား,နတ်သမီးတို့သည်၊တစုတဝေးတည်းဖြစ်ကြရကုန်၏။

ထိုနတ်သား, နတ်သမီးတို့သည်၊ ထိုနတ်ဘုံ၌၊ နတ်နန်းရိုက်ငြိမ်၊ နတ်စည်းစိမ်ကို၊ အကြိမ်ကြိမ်ခံစား,စံစားပြီး၍၊ထိုနတ်တို့ဘုံမှ၊ကုသိုလ် ''ကံ''ကုန်၍၊ စုန်ဆင်းခဲ့ကြပြန်သော်၊(**ကဿပ**)မြတ်စွာဘုရား၏၊လက်ထက်တော်အခါ၌၊ **ဗာရာဏသီ** ပြည်ဝယ်၊ သူကြွယ်ကြီးတို့၏၊ အိမ်တို့၌၊ အသီး,အသီးဖြစ်ကြရကုန်၏။

(**ရက်ကန်းသည်**)ကြီးသည်၊ တဦးသောသူကြွယ်ကြီး၏သားဖြစ်လာ၏၊

ထို(ရက်ကန်းသည်)ကြီး၏၊ခင်ပွန်းမသည်၊တဦးသောသူကြွယ်ကြီး၏၊ စံသီး-မျက်ဖျော်၊ ရှုမငြီးသည့်၊ သမီး,ရတနာ—ဟူ၍၊ဖြစ်ပေါ်လာ၏၊ ကြွင်းသော သူတို့သည်လည်း၊ ဤနည်းအတူပင်၊ တဦး, တဦးသော သူကြွယ်ကြီးတို့၏၊ သား,သမီး—ဟူ၍၊ဖြစ်လာကြကုန်၏။

ထိုအလုံးစုံသော ယောကျ်ား, မိန်းမတို့သည်၊ အချိန်အရွယ်သို့ ရောက်၍၊ ခင်ပွန်းယောကျ်ားတို့၏၊ နေအိမ်သို့သွားကြကုန်သော်၊ ရှေး ရှေးသောဘဝ-ဟောင်းက၊ ပေါင်းသင်း ဆက်ဆံ၊ ကြင်ဘက်နှံခဲ့ကြဘူး သော ခင်ပွန်းယောကျ်ားတို့၏၊ နေအိမ်သို့ သာ မျှင်၊ သွားရောက် ပေါင်းဆုံ၊ နေထိုင်ကြရကုန်၏။

ထိုအခါ—တနေ့သ၌ (ကဿပ) မြတ်စွာဘုရား၏ ကျောင်းတော် အာရာမ်တွင်း၌၊ တရားနာယူရန်၊ စုလစ် မွန်ချွန်၊ အထွတ် တထောင် အခြံအရံရှိသော ကျောင်းပရိဝုဏ်ကြီးကို၊ဆောက်လုပ်ကြကုန်၏။ ။ဤ အရာ၌(ကျောင်းဆောက်လုပ်ရခြင်း၏ အကြောင်းကို၊ အကျဉ်းချုံးအပ်၏) ထိုကျောင်းပရိဝုဏ်ဆောက်လုပ်ခြင်း ကိစ္စပြီး၍၊ ကျောင်းအလှူ၊ ပူဇော် ပွဲကြီးကို၊ စီရင်ခင်းကျင်းကြကုန်လျက်၊ မြတ်စွာဘုရား အမှူးရှိသော သံဃာတော် မြတ်တို့အား၊ ၇-ရက်ပတ်လုံး၊ အလှူတော်ကြီး ပေး၍၊ နှစ်သောင်းသော ရဟန်းတို့အား၊ အသီးအသီး, သင်္ကန်းအလှူကို၊ ကြည်ဖြူစွာ ဆက်ကပ် လှူဒါန်း၊ပူဇော်ကြကုန်၏။

[ဤအရာ၌ သူကြွယ်ကြီး၏၊ခင်ပွန်းမ အလှူပြုပုံကို၊ နည်းယူ ရန် ပြဦးအံ့။ ။ကောင်းစွာမှတ်ပိုက်၊ လုံ့လစိုက်၍၊ နှစ်မြိုက် စွာ နာယူကြဦးလော့] ထိုအလှူပွဲ၌၊သူကြွယ်ကြီး၏ ခင်ပွန်းမ သည် အလုံးစုံသောသူတို့နှင့်၊ ညီတူ-ညီမျှ မပြုမူ၍၊ မိမိ၏၊ ထိုး ထွင်းသောဉာဏ်ဖြင့် မြတ်စွာဘုရားအား၊ ပူဇော်အံ့—ဟု၊ကြံ၍၊ (အနောဇာ) ပန်းအဆင်းနှင့်တူသော အဆင်းရှိသော အဘိုး တထောင်ထိုက်သော ပုဆိုးနှင့်တကွ၊ (အနောဇာ)ပန်း ထည့် သော ပန်းတောင်း, ခွက်ကိုယူ၍၊ မြတ်စွာဘုရား၊ တရားအနု မောဒနာပြုသောအခါ၊ ထို (အနောဇာ) ပန်းဖြင့်ပင်၊ ပူဇော် ကန်တော့၍၊ ထိုပုဆိုးအစုံကိုလည်း၊ လှူဒါန်းဘွယ်ဝတ္ထု၊ ပြု၍၊ မြတ်စွာဘုရား၏ ခြေရင်းတော်အောက်၌ ထား၍—

(အရှင်ဘုရား၊)အကျွန်ုပ်သည်၊ ဖြစ်လေတိုင်း၊ဖြစ်လေတိုင်းသောဘဝ၌၊ အကျွန်ုပ်၏ ကိုယ်သည်၊ ဤ (**အနောဇာ**)ပန်းအဆင်းကဲ့သို့၊ သန့်ရှင်း လှပတင့်တယ်သော အဆင်းရှိသည်၊ ဖြစ်ရပါလို၏=အရှင်ဘုရား။

အကျွန်ုပ်၏ အမည် သည်လည်း၊ ဤ(**အနောဇာ**) ပန်းအမည်သည်သာလျှင်၊ ဖြစ်ရပါလို၏=အရှင်ဘုရား—ဟု၊ ဆုတောင်းပတ္တနာပြုလေ၏။

(ဘန္တေ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ အနောဇာ ပုပ္ဖ ဝဏ္ဏံ ယေဝ မေ သရီရံ ဟောတု၊ အနောဇာဝေစ မေ နာမံ ဟောတူတိ ပတ္တနံ ပဋ္ဌပေသိ။ ။ (ဓမ္မပဒအဋ္ဌကထာ၊ မဟာကပ္ပိနထေရ်ဝတ္ထု။)

ဘန္တေ၊ အရှင်ဘုရား။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေတိုင်းဖြစ်လေတိုင်းသော ဘဝ၌။မေ၊အကျွန်ုပ်၏။သရီရံ၊ ကိုယ်သည်။ အနောဇာပုပ္ဖဝဏ္ဏံယေဝ၊ (**အနောဇာ**) ပန်းအဆင်း ရှိသည်သာလျှင်။ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ အကျွန်ုပ်၏။ နာမံ၊ အမည်သည်၊ အနောဇာဝေစ၊ (**အနောဇာ**)အမည်သည် သာလျှင်။ ဟောတု၊ ဖြစ်ပါစေသတည်း=ဣတိ၊ ဤသို့။ ပတ္တနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏။

---

(အထူးမှတ်ချက်)။ ။ဤအရာဝယ်၊ သူကြွယ်၏ခင်ပွန်းမ ဆုတောင်းချက်၌၊ မိမိ၏အဆင်းသည်၊(**အနောဇာ**)ပန်းအဆင်းကဲ့သို့၊ သန့်ရှင်းလှပတင့်တယ်၍ အမည်သညာအားဖြင့်လည်း၊ (**အနောဇာ**) ဟူ၍ပင်၊ ခေါ်တွင်ပါစေသတည်း = ဟု ဆို၏။ ။ထိုစဉ်အခါက(**အနောဇာ**)ပန်းသည်၊ အဆန်းတကြယ်၊ တင့်တယ်လှပသဖြင့်၊ ထင်ရှားသောပန်းတမျိုးပင်ဖြစ်ရာ၏။

ထိုစကားမှန်၏—အပဒါန်ပါဠိတော်၊ သကစိန္တနိယ ဝဂ်၊ ပုပ္ဖစင်္ကောဋိယထေရ်ဝတ္ထု၌-
''စင်္ကောဋကေ ထပေတွာန၊အနောဇံ ပုပ္ဖမုတ္တမံ။
သဟ စင်္ကောဋကေ-နေဝ၊ဗုဒ္ဓ-သေဋ္ဌ သမော ကိရိံ''။

ဟူ၍၊ **အနောဇာပုပ္ဖ**-ဟု၊ ပါဠိတော်တိုက်ရိုက်လာ၏။ ။(အနောဇပုပ္ဖ (**အနောဇာ**ပန်းကို)ဟူ၍၊နိဿယ,၌ဆို၏။ ။ထိုသို့ဖြစ်ရာ၊ (**အနောဇ**) သဒ္ဒါဖြင့်၊အဘိဓာန်၌၊ အတ္ထုဒ္ဒါရ၊ ပဒုဒ္ဒါရ, မရှိဖြစ်၍၊ ထို(**အနောဇ**) သဒ္ဒါဟောသောပန်း၏ အဆင်းအရောင်ကို၊ ဤယခုအခါ၌၊(မည်သို့)ဟူ၍ ခန့်မှန်းရန် ခဲယဉ်း၏။

အဋ္ဌသာလိနီ၊ သုမေဓကထာ-၃၆-၌။ ။(အနောဇပုပ္ဖ ဒါမသဒိသံ၊ **လိပ်ဆူးရွှေ**ပန်းဆိုင်းနှင့်တူသော။ ။)ဟူ၍ အနက်ပေး၏။ ။အဘိဓာန်၊ ဘူကထာ၊ အရညာဒိဝဂ်-၅၇၉-ဂါထာ၌၊ **လိပ်ဆူးရွှေ**-ဟော ပရိယာယ် ပုဒ်၌၊(**အနောဇ**) သဒ္ဒါမပါ၍လည်း၊ခက်ဘိ၏။

ထိုသို့ဖြစ်သင့်တုံလည်း၊ ထို**သူကြွယ်**မသည်၊ အဆုံးစွန်သော ဘဝ၌၊ နတ်ဘုံမှစုတေ၍၊ **မဒ္ဒရာဇ်**တိုင်း၊ **သာဂလ**ပြည်၌၊ ရှေးဆုတောင်းချက် အတိုင်း(**အနောဇာ**)ပန်းအဆင်းနှင့်တူသောအဆင်းရှိ၍(**အနောဇာ**) ဟူ၍ပင်, ခေါ်တွင်လျက်၊ ထင်ရှားစွာဖြစ်ပေါ်လာပုံကို၊ ထောက်ရှုသော်၊ (**ပဘာဝတီ**)မင်းသမီးတို့ကဲ့သို့ပင်၊ လှပ-တင့်တယ်သော မင်းသမီးတဦးပင်၊ ဖြစ်တန်ရာ၏၊ဟူ၍ဆင်ခြင်စဉ်းစားရာ၏။ (အသင့်ယုတ္တိ-ကား။)**ပဘာဝတီ** မင်းသမီးသည်လည်း၊**မဒ္ဒရာဇ်**တိုင်း၊ **သာဂလ** ပြည်သူပင်,ဖြစ်သောကြောင့် တည်း၊**ပဘာဝတီ**မင်းသမီး၏ အဆင်းအရောင်ကား၊**မဟာလှေခါး**ပန်းပွင့် အဆင်းနှင့်တူ၏–ဟူ၍ (သတ္တတိနိပါတ်၊ ကုသဇာတ်၌ဆို၏။ (စာအုပ် မျက်နှာ၃၀၇-သုဓမ္မဝတီ)

(၁) ခေတ္တာနိ အမ္မ ကာရေတွာ၊
ကဏိကာရေ,-ထ္ထ,ရောပယေ။
ယဒါ တေ ပုပ္ဖိတာ အာသုံ၊
ဟေမဇ္ဇာနံ ဟိမ-စ္စယေ။
သရေယျာထ မမံ အမ္မ၊
ဧဝံ ဝဏ္ဏာ ပဘာဝတီ။ ။ဟူ၍ဆို၏။

(၁) အမ္မ၊ မွေးသည့်-မိခင်၊ ကျေးဇူးသျှင်····။
မမ-ရှာပိတဋ္ဌာနေ၊ အကျွန်ုပ်ကို မီးသပြိုဟ်ရာအရပ်၌။ ခေတ္တာနိ၊ ပန်းခင်းတို့ကို။ ကာရေတွာ၊ ပြုစေတော်မူ၍။ ဧတ္ထ၊ ဤပန်းခင်း၌။ကဏိကာရေ၊ "**မဟာလှေကား**" ပန်းပင်တို့ကို။ ရောပယေ၊ စိုက်ပျိုးတော်မူရစ်ပါလော။

ဟောမန္တာနံ- ဟိမစ္စယေ၊ ဆောင်းလ- လွန်လတ်သော်။ ယဒါ၊ အကြင်အခါ၌။ တေ၊ ထို "မဟာလေ့ကား" ပန်းပင်တို့သည်။ ပုပ္ဖိတာ၊ ပွင့်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏။

အမွှ၊ မွှေးသည့်မိခင်၊ ကျေးဇူးသျှင်....။

တဒါ၊ ထို "မဟာလေ့ကား" ပန်းပင်တို့ ပွင့်သောအခါ၌။ မမ-မိတာ၊ ငါ၏သမီးတော်ဖြစ်သော။ ပဘာဝတီ၊ ပဘာဝတီသည်။ ဝဏ္ဏေ-ဝဏ္ဏာ၊ ဤ 'မဟာလေ့ကား" ပန်းပွင့်နှင့်တူသော အဆင်းရှိကုန်၏-ဟူ၍။ မမံ၊ ရှုမညီးသည့်၊ မိခင်ရင်နှစ်၊ သမီးချစ်ကို။သရေယျာထ၊အောက်မေ့တော်မူရစ်ပါကုန်၏

ဤဂါထာ-ဖော်ပြရခြင်းအကြောင်းကား—

"ပဘာဝတီ" မင်းသမီးသည်၊ "မဟာလေ့ကား" ပန်းပွင့်အဆင်းနှင့်အတူ-လှပ-သကဲ့သို့၊ "အနောဇာ" မင်းသမီး၏ အဆင်းသည်လည်း ဖော်ပြအပ်ပြီးသော "အနောဇာ" ပန်းပွင့်အဆင်းနှင့်တူကြောင်းပုံစံပြု၍ ပြဆိုခြင်းဖြစ်၏။

---

ထိုအခါ၊မြတ်စွာဘုရားသခင်သည်လည်း၊ အသင် (ဒါယိကာမ)၏၊ ကောင်းမှုကြောင့်၊ တောင်းဆု အလိုသည်၊ မငြိုမငြင် ပြည့်စုံစေသတည်း—ဟု၊အနုမောဒနာစကား၊မိန့်ကြားတော်မူ၏။

ဤသို့လျှင်၊ထိုအလုံးစုံသော သူကြွယ်တို့သည်၊ မိမိ မိမိတို့၏ "ကံ" အားလျော်စွာ၊အသက်ဆုံးတိုင် နေကြပြီးလျှင်၊ထိုလူတို့ ဘုံမှ၊ ခန္ဓာပြတ်ကြွေ၊သေလွန်ပြန်သော်၊နတ်တို့ဘုံ၌၊ နတ်နန်းရိပ်ငြိမ်၊ နတ်စည်းစိမ်ကို၊ အကြိမ်ကြိမ်ခံစား၊စံစားပြီး၍ (ဤငါတို့)ဂေါတမမြတ်စွာ ဘုရားရှင်၏ လက်ထက်တော် အခါ၌၊နတ်တို့ဘုံမှ ကုသိုလ်"ကံ"ကုန်၍၊ စုန်ဆင်းခဲ့ကြပြန်သော်၊ သူကြွယ်ကြီးဖြစ်ဘူးသော နတ်သားသည်၊(ကုက္ကုဋဝတီ) မြို့ဝယ်၊ မင်းမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော်၊ အဘ၏အဆက် အနွယ်ကို၊ ဆက်လက် စိုးစံရသော (မဟာကပ္ပိန) မင်းကြီး ဟူသော အမည်ဖြင့်ဖြစ်၍၊ ကြွင်းကျန်သော နတ်သားတို့သည်၊ အမတ်အမျိုးတို့၌ ဖြစ်ကြကုန်၏။

သူကြွယ်ကြီး၏ ခင်ပွန်းမ, ဖြစ်ခဲ့ဘူးသော နတ်သမီးသည်လည်း၊ (မဒ္ဒရာဇ်) တိုင်း၊ (သာဂလ) ပြည်ဝယ်၊ မင်းမျိုး၌ မင်းသမီးပင်ဖြစ်၍ ရွှေစင်ဇမ္ဗူရာဇ်၊ လှော်ဦးသစ်=နာရကာ၊ (အနောဇာ) ပန်းအဆင်း ကဲ့သို့၊ သန့်ရှင်းလှပသော ကိုယ်အဆင်း ရှိသည်ဖြစ်၍၊ (အနောဇာ) မင်းသမီး=ဟု ပင်၊ အမည်မှည့်ခေါ်ကြကုန်၏။

ထို (အနောဇာ) မင်းသမီးသည်၊ အိမ်ရာထောင်လောက်၊ အရွယ် သို့ ရောက်လတ်ပြန်သော်၊ ရှေးရှေးသော ဘဝဟောင်းက၊ ဆုတောင်း လျက် ပြုအပ်သောကုသိုလ်''ကံ''၏ အစွမ်းဖြင့်(မဟာကပ္ပိန) ရာဇမင်း ဖျား၊ မင်းတရား၏၊ ထံပါးခြေရင်း၌ အလုပ်အကျွေးဖြစ်၍ (အနောဇာ) ဒေဝီ၊ ရွှေဘွဲ့ချီလျက် ရွှေညှာတော်များ၊ ပ်ဖုရားကြီးအစစ် ဖြစ်ရလေ၏။

ကြွင်းကျန်ကုန်သော နတ်သမီးတို့သည်လည်း၊ အမတ်အမျိုးတို့၌၊ ထိုထိုအမတ်ကြီးတို့၏၊ သမီးရတနာပင် ဖြစ်ကြ၍၊ အိမ်ရာထောင်လောက် အရွယ်သို့ရောက်ကြလတ်ပြန်သော်၊ ထိုထိုနောက်နှောင်း၊ ဘဝဟောင်း က၊ ပေါင်းသင်းဆက်ဆံ၊ ကြင်ဘက်နှံခဲ့ကြဘူးပြီးသော ထိုထိုအမတ် သားတို့၏၊ ချစ်ခင်ရင်းနှီး၊ ဇနီးခင်ပွန်းမတို့ပင်၊ ဖြစ်ကြရပြန်ကုန်၏။

ထိုအလုံးစုံသော သူတို့သည် (မဟာကပ္ပိန) မင်းကြီး၏ ထီးနန်း စည်းစိမ်နှင့်တူသော မင်းစည်းစိမ်ကို၊ စံစား, စံစား၍ နေကြရကုန်၏။

ဤအဓိပ္ပါယ်ကို ပြခြင်းငှါ၊ အောက်၌ပါသော ဂါထာတို့ ကို၊ ဟောကြားတော်မူအပ်၏။

(၁၅) တတော-ဟံ,သုကတံ ကာရံ၊
ကတွာန,ဇိနသာသနေ။
ဇဟိတွာ မာနုသံဒေဟံ၊
တုသိတံ အဂမာသ-ဟံ။ ။

(၁၅) တတော၊ ထိုနောက်မှ။ အဟံ၊ ငါသည်။ ဇိနသာသနေ၊ ငါး မာရ်,အောင်မြင်၊ မြတ်စွာဘုရားရှင်၏ သာသနာတော်၌။ သုကတံ ကာရံ၊ အလှူပေးခြင်းစသော ကောင်းမြတ်သော အခြင်းအရာကို။ ကတွာန၊ ပြုလတ်၍။ မာနုသံဒေဟံ၊ လူ၏

ကိုယ်ကို။ ဇဟိတွာ၊ စွန့်ပယ်ခဲ့၍။ အဟံ၊ ငါသည်။ တုသိတံ၊ နတ် အပေါင်းတို့၊ပျော်အောင်းခိုလှုံ၊ တုသိတာ ခေါ်သော နတ်ဘုံသို့။ အဂမာသိံ၊ ရှေး''ကံ''အလျောက်၊ သွား ရောက်ရပြီ။

(၁၆) ဒေဝ,မာနုသ,ရဇ္ဇာနိ၊
သုတသော,အနုသာသိယ။
ဗာရာဏသိ,သမာ-သန္နေ၊
ဇာတော,ကေနိယ ဇာတိယံ။ ။

(၁၆) ဒေဝ, မာနုသ ရဇ္ဇာနိ၊နတ်ပြည်, လူ့ပြည်တို့၌။သုတသော၊ အကြားအမြင်အားဖြင့်၊ အနုသာသိယ၊ တရားဓမ္မသတ်၊ ဆုံးဖြတ်ခွဲးဝေ၊ အခြေကျကျ၊ဆုံးမပဲ့ပြင်၍။ ဗာရာဏသီ-သမာသန္နေ၊ ဗာရာဏသီ ပြည်၏ အနီးဖြစ်သော အရပ်၌။ ကေနိယ ဇာတိယံ၊(ရက်ကန်းသည်) အလုပ်ဖြင့် အသက်မွေး ရသော အမျိုး၌။ ဇာတော၊ ရှေး''ကံ''အလျောက်၊ ဖြစ် မြောက်ပေါ်လာခဲ့လေပြီ။

(၁၇) သဟာဿ,ပရိဝါရေန၊
သ,ပဇာပတိကော,အဟံ။
ပဉ္စ,ပစ္စေကဗုဒ္ဓါနံ၊
သတာနိ,သမုပဋ္ဌဟိံ။ ။

(၁၇) သဟဿ,ပရိဝါရေန၊ အခြံအရံ တထောင်နှင့်တကွ။အဟံ၊ ငါသည်။ သ-ပဇာပတိကော၊ ချစ်ခင်ရင်းနှီး၊ ဇနီးကြင်ရာ နှင့် တကွ။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏။ ပဉ္စသတာနိ၊ငါးရာတို့ကို။သမုပဋ္ဌဟိံ၊လုပ်ကျွေးပြုစုခဲ့လေပြီ။

(၁၈) တေမာသံ,ဘောဇယိတွာန၊
ပစ္ဆာ ဒမ္မိ တိစီဝရံ။
တတော စုတာ,မယံ သဗ္ဗေ၊
အဟုမှ,တိ-ဒသူ-ပဂါ။ ။

(၁၈) တေမာသံ၊ဝါတွင်းသုံးလပတ်လုံး။ ဘောဇယိတွာန၊လိုအင်ဆန္ဒ၊မျှတလေအောင်၊ကြီဆောင်ကျွေးမွေးပြီး၍။ပစ္စာ၊ဝါကျွတ်၍လာ၊နောက်အခါ၌။ တိစီဝရံ၊သင်းပိုင်,ကိုယ်ဝတ်၊ဒုကုဋ်,အားဖြင့်၊သုံးထည်သော သင်္ကန်းကို။ ဒမ္မိ၊ သဒ္ဓါ,ကြည်ဖြူ၊ ပေးလှူခဲ့ပြီ။ ။တတော၊ ထို **ရက်ကန်းသည်**,ဘဝမှ။စုတာ၊ ခန္ဓာ ရုပ်ပေါင်း၊ ကြာမြင့်ပြောင်း၍၊ ပြောင်းရွှေ့စွန့်ခွာ၊ လာကြရကုန်သော။ သဗ္ဗေ၊အလုံးစုံကုန်သော။ မယံ၊ ငါတို့သည်။တိဒသပုဂ၊ တာဝတိံသာ၊ နတ်ရွာပျော်ပါး၊ နတ်သမီးအများတို့သည်၊ အဟုမှ၊ ဖြစ်ကြရကုန်ပြီ။

(၁၉) ပုနော သဗ္ဗေ,မနုဿတ္တံ၊
အဂမိမှ,တတော,စုတာ။
ကုက္ကုဋမှိ,ပုရေ ဇာတော၊
ဟိမဝန္တဿ,ပဿတော။ ။

(၁၉) ပုနော၊ နောက်တဘန်။ သဗ္ဗေ၊အလုံးစုံသော ငါတို့သည်။ တတော၊ ထိုတာဝတိံသာ၊ နတ်ရွာပျော်ပါး၊ နတ်သား,နတ်သမီးတို့၏အဖြစ်မှ။ စုတာ၊ ခန္ဓာ ရုပ်ပေါင်း၊ ကြာမြင့်ပြောင်း၍၊ ပြောင်းရွှေ့စွန့်ခွါ၊လာကြပြန်ကုန်သော်။ မနုဿတ္တံ၊ လူ့ဘဝ,လူ၏အဖြစ်သို့။ အဂမိမှ၊ ရောက်လာကြကုန်ပြီ။ ။ဟိမဝန္တဿ၊ ဟိမဝန္တာ၊ လွန်သာယာသည့်၊မာလာလှိုင်သင်း၊ ဂနိုင်တွင်းဝယ်၊ မြှိုင်မင်းဖြိုးဟာ၊ သေလာရိပ်ဆိုး၊ တောအုပ်ကြီး၏။ ပဿတော၊ အနီး, နံပါးမှ။ ကုက္ကုဋမှိ ပုရေ၊ (ကုက္ကုဋဝတီ)ဌာနီအောင်ခန်း၊ ပြည်တော်နန်း၌။ ဇာတော၊ရှေး"ကံ"အလျောက်၊ဖြစ်မြောက်ပေါ်လာရပြန်ချေ၏။

(၂၀) ကပ္ပိနော၊နာမ,ဟံ အာသိံ၊
ရာဇပုတ္တော,မဟာယသော။
သေသာ-မစ္စကုလေ,ဇာတာ၊
မမေဝ,ပရိဝါရယုံ။ ။

(၂၀) အဟံ၊ ငါသည်။ ကပ္ပိနောနာမ၊(ကပ္ပိန) အမည်ရှိသော။ မဟာယသော၊ များသောအခြံရံဖြင့်၊ မြတ်သောသတင်း၊ ကျော်စောခြင်းရှိသော။ ရာဇပုတ္တော၊မင်းမြတ်သည်။ အာသိံ၊ ဖြစ်ခဲ့ဘူးပြီ။ ။သေသာ၊ ကြွင်းကုန်သောသူတို့သည်။ အမစ္စကုလေ၊ အမတ်အမျိုး၌။ ဇာတာ၊ဖြစ်ကြရကုန်၏။ ။ မမေဝ၊ ငါမင်းမြတ်ကိုသာလျှင်။ ပရိဝါရယုံ၊ ခြံရံကြကုန်၏။

ဤသို့ အားဖြင့်၊ (ကုက္ကုဋဝတီ) ပြည်ကြီး၌၊ (မဟာကပ္ပိန) မင်းကြီးဟူသော အမည်ဖြင့်၊ မင်းပြု၍နေစဉ်၊ အကြင်အခါ၊ အလုံးစုံသော မင်းတို့ဘွယ်ရာ၊ မင်းမြောက်တန်းဆာ ဒွါဒရာတို့ဖြင့်၊ ဆင်ယင် ဝတ်စားအပ်ပြီးသော၊ ထို (မဟာကပ္ပိန)မင်းကြီးသည်၊ မင်္ဂလာရှိသောဆင်တော်ထက်သို့၊ တက်စီး၍ ထိုထိုစခန်းသို့၊ ကြွမြန်းလှည့်လည်၏။

ထိုအခါ၊ အလုံးစုံသော မှူးမတ်တို့သည်၊ မင်းကြီး၏ နည်းတူ၊ ဆင်တော်ကို စီး၍ လှည့်လည်ကြကုန်၏။ ။ထိုသို့ လှည့်လည်ရာ၌၊ မဟာကပ္ပိနမင်းကြီးသည်၊ မြင်းဖြင့်၎င်း, ရထားဖြင့်၎င်း, စီး၍လှည့်လည်လျှင်၊ အလုံးစုံသော မှူးမတ်တို့သည်လည်း၊ မြင်း, ရထား, တို့ဖြင့်သာလျှင်၊ စီး၍ လှည့်လည်ကုန်၏။

တပြိုင်တည်း, တစုတဝေးတည်း တိုင်ပင်နှီးနှော၍ ပြုအပ်ကုန်သော ကောင်းမှုတို့၏ အာနုဘော်အားဖြင့်၊တပြိုင်တည်း=တစုတဝေးတည်း, အကျိုးတူ၊ ပြည့်စုံစွာ,ခံစားကြရကုန်၏။

ထို(မဟာကပ္ပိန)မင်းကြီး၌၊ဗလ,ဗလဝါဟန,ပုပ္ဖ,ပုပ္ဖဝါဟန,သုပတ္တ, ဟူသော မြင်းငါးစီးတို့သည် ရှိကုန်၏။ ။ထိုမြင်းငါးစီးတို့တွင်၊ မင်းကြီးသည် (သုပတ္တ)မည်သော မြင်းတော်ကိုစီး၍၊ကြွင်းသော မြင်းလေးစီးတို့ကို၊ မြင်းစီးသမားတို့အား၊ အရပ်ရပ်မှ၊ သတင်းစကားပြန်ကြားဆောင်ယူစေဘို့ရာ,ပေးအပ်၏။

တနေ့သ၌၊ မင်းကြီးသည်၊ နံနက်စောစောက ပင်လျှင်၊ ထိုမြင်းစီးသမားတို့အား၊ အစား,အစာ၊ ဝတ္ထု,ကျွေးမွေးပြီးလျှင်—

"အချင်းတို့….၊အသင်တို့သည်၊ ၂-ယူဇနာ၊ ၃-ယူဇနာမျှ၊ ဝေးကွာသော ခရီးသို့၊လှည့်လည်၍ သွားကြကုန်လော့၊ ထိုခရီး အကြား၌၊ မြတ်စွာဘုရားရှင်၏ဋင်း။ ။တရားတော်မြတ်၏ဋင်း။ ။သံဃာတော်မြတ်၏ဋင်း=ဖြစ်ထွန်း ပွင့်ပေါ်တော်မူ၏=ဟူသော သတင်းစကား၊ ကြားသိခဲ့ရလျှင်၊ ငါဘုရင်မင်းမြတ်၏၊ ရွှေတော်မှောက်သို့၊ အမြန်လာရောက်၍၊လျှောက်တင်ကြရမည်"ဟု၊မိန့်ရည် စကား၊မှာကြားခိုင်းစေလေ၏။

ထိုအခါ၊ မြင်းစီးသမားတို့သည်၊ မင်းကြီး၏၊ အမိန့်တော်မြတ်၊ ချမှတ်သည့်အတိုင်း၊ လေးခုသော မြို့တခါးတို့မှ ထွက်၍၊ ၂-ယူဇနာ, ၃-ယူဇနာ,ရှိသော ခရီးသို့၊ လှည့်လည်၍စုံစမ်း၊ ရွာဘွေကြ ပါသော်လည်း၊ထိုထို တော,စခန်း၊တော,လမ်းတို့၌၊ မောပန်းရုံမှ-တပါး၊တစုံတခုသော သတင်းစကားကိုမျှ၊ မကြားရဖြစ်၍၊ တိုင်းပြည်အတွင်းသို့၊ ပြန်လည်၍လာကြကုန်၏။

ထိုအခါ၊ တနေ့သ၌ (**မဟာကပ္ပိန**) မင်းကြီးသည်၊ (**သုပဏ္ဏ**) မည်သော မြင်းထက်သို့၊ တက်စီး၍၊ မှူးမတ်**တဆောင်** ခြံရံလျက်၊ ဥယျာဉ်တော် ပျော်ပါး၊ ထွက်သွားလတ်သော်၊ ကိုယ်,လက်, ညှိုးနွမ်း၊ ခရီးပမ်း၍၊ နွမ်းလျသော သဘောဖြင့်၊ မြို့တော်တွင်းသို့၊ ဝင်လာသော ငါးရာမျှလောက်သော (**ကုန်သည်**) တို့ကိုမြင်၍—

"ဤသူတို့သည်ကား-အခွန့်ရှည်သော ခရီးဖြင့်လာခဲ့ကြ၍၊ မောပန်းကြသော သူတို့,ဖြစ်ဟန်တူ၏၊ အမှန်စင်စစ်အားဖြင့်၊ ဤ(**ကုန်သည်**)တို့၏အထံမှ၊ တစုံတခု သောထူးထူး,ခြားခြား၊ သတင်းစကား၊ ကြားသိရလတ္တံ့" ဟု၊အောက်မေ့ကြံဆ၍၊ ထို (**ကုန်သည်**)တို့ကို၊ အနီး ထံမှောက်၊ရွှေတော်အောက်သို့၊လာရောက် စေရန်ခေါ်၍ "အချင်းတို့….၊အသင်တို့သည်၊အဘယ်အရပ်မှ၊လာရောက်ကြကုန်သနည်း"ဟု၊ မေးမြန်းလေ၏။

"အရှင်မင်းမြတ်….အကျွန်ုပ်တို့သည်၊ (**ဇမ္ဗူဒီပ**)ပြည်ကြီးမှ၊ ခရီး ယူဇနာ၊ (နှစ်ရာ) မျှဝေးကွာသော **သာဝတ္ထိ**ပြည်ကြီးမှ၊ လာရောက်ကြပါကုန်၏"=ဟု၊ လျှောက်တင်ကုန်လတ်သော်—

"အသင်တို့၏….သာဝတ္ထိပြည်ကြီး၌၊ တစုံတခုသော ထူးထူး, ခြားခြား၊ သတင်းစကား၊ ကြားသိခဲ့ကြရ၏,လော"= ဟု၊ မေးမြန်းပြန်သော်–

"အရှင်မင်းမြတ်….၊ လောကီအမှုဖြင့်၊တစုံတခုသော ထူးထူး ခြားခြား၊သတင်းစကား၊ကြားသိရခြင်းမရှိပါကုန်။ ။**လောကုတ္တရာဂုဏ်အားဖြင့်မူကား**–လောက စက္ခု၊ သဗ္ဗညု,ဟု၊အတုမမြင်၊ မြတ်စွာ ဘုရားရှင်မူကား=ထင်ထင်ရှားရှား၊ဖြစ်ပွားပွင့်ပေါ် နေပါကုန်၏"–ဟု၊ လျှောက်တင်ကြကုန်၏"=

ထိုအခါ၊(**မဟာကပ္ပိန**)ရာဇ-နရိန်၊ စောဘုန်းရှိန်သည်၊အစိန္တေယျ၊ လောက-ထွတ်တင်၊ မြတ်စွာ ဘုရားရှင်=ဟူသော အသံကို ကြားရသဖြင့်၊အားရ-နှစ်ခြိုက်၊ဘဝင်ခိုက်လျက်၊ လှိုက်လှိုက်လှဲ့လှဲ့၊ ကြည်ကွဲ့ဝမ်းသာ၊ဖရဏာဖြင့်၊ငါးဖြာပီတိ၊ ကိုယ်လုံးထိ၍၊ညွတ်အိတိမ်းလျော့၊ မိန်းမော့ တွေဝေ၍ သွားလေ၏။

ထိုနောက်မှတဖန်၊ အတန်ငယ်ကာလကြာမှ၊သတိ,ရ၍= "အမောင်တို့…. အဘယ်သို့သော စကားကို၊ ဟောကြား လျှောက်တင်ကြဘိသနည်း"=ဟု၊ ငြီးတွား၍တဖန်၊ မေးမြန်း ပြန်၏။

ထိုအခါ= **ဗုဒ္ဓေါ ဒေဝ ဥပ္ပန္နော**။

"လောကသမုတိနတ်၊ အရှင်မင်းမြတ်…. လောကစက္ခု၊ သဗ္ဗညု,ဟု၊ အတုမမြင်၊ မြတ်စွာဘုရားရှင်သည်၊ ထင်ထင် ရှားရှား၊ ဖြစ်ပွား ပွင့်ပေါ်၍ နေပါ၏"=

ဟု၊ နှစ်ကြိမ်မြောက်လျှောက်တင်ပြန်လတ်သော်၊ ရှေးနည်းပမာ ငါးဖြာပီတိ၊ကိုယ်လုံးထိ၍ သတိမခိုင်၊တိမ်းမှိုင်မေ့လျော့၍ သွားပြန်လေ၏။

ဤသို့အားဖြင့်၊ သုံးကြိမ်တိုင်တိုင်၊ တိမ်းမှိုင်မေ့လျော့၍ သွားပြီးသည်နောက်၊ လေးကြိမ်မြောက်၊မေးမြန်းလျှောက်တင်ပြီးသောစကား၏အဆုံး၌၊ နှလုံးကြည်ဖြူ၊ နှစ်သက်တော်မူလှ၍၊ (အသင်တို့အား) အသပြာတသိန်းကို ချီးမြှင့်ပေးအပ်သနားအံ့=ဟု၊ဝန်ခံ၏။

ထိုနောက်တဘန်၊ဤမှတပါး၊ထူးထူးခြားခြား၊သတင်းစကား၊ကြား သျှောက်ရန် (မည်သို့)ရှိသေးသနည်း=ဟု မေးမြန်းပြန်၏။

ထိုအခါ=**အဋ္ဌိ ဒေဝ ဝေမ္ဘာ ဥပ္ပန္နော**။

"လောကသမုတိနတ်၊အရှင်မင်းမြတ်····နတ်ဝိသုဒ္ဓိ၊တုမရှိ၊ သည့်၊ မုနိမြတ်စွာ၊ဓေဝသတ္ထာ,သည်၊ သံသာကျူးရင့်၊ရွှေခွန်း ဆင့်၍၊ ဘွင့်ဆိုမိန့်ကြား၊ မြတ်တရား,ဟု ဆယ်ပါးရောင်ခြည်၊ ထိန်ထိန်ကြည်၍၊ တောက်လည်ထွန်းပလျက် ရှိပါ၏"=ဟု၊

လျှောက်တင်လတ်ပြန်သော်=ရှေးနည်းအတူ=သုံးကြိမ်တိုင်တိုင်၊ တိမ်းမှိုင်မေ့လျော့၍ သွားပြီးနောက်=လေးကြိမ်မြောက်၊မေးမြန်း၍ လျှောက်တင်ပြီးသောစကား၏အဆုံး၌၊ နှလုံးကြည်ဖြူ၊နှစ်သက်တော် မူလှ၍၊ (ရှေးနည်းအတူ) (အသင်တို့အား)၊ အသပြာတသိန်းကို၊ ချီး မြှင့်ပေးအပ်သနားအံ့=ဟု၊ ဝန်ခံပြန်၏။

ထိုနောက်တဘန်၊ ဤမှတပါး၊ ထူးထူးခြားခြား၊ သတင်းစကား၊ ကြားလျှောက်ရန် (မည်သို့) ရှိသေးသနည်း=ဟု၊မေးမြန်းပြန်၏။

ထိုအခါ=**အဋ္ဌိ ဒေဝ သံဃရတနံ ဥပ္ပန္နံ**။

လောကသမုတိနတ်၊အရှင်မင်းမြတ်··သုံးလူ့ထွတ်တင်၊မြတ်စွာ ဘုရားရှင်၏၊ ရွှေရင်တော်နှစ်၊ သားရင်းစစ်ဖြစ်သော သံဃာ တော်မြတ်တို့သည်၊ ထင်ထင်ရှားရှား ဖြစ်ပွားပွင့်ပေါ်၍ နေပါ ကုန်၏=ဟု၊ လျှောက်တင်လတ်ပြန်သော် (**မဟာကပ္ပိန**) ရာဇ ဘုန်းရှိန်၊ မင်းနရိန်သည်၊ သဒ္ဓိန္ဒြေ၊ ထွေထွေယိုဖိတ်၊ ဖိုဖိုညိတ် မျှ၊ကိုယ်, စိတ်မခိုင်၊ တိမ်းမှိုင်မေ့လျော့၍ သွားပြန်လေ၏။

ဤသို့အားဖြင့်၊ သုံးကြိမ်တိုင်တိုင်၊တိမ်းမှိုင်မေ့လျော့၍ သွားပြီးသည့် နောက်=လေးကြိမ်မြောက်၊မေးမြန်းလျှောက်တင်ပြီးသောစကား၏ အဆုံး၌၊နှလုံးကြည်ဖြူ၊နှစ်သက်တော်မူလှ၍၊(အသင်တို့အား)အသပြာ တသိန်းကို၊ချီးမြှင့်ပေးအပ်သနားအံ့=ဟု၊ဝန်ခံပြန်၏။

ထိုနောက်၊ (**မဟာကပ္ပိန**) နရ=ဥက္က၌၊ သမုတိနတ်သည်၊ အမတ် တထောင်ကို ကြည့်၍၊ ဤသို့ စကား၊ပြောကြားတိုင်ပင်၏။

"(အချင်း) အမတ်မင်းတို့....အသင်တို့သည်၊အဘယ်သို့ ပြုလိုကြကုန်အံ့နည်း"ဟု၊ မေးမြန်းလေ၏။

ထိုအခါ၊ အမတ်တို့သည်–

ပြည်ကြီးအရှင်၊ ဘုရင်မင်းမြတ်.... အရှင်မင်းမြတ်သည်၊ အဘယ်သို့ ပြုစီရင်လိုပါသနည်း=ဟု၊ လျှောက်တင်လတ်ပြန်သော်=

"အမတ်မင်းတို့....ပြည်ကြီးအရှင်၊ငါဘုရင်မင်းမြတ်မူကား၊ ဘုရား,တရား၊သံဃာ,အားဖြင့်၊ သုံးပါးမြတ်စွာ၊ ရတနာတို့၏၊ အသံကို၊ကြားရသဖြင့်၊အားရ နှစ်သက်ခြင်း၊ပြင်းပြစွာဖြစ်လာရကား=ဤဌနေရာကပင်၊ကုက္ကုဋဝတီ မင်းနေပြည်ကို ပြန်လည်တော်မမူဘဲ၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်ကို၊ စိတ်တွင်ရည်စူးလျက်၊ ကြည်နူးဝမ်းမြောက်၊ ရွှေတော်အောက်သို့ သွားရောက်၍ရဟန်းပြုတော့အံ့"–ဟု၊ မိန့်ဆိုလေ၏။

ထိုအခါ၊ အမတ်တို့သည်–

"ပြည်ကြီးအရှင်၊ဘုရင်မင်းမြတ်...၊ကုက္ကုဋဝတီပြည်ဌာနီမှ၊ အညီအညွတ်ပြု၍ ထွက်လာကြကုန်သော အကျွန်ုပ်တို့သည်လည်း၊ အရှင်မင်းမြတ်နှင့်အတူ၊ ကြည်ဖြူရွှင်လန်းသောစိတ်ဖြင့်၊ ရဟန်းပြုကြပါကုန်အံ့"=ဟု၊လျှောက်တင်ကြကုန်၏။

ထိုအခါ၊ **မဟာကပ္ပိန**၊ ရာဇထွတ်ဖျား၊ မင်းတရားသည်၊(**အနောဇာ**) ဒေဝီမိဖုရားကြီး၏ အထံသို့၊ ပြောကြားရန်စကား၊ ဤသို့အားဖြင့်၊ရေးသားစေ၏။

(အဘယ်မိဖုရား၊=ဤ(**ကုန်သည်**) တို့အား၊ သုံးသိန်းသော အသပြာတို့ကို၊ ဆုလာဘ်အနေ၊ ချပေ,ပေးသနားစေလို၏။)

ဤသို့သော စကား၊ အက္ခရာ (စာလုံး) ကို၊ ရွှေပြားအပြင်၌၊ရေးစေ၍၊ (**ကုန်သည်**) တို့အား၊ ဤသို့စကား၊ မိန့်ကြားပြောဆို၏။

အချင်း**ကုန်သည်**တို့....၊ ဤရွှေပြား အပြင်၌၊ ရေးတင် ခတ်နှိပ်၍ ထားအပ်သော အမိန့်စာကိုမြင်လျှင်၊ ငါ၏ကြင်ရာ၊

(အနောဇာ) ဒေဝီမိဖုရားကြီးသည်၊ သုံးသိန်းသော အသပြာတို့ကို၊ (အသင်တို့အား)ချီးမြှင့်ပေးအပ် သနားလတ္တံ့၊ ထိုမှတပါး၊ ဤသို့အားဖြင့်လည်း၊ ပြောကြားကြကုန်ဦးလော့။ ။ ငါဘုရင်မင်းမြတ်သည်၊ ထီးဖြူဖြန့်ကြက်၊ ကနက်အုပ်၍စိုးချုပ်ပိုင်သတော်မူသော ကုက္ကုဋဝတီ၊ မင်းနေပြည်ကြီးနှင့် တကွ၊ တိုင်းပြည်ခရိုင်၊ နိုင်ငံတော်အားလုံးကိုလည်း၊ အသင် မိဖုရား,အား၊ စွန့်လွှတ်အပ်နှင်းပါ၏၊ အသင်မိဖုရား,သည်၊ စိတ်အလိုဆန္ဒအတိုင်း၊ သိမ်းပိုက် စိုးစံလေတော့၊ ထိုမှတပါးလည်း= ယခုအခါ၌၊ မဟာကပ္ပိန မင်းမြတ်သည်၊ အဘယ်အရပ်၌ ကျန်ရစ်ခဲ့ပါသနည်း=ဟု၊ အနောဇာ ဒေဝီမိဖုရားကြီးက၊ မေးမြန်းခဲ့လျှင်၊ (သုံးတိုက်လုံးမှန်ကူ၊ သယမ္ဘူမြတ်စွာ၊ စေသတ္တာ၏၊ သာသနာတော်၌၊ ကြည်ဖြူရှင်လန်း၊ စိတ်ပြဓာန်း၍၊ ရဟန်းပြုရန်,သွားချေပြီ) ဟူသော စကားကိုလည်း၊ ရှင်ပြီသာမော၊ သဒ္ဓါ,ဇောဖြင့်၊ပြောကြားလေဦး=ဟု၊ မိန့်ဆိုမှာထားလေ၏။

ထိုနောက်၊ အမတ်တထောင်တို့သည်လည်း၊ မင်းကြီး၏နည်းတူ၊ ကြည်ဖြူဝမ်းမြောက်၊ သဒ္ဓါပေါက်၍၊ မိမိ-မိမိ,တို့၏ အလုပ်အကျွေးဖြစ်သော သားမယားတို့၏အထံသို့၊ သတင်းစကား၊ မှာထားပြောဆိုကြကုန်၏။ ။ထိုသို့၊ မဟာကပ္ပိန မင်းကြီးသည်၊ (ကုန်သည်) တို့အား၊ အရပ်ရပ်စကား၊ ပြောကြား,မိန့်ဆို,စေလွှတ်လိုက်ပြီးလျှင်၊ ထိုခဏ၌ပင်၊ မြင်းထက်သို့၊ တက်စီး၍အမတ်တထောင်ခြံရံလျက်၊ သာဝတ္ထိပြည်လမ်းသို့၊ စခန်းကြွချီလေသတည်း။

ဤအဓိပ္ပါယ်ကိုပြခြင်းငှါ၊ အောက်၌ပါသော ဂါထာတို့ကို၊ ဟောကြားတော်မူအပ်၏။

(၂၁) မဟာရဋ္ဌံ,သုခံ,ပတ္တော၊
သဗ္ဗ,ကာမ,သမိဒ္ဓိမာ။
ဝါဏိဇေဟိ,သမ-က္ခာတံ၊
ဗုဒ္ဓုပ္ပါဒ-မ ဟံ,သုဏိံ။ ။

(၂၁) မဟာရဋ္ဌ၊ **ဂုဏ္ဍုဋ္ဌ၀တီ** ဌာနီ,အောင်ခန်း၊ ပြည်တော်နန်းကို၊ သိမ်းမြန်းပိုင်လစ်၊ မင်း၏အဖြစ်သို့၊ သုခံ၊ ရှေး"ကံ"စွမ်းဖြင့်၊ ချမ်းမြေ့သာယာစွာ။ ပတ္တော၊ ကြည်ဖြူနှစ်မြိုက်၊ ဆိုက်ရောက်ရပေ၏။ ။သဗ္ဗ,ကာမ, သမိဒ္ဓိမာ၊ သက်ရှိ,သက်မဲ့၊ ချိုင့်မထင်၊ လိုအင်ဆန္ဒ၊အ ဝ ဝ,နှင့်လည်းပြည့်စုံ၏။ ။ဝါဏိဇော်ဟိ၊ **သာ၀တ္ထိပြည်** သား၊ ကုန်သည်,အများတို့သည်၊ သမက္ခာတံ၊ ရှေ့တွင်မျက်မှောက်၊ ကြားလျှောက်တင်အပ်သော။ ဗုဒ္ဓုပ္ပါဒံ၊ သဗ္ဗညုတ၊ ဉာဏ,ရောင်ဖိတ်၊ အောင်,ဘိသိက်ဖြင့်၊ မှောင်ရိပ်,နှင်-လွှင့်၊ ပလ္လင်-မြင့်၌၊ ပွင့်တော်မူခြင်းကို။ အဟံ၊ ငါသည်။ သုဏိံ၊ တဆင့်စကားဖြင့်၊ကြားသိရလေပြီ။

(၂၂) ဗုဒ္ဓေါ,လောကေ,သမုပ္ပန္နော၊
အသမော,ကေ-ပုဂ္ဂလော။
သော,ပကာသေတိ,သဒ္ဓမ္မံ၊
အမတံ,သုခ-မု တ္တမံ။ ။

(၂၂) လောကေ၊ လောကကြီးထဲ၌။ အသမော၊ သီလ,သမာ၊ ဂုဏ်အင်္ဂါဖြင့်၊ နှိုင်းစာအပ်သူ၊ အတူရှိတော်မမူထသော။ ကေပုဂ္ဂလော၊ သုံးဆယ့်နှစ်ဖြာ၊ လက္ခဏာဖြင့်၊ ယှဉ်လာဆိုင်မူ၊ပြိုင်သူကင်းပျောက်၊တယောက်တည်းသာ ဖြစ်တော်မူထသော။ ဗုဒ္ဓေါ၊ သစ္စာလေးအင်၊ သိမြင်ထင်ရှား၊မြတ်စွာဘုရားရှင်သည်။ ဥပ္ပန္နော၊ ယုဂန်စွန်းမှ၊နေဝန်းအသွင်၊ ပေါ်လွင်ထင်ရှား၊ ဖြစ်ပွားပွင့်လာတော်မူ၏။ ။သော၊ ထိုမြတ်စွာဘုရားရှင်သည်။ အမတံ၊ ရုပ်,နာမ် နှစ်ဖြာ၊ ခန္ဓာပြတ်ကြွေ၊ သေလွန်ခြင်းမှ-ကင်းသော။ သုခ-မုတ္တမံ၊ ဇာတိသံသရာ၊ ခန္ဓာဝန်ထုပ်၊ ကင်းစင် ချုပ်၍၊ ဝိမုတ္တိ-ဓာတ်၊ မြတ်သော ချမ်းသာကြောင်းဖြစ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားကို။ ပကာသေတိ၊ ထင်ထင်ရှားရှား၊ မြွက်ကြား ပြသတော်မူ၏။

(၂၃) သုယုတ္တာ,တဿ သိဿာစ၊
သုမုတ္တာစ, အနာသဝါ။
သုတ္တာ,နေသံ, သုဝစနံ၊
သက္ကရိတွာန, ဝါကိဇေ။ ။
ပဟာယ, ရဇ္ဇံ, သာမစ္စော၊
နိက္ခမိ, ဗုဒ္ဓ-မာမကော။ ။

(၂၃) တဿ၊ထိုမြတ်စွာ ဘုရားရှင်၏။သိဿာ၊နည်းခံ သင်ကြား-တပည့်သားတို့သည်။ သုယုတ္တာ စ၊ သမ္မာပဋိပတ်၊ မြတ်သော အကျင့်နှင့် လည်း ယှဉ်ကုန်၏။ ။သုမုတ္တာစ၊ ကိလေသာဝဋ်၊ ကျော့ကွင်းညွှတ်မှ၊ လွတ်လည်း, လွတ်ကြကုန်၏။ ။အနာသဝါစ၊ အာသဝ-ဟူ၊ မြူမှုန်ဘေးဘျမ်း၊ငြိစွမ်းသန်းရစ်ခြင်းမှလည်း ကင်းကုန်၏။ ။နေ-သံ၊ ထိုသာဝကတို့,ပြည်သား၊ ကုန်သည်,အများတို့၏။ သုဝ-စနံ၊ သုံးလူ့ သေဌ်နင်း၊ထင်လင်း သင့်စွာ၊ ခြင်းအရာဖြင့်၊ ပွင့်လာ၏-ဟု၊ လျှောက်တင်သော စကားကို။ သုတွာ၊ နားဝယ်ဆတ်ဆတ်၊ ကြားတုံလတ်၍။ ဝါကိဇေ၊ ကုန်သည်တို့ကို။သက္ကရိတွာန၊ ကြည်ဖြူလေးမြတ်၊ ဆုလာဘ်အနေ၊ ပေးဝေပူဇော်ပြီး၍။ ရဇ္ဇံ၊ ကုက္ကုဋဝတီ၊ ဌာနီအောင်ခန်း၊ ပြည်တော်နန်းကို။ ပဟာယ၊အာသာ-မဖွဲ့၊ စွန့်ပယ်ခဲ့၍။ သာမစ္စော၊မင်းမြတ်ဘုန်းခေါင်၊တိုင်းကျိုး ဆောင်သည့်၊အမတ်တထောင်နှင့် တကွ။ဗုဒ္ဓ-မာမကော၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်၌၊ ကြည်လင်မြတ်နိုးခြင်းအရင်းခံရှိသော။ (ရာဇာ၊မဟာကပ္ပိန၊ နရ-သေဌ်နင်း၊ မင်းထက်မင်းသည်။)နိက္ခမိ၊ကြည်ဖြူ ရွှင်လန်း၊ဥယျာဉ်နန်းမှ၊ မြန်းကြွထွက်ချီတော့လေပြီ။

ထိုအခါ၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာ ဘုရား သခင်သည်လည်း၊ ထိုနေ့၌ပင် မြတ်စွာဘုရားရှင်းတို့၏တံထွာ၊ ဓမ္မတာဖြင့်၊ မိုးသောက်ထအခါ၊ မဟာကရုဏာ-သမာပတ်၊ ရှာန်မြတ်ချမ်းသာ၊ ဝင်စားရာမှ

ထတော်မူ၍၊ နတ်, လူ,ဗြဟ္မာ၊ သတ္တဝါ-ဟူ၊ ဝေနေသူတို့ကို၊ ကယ်ယူဆယ်တင်အံ့သောငှါ၊ လောကဓာတ် လုံး၊ တိုက်နယ် ဆုံးအောင်၊သိမ်းရုံးကြည့်ရှုတော်မူလတ်သော်၊ မျှးမတ် ဗိုလ်ပါတထောင်၊ များမြောင်သော အခြံအရံရှိသော မဟာကပ္ပိနမင်းကို၊ထင်လင်းစွာမြင်တော်မူ၏။

ထိုအခါ၊ ဤမင်းမြတ်သည်သာဝတ္ထိပြည်သား (ကုန်သည်) အများတို့၏ အထံမှ၊ သုံးပါးမြတ်စွာ၊ ရတနာတို့၏ ဖြစ်ထွန်းပွင့်ပေါ်၍ နေတော်မူ၏=ဟူသော သတင်းစကားကိုကြားသိရ၍၊ ထို (ကုန်သည်) တို့အား၊ သုံးသိန်းသော အသပြာတို့ဖြင့်၊ ချီးမြှင့်ပေးအပ်ပူဇော်၍၊ ကုက္ကုဋဝတီ၊မင်းနေပြည်ကြီးကို လည်း၊ စွန့်ပယ်ခဲ့ပြီးလျှင်၊ မျှးမတ်တထောင်တို့ဖြင့်၊ ခြံရံအပ်သည်ဖြစ်၍၊ သုံးဘုံထင်ရှား၊ ငါဘုရား၏ အထံ၌၊ ရဟန်းပြုခြင်းငှါ၊ နက်ဖြန်ခါနံနက်၊ ထွက်ချီ၍လာလတ္တံ့။

ထိုအခါ၊မျှးမတ်တထောင်တို့နှင့်တကွသော၊ ထိုမဟာကပ္ပိန မင်းကြီးသည်၊ ပဋိသမ္ဘိဒါဉာဏ်၊ အဘိညာဉ်တို့နှင့်တကွ၊ အာသဝေါ ကုန်ခန်း၍၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်လတ္တံ့-ဟုသိ၍၊ ထိုမင်းကြီးအား ခရီးဦးကြိုဆိုခြင်းကိုပြုအံ့-ဟု၊ ကြံစည်တော်မူ၍၊ တဘန် မိုးသောက်၊ အလင်းသို့ရောက်သောအခါ၊ လေကျွန်း သေဌ်နှင်း၊ စကြဝတေးမင်းကြီးသည်၊ ရွာငယ်စား, အမတ်အား၊ ခရီးဦးကြို ဆိုလင့်သကဲ့သို့၊ (*နောက်လိုက်နောက်ပါ၊ တပည့်သံဃာ အခြံ အရံ,အဘော်၊ မခေါ်မူ၍ ကိုယ်တော်မြတ်တပါးတည်းသာလျှင်၊) သပိတ်သင်္ကန်းကို၊ ယူဆောင်တော်မူပြီးလျှင်၊ အစွန့်သချ်ာ၊ယူဇနာဖြင့်၊နှစ်ရာတိုင်တိုင်၊ကွာလှမ်းသောလမ်းခရီးကို၊ အပြီးတိုင် ကြွတော်မူ၍ (စန္ဒဘာဂ)အမည်ရှိသော မြစ်၏ကမ်းခြေ၊ ညောင်နန်း မြေဝယ်၊ ညို, ရွှေ, ဖြူ, နီ၊ မောင်းရီ-ပြိုးပြက်၊ တခဲနက်, ဟု၊ တွဲယှက်ခြောက်မည်၊ မြတ်ရောင်ခြည်ဖြင့်၊ ထိန်ထိန်ကြည် ကွန့်မြူးလျက်၊ အထူးအားဖြင့်၊ သီတင်းသုံးစံနေတော်မူ၏။

ထိုအခါ၊ မဟာကပ္ပိနမင်းကြီးသည်လည်း၊ ခရီးစဉ်အတိုင်း၊ ထွက်ချီ၍ လာခဲ့သော်၊ တခုသော မြစ်ဆိပ်ကမ်းခြေ၊ မြေအပြင်သို့ ရောက်၍၊ ဤမြစ်သည်ကား-အဘယ်အမည်ရှိသနည်း, ဟု၊ မေးမြန်းလေ၏။

အရှင်မင်းမြတ်….ဤမြစ်သည်၊ **အပရန္တ**မြစ်, အမည်ရှိပါ၏-ဟု၊ လျှောက်တင်လတ်သော်၊ ဤမြစ်သည် အဘယ်မျှ အတိုင်းအရှည်ရှိသနည်း,ဟု၊ မေးမြန်းပြန်၏။

အရှင်မင်းမြတ်..ဤ**အပရန္တ**မြစ်သည်၊အစောက်အားဖြင့်, တဂါဝုတ်၊ အပြန့်အားဖြင့်, နှစ်ဂါဝုတ်ရှိပါ၏- ဟု၊လျှောက်တင်လတ်သော်၊ ဤမြစ်ဆိပ်ကမ်းခြေ၌၊ လှေ,ဖောင်,စသည် ရှိပါ၏လော-ဟု၊ မေးမြန်းပြန်၏။

အရှင်မင်းမြတ်….ဤမြစ်ဆိပ်ကမ်းခြေ၌၊လှေ,ဖောင် မရှိပါကြောင်း,ဟု၊ လျှောက်တင်လတ်သော်–

''(အို)အချင်းအမတ်မင်းတို့….ဤမြစ်ဆိပ်ကမ်းခြေ၌၊လှေ-ဖောင်, စသည်တို့ကို၊ စောင့်ဆိုင်း ကြည့်ရှု၍နေကြကုန်စဉ်၊ (အသင်တို့,အကျွန်ုပ်)တို့၏၊ ရုပ်,နာမ်,နှစ်ဖြာ၊ ခန္ဓာကိုယ်-ဟူသော ဇာတိ သည်၊ နိယာမ, တရားအတိုင်း၊ မဆုတ်ဆိုင်းဘဲ၊ ချုပ်တိုင်း ချုပ်တိုင်း၊ တရွေ့ရွေ့ ယိုယွင်း၍၊အိုမင်းခြင်း(ဇရာ) သဘောသို့၊ ဆောင်ယူ၍သွားချေပြီ။

ဤသံသရာခွင်၊ ဘုံအပြင်၌ ကျင်လည်ရသော (အကျွန်ုပ်တို့သည်ကား)ရုပ်,နာမ်,နှစ်ဖြာ၊ ခန္ဓာ ကိုယ်ဆိုး၊ ဒုက္ခအိုး၏၊ ညှိုးလျော်ယိုယွင်း၊အိုမင်း ရင့်ရော်ခြင်း ဇရာတရား၌ရင်း=ထိုရုပ်, နာမ် နှစ်ဖြာ၊ ခန္ဓာကိုယ်၏၊ ဖရို,ဖရဲ၊ပြိုကွဲပျက်စီးခြင်း, မရဏ တရား၌ရင်း=ယုံမှားခြင်း ကင်းခဲ့သည်ဖြစ်၍၊ ဘုရား, တရား၊ သံဃာအားဖြင့်၊ သုံးပါးမြတ်စွာ၊ ရတနာတို့၏ဂုဏ်ကို၊ အာရုံပြု ရည်မှန်း၍**ကုက္ကုဋဝတီ**၊ဌာနီအောင်ခန်း၊ဥယျာဉ်တော်မြနန်းမှ၊ ကြွလှမ်းထွက်ချီ၍ လာခဲ့ရကား=အကျွန်ုပ်တို့အား၊ ဤရတနာ သုံးပါးတို့၏ တန်ခိုးရှိန်စော်၊ အာနုဘော်ကြောင့်၊ ဤရေအယဉ်သည်၊ ရေသို့မထင်၊ မြေအပြင်သို့၊ တင်းတင်းမာသည်ဖြစ် စေသတည်း။

သဗ္ဗညုတ,ဉာဏ်တော်၏အစွမ်းဖြင့်၊အထူးဖြစ်တော်မူသော, လောကသုံးပါး၏ အဆုံးအပိုင်းအခြားသို့ ရောက်တော်မူ

သော မြတ်စွာဘုရားသခင်သည်၊ ဘုံသုံးပါးတည်း-ဟူသော ရေအယဉ်ကို၊ အကယ်၍ကား=မဂ်ဉာဏ်ပေါက်၍၊ကူးမြောက် ပြီးသည်ဖြစ်အံ့။—

ဤသို့ မှန်ကန်စွာဆိုရသော **သစ္စာ**စကားကြောင့်၊ အကျွန်ုပ် အား၊ကူးမြောက်ခြင်းသည်၊ ပြီးစီးအောင်မြင်ပါစေသတည်း"။,

ဤသို့အားဖြင့်၊ ရတနာသုံးပါးတို့၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ် ကို၊ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်၍(**ဇာတိပိ, သောဘဂ္ဂဝါ, အရဟံ, သမ္မာသမ္ဗုဒ္ဓေါ**)ဟု၊မြတ်စွာဘုရား၏ဂုဏ်ကို၊အဘန်တလဲးလဲး စိတ်စွဲအာရုံပြုလျက် အခြံအရံ မှူးမတ်တထောင် စီးနင်းအပ်သော မြင်းတထောင်နှင့်တကွ၊ ထို(**အပရစ္ဆာ**)မြစ်ရေအပြင်ကို၊ခြေကျင်နင်း၍၊ ကူးသန်းသွားကြကုန်၏။

ထိုအခါ၊ မြင်းတို့သည်၊ ကျောက်ဖြာအပြင်ကို၊ နင်းတက်၍ သွားရ ကုန်ဘိသကဲ့သို့၊ ရေအပြင်သည်၊ တင်းတင်းမာ၍ ခွါဖျားမျှ ရေစွတ် လျက်၊ ကမ်းတဘက်သို့ တက်ရောက်ကြလေကုန်၏။

ထိုမှတဘန်၊ ရှေ့သို့လှမ်း၍၊ စခန်းချီကြပြန်သော်၊ မြစ်ငယ်တခုကို မြင်ပြန်၍၊ ဤမြစ်သည်ကား၊ အဘယ်အမည်ရှိသနည်း,ဟု၊ မေးမြန်း ပြန်၏။

"အရှင်မင်းမြတ်....ဤမြစ်သည်၊**နီလဝါဟန**မြစ်အမည်ရှိပါ ၏, ဟု၊ လျှောက်တင်လတ်သော်၊ ဤမြစ်၏ အပိုင်းအခြား၊ အတိုင်းအရှည်ကား၊ အဘယ်မျှရှိသနည်း"ဟု၊မေးမြန်းပြန်၏။

"အရှင်မင်းမြတ်..ဤ**နီလဝါဟန**မြစ်သည်၊အစောက်အား ဖြင့်၄င်း၊ အကျယ်အားဖြင့်၄င်း၊ ယူဇနာခွဲးရှိပါ၏"—

ဟု၊ လျှောက်တင်လတ်သော်၊ ရှေးနည်းအတူ ဆင်ခြင်၍—

(မဂ္ဂင်,ရှစ်ပါး၊ တရားအကျင့်သည်၊အကယ်၍ကား၊နိဗ္ဗာန် ရောက်ကြောင်း၊ တရားကောင်း, တရားမှန်၊ ဧကန်စင်စစ်ဖြစ် အံ့=အသခ်တဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သည်လည်း၊ စင်စစ်အားဖြင့်၊ ဇာတိ,ဇရာ၊ ဗျာဓိ,မရဏ၊ စသော ဘေးမခ, သဖြင့်၊ အေးမြချမ်းသာသည် ဖြစ်အံ့=ဤသို့ မှန်ကန်စွာ ဆိုရ သော **သစ္စာ**စကားကြောင့်၊ အကျွန်ုပ်အား၊ ကူးမြောက်ခြင်း သည်၊ ပြီးစီးအောင်မြင်ပါစေသတည်း"—

ဟု=သစ္စာဝိဌာန် ပြုပြီးလျှင်၊တရားတော်မြတ်၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ကို၊ ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်၍၊ (**သွာက္ခာတော ဘဂဝတာ ဓမ္မော**)ဟု၊တရားတော်မြတ်၏ဂုဏ်ကို အဘန်တလဲလဲ၊ စိတ်စွဲအာရုံပြုလျက်၊ကူးသွားကြပြန်ရာ၊ရှေးနည်းအတူ ချမ်းသာစွာ ထို**နီလဝါဟန** မြစ်၏ ကမ်းတဘက်သို့၊တက်ရောက်ကြပြန်ကုန်၏။

ထိုမှတဘန်၊ ရှေ့သို့လှမ်း၍၊ စခန်းချီကြပြန်သော် (ရှေးနည်းအတူ) မြစ်ငယ်တခုကို မြင်ပြန်၍၊ ဤမြစ်သည်ကား၊ အဘယ်အမည်ရှိသနည်း, ဟု၊ မေးမြန်းပြန်၏။

အရှင်မင်းမြတ်····ဤမြစ်သည်၊ **စန္ဒဘာဂ** မြစ်အမည်ရှိပါ၏- ဟု၊ လျှောက်တင်လတ်သော်၊ ဤမြစ်၏အပိုင်းအခြား၊ အတိုင်းအရှည်ကား၊ အဘယ်မျှရှိသနည်း,ဟု၊ မေးမြန်းပြန်၏။

အရှင်မင်းမြတ်····ဤ **စန္ဒဘာဂ** မြစ်သည်၊ အစောက်အားဖြင့်ဂုင်း=အကျယ်အားဖြင့်ဂုင်း=တယူဇနာ ရှိပါ၏-ဟု၊ လျှောက်တင်လတ်သော်၊ (ရှေးနည်းအတူ)၊ ဆင်ခြင်၍၊ဒါန-ဟူသော ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုး, ကြီးချရာ ဖြစ်သော, အတုမရှိမြင့်မြတ်တော်မူသော, အရိယာသံဃာတော်မြတ်သည်၊ အကယ်၍ကား၊ သံသရာထဲ၊ ခရီးခဲမှ၊ ဖဲလွဲးလွန်မြောက်သည် ဖြစ်အံ့=ဤသို့မှန်ကန်စွာ ဆိုရသော **သစ္စာ**စကားကြောင့်၊ အကျွန်ုပ်အား၊ ကူးမြောက်ခြင်းသည်၊ ပြီးစီးအောင်မြင်ပါစေ သတည်း။)ဟု၊ **သစ္စာ**ဝိဌာန်ပြုပြီးလျှင်၊ သံဃာတော်မြတ်တို့၏၊ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ကို၊ ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်၍(**သုပ္ပဋိပန္နော၊ဘဂဝတော၊သာဝက-သံဃော**)ဟု၊ သံဃာတော်မြတ်၏ဂုဏ်ကို၊အဘန်တလဲလဲ၊ စိတ်စွဲအာရုံပြုလျက်၊ကူးသွားကြပြန်ရာ(ရှေးနည်းအတူ)ချမ်းသာစွာပင်၊ ထို**စန္ဒဘာဂ**မြစ်၏ကမ်းတဘက်သို့၊ တက်ရောက်ကြပြန်ကုန်၏—ဟူ၍၊ (ဓမ္မပဒအဋ္ဌကထာ, မဟာကပ္ပိနထေရအပဒါန် အဋ္ဌကထာ,တို့၌၊ ဖွင့်ဆိုတော်မူကြကုန်၏။

ဤအဓိပ္ပါယ်ကိုပြခြင်းငှါ၊ အောက်၌ပါသော ဂါထာတို့ကို၊ ဟောကြားတော်မူအပ်၏။

(၂၄) နဒိံ,ဒိသွာမဟာ-စန္ဒံ၊
ပူရိတံ,သမ-တိတ္တကံ။
အပ္ပတိင္ဃံ,အနာလမ္ဗံ၊
ဒုတ္တရံ,သီဃ-ဝါဟိနိံ။ ။
ဂုဏံ သရိတွာ,ဗုဒ္ဓဿ၊
သောတ္ထိနာ,သမ-တိက္ကမိ။ ။

(၂၄) သမတိတ္တကံ၊ရေယဉ်လွှမ်း၍၊ ကမ်းနှင့်အမျှ။ ပူရိတံ၊ပြည့်သော။ အပ္ပတိင်္ဃံ၊ လွန်စွာနက်၍၊ သက်ရာ, တက်ရာအားဖြင့်၊ တည်ရာမရှိသော။ အနာလမ္ဗံ၊ အောက်သို့ရောက်လည်း၊ထောက်တည်ဆွဲးကိုင်စရာမရှိသော။ဒုတ္တရံ၊ရေယဉ်ဓိးဓိး၊ သွင်သွင်စီး၍၊ အပြီးတိုင်ကူးမြောက် နိုင်ခဲးသော။ သီဃဝါဟိနိံ၊ အလျင်တဆော၊ရေယဉ်ကျော၍၊ မျော၍ပစ်တတ်သော။ မဟာစန္ဒံ၊ **မဟာစန္ဒ**,အမည်ရှိသော။နဒိံ၊မြစ်ကို။ ဒိသွာ၊မြင်၍။ဗုဒ္ဓဿ၊သစ္စာလေးအင်၊ သိမြင်ထင်ရှား၊မြတ်စွာဘုရားရှင်၏။ ဂုဏံ၊ ချီးပ,မကုန်၊ ကျေးဇူးတော်ဂုဏ်ကို။ သရိတွာ၊ ဉာဏ်ဖြင့်သက်ဝင်၊ ဆင်ခြင်အောက်မေ့၍။ သောတ္ထိနာ၊ ချမ်းသာစွာဖြင့်။ သမတိက္ကမိ၊ကူးမြောက်ကြရပြီ။

(၂၅) ဘဝ-သောတံ,သစေဗုဒ္ဓေါ၊
တိဏ္ဏော,လောကန္တဂူ,ဝိဘူ။
ဧတေန, သစ္စ ဝဇ္ဇေန၊
ဂမနံ,မေ,သမိဇ္ဈတု။ ။

(၂၅) ဝိဘူ၊ သဗ္ဗညုတ၊ ဉာဏထွန်းပြောင်၊ နေတန်းဆောင်သို၊ ဂုဏ်ရောင်ကွန့်မြူး၊ အထူးသဖြင့် ဖြစ်တော်မူသော။ လောကန္တဂူ၊ လောကသုံးခွင်၊ဘုံအပြင်၏၊ အဆုံးအပိုင်းအခြားသို့ရောက်တော်မူထသော။ ဗုဒ္ဓေါ၊ သစ္စာလေးအင်၊သိမြင်ထင်ရှား၊ မြတ်စွာဘုရားရှင်သည်။ ဘဝ သောတံ၊ ဘဝသုံး

ပြင်၊ ရေအယဉ်ကို။ တိဏ္ဏော၊ မဂ္ဂင်ဉာဏ်လှေျာက်၊ ထွန်းလာ ပေါက်၍၊ ကူးမြောက် ပြီးသည်။ သစ္စေ,ဟောတိ၊ အကယ်စင်စစ်၊ ဖြစ်တုံငြားအံ့။—

တေေန သစ္စဝဇ္ဇေန၊ ဤသို့ကေန်၊ အမှန်ဆိုရသော**သစ္စာ** စကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဂမနံ၊ ကူးမြောက်ခြင်းသည်။ သမိဇ္ဈတု၊ ပြီးစီးအောင်မြင်ပါစေသတည်း။

(၂၆) ယဒိ,သန္တိဂမော,မဂ္ဂေါ၊
မောက္ခော,စေ-စ္စန္တိကံ,သုခံ၊
တေေန, သစ္စဝဇ္ဇေန၊
ဂမနံ,မေ, သမိဇ္ဈတု။ ။

(၂၆) မဂ္ဂေါ၊ သမ္မာဒိဋ္ဌိ၊ စရှိ-မည်တွင်၊ မဂ္ဂင်,ရှစ်ပါး၊ တရားအကျင့်သည်။ သန္တိဂမော၊ကိလေသာ,ဟူ၊ အပူငြိမ်း၍၊ဇာတ်သိမ်းရာမှန်၊ ပြည်နိဗ္ဗာန်သို့၊ ကေန်ရောက်ကြောင်း၊တရားကောင်းသည်။ ယဒိ-ဟောတိ၊အကယ်,စင်စစ်၊ ဖြစ်တုံငြားအံ့။ ။မောက္ခော၊ သံသရာဝဋ်၊ဘဝ-ညွှတ်မှ၊ လွတ်ထွက်ရာမှန်၊ ပြည်နိဗ္ဗာန်သည်။ အစ္စန္တိကံ၊ စင်စစ်ကေန်၊ အမှန်အားဖြင့်။သုခံ၊ရုပ်နာမ်နှစ်ဖြာ၊ခန္ဓာကင်းချုပ်၊ဝိမုတ္တိခေတ်၊ ချမ်းသာမြတ်သည်။ စေ-ဟောတိ၊ အကယ်စင်စစ်၊ ဖြစ်တုံငြားအံ့။—

တေေန, သစ္စဝဇ္ဇေန၊ဤသို့ကေန်၊အမှန်ဆိုရသော**သစ္စာ** စကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဂမနံ၊ ကူးမြောက်ခြင်းသည်။ သမိဇ္ဈတု၊ ပြီးစီးအောင်မြင်ပါစေသတည်း။

(၂၇) သံဃော စေ,တိဏ္ဏ-ကန္တာရော၊
ပုညက္ခေတ္တော,အနု-တ္တရော။
တေေန,သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။ ။

(၂၇) ပုညက္ခေတ္တော၊ ဒါနဝတ္ထု၊ ကောင်းမှုဟူသော မျိုးစေ့တို့၏၊ စိုက်ပျိုးကြဲချရာ လယ်,ယာ မြေကောင်း သဘွယ်ဖြစ်သော။အနုတ္တရော၊ဒါနဝတ္ထု၊ ကျိုးပေးမှု၌၊ အတုမရှိ,မြင့်မြတ်တော်မူသော။သံဃော၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ရှစ်တန်ထုတ်ဖေါ်၊အရိယာသံဃာတော်မြတ်သည်။တိဏ္ဏကန္တာ-ရော၊ သံသရာ ဝဲ၊ခရီးခဲ မှ၊ ဖဲးလွှဲး ကူးမြောက်ပြီးသည်။ဟောတိ၊အကယ်စင်စစ်၊ဖြစ်တုံငြားအံ့။—

ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ကေန်၊ အမှန်ဆိုရသော**သစ္စာ**စကားကြောင့်။မေ၊အကျွန်ုပ်အား။ဂမန်၊ကူးမြောက်ခြင်းသည်။သမိဇ္ဈတု၊ ပြီးစီးအောင်မြင်ပါစေသတည်း။

(၂၈) သဟ ကတေ သစ္စဝရေ၊
မဂ္ဂါ အပ-ဂတံ ဇလံ။
တတော သုခေန,ဥတ္တိဏ္ဏော၊
နဒိ-တီရေ, မနောရမေ။ ။

(၂၈) သစ္စဝရေ၊အမိဋ္ဌာန်မှတ်၊စိတ်ကြံလတ်၍၊ မြတ်သော **သစ္စာ**ကို။ကတေ၊ပြုအပ်ပြီးသည်ရှိသော်။ သဟ၊ **သစ္စာ**ပြုပြီးသည်နှင့်တပြိုင်နက်။ မဂ္ဂါ၊ ရေယဉ်မိုးမိုး၊ စီးသွားရာဖြစ်သောလမ်းခရီးမှ။ ဇလံ၊ မြစ်ရေသည်။ အပဂတံ၊ဖဲခွါ ဆုတ်နစ်လေ၏။

(ဤဂါထာ၌၊ရှေ့ ၂–ပါဒကို အဓိပ္ပါယ်သင့်အောင်၊ ဤ၌ဖြတ်၍ အနက်ပေးသည်၊ကျန် ၂–ပါဒကို၊နောက်၌ဆက်၍၊အနက်ပေးလတ္တံ့။)

ဤသို့အားဖြင့်၊ မိမိ၏ စိတ်အကြံအတိုင်း၊ မြတ်သော **သစ္စာ** ဓိဋ္ဌာန်ပြုပြီးလျှင်၊ ရေယဉ်မိုးမိုး၊သွင်သွင်စီးသည့်၊မြစ်ကြီး သုံးတန်၊ကူးခဲ့ပြန်၍၊တဘန်ရှေ့နား၊ သွားလတ်ငြားသော်၊ အဟောအစ္ဆရိ၊ အံ့ဘွယ်ရှိစွ၊မုနိ,အကျော်၊မြတ်ဗိနော်၏၊ဘုန်းတော်ခြောက်စုံ၊တန်းခိုးဂုဏ်ကြောင့်၊မိုးဘုံနန်းမြင့်၊ကြငှန်းဆင့်၌၊ စန်းပွင့်စက်ဝန်း၊ ပေါ်လာထွန်းသို့၊မှောင်စွန်းပယ်ခွါ၊ ရပ်ဒိသာ၌၊ ခြောက်ဖြာရောင်ခြည်၊ ထိန်ထိန်ကြည်၍၊တောက်လည်ပြန်ဝဲ၊ လျှံမစဲဘဲ၊အံ့အဲးစဘွယ်၊ အသွယ်သွယ်ဖြင့်၊ တင့်

တယ်စွာ ကွန့်မြူး၍၊ အထူးသဖြင့် တောက်ပ, တည်နေဆဲ ဖြစ်သော ရောင်ခြည်တော်မြတ် အစုံကို၊အာရုံ-ယူ၍ ဖူးမြင်ကြရလေကုန်၏။

ဤသို့လျှင်၊ ခြောက်ဖြာရောင်ရှိန်၊ ဝင်းဝင်းထိန်သည့်၊ အစိန္တေယျ, တန်းခိုးတော်ကြောင့်၊**စန္ဒဘာဂ**အမည်ရှိသောမြစ်၏ ကမ်းခြေ၊မြေအပြင်၌ ရှိသော **ပညောင်ပင်** ၏ သစ်ခွ, သစ်ခက်, သစ်ရွက်အပြင်တို့သည်၊ လျှော်စင်ရောင်ဖိတ်၊မှောင်မမိုက်ဘဲ၊**သိင်္ဂနိက်** ရွှေစင်အဆင်းကဲ့သို့၊ သန့်ရှင်း တောက်ပလျက်ရှိကုန်၏။

ထိုအခါ၊ **မဟာကပ္ပိန**၊ မင်းကြီးသည်၊ ဤသို့တဘန်၊ စိတ်အကြံဖြစ်လတ်သတည်း။

ဤယခုအခါ၌၊မျက်ဝါးထင်ထင်၊ တွေ့မြင်ရသော ခြောက်ပါးသော အဆင်းဖြင့်၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင် **ဘနန်း**၊ ထူးဆန်း အံ့သြဘွယ်သော ဤအရောင်သည်၊ **ဥဒည်** တောင်စွန်းမှ၊ ပေါ်ထွန်း ထွက်ပြူလာသော နေဝန်း,လဝန်းတို့၏ အရောင်အဝါလည်း မဟုတ် တန်ရာချေ။

ကမ္ဗဇိဒ္ဓိ,ဝိပါကဇိဒ္ဓိ,အားဖြင့်၊ ဣဒ္ဓိခေါ်ရိုး၊ တန်းခိုးဂုဏ်နှင့် ပြည့်စုံသော နတ်မင်း,မာရ်နတ်မင်း,ဗြဟ္မာမင်း,နဂါးမင်း,ဂဠုန်မင်းတို့တွင်၊ တစုံတယောက်သောသူ၏၊တန်းခိုးဂုဏ်ရောင်လည်းမဟုတ်တန်ရာချေ။

စင်စစ်သော်ကား—

သုံးလူ့ထွတ်တင်၊မြတ်စွာဘုရားရှင်ကို၊စိတ်တွင်ရည်မှန်း၍၊ ရဟန်း ပြုရန်လာသော ငါ့ကို၊**ဂေါတမ**,ဟု၊ လောကထွတ်တင်၊ မြတ်စွာဘုရား ရှင်သည်၊ မျက်ဝါးထင်ထင်၊ မြင်သိတော်မူဟန်ရှိ၏-ဟု၊ စိတ်အကြံဖြစ် လေ၏။

ထိုခဏ၌ပင်၊ **မဟာကပ္ပိန**, မင်းကြီးသည်၊ မူးမတ်တထောင်နှင့်တကွ၊ မြင်းကျောက်ကုန်းထက်မှ၊ဆင်းသက်၍(ရှိသေသောအခြင်းအရာဖြင့်) အောက်သို့ ဦးခေါင်းညွှတ်၍၊ ရောင်ခြည်တော် အလင်းသို့၊ အစဉ် လျှောက်ချဉ်းကပ်၍၊ လွန်စွာနီမြန်းသော ဆေးဒန်းမြင်းသီလာအရည် တည်း၌ နစ်ငုပ်၍နေရဘိသကဲ့သို့၊ ရောင်ခြည်တော်၏ အတွင်းသို့ဝင်၍၊ မြတ်စွာဘုရားရှင်အား၊ ဦးညွှတ်ဝပ်လျှိုး၊ ရှိခိုးပြီးလျှင်၊ သင့်တင့်သော အရပ်၌၊ထိုင်နေလေ၏။

ထိုအခါ၊ မြတ်စွာဘုရားသခင်သည်၊ မင်းကြီးနှင့်တကွ၊ မှူးမတ်တို့အား၊ ဒါနကထာ, သီလကထာ, အစရှိသော အားဖြင့်၊ အစဉ်အတိုင်းသော တရားစကားကို၊ ဟောကြားတော်မူ၏၊ထိုခဏ၌၊ တရားတော်၏ အဆုံး၌၊မှူးမတ်တထောင်အခြံအရံရှိသော**မဟာကပ္ပိန**မင်းကြီးသည်၊ လေးဖြာ**ဒိဋ္ဌိ**၊ **ဝိစိကိစ္ဆာ**၊ ကင်းစင်ကွာ၍၊(သောတာပတ္တိ)ဖိုလ်၌၊ တည်လေ၏။

ထိုအခါ၊ မင်းကြီးနှင့်တကွ၊ အလုံးစုံသော သူတို့သည်၊ မြတ်စွာဘုရားရှင်၏အထံတော်၌၊ ဖန်ဝါနီမြန်း၊ဝတ်သက်န်းဖြင့်၊ရဟန်းပြုရန်၊ ခွင့်ပန်တောင်းဆိုကြကုန်၏။

မြတ်စွာဘုရားသခင်သည်လည်း၊ ဤ အမျိုးကောင်းသားတို့အား၊ တန်းခိုးဖြင့်ပြီးသော သပိတ်သက်န်းသည်၊ ရှေ့တွင်မျက်မှောက်၊ရောက်လာလတ္တံ့လော့-ဟု၊ ဆင်ခြင်တော်မူလတ်သော်၊ ဤအမျိုးကောင်းသားတို့သည်၊ ရှေးရှေးသော (**ရက်ကန်းသည်**) ဘဝ,က၊ **ပစ္စေကဗုဒ္ဓါ**၊ တထောင်တို့အား၊ သက်န်းအစုံ တထောင်၊ ကပ်လှူခဲ့ဘူး၏။

ကဿပ, မြတ်စွာဘုရားသခင်၏၊ လက်ထက်တော်အခါ၌လည်း၊ နှစ်သောင်းသော ရဟန်းတို့အား၊ သက်န်းအစုံ၊ နှစ်သောင်း ကပ်လှူခဲ့ဘူး၏။

ဤအမျိုးကောင်းသားတို့အား၊တန်းခိုးဖြင့်ပြီးသောသပိတ်,သက်န်းအစုံတို့၏၊ ရောက်လာခြင်းသည်၊ မဖြစ်စဘူး-ထူးကဲး အံ့ဩဘွယ်ပင်, ဖြစ်လတ္တံ့တကား-ဟု၊ ရှေ့ဉာဏ်တော် အချက်၌၊ ပြက်ပြက် ထင်ထင်၊ သိမြင်တော်မူ၍၊ **ဆဒ္ဒန်** ဆင်မင်း၏ နှာမောင်းနှင့် တူသော လက်ျာလက်ရုံးတော်ကို၊ ဆန့်တန်းတော်မူ၍—

၁။ (**ထေ ဘိက္ခဝေါ စရထ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ**)
၂။ ဘိက္ခဝေါ၊ (အို) ငါ၏ချစ်သား၊ တပည့်များတို့။
၃။ ထေ၊ လျင်စွာအသော့၊ လာရောက်ကြကုန်လော့။

သမ္မာ၊ မဘောက်မပြန်၊ မှန်ကန်လှစွာ။ ဒုက္ခသ၊ သံသရာဝဋ်ဆင်းရဲ၏၊ အန္တကိရိယာယ၊ အဆုံးအပိုင်းအခြားကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရထ၊ ကျင့်ကြကုန်လော့။ ။) ဟူ၍မိန့်ခေါ်တော်မူ၏။

ထိုခဏ၌ပင်၊ မှူးမတ်တထောင်နှင့်တကွသောထို**မဟာကပ္ပိန**မင်းကြီးသည်၊ လူ၏အသွင်၊ ဆင်ယင်ဝတ်စားအပ်သော အဝတ်အရုံစသည်တို့သည်၊ ထိုမျက်မှောက်၌ပင် ပျောက်ကွယ်၍၊ ပရိက္ခရာ,ရှစ်ပါးကိုဆောင်လျက်၊ (ဝါ) တော်ခြောက်ဆယ်ပြည့်ကြွယ်ရရှိပြီးသော ထေရ်ကြီးတို့အသွင်၊ အလွန်လျှင် တင့်တယ်သော (**ဧဟိဘိက္ခု**) ရဟန်းအဖြစ်သို့ရောက်ကြကုန်၏။ ။မဂ်နှင့်လျော်သော အဘိညာဉ်တို့သည်လည်း၊ ပြည့်စုံစွာ ဖြစ်ပေါ်လာ၏။ ။ထိုခဏ၌ပင်၊ ကောင်းကင်ယံသို့၊ အဘိညာဉ်ရှာန်ဖြင့်၊ ပျံတက်တော်မူ၍၊ တဘန်သက်ဆင်းခဲ့ကြ ပြီးလျှင်၊ မြတ်စွာဘုရားရှင်အား၊ကြည်လင်စွာရှိခိုး၍၊ ထိုင်နေကြကုန်၏။

ဤပြဆိုအပ်ပြီးသော အဓိပ္ပါယ်ကိုပင်၊ ပါဠိတော်နည်းအရ၊ ပြဆိုဦးအံ့—

ထိုအခါ၊ မြစ်ကြီးသုံးတန်ကို၊ ချမ်းသာစွာကူးခဲ့ပြီးသော်၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရာ ရှိသော **စန္ဒဘာဂ** မြစ်၏ ရေဆိပ်၊ကမ်းထိပ်မြေပြင်၌၊ ရောင်ခြည်ခြောက်ဖြာ၊ဝန်းရံ ကာ၍၊ တင့်တယ်စွာ နေတော်မူသော, အရှေ့ကျွန်းမှ၊ပေါ်ထွန်းထွက်ပြူ၊"**ဥဒည်**"မူသောနေဝန်းကြီးကဲ့သို့ဂင်း၊ ဝင်းဝင်းပြောင်ပြောင်၊ ထိန်ထိန်လောင်သော ရွှေတောင်ကြီး ကဲ့သို့ဂင်း၊အလျှံဝင်းဝင်း၊ထွန်းလင်းတောက်ပသောဆီမီးတိုင်ကြီးကဲ့သို့ဂင်း။

နတ်များသေဌ်နင်း၊ သိကြားမင်းကို၊နတ်အပေါင်းတို့သည်၊ခြံရံအပ်သကဲ့သို့ဂင်း၊ (*တပည့်သံဃာအပေါင်းတို့ဖြင့် ခြံရံအပ်လျက်၊)ဒေသနာ ဉာဏ်၊ ကွန်ယက် အထူးရှိတော်မူသော မြတ်စွာဘုရားရှင်ကို၊ ဖူးမြင်ရ၍၊ ရိုသေစွာ ရှိခိုးကြပြီးလျှင်၊ အမတ်တထောင်နှင့်တကွ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ ချဉ်းကပ်၍ နေကြကုန်၏။

ထိုအခါ၊ငါတို့၏ (အဇ္ဈာသယ) စိတ်ဓာတ်အလိုဆန္ဒကို၊ သိမြင်၍၊ မြတ်စွာဘုရားသခင်သည်၊ တရားစကား၊ဟောကြားတော်မူ၏။

အညစ် အကြေး ကင်းသော တရားစကားကို ကြားနာရ၍၊ ငါတို့မြတ်စွာဘုရားရှင်အား၊ လျှောက်တင်ကြကုန်၏။

“ကြီးမား, မြင့်မြတ်သော ဝီရိယ, ဓာတ်ရှိတော်မူသော မြတ်စွာဘုရား၊= (အကျွန်ုပ်တို့အား၊) သံသရာဝဋ်၊ ဘဝညွှတ်မှ၊ လွတ်ထွက်နိုင်ရန်အမှု၊ ကြည့်ရှုတော်မူ၍၊ ရဟန်းပြုတော်မူပါ မြတ်စွာဘုရား။

ဘုန်းခြောက်ပါးသခင်၊ အရှင်ဘုရား····။ (အကျွန်ုပ်) တို့သည်၊အို,နာ,သေရေး ဒုက္ခဘေးတို့ဖြင့်၊ရောထွေးနှိပ်စက်ခြင်း ကို၊အပြင်းခံနေရသော ဤခန္ဓာကိုယ်၌၊ လောဘ, ဒေါသ၊ စသည်ဆယ်ဖြာ၊ ကိလေသာမီးတို့ဖြင့်လည်း၊တညီးညီးတောက် ၍၊ ကြောက်ရွံ့ တုန်လှုပ်စရာကောင်းလှသော ဘုံဘဝကြီး၌၊ ငြီးငွေ့,ပျင်းရိ,ကြပါကုန်ပြီ မြတ်စွာဘုရား-ဟု၊ လျှောက်ထား ကြကုန်၏။

ထိုအခါ၊ မြတ်စွာဘုရားသခင်သည်—

(အို)ငါ၏ချစ်သားတို့····အသင်တို့အား=သံသရာဝဋ်ဆင်း ရဲ၏ အဆုံးကိုပြုတတ်သောတရားစကားကို၊ ဟောကြားအပ် ပြီ၊ မြတ်သောအကျင့်ကို၊ကျင့်ကြကုန်လော့-ဟု၊ မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူအပ်ပြီးသည်နှင့် တပြိုင်နက်၊ အလုံးစုံသောငါတို့ သည်၊ ရဟန်းအသွင်ကို ဆောင်ယူကြကုန်ပြီ။ ။ရဟန်း အဖြစ်သို့ ရောက်ကြကုန်ပြီ။ ။သာသနာတော်၌၊ လေးဖြာဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ကင်း စင်ကွာ၍၊ (သောတာပန်) ပုဂ္ဂိုလ်,စသည်တို့သည်လည်း၊ ဖြစ်ကြကုန် ပြီဟူ၍၊ ဟောတော်မူ၏။

ဤအဓိပ္ပါယ်ကိုပြခြင်းငှါ၊ အောက်၌ပါသောဂါထာတို့ကို၊ ဟော ကြားတော်မူအပ်၏။

(၂၉) တတော သုခေန,ဉတ္တိဏ္ဏော၊
နဒီ-တီရေ,မနောရမေ။
နိသိန္နံ,အဒ္ဒသံ,ဗုဒ္ဓံ၊
ဉဒေန္တံ-ဝ,ပဘာ-က်ရံ။ ။

(၃၀) ဇလန္တံ,ဟေမ-သေလံဝ၊
ဒီပ-ရုက္ခံဝ,ဇောတိတံ။
သသိ-ဝ,တာရာ-သဟိတံ၊
သာဝကေဟိ,ပုရက္ခတံ။ ။
ဝါသဝံဝိယ,ဝသန္တံ၊
ဒေသနာ ဇာလ ဒ-န္တရံ။ ။

(၂၉-၃၀) တတော၊ ကိုရေအယဉ်တန့်ရပ်ပြီးသည့်နောက်မှ။သုခေ-
နာ၊ချမ်းသာစွာဖြင့်။ ဥတ္တိဏ္ဏော၊ ကူးမြောက်ရပြီ၊မနော-
ရမေ၊ ရေနှင့်ကမ်းပြင်၊ ပြည့်လျှမ်းတင်၍၊စမ်းသွင်တည်ရာ၊
ကြည်သာရွှင်ပျို့၊ နှစ်လိုမွေ့လျော်ဘွယ်ရာရှိသော။ နဒီတီ-
ရေ၊ ရေယဉ် ပြည့်သိပ်၊ မြစ်ဆိပ် ကမ်းပါး၌။ နိသိန္နံ၊ ရောင်
ခြည်ခြောက်ဖြာ၊ ဝန်းရံကာ၍၊ တင့်တယ်စွာ နေသော။
ဥဒေန္တံ၊ အရှေ့ကျွန်းမှ၊ ပေါ်ထွန်းထွက်ပြူ၊ ''ဥဒည်'' မှု
သော။ ပဘာကံရံဝ၊ နဘ-န္တရာ၊ အလျှံဖြာသည့်၊ ဇလ်ဝါ
နေဝန်းကြီးကဲ့သို့ရင်း။ ဇလန္တံ၊ဝင်းဝင်း,ပြောင်ပြောင်၊ထိန်
ထိန်လောင်သော၊ ဟေမသေလံဝ၊ အာသပြေ,ဆောင်သည့်၊
ရွှေတောင်ကြီးကဲ့သို့ရင်း။ ဇောတိတံ၊ အလျှံဝင်းဝင်း၊ ထွန်း
လင်းတောက်ပသော။ ဒီပ ရုက္ခံဝ၊ အလျှံညီးညီး၊ ဆီမီးတိုင်
ကြီး ကဲ့သို့ရင်း။ တာရာသဟိတံ၊ နက္ခတ်တာရာ၊ ကြယ်များ
စွာနှင့်ဟာကွဖြစ်သော။ သသိဝ၊ ယုန်တံဆိပ်ရေး၊ ပုံနှိပ်ပေး
သို့၊ အေးမြတည့်ထွန်း၊ လပြည့်ဝန်းကြီးကဲ့သို့ရင်း။ ဝါသဝံ၊
နတ်များသေဌ်နင်း၊သိကြားမင်းကို။ဒေဝေဟိ၊နတ်အပေါင်း
တို့သည်။ ပုရက္ခတံ-ဝ၊ ဝဲ,ယာ,နှစ်ဘက်၊ ကွဲးကာဆက်၍၊
မပျက်ခြံရံအပ်သကဲ့သို့ရင်း။ (*သာဝကေဟိ၊ တပည့်သား,
သံဃာ,အပေါင်းတို့ဖြင့်။ ပုရက္ခတံ၊ဝဲ,ယာ,နှစ်ပြင်၊တွဲးကာ
ယှဉ်၍၊ အစဉ်ဝန်းရံအပ်လျက်။) ဝသန္တံ၊ သီတင်းသုံးစံနေ
တော်မူထသော၊ဒေသနာဇာလဒန္တရံ၊ ဓမ္မက္ခန္ဓာ၊ဒေသနာ,
ကို၊ဝေကာဖြန့်ကြက်၊ဉာဏ်တည်းဟူသော ကွန်ယက်အလူး

ရှိတော်မူထသော။ ဗုဒ္ဓံ၊ သစ္စာ,လေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရားကို။ အဒ္ဒသံ၊ ကြည်လင်ညွှတ်နူး၊ စိတ်ရွှင်မြူး လျက်၊ ဖူးမြင်ကြရလေပြီ။

(၃၁) ဝန္ဒိတွာန,သဟာ-မစ္စော၊
ကေမန္တံ့ ဥပါဂိသိံ။
တတော နော,အာသယံ ဉတွာ၊
ဗုဒ္ဓေါ,ဓမ္မံ, မ ဒေသယိ။ ။

(၃၁) ဝန္ဒိတွာန၊ ဦးညွှတ်ရိုကျိုး၊ ရှိခိုးကြပြီး၍။ သဟာ-မစ္စော၊ အမတ်တထောင်နှင့်တကွ။ ကေမန္တံ၊ ထိုင်ရန်အခွင့်၊ တင့် အပ်လျောက်ပတ်သောအရပ်သို့။ ဥပါဂိသိံ၊ ချဉ်းကပ်နေ ထိုင်ပြီ။

တတော၊ ထိုအခါ၌။ နော၊ငါတို့၏။ အာသယံ၊ရဟန်း ပြုရန်၊ ခွင့်ပန်,အပ်မည်၊ ကြံစည်ရည်မှတ်၊ စိတ်ဓာတ်အလို ကို။ ဉတွာ၊ သိမြင်တော်မူ၍။ ဗုဒ္ဓေါ၊သစ္စာ,လေးအင်၊ သိ မြင်ထင်ရှား၊ မြတ်စွာဘုရားရှင်သည်။ဓမ္မံ၊သစ္စာလေးချက်၊ တရားနက်ကို။ အဒေသယိ၊ကရုဏာဓာတ်,စိတ်တော်ညွှတ် ၍ ဟောရွတ် ကျူးသီတော်မူလေပြီ။

(၃၂) သုတွာန, ဓမ္မံ, ဝိမလံ၊
အဝေါစုမှ, မယံ, ဇိနံ။
ပဗ္ဗာဇေဟိ, မဟာဝီရ၊
နိဗ္ဗိန္နာ-မှ,မယံ,ဘဝေ။ ။

(၃၂) ဝိမလံ၊ အညစ် အကြေးမှ၊ကင်းဝေး စင်ကြယ်သော။ဓမ္မံ၊ သစ္စာလေးချက်၊တရားနက်ကို။ သုတွာန၊ကြားနာလတ်၍။ မယံ၊ အကျွန်ုပ်တို့သည်။ ဇိနံ၊ငါးမာရ် အောင်မြင်၊မြတ်စွာ ဘုရားရှင်ကို။ အဝေါစုမှ၊ ရွှေနားတော်ပါး၊ ကြားလျှောက် ကြပါကုန်ပြီ။

မဟာဝီရ၊သမ္ပပ္ပဓာန၊ဝီရိယဓာတ်ဖြင့် ကြီးမြတ်ကဲလွန်၊ သမ္ဗုဒ္ဓဖြစ်တော်မူသည့်၊ အမွန်ထွတ်တင်၊ မြတ်စွာဘုရားရှင်= ပဗ္ဗာ-ဇေဟိ၊ ကြည်ဖြူရွှင်လန်း၊ ဝတ်သက်နန်းဖြင့်၊ ရဟန်း ပြု၍ပေးတော်မူပါဘုရား။

မယံ၊ အကျွန်ုပ်တို့သည်။ ဘဝေ၊ဖြစ်ပြန်,ပျက်တုံ၊ ဒုက္ခ စုံသည့်၊ဘုံဘဝအတွင်း၌။ နိဗ္ဗိန္နာ၊ပုထုဇဉ်အကြိုက်၊ မပျော် ပိုက်ဘဲ၊ စိတ်အိုက်မှိုင်ငြီး၊ ငြီးငွေ့ကြကုန်သည်။ အမှ၊ ဖြစ်ပါကုန်၏-မြတ်စွာဘုရား။

(၃၃) သွာက္ခာတော ဘိက္ခဝေ ဓမ္မော၊
ဒုက္ခ-န္တကရဏာယ ဝေါ။
စရထ ဗြဟ္မစရိယံ၊
ဣစ္စာ-ဟ,မုနိ-သတ္တမော။ ။

(၃၃) ဘိက္ခဝေ၊ (အို)ငါ၏ချစ်သားတို့=ဒုက္ခ-န္တ,ကရဏာယ၊ သံသရာ ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ။ ဝေါ၊ သင်ချစ် သားတို့အား။ ဓမ္မော၊ သစ္စာလေးပါး၊ တရားမြတ်ကို။ သွာက္ခာတော၊ ထုတ်ဘော်ပိုင်းခြား၊ ဟောကြားတော်မူ အပ်ပြီ။

ဗြဟ္မစရိယံ၊ နိဗ္ဗာန်ရောက်ကြောင်း၊ကောင်းမြတ်သော အကျင့်ကို။စရထ၊ ကျင့်ကြကုန်လော=ဣတိ၊ ဤသို့။ မုနိ- သတ္တမော၊မြတ်စွာဘုရားရှင်သည်။ အာဟ၊ သံသာချီမြွန့်၊ မိန့်တော်မူပြီ။

(၃၄) သဟ ဝါစာယ သဗ္ဗေပိ၊
ဘိက္ခု၊ဝေသ-ဓရာ မယံ။
အဟုမှ ဥပသမ္ပန္နာ၊
သောတာပန္နာစ သာသနေ။ ။

(၃၄) သဟ ဝါစာယ၊သံသာချီမြွန့်၊ မိန့်တော်မူသည်နှင့်တပြိုင် နက်။သဗ္ဗေ၊အလုံးစုံသော။မယံ၊အကျွန်ုပ်တို့သည်။ဘိက္ခု၊-

၀ေသ,ဓရာ၊ဖန်ဝါနီမြန်း၊ဝတ်သက်န်းဖြင့်၊ ရဟန်းအသွင်ကို ဆောင်ယူကြကုန်သည်။ အဟုမှ၊ ဖြစ်ကြရကုန်ပြီ။ ။ဥပ- သမ္ပန္နာ၊ဖော်–ဘိက္ခု၊ခေါ်တော်မူ၍၊ညီမူတင့်လတ်၊ရဟန်း မြတ်တို့သည်။အဟုမှ၊ဖြစ်ကြရကုန်ပြီ။

သာသနေ၊ သာသနာတော်မြတ်၌။ သောတာပန္နာစ၊ သောတာပန်, ပုဂ္ဂိုလ်တို့သည်လည်း။ အဟုမှ၊ ဖြစ်ကြရ ကုန်ပြီ။

ကိုအခါ၊ မဟာကပ္ပိန၊ မင်းမြတ် စေလွှတ်အပ်သော ကုန်သည် တို့ သည်၊ကုက္ကုဋ၀တီပြည်၊အနောဇာ ဒေဝီမိဖုရားကြီး၏၊ စံနန်းတော်အိမ် သို့သွား၍၊မဟာကပ္ပိန မင်းမြတ်၏၊သတင်းစကားကို၊ကြားလျှောက်ရာ၊ အနောဇာဒေဝီ၊မိဖုရားကြီး၏အထံမှ၊ ရှေ့တော်မှောက်သို့၊ ဝင်ရောက် လာကြစေ=ဟု၊ခွင့်ပြုချက်အရ၊ ရှေ့တော်အောက်သို့၊ ဝင်ရောက်သွား ကြပြီးလျှင်၊ထိုင်ရန်အခွင့်၊တင့်အပ်လျောက်ပတ်သောအရပ်၌၊ ထိုင်နေ ကြကုန်၏။

ထိုအခါ၊ထိုကုန်သည်တို့ကို၊အနောဇာဒေဝီ၊မိဖုရားကြီးသည်၊ ဤသို့အားဖြင့် မေးမြန်း၏။

(အမောင်တို့)····၊ အဘယ်သို့သော အကြောင်းအရာဖြင့်၊ လာရောက်ကြကုန်သနည်း=ဟု၊မေးမြန်း၏။

အကျွန်ုပ်တို့၏အရှင်၊ထိပ်ခေါင်တင်,မ ဖုရား····၊

အကျွန်ုပ်တို့ကို၊အရှင် မဟာကပ္ပိနမင်းမြတ်သည်၊အရှင်ထိပ် ခေါင်တင်,မ ဖုရား၏၊အထံတော်သို့၊ စေလွှတ်အပ်သည်ဖြစ်၍၊ လာရောက်ကြပါကုန်၏။ အကျွန်ုပ်တို့အား၊ ဤရွှေပြားအပြင်၌၊ ရေးတင်ခတ်နှိပ်၍ ထားသော စကားအတိုင်း သုံးသိန်းသော အသပြာငွေတို့ကို၊ချီးမြှင့်, ပေးအပ်, သနားလတ္တံ့ဟု၊မိန့်ဆိုပါ သည်–ဟု၊ ဆိုကြကုန်၏။

ထိုအခါ၊မိဖုရားကြီးသည်–

(အမောင်တို့)···· သုံးသိန်းသော အသပြာငွေဟူသည်၊ အလွန်များပြားလှချေ၏တကား၊ (အမောင်)တို့သည်၊ အရှင်

မင်းမြတ်၏၊တစုံတခုသော အကျိုးကို၊(မည်သို့မည်ပုံ၊)သည်ပိုး ဆောင်ရွက်ခဲ့ကြသည်ဖြစ်၍ ကျေးဇူးတုန့်ဖန်၊ပြန်လည်ကြည်ညို သဖြင့်၊ ဤမျှလောက်ပင်၊ များပြားသော အသပြာငွေကို၊ ချီးမြှင့်, ပေးအပ်,သနား သနည်း-ဟု၊ မေးမြန်းလေ၏။

အကျွန်ုပ်တို့၏အရှင်—၊ထိပ်ခေါင်တင်မဖုရား....၊

အကျွန်ုပ်တို့သည်၊အရှင်မင်းမြတ်၏၊ တစုံတခုသောအကျိုး ကို၊ သည်ပိုးဆောင်ရွက်ခြင်း မပြုခဲ့ဘူးပါကုန်= အရှင်မင်း မြတ်အား၊ ဤမျှသော စကားဖြင့်၊ မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်၏၊သတင်း, ဂုဏ်ကိုသာလျှင်၊လျှောက်တင်ပါသည်- ဟု၊ ဆိုကြကုန်၏။

ထို အခါ၊ **အနောဇာ**ဒေဝီ မိဖုရားကြီးသည်—

(အမောင်တို့)....၊(အကျွန်ုပ်)အားလည်း၊ နောက်ထပ် တဘန်၊ ပြောဆိုရန်စွမ်းနိုင်ပါအံ့လော--ဟု၊ မေးမြန်းလေ၏။ **ကုန်သည်**တို့သည်၊အကျွန်ုပ်တို့သည်၊စွမ်းနိုင်ပါကုန်၏-ဟု ဆိုကြ ပြန်၏။

ထိုအခါ၊ (အမောင်တို့)....၊ ထိုသို့စွမ်းနိုင်ပါမူကား၊ ထို သတင်းစကားကို၊ ပြောကြားကြပါကုန်လော-ဟု ခွင့်ပြုပြောဆို လေ၏၊**ကုန်သည်**တို့သည်—

**ဒေဝိ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော**။ ။အကျွန်ုပ် တို့၏ အရှင်၊ ထိပ်ခေါင်တင်,မ-ဖုရား....။

အကျွန်ုပ်တို့၏၊ **သာဝတ္ထိ**ပြည်ကြီး၌၊ သစ္စာ လေးအင်၊သိမြင် ထင်ရှား၊မြတ်စွာဘုရားရှင်သည်၊ ဖြစ်ပွား-ပွင့်ပေါ်၍နေပါ၏= ဟု၊ဆိုကြကုန်၏။

ထိုအခါ၊ **အနောဇာ** ဒေဝီ၊ မိဖုရားကြီးသည်၊ ထိုစကားကိုကြား ၍၊ **မဟာကပ္ပိန**မင်းကြီး၏နည်းတူသာလျှင်၊ ငါးဖြာ **ပီတိ**၊ကိုယ်လုံးထိ၍၊ ညွတ်အိ-တိမ်းလျှော့၊မိန်းမော့ တွေဝေ၍သွားလေ၏။

ဤသို့အားဖြင့်၊ သုံးကြိမ် တိုင်တိုင်,ပြောဆိုရာ၊ သုံးကြိမ်တိုင်တိုင်ပင်၊ ယိမ်းယိုင်လျက်၊ မိန်းမောတွေဝေ၊ အနေမလှ၊ ဖြစ်ရပြီးသည့်နောက်၊ လေးကြိမ်မြောက်၊ ပြောဆိုပြီးသော အခါမှ-**ဗုဒ္ဓေါ**၊ဘုရား, ဟူသော ရွတ်ဆိုသံကိုကြား၍—

(အမောင်တို့)....၊ဤဗုဒ္ဓေါ၊ ဘုရား, ဟူသော ပုဒ်ကို၊ရွတ်ဆို လျှောက်တင်သောအခါ၌၊ အရှင်မင်းမြတ်သည်၊ (အမောင်) တို့အား၊အဘယ်မျှလောက်နှင့်၊ချီမြှင့်ပေးအပ်,သနားသနည်း— ဟု မေးမြန်းလေ၏။

အရှင်ထိပ်ခေါင်တင်,မ-ဖုရား....။

အကျွန်ုပ်တို့အား၊အရှင်မင်းမြတ်သည်၊ အသပြာ တသိန်း, ချီးမြှင့်ပေးအပ်, သနား,ပါသည်-ဟု၊ ဆိုကြကုန်၏။

ထိုအခါ-(အမောင်တို့)....၊ ဤမျှပင်၊ လောကုတ္တရာအစစ်၊ အနှစ်သာရနှင့် ပြည့်စုံသဖြင့်၊ လေးနက်သော သတင်းစကား၊ ကြားသိရ လေလျက်၊ (အမောင်) တို့အား၊ တသိန်းသော အသပြာမျှ၊ ချီးမြှင့်ပေးအပ်, သနားသောအရှင်မင်းမြတ်သည်၊ လူသူအများ၊ ကြား၍မျှ မလျော်သောအမှုကို၊ ပြုရက်ပေ၏။ ။ အကျွန်ုပ်သည်၊(အမောင်)တို့အား၊ ဘုန်းကံနည်းပါး၊ ဆင်းရဲသားဖြစ်သောသူတို့၏၊ လက်ဆောင်ပဏ္ဏာမျိုးမျှသာ ဖြစ်သော သုံးသိန်းသော အသပြာတို့ကို၊ ချီးမြှင့်, ပေးအပ်, သနား,အံ့— ဟု၊ ပြောဆိုလေ၏။

ထိုနောက်တဖန်—

(အမောင်တို့)....၊အမောင်တို့သည်၊ အဘယ်သို့သော စကားဖြင့်၊ လျှောက်ကြား,ပြောဆို, ကြပါကုန်သေးသနည်း,ဟု၊မေးမြန်းပြန်၏။

ထိုအခါ၊(ကုန်သည်) တို့သည်၊ မင်းကြီးအား၊ လျှောက်တင်သည့် နည်းတူ၊ (ဓမ္မော လောကေ သမုပ္ပန္နော) တရားတော်မြတ်သည်၊ ဖြစ်ထွန်းပွင့်ပေါ်၍နေပါ၏—ဟူ၍ငင်း။ ။(သံဃော လောကေ သမုပ္ပန္နော) သံဃာတော်မြတ်သည်၊ ဖြစ်ထွန်းပွင့်ပေါ်၍နေပါ၏—ဟူ၍ငင်း—ဆိုကြကုန်၏။

ထိုအခါ၊ အနောဇာဒေဝီ၊မိဖုရားကြီးသည်၊ရှေးနည်းတူစွာ၊ နှစ်သက်ခြင်းပီတိ၊ ကိုယ်လုံးထိ၍၊ ညွှတ်အိတိမ်းလျှော့၊ မိန်းမော့တွေဝေ၊ အနေ, မလှဖြစ်ရပြီးသည့်နောက်၊ လေးကြိမ်မြောက်၊ လျှောက်ဆိုပြီးသော အခါမှ၊ သတိရ၍၊ သုံးသိန်း၊ သုံးသိန်း,သော အသပြာတို့ကို၊ ချီးမြှင့်, ပေးအပ်သနားအံ့-ဟု၊ပြောဆိုလေ၏။

ဤသို့အားဖြင့်၊ ထို(ကုန်သည်) တို့သည်၊ မဟာကပ္ပိန မင်းကြီး အတို့၊ သုံးသိန်း၊ အနောဇာဒေဝီ၊မိဖုရားကြီးအတို့၊ကိုးသိန်းအားဖြင့်၊တသန်း၊ နှစ်သိန်း,သော အသပြာတို့ကို၊ ရကြ၏။

ထိုနောက်၊ ထို(ကုန်သည်)တို့ကို၊ အနောဇာ ဒေဝီ၊မိဖုရားကြီးသည်၊ ဤသို့မေးပြန်၏။

(အမောင်)တို့....၊ထိုသို့တပြီးကား၊ အရှင်မင်းမြတ်သည်၊ အဘယ်အရပ်၌၊ ကျန်ရစ်ပါသနည်း-ဟု၊ မေးမြန်းလေ၏။

အရှင်ထိပ်ခေါင်တင်,မ-ဖုရား....၊

မဟာကပ္ပိန၊ရာဇ ထွတ်ဖျား၊ မင်းတရားကြီးသည်ကား၊ သုံးလူ့ ထွတ်တင်၊ မြတ်စွာဘုရားရှင်ကို၊ စိတ်တွင် ရည်မှန်း၍၊ ရဟန်းပြုရန်၊ ထွက်ချီ၍သွားပါပြီ-ဟု၊ဆိုကြကုန်၏။

ထိုအခါ၊ အနောဇာ ဒေဝီ၊ မိဖုရားကြီးသည်၊ ထိုမင်းမြတ်သည်၊ (အကျွန်ုပ်)အား၊ အဘယ်သို့သော သတင်းစကားဖြင့်၊ ပြောကြား မိန့်ဆို,မှာထားခဲ့ပါသေးသနည်း—ဟု၊ မေးမြန်းပြန်၏။

အရှင် ထိပ်ခေါင်တင်,မ-ဖုရား...အရှင် ထိပ်ခေါင်တင်,မ-ဖုရားသည်၊ (*ငါဘုရင်မင်းမြတ်၊ထီးဖြူဖြန့်ကြက်၊ကနက်အုပ်၍၊ စိုးချုပ်ပိုင်သ တော်မူသော ကုက္ကုဋဝတီ မင်းနေပြည်ကြီးနှင့်တကွ၊ တိုင်းပြည်ခရိုင်၊ နိုင်ငံတော်အလုံးကိုလည်း၊ အရှင် ထိပ်ခေါင်တင်,မ-ဖုရားအား၊ စွန့်လွှတ်အပ်နှင်းပါ၏။

အရှင်ထိပ်ခေါင်တင်,မ-ဖုရားသည်၊စိတ်အလိုဆန္ဒအတိုင်း၊ သိမ်းပိုက်စိုးစံ,ရစ်တော်မူပါ-ဟု၊ မိန့်ဆိုကြောင်းပါ—ဟု၊ဆိုကြကုန်၏။

ထိုနောက်—

(အမောင်တို့)....၊အရှင်မင်းမြတ်၏၊ အပါးတော်၌၊ လိုက်ပါ, သွားကြသော မှူးမတ်တို့သည်၊ အဘယ်၌ ကျန်ရစ်ခဲ့ပါသနည်း—ဟု၊ မေးမြန်းပြန်၏။

အရှင် ထိပ်ခေါင်တင်, မ-ဖုရား....၊ထိုမှူးမတ်, တို့သည်လည်း၊အရှင်မင်းမြတ်နှင့်အတူ၊ကြည်ဖြူရွှင်လန်း၊ စိတ်ပြခြမ်း၍၊ ရဟန်းပြုရန်၊ လိုက်ပါသွားကြကုန်ပါပြီ—ဟုဆိုကြပြန်၏။

ထိုအခါ၊ **အနော်ဇာ** ဒေဝီ၊မိဖုရားကြီးသည်၊ ထိုထိုမှူးမတ်တို့၏ ခင်ပွန်းမဖြစ်သောအမတ်,ကတော်တို့ကိုခေါ်၍—

(**အို၊ချစ်ညီမ**) တို့....၊ **ညီမ** တို့၏အရှင်၊ သခင်ဖြစ်ကြသော ခင်ပွန်းယောကျ်ားတို့သည်၊ အရှင်သခင်၊ ဘုရင်မင်းမြတ်နှင့် အတူ၊ကြည်ဖြူရွှင်လန်း၊စိတ်ပြေခ်ာန်း၍၊ရဟန်းပြုရန်၊ ထွက်ချီ၍ သွားကြကုန်ပြီ၊ (**ချစ်ညီမ**) တို့သည်၊ အဘယ်သို့၊ ပြုလိုကြကုန် သနည်း—ဟု၊မေးမြန်းလေ၏။

ထိုအခါ—

အရှင် ထိပ်ခေါင်တင်, မ,ဖုရား....၊အကျွန်ုပ်တို့၏၊ ခင်ပွန်း ယောကျ်ားတို့သည်၊ အကျွန်ုပ်တို့၏အထံသို့၊ အဘယ်သို့သော သတင်းစကားဖြင့်၊ ပြောကြား မှာထားခဲ့ပါသေးသနည်း—ဟု မေးမြန်းကြကုန်၏။

ထိုအခါ၊ **အနော်ဇာ** ဒေဝီ၊မိဖုရားကြီးသည်—

(**ချစ်ညီမ**) တို့၏၊ခင်ပွန်းယောကျ်ားတို့သည်၊ မိမိ,မိမိတို့၏၊ သက်ရှိ,သက်မဲ့ဖြစ်သော စည်းစိမ်တို့ကို၊ **ညီမ**တို့အား၊စွန့်လွှတ် ကြကုန်၏။ ။**ညီမ** တို့သည်၊ ထိုထိုစည်းစိမ်တို့ကို၊ အစိုးတရ စိတ်အလိုဆန္ဒအတိုင်း၊ ခံစားစံစားကြကုန်လော,ဟု၊ မှာထား ကြောင်းကို၊ ပြောဆိုလေ၏။

ထိုအခါ—

ကျွန်ုပ်တို့၏အရှင်၊ထိပ်ခေါင်တင်,မဖုရား—၊ထိပ်ခေါင်တင်, အရှင်မ-ဖုရားသည်၊ အဘယ်သို့ ပြုလိုပါအံ့နည်း—ဟု၊ မေးကြ ပြန်ကုန်၏။

ထိုအခါ—

**အို၊ချစ်ညီမ** တို့....၊ အကျွန်ုပ်တို့၏အရှင်၊ ဘုရင်မင်းမြတ် သည်၊ ဘုရား,တရား၊သံဃာ,အားဖြင့်၊ သုံးပါးမြတ်စွာ၊ရတနာ တို့၏၊ သတင်းစကားကို၊ လမ်းခရီး၌ ကြား၍၊ထိုခဏ၌၊ဆိုင်းငံ့ ရပ်တည်နေပြီးလျှင်၊ သုံးပါးသော ရတနာမြတ်တို့ကို၊ သုံးသိန်း သော အသပြာတို့ဖြင့်၊သဒ္ဓါ-ကြည်ဖြူ၊ပူဇော်၍၊ တိုင်းပြည်ခရိုင်၊

နိုင်ငံတော် အလုံးကိုလည်း၊ ရှုံ့ဘွယ်စက်ဆုပ်၊တံတွေးပုပ်ပမာ၊ အာသာ-မဖွဲ့၊ မငဲ့ မညှာ၊ စွန့်ခွါတော်မူ၍၊ သုံးလူ့သေဌ္ဌနင်း တုဘက်ကင်းသည့်၊ တရားမင်း၏၊ ထံရင်းမျက်မှောက်၊ ရွှေတော်အောက်သို့၊သွားရောက်ပြီးခါ၊ ဖန်ဝါနီမြန်း၊ ဝတ်သက်နှ်းဖြင့်၊ ရဟန်းပြုအံ့,ဟု၊ ထွက်ခွါ၍သွားချေပြီ။

အရှင်မမူကား= ထိုရတနာသုံးပါးတို့၏၊ သတင်းစကား၊ ကြားသိရ၍၊ သုံးပါးသောရတနာမြတ်တို့ကို၊ ကိုးသိန်းသောအသပြာတို့ဖြင့်၊သဒ္ဓါ-ကြည်ဖြူ၊ပူဇော်အပ်ပေပြီ။

**အို–ချစ်ညီမတို့....**၊ ဤလောကီ ရိပ်ငြိမ်၊ နန်းစည်းစိမ်တို့ဟူသည်၊ အကျွန်ုပ်တို့၏ အရှင်သခင်၊ ဘုရင်မင်းမြတ်အားသာလျှင်၊ ဆင်းရဲးကြောင်း, တရားမဟုတ်ခဲ့ချေ၊ အကျွန်ုပ်တို့အားလည်း၊ဆင်းရဲးကြောင်းတရား.အစုပင် ဖြစ်ချေ၏။

ယင်းသို့ဖြစ်ရကား၊ အရှင်သခင်၊ ဘုရင်မင်းမြတ်၊ထွေးအန်စွန့်ပစ်အပ်သော တံတွေးပေါက်ကို၊ ဒူးထောက် ရပ်တည်၍၊ ခံတွင်းဖြင့်၊ အဘယ်သူ၊ ယူစွမ်းနိုင်အံ့နည်း၊ အကျွန်ုပ်အားလည်း၊ ဤထီးနန်းစည်းစိမ်ဖြင့်၊ အလိုမရှိတော့ချေ၊ အကျွန်ုပ်သည်လည်း၊ သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်ကို၊ စိတ်တွင်ရည်မှန်း၍၊ ရဟန်းပြုရန်သွားတော့အံ့–ဟု၊ပြောဆိုလေ၏။

ထိုအခါ၊ အလုံးစုံသော မှူးမတ်ကြီးတို့၏၊ ခင်ပွန်းမတို့သည်လည်း၊ အကျွန်ုပ်တို့၏ အရှင်၊ ထိပ်ခေါင်တင်, မ-ဖုရား....၊ အကျွန်ုပ်တို့သည်၊ ထိပ်ခေါင်တင်၊ အရှင်မဖုရား၏၊အပါးတော်မှ၊ လိုက်ပါ၍၊ ရဟန်းပြုကြပါကုန်အံ့– ဟု၊ ဝန်ခံကြကုန်၏။

ထိုအခါ–

**အို–ချစ်ညီမတို့....**၊ညီမ တို့သည်၊ သံသရာ ခရီး၌၊ ငြီးငွေ့ကြောက်ရွံ့၍၊ လွတ်ရာ လွတ်ကြောင်း၊ တရား ကောင်းကို၊ မတိမ်း-မစောင်းရအောင်-တဆင့်ရှန်းလျက်၊ကျင့်သုံး ဆောက်တည်နိုင်ကြပါကုန်မူကား–ကောင်းစွ- ဟု၊ပြောဆိုလေ၏။

ထိုအခါ—

အကျွန်ုပ်တို့သည်လည်း၊သာသနာတော်၌၊နှစ်လို ရွှင်လန်း၊ သဒ္ဓါစွမ်းဖြင့်၊ ကြိုးပမ်း ကျင့်ဆောင်နိုင်ပါကြောင်းပါ- ဟု၊ ဝန်ခံကြကုန်၏။

**အို-ချစ်ညီမတို့**.... ထိုသို့ဖြစ်ပြီးမူကား=အကြောင်းသင့်၍၊ အခွင့်တော် လေစွ၊လာကြကုန်လော့၊ သွားကြကုန်အံ့—

ဟု၊ခေါ်ဆို၍၊ရထား တထောင်တို့ကို၊မြင်းတို့ဖြင့် ကစေ၍၊ ထိုထို မှူးမက်တို့၏၊ခင်ပွန်းမတို့နှင့် အတူတကွ၊ နန်းတော်ထက်မှ၊ သက်ဆင်း ခဲ့၍၊ ရထားထက်သို့၊ တက်စီးကြပြီးလျှင်၊ ခရီးစဉ်အတိုင်းထွက်ခွါခဲ့ကြ သော်၊**သာဝတ္ထိ**ပြည်ကြီး၏ အနီး၊ လမ်းခရီးအကြား၌၊ မြစ်ကြီးခြား၍ နေသည်ကို တွေမြင်ကြကုန်၏။

ထိုအခါ၊**မဟာကပ္ပိန**၊ရာဇ ထွတ်တင်၊ဘုရင်မင်းဖျားသည်၊ မှူးမတ်တို့ အား၊ မေးမြန်းသကဲ့သို့၊ မေးမြန်းပြီးလျှင်၊ ထိုမြစ်၏၊ အကြောင်း အခြင်းအရာကို၊ ကြားသိရလျှင်—

အကျွန်ုပ်တို့၏ အရှင်၊ ဘုရင်မင်းမြတ်၊ ကူးသွားသော ခရီး လမ်းစကို၊ စုံစမ်းကြည့်ရှုကြကုန်လော-ဟု၊ ဆိုပြန်လတ်သော်-

ထိပ်ခေါင်တင်၊ အရှင်မ, ဖုရား....၊ (သိန္ဓော) မြင်းတို့၏ ကူးသွားရာ၊ခြေရာအစဉ်ကိုမျှ၊ မမြင်, မတွေ့ရပါကြောင်း-ဟု၊ ဆိုကြပြန်၏

**အို-ချစ်ညီမတို့**....(အကျွန်ုပ်) တို့၏ အရှင်၊ ဘုရင်မင်းမြတ်သည်၊ ရတနာသုံးပါးတို့၏၊ ဂုဏ်ကို၊ အာရုံပြု ရည်မှန်းလျက်၊ကြွမြန်း, ထွက်ချီ၍ လာခဲ့သည်ဖြစ်၏၊ ယင်းသို့ဖြစ်ရကား =ထိုမင်းမြတ် သည်၊ မှန်ကန်စွာ ပြောဆိုအပ်သော **သစ္စာ**ကိုပြု၍၊ ကူးသွား သည်သာဖြစ်လတ္တံ့—ဟု၊ အချင်းချင်း ပြောဆို တိုင်ပင်လျက်—

(အကျွန်ုပ်)သည်လည်း၊ ရတနာ့သုံးပါးတို့၏ ဂုဏ်ကို၊ အာရုံပြုရည်မှန်း၍၊**ကုဏ္ဍုဋ္ဌဝတီ**၊ ၄၁နီ အောင်ခန်း၊ နန်းတော် ထက်မှ၊ ဆင်းသက်၍ လာခဲ့သူ၊ထီး, မူ-နန်းဘွား၊ ဘုရား,သမီး တော်အစစ်၊အမှန်ဖြစ်ပေ၏၊ အကျွန်ုပ်အားလည်း၊ ထိုရတနာ

သုံးပါးတို့၏ တန်းခိုးရှိန်စော်၊ အာနုဘော်ကြောင့်၊ ဤရေအယဉ်သည်၊ ရေသို့မထင်၊ ရေပင်မဖြစ်၊ စင်စစ်ပထဝီ၊ မဟီမဏ္ဍလာ၊ ကျောက်သေလာကဲ့သို့၊ တင်းမာ စင်စစ်၊ ကေန်ဖြစ်စေအံ့–ဟု၊ မနောမိဋ္ဌာန်၊ ဇော-စိတ်သန်လျက် ထိုသုံးတန်သော ရတနာတို့၏ ကြီးကျယ် မြင့်မြတ်သော ဂုဏ်ကို၊ အာရုံပြုအောက်မေ့၍၊ ရထား တထောင်ကို၊ ရေပြင်ထက်သို့ နှင်းတက်ကူးစေရန် စေလွှတ်လေ၏။

ထိုအခါ၊ ရေအယဉ်သည်၊ ရေသို့မထင်၊ ကျောက်မြေပြင်သို့၊ တင်း တင်းမာသည်သာလျှင် ဖြစ်၏၊ ရထားစက်ဘီးတို့၏၊ အထက်ဖျားမှ၊ အကွပ်အပြင်တို့ကို သာလျှင်၊ ရေစွတ်ကုန်၏။

ဤအဓိပ္ပါယ်ကိုပြခြင်းငှါ၊ (ဓမ္မပဒ) အဋ္ဌကထာ၌၊ အောက်၌ပါ သော စကားကို၊ မိန့်ကြားဖွင့်ဆိုအပ်၏။

ဥဒကံ ပါသာဏပိဋ္ဌိသဒိသံ အဟောသိ၊ စက္ကာနံ အဂ္ဂဂ္ဂါ နေမိ ပိဋ္ဌိယောယေဝ,တေ မိ°သု။ ။

ဥဒကံ၊ ရေသည်။ ပါသာဏပိဋ္ဌိသဒိသံ၊ ကျောက်ဖျာအပြင် နှင့်တူသည်။ အဟောသိ၊ဖြစ်ပြီ။ စက္ကာနံ၊ လှည်းဘီးစက်တို့၏။ အဂ္ဂဂ္ဂါ၊ အထက် အဖျားမှ။ နေမိပိဋ္ဌိယောယေဝ၊ အကွပ် အပြင်တို့ကိုသာလျှင်။ တေမိ°သု၊ ရေစွတ်ကုန်၏။

ဤသို့သောနည်းအားဖြင့်၊ အစဉ်အတိုင်း၊ မြစ်ကြီးသုံးတန်ကို၊ ကူး သန်းလွန်မြောက်ကြလေကုန်၏။

ထိုအခါ၊ မြတ်စွာဘုရားရှင်သည်၊ **အနောဇာ** ဒေဝီ၊ မိဖုရားကြီး၏ ရဟန်းပြုရန်၊ ထွက်လာသည်အဖြစ်ကိုသိ၍၊ အကြင်သို့သော နည်းအ ခြင်းအရာဖြင့်၊ မိမိထံရင်း၌၊ ချဉ်းကပ်နေထိုင်ကြကုန်သော **မဟာကပ္ပိန** ထေရ်အမှူးရှိသော ရဟန်းတို့သည်၊ မျက်စိအမြင်၌၊ မထင်မရောက်၊ ပျောက်ကွယ်ကြကုန်၏၊ ထိုသို့သော အခြင်းအရာဖြင့်၊ ပြုတော်မူ၏။

မဟာသမယသုတ် အဋ္ဌကထာ၌၊ မာရ်နတ်သား၏အဆင်း အသံတို့ကို၊ ရဟန်းတို့မမြင်, မကြားစေရန်၊ တန်းခိုးဖြင့်၊ဖုံး ကွယ်၍ထားဘိသကဲ့သို့၊ဤအရာ၌လည်း၊ဖုံးကွယ်၍ထားကုန်၏- ဟူ၏။ (**မဟာသမယဖွင့်အကျယ်လက်စွဲကျမ်း**)စာမျက်နှာနံပါတ် (၁၈၄-၌၊ ကြည့်ရှုပါကုန်။)

ထိုသို့မြစ်ကြီးသုံးတန်ကို၊ ကူး၍ လာကြကုန်သော **အနောဇာ**ဒေဝီ၊ မိဖုရားကြီး အမှူးရှိသော၊ မင်းမောင်းမ တို့သည်၊ မြတ်စွာဘုရားသခင်၏ကိုယ်မှ၊ ထွက်စံကွန့်မြူးသောရောင်ခြည်တော်မြတ်ကို၊ ဖူးမြင်ကြရ၍၊ **မဟာကပ္ပိန** မင်းကြီး၏နည်းတူ၊ ကြံစည်အောက်မေ့၍၊ရထားထက်မှ၊ သက်ဆင်း၍ခြေရင်းတော်သို့၊ ဝပ်စင်းကပ်ရောက်ကြပြီးလျှင်၊ ရိုသေစွာရှိခိုး၍ထိုင်နေရန်အခွင့်၊ တင့်အပ်လျောက်ပတ်သောအရပ်၌ တည်လျက်၊ မေးလျှောက်ကြကုန်၏။

ဘုန်းခြောက်ပါးသခင်၊ အရှင်ဘုရား....။
**ကုက္ကုဋဝတီ**၊ ပြည်ကြီးအရှင်၊ ဘုရင်မင်းမြတ်သည်၊အရှင်ဘုရားအား၊ စိတ်ထားရည်မှန်း၍၊ ရဟန်းပြုရန်၊ ထွက်လာပါ၏၊ ထိုမင်းမြတ်သည်၊ ယခုအခါ၌၊ အဘယ်အရပ်၌ရှိပါသနည်း၊ အကျွန်ုပ်တို့အားလည်း၊ ထိုပြည်ကြီးအရှင်၊ ဘုရင်မင်းမြတ်ကို၊ ပြတော်မူပါဘုရား—ဟု၊ လျှောက်ထားကြကုန်၏။

ထိုအခါ၊ ဘုန်းခြောက်ပါးသခင်၊ မြတ်စွာဘုရားရှင်သည်-

**အို-ချစ်သမီးတို့**....။အသင်တို့၊မေးမြန်း, လျှောက်ဆိုတောင်းပန်အပ်သော ထိုမင်းမြတ်အား၊ ပြဘို့ရန်၊ အချိန်စောလွန်းလှသေး၏၊ ထိုင်နေကြကုန်ဦးလော့၊ ဤထိုင်နေရာ၌ပင်၊ ထိုမင်းမြတ်ကိုတပ်အပ်ထင်ထင်၊ တွေ့မြင်ကြရကုန်လတ္တံ့-ဟု၊ဝမ်းသာရွှင်မြူး၊ ကြည်နူးနှစ်သိမ့်ဘွယ်ရာသော ပဋိသန္ဓာရစကားကို၊ မိန့်ကြားတော်မူ၏။

ထိုအခါ၊ **အနောဇာ** ဒေဝီ၊ အမှူးရှိသော မင်းမောင်းမ အပေါင်းတို့သည်၊ ဤထိုင်နေရာ၌ပင်၊ မိမိ,မိမိ,တို့၏အရှင်၊ချစ်ခင်ရင်းနှီးဘက်ဖြစ်သော ခင်ပွန်းယောကျ်ားတို့ကို၊ မျက်ဝါးထင်ထင်၊ တွေ့မြင်ကြရကုန်အံ့,—ဟု၊ မှန်းဆ ရည်စူးလျက်၊ ကြည်နူးဝမ်းမြောက်စွာ ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသခင်သည်၊ **အနောဇာ** ဒေဝီ မိဖုရားကြီးအမှူးရှိသော မင်းမောင်းမတို့အား၊ဒါနကထာ, သီလကထာ,စသော အစဉ်အတိုင်းသောတရားစကားကို၊ ဟောကြားတော်မူရာ၊တရားတော်၏ အဆုံး၌၊

ထိုမိဖုရားကြီးသည်၊ အခြံအရံ ပရိသတ်အစုံနှင့်တကွ၊ လေးဖြာဒိဋ္ဌ၊ ၀ိစိ ကိစ္ဆာ၊ ကင်းစင်ကွာ၍၊ သောတာပတ္တိဖိုလ်၌တည်လေ၏။ ။မဟာကပ္ပိန မဟာထေရ်မြတ်မူကား= ထိုမင်းမောင်းမ,တို့အား၊ ဟောကြားအပ်သော တရားစကားကို၊ ပွားများကြားနာရပြန်သဖြင့်၊ မင်းမှူးမတ် ပရိသတ်အစုံနှင့်တကွပင်၊ ပဋိသမ္ဘိဒါဉာဏ်၊လေးတန်နှင့်တကွ၊ အာသဝေါကုန်ခန်း၍၊ ရဟန္တာပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်တော်မူ၏၊ ထိုခဏ၌ပင်၊ မြတ်စွာဘုရားသခင်သည်၊ ထိုရဟန္တာပုဂ္ဂိုလ် တထောင်တို့ကို၊ အနောဇာ ဒေဝီ၊ မိဖုရားကြီးအမှူးရှိသော မင်းမောင်းမတို့အား၊မျက်ဝါးထင်ထင်၊ တွေ့မြင်စိမ့်သော၄ါ၊ ပြတော်မူ၏။

[ဤအရာ၌ဆင်ခြင်ရန်ကား—

အနောဇာ ဒေဝီ၊ မိဖုရားကြီးအမှူးရှိသော မင်းမောင်းမတို့အား၊ မိမိ၏အထံသို့၊ ရောက်လာဆဲခဏ၌၊ ဦးပြည်းကတုံးပြုပြီးခါ၊ ဖန်ဝါနီမြန်း၊ဝတ်သက်နီးဖြင့်၊ရဟန်းအသွင်ကိုဆောင်ယူကြသောမိမိ,မိမိတို့၏၊ ခင်ပွန်းယောကျ်ားတို့ကို ၊တွေ့မြင်ရချေက၊ စိတ်စက်မငြိမ်၊ မနိမ့်ခြေ၊ ထွေထွေပျက်ပြား၊ မှားယွင်းပူပန်ခြင်းတို့သည် ဖြစ်ကုန်ရာ၏။ ။ထိုသို့စိတ်စက်မကြည်၊ မတည်တုန်လှုပ်ခြင်းဖြစ်ပြန်ချေကလည်း၊မဂ်,ဖိုလ်,ဟူသော တရားထူးကိုရခြင်း၄ါ,မစွမ်းနိုင်ရာ။

ထို့ကြောင့်၊သာသနာတော်၌၊သဒ္ဓါတရား၊ လှုပ်ရှားမယိုင်၊ ကြံ့ကြံ့ခိုင်သည့်၊ ကျောက်တိုင်ပမာ၊ တည်လာ, စွဲမြဲလာသော အခါမှ၊အရဟတ္တဖိုလ်, သို့ရောက်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့ကိုပြတော်မူ၏-ဟူ၏။]

ထိုအခါ၊ သောတာပတ္တိဖိုလ်,၌တည်နေကြကုန်သော မင်းမောင်းမအပေါင်းတို့သည်၊အရဟတ္တဖိုလ်၌တည်နေကြကုန်သောရဟန္တာပုဂ္ဂိုလ်တို့ကို၊ ငါးပါးသောထိခြင်းဖြင့်ထိစေ၍၊ ရှိသေစွာရှိခိုးကြပြီးလျှင်—

အရဟတ္တဖိုလ်၊ နန်းရိပ်ခိုသည့်၊ ထိုထိုအရှင်ဘုရားတို့····အရှင်မြတ်တို့မူကား၊သာသနာတော်၌၊ ရဟန်းအမှု၊ ပြုဘွယ်ကိစ္စ၊ ဟူသမျှတို့၌၊ အပြီးအဆုံးသို့ ရောက်တော်မူကြ ပေကုန်ပြီ= တကား—

ဟု၊ လျှောက်ထားပြောဆိုကြကုန်၏၊ ထိုနောက်၊တင့်အပ်လျှောက်ပတ်သော အရပ်၌တည်နေလျက်၊သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားရှင်ကို၊ ကြည်လင်စွာ ရှိခိုးကြပြီးလျှင်—

ဘုန်းခြောက်ပါးသခင်၊အရှင်ဘုရား....။

အကျွန်ုပ်တို့အား၊ သာသနာတော်၌၊ ရဟန်းပြုရန်အခွင့်၊ ချီးမြှင့်တော်မူပါဘုရား—ဟု၊လျှောက်ဆိုကြကုန်၏။

ဤသို့လျှောက်ထားသောစကားအဆုံး၌၊မြတ်စွာဘုရားသခင်သည်၊ ဥပ္ပလဝဏ်ထေရီမ၏ လာရောက်ခြင်းကို၊ကြံစည်အောက်မေ့တော်မူ၏၊ ဥပ္ပလဝဏ်ထေရီမ,သည်၊မြတ်စွာဘုရားသခင်၏စိတ်အကြံပြုတော်မူသည်ကိုသိ၍၊ ကောင်းကင်ခရီးဖြင့် လာ၍၊ အလုံးစုံသော ထိုဥပါသိကာမ,တို့ကို၊ ကောင်းကင်ခရီး၊ ရှာန်ယာဉ် စီးလျက်၊ အပြီးတိုင်ဆောင်ယူ၍ ဘိက္ခုနီရဟန်းမိန်းမ,ကျောင်း၌ ရဟန်းပြု၍မကြာမြင့်မီ အရဟတ္တဖိုလ်သို့ရောက်ကြကုန်၏။

ဓမ္မပဒအဋ္ဌကထာ၌မူ။ ။(မြတ်စွာဘုရားသခင်သည်၊ ထိုဥပါသိကာမ,တို့ကို၊ဤသို့စကားမိန့်ကြားတော်မူ၏၊(အသင်)တို့သည် သာဝတ္ထိ,ပြည်သို့ သွား၍ ဘိက္ခုနီမ,ကျောင်း၌ ရဟန်းပြုကြကုန်လော-ဟု၊ညွှန်ကြားတော်မူ၏၊ ထိုဥပါသိကာမ, တို့သည် မြတ်စွာဘုရားရှင်၏၊ ညွှန်ကြားချက်ကို၊ နှစ်သက်လှစွာနာယူ၍ ခရီးအတိုင်း လှည့်လည်၍ သွားကြကုန်သော် လမ်းခရီးအကြား၌၊ လူအများတို့သည်၊ ရွှေရှုဆောင်ယူအပ်သောပူဇော်,မြတ်နိုးခြင်းရှိကြကုန်သည်ဖြစ်၍၊ယူဇနာ နှစ်ရာတိုင်တိုင်ကွာလှမ်းသော သာဝတ္ထိ ပြည်သို့သွား၍၊ ဘိက္ခုနီမ, ကျောင်း၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏-ဟုဆို၏။)

မြတ်စွာဘုရားသခင် သည်လည်း၊ မဟာကပ္ပိန မဟာထေရ် အမှူးရှိသော ရဟန္တာပုဂ္ဂိုလ်တထောင်ကို၊ ဆောင်ယူ၍ ကောင်းကင်ခရီးဖြင့်၊ ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူ၏။

ဤအဓိပ္ပါယ်ကိုပြခြင်းငှာ၊အောက်၌ပါသောဂါထာကို၊ဟောကြားတော်မူအပ်၏။

(၃၅) တတော ဇေတဝနံ ဂန္တွာ၊
အနုသာသိ,ဝိနာယကော။
အနုသိဋ္ဌော ဇိနေနာ-ဟံ၊
အရဟတ္တ-မ ပါပုဏိံ။ ။

(၃၅) တတော၊ ထိုနောက်မှ။ ဇေတဝနံ၊ ဇေတဝန် ခေါ်၊ ရွှေကျောင်းတော်ကြီးသို့။ ဂန္တွာ၊ စကြာ ရွှေဖျား၊ ဖြန့်၍ သွား၍။ ဝိနာယကော၊ ရေးသွားရှန်းဆောင်။ နေ့ကြန်း ရောင်ဖြင့်၊ဘုန်းခေါင် တွတ်တင်၊ မြတ်စွာဘုရားရှင်သည်။ အနုသာသိ၊ နည်းညွှန်ပြော၊ ဆုံးမတော်မူ၏။ ။ဇိနေန၊ ငါးမာရ် အောင်မြင် မြတ်စွာဘုရားရှင်သည်။အနုသိဋ္ဌော၊ နည်းညွှန်ဟုံးပြ၊ ဆုံးမအပ်သော။ အဟံ၊ ငါသည်။ အရ-ဟတ္တံ၊ရဟန္တာ ပုဂ္ဂိုလ်၏အဖြစ်သို့။ အပါပုဏိံ၊ ရောက်ပြီ။

ဤသို့အားဖြင့်၊ မဟာကပ္ပိန မဟာထေရ် အမှူးရှိသော ရဟန္တာ, ပုဂ္ဂိုလ်တထောင်တို့သည်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့၊ ရောက်တော်မူသောအခါ၊ အရှင်မဟာကပ္ပိနမထေရ်သည်၊ညဥ့်သန့်စင်နေရာ, နေ့သန့်စင်နေရာတို့၌။အဟောသုခံ၊ (ဩော်-ဘေးကျမ်းကင်းကွာချမ်းသာလေစွ- တကား)ဟူ၍ ဥဒါန်းစကား မြွက်ကြားကျူးရင့်လျက် အစဉ်သဖြင့်နေ၏။

ထိုအခါ ရဟန်းအပေါင်းတို့သည် မြတ်စွာဘုရားရှင်အား ဤသို့ အားဖြင့် လျှောက်ကြားကြကုန်၏။

ဘုန်းခြောက်ပါးသခင်၊အရှင်ဘုရား....။

အရှင် မဟာကပ္ပိန မဟာထေရ်သည်၊အဟောသုခံ၊ ဩော်-ဘေးဘျမ်း ကင်းကွာ၊ ချမ်းသာလေစွ။ အဟောသုခံ၊ ဩော်-ဘေးဘျမ်း ကင်းကွာ၊ ချမ်းသာလေစွ=ဟူ၍၊ အစဉ်သဖြင့် ရွတ်ဆို၍ နေပါ၏-မြတ်စွာဘုရား၊ထိုအရှင် မဟာကပ္ပိန မဟာထေရ်သည်၊ရှေးမင်းကြီးဖြစ်စဉ်က,ရအပ်သော မိမိ၏လောကီ ရိပ်ငြိမ်၊ နန်းစည်းစိမ်ကို၊ အကြိမ်ကြိမ် အာရုံပြု-တမ်းမှန်း၍၊ ဥဒါန်း စကား မြွက်ကြား ကျူးရင့်ဟန်တူပါ၏ ဘုရား- ဟု၊ လျှောက်ဆိုကြကုန်၏။

မြတ်စွာဘုရားရှင်သည် အရှင် **မဟာကပ္ပိန** မဟာထေရ်ကိုမိန့်ခေါ်တော်မူ၍—

ချစ်သား**ကပ္ပိန**ထေရ်....။ အသင်သည်၊ လောကီ အလေ့၊ အာရုံငွေ့ကို၊ အောက်မေ့ တမ်းမှန်း၍ (**အဟောသုခံ၊အဟောသုခံ**) ဟူသော စကားကို မြွက်ကြား ရွတ်ဆို၍နေသည်ကား၊ မှန်လေသလော-ဟု မေးမြန်းတော်မူ၏။

ဘုန်းခြောက်ပါးသခင်၊ အရှင်ဘုရား....။
အကျွန်ုပ်၏ ရည်ရွယ်တမ်းမှန်း၊**ဥဒါန်း** စကား၊ မြွက်ကြားကျူးရင့်ပုံကို၊ သုံးဘုံထွတ်တင်၊ အရှင်ဘုရားသည်၊ ပိုင်းခြားထင်ထင်၊ သိမြင်တော်မူပြီးပါ—ဘုရား-ဟု၊လျှောက်ထား ဝန်ခံလေ၏။

ထိုအခါ၊ မြတ်စွာဘုရားသခင်သည်—

"ငါ၏ချစ်သား ရဟန်းများတို့....၊ ငါဘုရားရှင်၏ ရှေ့ရင်တော်နှစ်၊ သားရင်း,စစ်ဖြစ်သော**ကပ္ပိန**မဟာထေရ်သည်၊လောကီရိပ်ငြိမ်၊နန်းစည်းစိမ်ကို၊ ကပ်လိမ်းငြိတွယ်သော လောဘ, ဇောဖြင့်၊မနော-၌ကြည်ဘွယ်ရာ-ဟု ရည်ရွယ်ကာတမ်းမှန်း၍၊ **ဥဒါန်း** စကား မြွက်ကြားကျူးရင့်သည် မဟုတ်ချေ၊ စင်စစ်သော်မူကား—

ငါ၏ရင်နှစ်၊သားရင်းစစ်ဖြစ်သော**ကပ္ပိန** မဟာထေရ်သည်၊ ငါ-ဘုရား၏ဟောကြား, မြွက်ဘော် တရားတော်၌ နှစ်သက်ခြင်း (ဓမ္မပီတိ) ဖြစ်၍ အမတ မဟာနိဗ္ဗာန်ကို၊စိတ်ကြီးရည်မှန်း၍ **ဥဒါန်း**စကား မြွက်ကြား ကျူးရင့်ပေ၏—တကား" ဟူ၍ စကားဖြင့် ဝန်ခံတော်မူ၏။

ဤအဓိပ္ပါယ်ကို ပြခြင်းငှါ ဓမ္မပဒ၊ပဏ္ဍိတဝဂ်၊ မဟာကပ္ပိနဝတ္ထု)၌၊ အောက်၌ပါသော ဂါထာကို ဟောကြားတော်မူ၏။

(၃၆) ဓမ္မပီတိ သုခံ သေတိ၊
ဝိပ္ပသန္နေန စေတသာ။
အရိယ-ပ္ပဝေဒိတေ,ဓမ္မေ၊
သဒါ ရမတိ ပဏ္ဍိတော။ ။

(၃၆) ဓမ္မပီတိ၊ သစ္စာလေးပါး,တရားအမြိုက်ကို,တကျိုက်, တပေါက်၊သောက်ရသောသူသည်။ သုခံသေတိ၊ ကိလေသာလျှော့၊ ကင်းစင်ဝေး၍၊ ဘေးဘျမ်းကင်းကွာ၊ ချမ်းသာစွာနေရ၏။ ။ပဏ္ဍိတော၊ တရားမြင်သိ၊ ပညာရှိသည်။ အရိ-ယပ္ပဝေဒိတေ၊ အရိယာ ပုဂ္ဂိုလ်တို့သည် သိမြင်အပ်သော။ ဓမ္မေ၊ ၃၇-ပါး၊တရားဗောဓိပက္ခိယ,၌။ဝိပ္ပသန္နေန၊မြူညစ်မတင်၊ ကြည်လင်သန့်ရှင်းသော။ စေတသာ၊ စိတ်ဖြင့်။ သဒါ၊ အခါခပ်သိမ်း။ ရမတိ၊ လွန်စွာနှစ်ခြိုက်၊ ပျော်ပိုက်မွေ့လျော်၏။

ထိုအခါ၊ တနေ့သ၌၊ ဘုန်းခြောက်ပါးသခင်၊ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို၊ မိန့်ခေါ်တော်မူ၏။

(အို) ငါ၏ချစ်သား၊ ရဟန်းများတို့....၊ ချစ်သား **ကပ္ပိန** မဟာထေရ်သည်၊ တပည့် ရဟန်းတို့အား၊ အဘယ်သို့လျှင်၊ တရားစကားဟောကြားဆုံးမသနည်း-ဟု၊မေးမြန်းတော်မူ၏။

ဘုန်းခြောက်ပါးသခင် အရှင်ဘုရား....၊ အရှင် **မဟာကပ္ပိန** မဟာထေရ်သည်၊ (**အပ္ပေါသုက္က**)ကြောင့်ကြမဲ့ပြု၍(**ဒိဋ္ဌဓမ္မသုခဝိဟာရ**) ဟုဆိုအပ်သော မျက်မှောက်၌ဖြစ်သော ချမ်းသာသုခကိုသာ အားထုတ်ကြိုးပမ်း၍ နေပါသည်=အဆုံး, အမ, ဖြစ်သောတရားစကားကိုမျှလည်း ဟောကြားခြင်းမရှိပါကုန်-ဟုလျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည်၊ **မဟာကပ္ပိန** မဟာထေရ်ကို၊ မိန့်ခေါ်တော်မူ၍၊-

ချစ်သား ကပ္ပိန မထေရ်)=သင်ချစ်သားသည်၊ (အန္တေဝါသိက) တပည့်တို့အား အဆုံး,အမဖြစ်သော တရားစကားကို မျှလည်း ဟောကြားခြင်း မပြုနေကုန်၏-ဟု၊ လျှောက်ကြကုန်၏။

ထိုစကားသည်၊မမှားကေန်၊ စင်စစ်မှန်သလော—ဟု၊ မေးမြန်းတော်မူ၏။

ဘုန်းခြောက်ပါးသခင်၊ အရှင်ဘုရား···· ထိုစကားသည်၊ မမှားကေန်၊ စင်စစ်မှန်ပါ၏—ဟု၊ လျှောက်ဆို၏။

ထိုအခါ—

ချစ်သားရဟန်း····ဤသို့ကြောင့်ကြမဲ့ပြု၍မနေလင့်၊ယနေ့မှစ၍၊မိမိ, ထံမှောက်၊ ကပ်ရောက်လာကြကုန်သောသူတို့အား၊ တရားတည်းဟူသော အမြိုက်ဆေးကို၊တိုက်ကျွေး,ဟောကြားလေလော—ဟု၊ တိုက်တွန်းတော်မူ၏။

ဘုန်းခြောက်ပါးသခင် အရှင်ဘုရား····၊ ကောင်းမြတ်လှပါ၏-ဟု၊ ရိုသေစွာ ဝန်ခံ၍ တကြိမ်တည်းမျှ, အဆုံး, အမ, တရားစကား ဟောကြားတော်မူရာ၊ တရားတော်၏ အဆုံး၌၊ ရဟန်း တထောင်တို့သည်၊ အာသဝေါ, ကုန်ခန်း၍ ရဟန္တာပုဂ္ဂိုလ်၏အဖြစ်သို့ရောက်ကြကုန်၏။

ထို့ကြောင့် အရှင် မဟာကပ္ပိန မဟာထေရ်ကို မြတ်စွာဘုရားရှင်သည် အစဉ်အတိုင်းအားဖြင့်၊ မိမိ,၏ သာသနာတော်၌၊တဒဂ် ဘွဲ့ခံ၊ သာဝက, ဂုဏ်ထူးဖြင့်၊ ချီးကျူးမြှောက်စားတော်မူ၏။

ဤအဓိပ္ပါယ်ကိုပြခြင်းငှါ အင်္ဂုတ္တရပါဠိတော်၊ကေနိပါတ်၊ တဒဂ္ဂဝဂ်-၌ အောက်ပါစကားကို ဟောကြားတော်မူအပ်၏။

(၃၇) တေ-ဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ၊ဘိက္ခုဩဝါဒကာနံ၊ ယဒိ-ဒံ မဟာကပ္ပိနော-တိ။

(၃၇) ဘိက္ခဝေ၊ (အို) ငါ၏ချစ်သား ရဟန်းများတို့။မမ၊ သင်တို့ဆရာ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သားဖြစ်ကြကုန်သော။ဘိက္ခုဩဝါဒကာနံ၊ တပည့်တပန်း ရဟန်းပုဂ္ဂိုလ်တို့အား၊ ဆုံးမ ဩဝါဒ, ပေးကြကုန်သော ရဟန်းအပေါင်းတို့တွင်။ ယဒိဒံ-(ယော-အယံ)မဟာကပ္ပိနော၊ အကြင်**မဟာကပ္ပိန**၊ မဟာထေရ်သည်။ အတ္ထိ၊ ရှိ၏။

ဧတံ-ဧသော၊ထို **မဟာကပ္ပိန**၊ မဟာမထေရ်သည်။ အဂ္ဂ-(အဂ္ဂေါ၊) ချီးမွမ်းအပ်၍၊ အမြတ်ဆုံးသော ပုဂ္ဂိုလ်ပေတည်း။

ဤအဓိပ္ပါယ်ကိုပြခြင်းငှါ အောက်၌ပါသော ဂါထာတို့ကို ဟောကြားမိန့်ဆိုတော်မူအပ်၏။

(၃၈) တတော ဘိက္ခု သဟဿာနိ၊
အနုသာသိ မ-ဟံ တဒါ။
မမာ နုသာသနကရာ၊
တေပိ အာသုံ အနာသဝါ။ ။

(၃၈) ဘတော၊ ထိုသို့မြွက်ကြား၊စကား နှုတ်ချို၊ မိန့်ဆိုတော်မူသော အခါ၌။ အဟံ၊ **မဟာကပ္ပိန**၊မည်ရတွင်ဆန်း၊ ရဟန်းမြတ်ဖြစ်သောငါသည်။ဘိက္ခုသဟဿာနိ၊ရဟန်းတထောင်တို့ကို။ အနုသာသိ၊ တရားနက်လေး၊ ကောင်းစွာပေး၍၊ ယဉ်ကျေးအောင်၊ ဆုံးမတော်မူပြီ။ တဒါ၊ ထိုအခါ၌။ မမ၊ **မဟာကပ္ပိန**၊မည်ရတွင်ဆန်း၊ ရဟန်းမြတ် ဖြစ်သောငါ၏၊ အနုသာသနကရာ၊ ဆုံးမ စကား၊ မြတ်တရားကို၊ မှတ်သား နှစ်ခြိုက်၊ အားစိုက် နာယူကြကုန်သော။ တေပိ၊ ထိုရဟန်း တထောင်တို့သည်လည်း။ အနာသဝါ၊ အာသဝ-ဟူ၊ မြူမှုံ မသန်း၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ အာသုံ၊ ဖြစ်ကြကုန်ပြီ။

(၃၉) ဇိနော တသ္မိံ ဂုဏော တုဋ္ဌော၊
ဧတဒဂ္ဂေ ထပေသိ မံ။
ဘိက္ခုဩဝါဒကာန-ဂ္ဂေါ၊
ကပ္ပိနော-တိ မဟာဇနေ။ ။

(၃၉) တသ္မိံ ဂုဏေ၊ ထိုသို့ တရားသဘော ပြောဟောပြသ ဆိုဆုံးမခြင်းဂုဏ်၌။ တုဋ္ဌော၊ လွန်စွာ အားတက်၊ နှစ်သက်တော်မူသည်ဖြစ်၍။ ဇိနော၊ ငါးမာရ် အောင်မြင်၊ မြတ်စွာ ဘုရားရှင်သည်။ ကပ္ပိနော၊ **မဟာကပ္ပိန** ထေရ်သည်။ ဘိက္ခုဩဝါဒကာနံ၊ **ဘိက္ခုဩဝါဒက**၊ သမုတိ,ရသော ရဟန်းပေါင်းတို့ထက်။ အဂ္ဂေါ၊ ချီးမွမ်းအပ်၍ အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်တည်း။ ဣတိ၊ ဤသို့။ မံ၊ **မဟာကပ္ပိန**၊မည်ရတွင်ဆန်း၊ ရဟန်းမြတ် ဖြစ်သောငါ့ကို။ မဟာဇနေ၊ ရဟန်းပရိသတ်တို့၏ အလယ်၌။ ဧတဒဂ္ဂေ၊ သားဦး အထွတ်၊ တမွတ်ခေါင်ဖျား၊ အမြတ်စား-ဟု၊ မှတ်သား ချွေမြွက်၊ သွေမပျက်သည့်၊ (**ဧတဒဂ်**) အရာ၌။ ထပေသိ၊ ချီးမြှင့်မြှောက်စား၊ ချထား, တော်မူ၏။

(၄၀) သတ သဟဿေ ကတံ ကမ္မံ၊
ဖလံ ဒဿေသိ မေ ဣဓ။
ပမုတ္တော သရ-ဝေဂေါဝ၊
ကိလေသေ ဈာပယီ မမ။ ။

(၄၀) သတ, သဟဿေ၊ အတိ,ရှည်ကြာ၊ကပ္ပါတသိန်းထက်၌။ ကတံ၊ **ကတာဝီ**ရဟန်း၊ ဗျာဒိတ် ပန်းကို၊ စိတ်မှန်း ရေးရှု၊ ရလိုမှုကြောင့်၊ပြုလုပ် ကြိုးပမ်းအပ်သော။ ကမ္မံ၊ ကောင်းမှု မျိုးသည်။ ဣဓ၊ ဤ**ဂေါတမ** ဟု၊လောက ထွတ်တင်၊ မြတ်စွာအရှင်၏၊ သာသနာတော်အတွင်း၌။ မေ၊ **မဟာကပ္ပိန**၊ မည်ရတွင်ဆန်း၊ရဟန်းမြတ်ဖြစ်သောငါ့အား။ ဖလံ၊ လွန်စွာတိုးတက်၊ အကျိုးဆက်ကို။ ဒဿေသိ၊ ကျင့်စဉ်အားဖြင့်၊

ထင်ရှားပြတော်မူပြီ။ ။မမ၊**မဟာကပ္ပိန**၊မည်ရတွင်ဆန်း၊ ရဟန်းမြတ်ဖြစ်သောငါ၏။ကိလေသေ၊သံသရာ,ဝဋ်၊ခန္ဓာ, အိမ်ကို၊ ကြိမ်ဖန်ပြုတတ်၊ အပူခာတ်, ကိလေသာတို့ကို။ ပမုတ္တော၊လေးညှို့မှလွတ်ထွက်ပြီးသော။သရ-ဝေဂေါ-ဝ၊ မြှား၏ အဟုန်ကဲ့သို့။ ဈာပယိ၊ အရဟတ္တ မဂ်၊ဉာဏ်ရောင် စက်ဖြင့်၊ ပျက်,ကြေ, လောင်ကျွမ်း၍ သွားစေပြီ။

(၄၁) ကိလေသာ, ဈာပိတာ, မယှံ၊
ဘဝါ သဗ္ဗေ,သမူဟတာ။
နာဂေါ-ဝ,ဗန္ဓနံ, ဆေတွာ၊
ဝိဟရာမိ, အနာသဝေါ။ ။

(၄၁) မယှံ၊ **မဟာကပ္ပိန**၊မည်ရတွင်ဆန်း၊ ရဟန်းမြတ် ဖြစ်သောငါသည်။ ကိလေသာ၊ သံသရာ, ဝဋ်၊ ခန္ဓာ အိမ်ကို၊ ကြိမ်ဖန်ပြုတတ်၊ အပူခာတ် ကိလေသာ,တို့ကို။ ဈာပိတာ၊ အရဟတ္တမဂ်၊ဉာဏ်ရောင် စက်ဖြင့်၊ပျက်ကြေလောင်ကျွမ်း, စေအပ်ကုန်ပြီ။ ။သဗ္ဗေ၊ ကြီး,ငယ်, သိမ်းခြုံ၊ အလုံးစုံ ကုန်သော။ ဘဝါ၊ ရုပ်-နာမ်, နှစ်ရပ်၊ ချုပ်ပြန်စပ်သို၊ ထပ်ခါ-ထပ်ခါ၊ဖြစ်ရာ, ပေါင်းဆုံ၊ဘုံဘဝ အကြီး,အငယ် တို့ကို။ သမူဟတာ၊ အရဟတ္တမဂ်၊ ရန်မြို့ ဖျက်သည့်၊ စက်*အာဝုမ်ဖြင့်၊ သိမ်းချုပ် နုတ်ပယ်တော်မူအပ်ကုန်ပြီ။ နာဂေါ၊ အားအင် စွမ်းဆောင်၊ တောဆင်ပြောင်ကြီး သည်။ ဗန္ဓနံ၊ ချွန်းဖြင့်အုပ်၍၊ တုတ်နှောင်ဖွဲ့ချည်၊ အလိလိ သော ကြိုးကို။ဆေတွာ၊အားကုန်မာန်သွင်း၊အတင်းဖြတ် ၍။ ဝိဟရတိဣဝ၊ ကိုယ်,စိတ်,မပန်း၊ ချမ်းသာစွာ နေရ၏- သို့။ (အဟံပိ၊ **မဟာကပ္ပိန**၊ မည်ရတွင်ဆန်း၊ ရဟန်းမြတ် ဖြစ်သော ငါသည်မှုလည်း။) အနာသဝေါ၊ လေးဖြာ အာသဝ၊ ကင်းစင်ပသည်ဖြစ်၍ သာလျှင်။ ဝိဟရာမိ၊ ကိုယ်စိတ်,မပန်း၊ ချမ်းသာစွာနေရ၏။

---

မှတ်ချက်။ ။* အာဝုမ်–အာဝုဓ၊လက်နက်။

(၄၂) သွာဂတံ ဝတ မေ အာသိ၊
မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊
ကတံ ဗုဒ္ဓဿ သာသနံ။ ။

(၄၁) မေ၊ **မဟာကပ္ပိန**၊မည်ရတွင်ဆန်း၊ ရဟန်းမြတ် ဖြစ်သော ငါအား။ဝတ၊စင်စစ်ကေန်၊အမှန်အားဖြင့်။အာဂတံ၊ဘုရား မျက်မှောက် ရှေ့တော်အောက်သို့၊ရောက်လာရခြင်းသည်။ သွာဂတံ- (သု=အာဂတံ)၊ရှေး“ ကံ” ကြီးမြင့်၊ ချီးပင့် ထောက်၍၊ကောင်းသော ရောက်လာရခြင်းသည်။ အာ-သိ၊ ဖြစ်ပါပေ၏။ ။မမ၊**မဟာကပ္ပိန**၊ မည်ရတွင်ဆန်း၊ ရဟန်းမြတ်ဖြစ်သောငါသည်။ ဗုဒ္ဓဿ၊ သစ္စာ လေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်၏။ သန္တိကေ၊ ထံပါး မျက်မှောက်၊ရှေးတော်အောက်၌။တိဿော၊ ဝိဇ္ဇာသုံးပါး ဖြစ်သောအသိဉာဏ်ဝိဇ္ဇာတရားတို့ကို။အနုပ္ပတ္တာ၊ဉာဏ်ဖြင့် သက်ဝင်၊ မဂ် အစဉ်ဖြင့်၊တက်ယှဉ်လျောက်၍၊ရောက်အပ် ပါကုန်ပြီ။ ။ဗုဒ္ဓဿ၊ သစ္စာလေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်၏။ သာသနံ၊ကျင့်စဉ် ထုံးပြ၊နှလုံးလှဘို့၊ အဆုံးအမ, ဖြစ်သော တရားစကားကိုလည်း။ ကတံ၊ သွေလွှန် မဖင့်၊ ကေန် ဆင့်၍၊ဉာဏ်ဖြင့် ပိုက်ခါ၊ လိုက် နာ ပြုကျင့်အပ်ပါပြီ။

(၄၃) ပဋိသမ္ဘိဒါ စတဿော၊
ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠာဘိညာ သစ္ဆိကတာ၊
ကတံ ဗုဒ္ဓဿ သာသနံ။ ။

(၄၃) စတဿော၊လေးပါးကုန်သော။ ပဋိသမ္ဘိဒါပိစ၊ ပဋိသမ္ဘိ ဒါဉာဏ် တို့ကိုရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေ ဝိမောက္ခာပိစ၊ ဤ ဝိမောက္ခ တရားတို့ကိုရင်း။ ဆဠာ-

ဘိညာစ၊ ခြောက်ပါးသော အဘိညာဉ်, တရားတို့ကိုဋ္ဌင်း။ သစ္စကတာ၊ ဉာဏ်ဖြင့် ထွင်းဖောက်၊ အလင်း ရောက်၍၊ မျက်မှောက် ပြုအပ်ကုန်ပြီ။ ။ဗုဒ္ဓဿ၊ သစ္စာလေးအင်၊ သိမြင် ထင်ရှား၊ မြတ်စွာဘုရားရှင်၏။ သာသနံ၊ ကျင့်စဉ် ထုံးပြ၊ နှလုံး လှတို့၊ အဆုံးအမ,ဖြစ်သော တရားစကား တော်ကိုလည်း။ ကတံ၊ သွေလှန် မဖင့်၊ ကေန်ဆင့်၍၊ဉာဏ် ဖြင့် မိုက်ခါ၊လိုက်နာ ပြုကျင့်အပ်ပါပြီ။

ဤမျှသော စကားအစဉ်ဖြင့်၊ အရှင် **မဟာကပ္ပိန** မဟာထေရ် အလောင်းတော်သည်၊ **ပဒုမုတ္တ**ရ၊ မြတ်စွာဘုရားရှင်၏ လက်ထက်တော် အခါကစ၍၊ **ကတာဝီ**အမည်ရှိသောရဟန္တာပုဂ္ဂိုလ်၏-ကဲ့သို့၊**ဘိက္ခု**(ခြ-**ဝါဒက**)အရာ၊ မဟာ တေဒဂ်ပန်း၊ ဆင်မြန်း ပန်ဆင်ယင်လို၍၊ ထိုထို ဘဝ၊ ကာလရှည်ကြာ၊ သံသရာ၌၊ ကပ္ပါတသိန်းတို့၊ ကာလ တိုင်တိုင်၊ ဒါန,သီလ၊ စသည် ပေါင်းစု၊ ကောင်းမှု ဘာဂီ၊ ပါရမီ တို့ကို၊ အလီလီ ဖြည့်ကျင့်ခဲ့ရခြင်း။

ထိုထို ကုသိုလ်အစု၊ ကောင်းမှု အဟုန်တို့ကြောင့်၊ လူ့ဘုံ,နတ်ဘုံ, တို့၌၊ စုန်ချည်၊ ဆန်ချည်, ဝဲးရစ်လည်သို့၊ အတည်မကျ၊ကျင်လည်ရ၍၊ နတ်ပြည်တို့၌၊နတ်၏ခန္ဓာကိုယ်၊ လူ့ပြည်တို့၌ လူ၏ခန္ဓာကိုယ်, စသော အားဖြင့်၊ ထိုထိုသို့သော ခန္ဓာကိုယ်-အသစ်, အသစ်,ကို၊ ယူရခြင်း။

ထိုမှတဖန်၊ အတန်ငယ်ကာလ၊ပြောင်းပြန်ကလည်း၊အဟောင်း-အဟောင်း,ဖြစ်သော ခန္ဓာကိုယ်ကို၊ စွန့်ရခြင်း-စသော အားဖြင့်၊ ဘုံ သုံးပါးတည်း-ဟူသော သံသရာ ဇာတ်ရုံကြီး အတွင်း၌၊ မပျင်းနိုင်×မ မုန်းနိုင်×ကပ္ပါတသိန်းတို့၊ ဆုံးခန်း တိုင်တိုင်×ရံခါ-ရံခါ၊လူ့အဖြစ်ဖြင့် ငင်း။ ။ရံခါ-ရံခါ၊ နတ်အဖြစ်ဖြင့်ငင်းဖြစ်၍၊ အမျိုးမျိုးသောဇာတ် ကွက်,ဇာတ်လမ်း၊စခန်းအစီအစဉ်တို့ကို၊ (**သုဗောဓာလင်္ကာရ**) ကျမ်း၊ (**ရသာဝဗောဓ**) အပိုင်း၌၊ ပြဆိုအပ်သည့်နည်းအတိုင်း။ ရံခါ-ရံခါ, စိတ်စက် မသာ၊ဗျာပါဝင်၍၊ တပင်ပန်းပန်း၊ တန္ဒမ်း,ဟိုက်ဟိုက်၊ဖြင့်၊ ရှိုက်၍- ရှိုက်၍၊ လှိုက်လှိုက် လှဲးလှဲး၊ ငိုပွဲကြီးဆင်၍၊ က, ပြ, ခဲ့ရခြင်း။

ရုံခါ-ရုံခါ၌မူ၊စိတ်၌ ထုံသည့်၊ဗုဒ္ဓာရုံနှင့်၊ ကြုံတွေ့ရသဖြင့်၊ ဘုံမလေ့အလိုက်၊ နှစ်ခြိုက်ရွှင်ပြီး၊ နှလုံးအေးမြစွာဖြင့်၊ ရယ်ပွဲကြီးဆင်၍ ပျော်ရွှင်စွာ က,ပြ,ခဲ့ရခြင်း=စသည်တို့ဖြင့်၊နည်းအမျိုးမျိုး,ဇာတ်လမ်းအမျိုးမျိုးတို့ကို၊ ကြိုးကြိုး,ပမ်းပမ်း, (က,၍-က,၍) (ပြ,၍-ပြ,၍) လာခဲ့လေရာ၊ ကပ္ပါတသိန်းပြည့်၍၊ဤ ဂေါတမဟု၊လောကထွတ်တင်၊ မြတ်စွာဘုရားရှင်သည်၊ အထင်အရှား ဖြစ်ပွား,ပွင့်လာတော်မူသောအခါ ကုသိနာရုံ ပြည်ကြီးအရှင်၊ မဟာကပ္ပိန မင်းကြီးဖြစ်၍ လွန်ခဲ့လေပြီး၊ အတိး,ရှည်ကြာ၊ သံသရာ အထက်စခန်း၌၊ (ရက်ကန်းသည်) ဘ၀ဟောင်းက၊အကြောင်းခင်း၍၊ပေါင်းသင်းဆက်ဆံ၊ကြင်ဘက်နှံခဲ့ဘူးပြီးဖြစ်သော အနောဇာ မင်းသမီးနှင့်၊ဇနီးတူစုံ၊ နန်းရိပ်လှုံ၍၊ပျော်တုံ,ရွှင်တုံ၊ သဗ္ဗာ ဘုံ၌၊ အာရုံဆင်ကွဲ၊သဘင်ပွဲကို၊ဝင်နွှဲးကျင်းပ၍နေကြစဉ်၊ထိုထိုဘဝတို့၌ ထုံမွှမ်းအပ်သော စိတ်ဓါတ် အဟုန်ကြောင့်၊ ရတနာသုံးပါးတို့၏၊ ဂုဏ်သတင်းစကားကို၊ ကြားရသဖြင့်၊အားရနှစ်ခြိုက်၊ ဘဝင်ခိုက်လျက်၊လှိုက်လှိုက် လှဲ့လှဲ့၊ကြည်ကွဲ့ဝမ်းသာ၊ ဖရဏာ ဖြင့်၊ ငါးဖြာပီတိ၊ ကိုယ်လုံးထိ၍၊ သတိ,မခိုင်၊ တိမ်းမှိုင်တွေဝေ၊အနေမလှ၊ဖြစ်ရခြင်း။ ။

ထိုရတနာသုံးပါးတို့၏ အာရုံသည်၊ ဆွဲငင်အပ်သည်ဖြစ်၍၊ အသက်ပမာ၊ ကြင်နာမြတ်နိုး၊ အားကိုးလှစွာသော၊ အနောဇာ ဒေဝီ၊ရွှေဘွဲ့ချီသည့်၊ရွှေညီထွတ်ထား၊ မိဖုရားကြီးနှင့်တကွ၊ ကုသိနာရုံ၊ မင်းနေပြည်ကြီးကို၊ငြီးငွေ့စွန့်ပယ်ခဲ့၍၊မြတ်စွာဘုရား၊ ထံပါးမျက်မှောက်၊ ရွှေတော်အောက်သို့၊သွားရောက်ချဉ်းကပ်ပြီးလျှင်၊ရဟန်းပြု၍၊ပဋိသမ္ဘိဒါဉာဏ်, အဘိညာဉ် ဉာဏ်တို့နှင့်တကွ၊အာသဝေါကုန်ခန်း၍၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ရခြင်း။ ။တကြိမ်တည်းမျှ၊တရားဟောလျှင်၊တထောင်မျှသောရဟန်းတို့ကို၊ အာသဝေါကုန်ခန်း၍ ရဟန္တာပုဂ္ဂိုလ် ဖြစ်စေနိုင်ခြင်း=စသောအစွမ်းသတ္တိ ရှိရကား၊ ပဒုမုတ္တရ၊ နာမထင်ရှား၊ မြတ်စွာဘုရားရှင်၏၊ လက်ထက်အခါကပင်၊ပတ္ထနာဆုမြတ်၊ ရည်မှတ်ပြုခဲ့၍၊ ဗျာဒိတ်ပန်းကို၊ ဆင်မြန်းပန်ဆင်ယင်ရခဲ့ပြီးဖြစ်သည်နှင့်အညီ၊ ဤဂေါတမ ဟု၊လောကထွတ်တင်၊ မြတ်စွာဘုရားသခင်သည်လည်း၊ ရှေးရှေးသော နောင်တော်ရှင်ဖြစ်သော မြတ်စွာဘုရားတို့၊ စီရင်ညွှန်ပြအပ်ခဲ့သည့်အတိုင်း၊ တပည့်တပန်း၊ရဟန်း,ပုဂ္ဂိုလ်၊များထိုထိုတို့ကို၊နည်းလမ်းညွှန်၍ သွန်သင်,ပြသ

ဆိုးမ,ညြဝါဒ,ပေး၍၊ယဉ်ကျေးစေနိုင်သောအရာ၌၊ဤ**မဟာကပ္ပိန**ထေရ်သည်၊ ထူးထူးချွန်ချွန် ၊ကျူးကျူးလွန်လွန်၊ အမွန်မြင့်မြတ် ချီးမွမ်းအပ်သော **ဘိက္ခုညြဝါဒက** ရဟန်း,တပါးပေတည်း-ဟု၊**တေဒဂ်**ဘွဲ့ခံ သာဝက ဂုဏ်ထူးဖြင့်၊ ချီးကျူးမြှောက်စား, အပ်နှင်းခြင်းကို ခံယူအပ်ပြီးသော အရှင် **မဟာကပ္ပိန** ထေရ်သည်၊လွန်ခဲ့လေပြီး၊အတိုးရှည်ကြာ၊သံသရာ၌၊ ကျင်လည်ရစဉ်၊**ဟံသာဝတီ** မြို့ဝယ်၊**တရားသူကြီး**၏အဖြစ်၌၊ **ပဒုမုတ္တရ**မြတ် စွာဘုရားရှင်၏၊အထံတော်မှ၊ ဗျာဒိတ်စကား၊ကြားနာရပြီးသည်ကစ၍၊ အစဉ်သဖြင့်၊ မိမိပြုလုပ်အားထုတ်အပ်သော ဒါနစသော ကောင်းမှုတို့ ကို၊ အောက်မေ့ ဆင်ခြင်လတ်သော်-ဗုဒ္ဓဂုဏော၊ ဂုဏ်သဘောသည်၊ အဟောအစ္ဆရိ၊ အံ့ဘွယ်ရှိ-ဟု၊ ပီတိဖြာဖြာ၊အစလာဖြင့်၊ သဒ္ဒါဗလဝ၊ လျှမ်းလျှမ်းကြွလျက်၊ကာလအခွင့်၊မြှော်ထောက်ချင့်၍မိမိ၏အတိတ်ဇာတ် ဟောင်း၊အကြောင်း,အတ္ထုပ္ပတ္တိတို့ကို၊ ဖေါ်ပြလိုရကား—

“ပဒုမုတ္တရော,နာမ,ဇိနော၊ သဗ္ဗဓမ္မာန,ပါရဂူ။
ဉဒိတော,ဇလဒါ,ကာသေ၊ရဝိ-ဝ,သရဒ-မ္ဗရေ”။ ။

အစရှိသော ပါဠိဂါထာတို့ဖြင့်၊တန်းဆာဆင်အပ်သော၊ ဤ**မဟာ ကပ္ပိန**အပဒါန်ပါဠိတော်မြတ်ကို ဟောကြားတော်မူအပ်၏။

ဤတွင်ရွေကား
အရှင် **မဟာကပ္ပိန** မဟာထေရ်ဝတ္ထုပြီး၏။

---

အရှင်မြတ် **မဟာကပ္ပိန** မဟာထေရ်သည်၊ **မဟာကပ္ပိန** အပဒါန် ပါဠိတော်မြတ်ဖြင့်၊မိမိသည် သံသရာ-ဘုံဘဝ၌၊ ဖြစ်,ပျက်,ကြုံတွေ့ခဲ့ရပုံ အကြောင်းမျိုးစုံကို၊ ကုန်စင်အောင်၊ ဖေါ်ပြခဲ့ပြီးနောက်၊ ရဟန္တာ ပုဂ္ဂိုလ်အဖြစ်သို့၊ရောက်သောအခါ၊ အခါအခွင့် အားလျော်စွာ၊ တရား စကား၊ဟောကြားပြန်သည်ကား၊(ထေရဂါထာ)ပါဠိတော်ပင်ဖြစ်၏။

ဤယခုအခါ၊ထို(ထေရဂါထာ)ပါဠိတော်ကို၊နိဿယ-ပြန်,မြန်မာ ဘာသာပြန်၊ အကျဉ်းချုပ် အဓိပ္ပါယ်စကားဖြင့်၊ ရေးသား ဖေါ်ပြ ဦးအံ့။—

(၁) အနာဂတံ ယော ပဋိ-ကစ္စ ပဿတိ၊
ဟိတတ္ထ အတ္တံ့,အ-ဟိတတ္ထ တံ ဒွယံ။
ဝိဒ္ဒေသိနော တဿ ဟိတေသိနော၊
ရန္ဓံ နပဿန္တိ သမေက္ခ-မာနာ။ ။

(၁) ယော-(ပုဂ္ဂလော)၊အကြင်ပုဂ္ဂိုလ်သည်။ ဟိတံ၊ အကျိုးစီးပွားရှိသော။အတ္တတ္ထ၊အမှုကိစ္စကိုဎင်း။ အ-ဟိတံ၊အကျိုးစီးပွားမရှိသော။ အတ္တတ္ထ၊အမှုကိစ္စကိုဎင်း။ တံဒွယံ၊ထိုအကျိုးစီးပွားရှိသည်,မရှိသည်ဖြစ်သော နှစ်ပါးသောအမှုကိစ္စကို။ အနာဂတံ၊ ရှေးရှုမျက်မှောက်၊ မရောက်မီက သာလျှင်။ ပဋိ-ကစ္စ၊ပညာဉာဏ်ဖြင့် ဆင်ခြင်၍။ပဿတိ၊စုံစမ်းဆင်ခြင်၊ သိမြင်၏။

တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဝိဒ္ဒေသိနော၊ အကျိုးစီးပွားကို အလိုမရှိသော ခင်ပွန်းယုတ်တို့သည်ဎင်း။ ဟိတေ-သိနော၊ အကျိုးစီးပွားကိုအလိုရှိသော ခင်ပွန်းကောင်းတို့သည်ဎင်း။ ရန္ဓံ-ဆိဒ္ဒံ၊အကျိုးစီးပွားပျက်ပြားဆုတ်ယုတ်ဘို့ရာဖြစ်သော လမ်းစ-အပေါက်ကို။ သမေက္ခ-မာနာ၊ ရှာဘွေကုန်သည်ရှိသော်။ နပဿန္တိ၊ မတွေ့မြင်ကြကုန်။

အထူးဖော်ပြချက်—

**ဤ (၁)အမှတ်ပြဂါထာ၌ အကျဉ်းချုပ်အဓိပ္ပါယ်ကား**

(၁) ခပ်သိမ်းအမှု၊မပြုခင်က၊စဉ်းစားကြ၊နောင်တ-မဖြစ်ကြစေရာ၊—

(၂) နောင်တ ကင်းအောင်၊သတိဆောင်၊မယောင်မမှားကြစေရာ၊—

ဟူသော ဩဝါဒ-စကားအတိုင်း၊ ရှေးအဘို့က ကြိုတင်၍ ပညာဉာဏ်ဖြင့် ဆင်ခြင်၍ ပြုလုပ်အပ်သော အမှုအလုပ်တို့၌၊ ရန်သူတို့သည် မနှောင့်ရှက်,မဖျက်ဆီးနိုင်ချေ။ ။ဖျက်ဆီး နှောင့်ရှက်ဘို့ရန်၊ဝင်ဘို့ရာ လမ်းပေါက်အစကိုမျှ-မရနိုင်-ဟု၊ဟောတော်မူရင်းဖြစ်၏။

ဤတွင် (၁)အမှတ်ပြ ဂါထာ၏ အကျဉ်းချုပ်အဓိပ္ပါယ် ပြီး၏။

(၂) အာနာပါနသတိ ယဿ၊
ပရိ-ပုဏ္ဏာ သု-ဘာဝိတာ။
အနု ပုဗ္ဗံ ပရိ-စိတာ၊
ယထာ ဗုဒ္ဓေန ဒေသိတာ။ ။
သော-မံ လောကံ ပ-ဘာသေတိ၊
အဗ္ဘာ မုတ္တော-ဝ,စန္ဒိမာ။ ။

(၂) ယဿ-(ယောဂိနော)၊ အကြင် "ယောဂီ" ပုဂ္ဂိုလ်အား။ အာနာ-ပါန-သတိ၊ ထွက်သက်, ဝင်သက်-လျှင် အာရုံ ရှိသော "သတိ"ကို။ ပရိပုဏ္ဏာ၊ လေးပါးသော "သတိ ပဋ္ဌာန်"တို့၏၊ တဆယ့်ခြောက်ပါးသောအခြင်းအရာတို့ဖြင့်၊ အဝါခပ်သိမ်း ပြည့်စုံခြင်း,ဗောဇ္ဈင်, ဝိဇ္ဇာ, ဝိမုတ္တိ, တို့၏၊ ပြည့်စုံခြင်းဖြင့်။သု-ဘာဝိတာ၊ ကောင်းစွာ ပွားစေအပ်၏။ ဗုဒ္ဓေန၊ မြတ်စွာဘုရားရှင်သည်၊ ဒေသိတာ-(ယထာ)၊ "သော,သတောဝ,အဿသတိ"အစရှိသည်ဖြင့်၊ ဟော တော်မူအပ်သကဲ့သို့။ အနုပုဗ္ဗံ-(အနုပုဗ္ဗေန)၊ အစဉ် သဖြင့်။ ပရိစိတာ၊ ပွားစေအပ်,လေ့လာအပ်၏။

သော-(ယောဂါဝစရော)၊ ထိုကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်သည်။ အဗ္ဘာ၊ညိုမှောင် ပြည့်သိပ်၊မိုယ်းတိမ်ရိပ်, တိမ်တိုက်မှ။မုတ္တော၊ကင်းလွတ်သော။စန္ဒိမာဝ-(စန္ဒိမာ-ဣဝ)၊ (လ)ပြည့်ဝန်းကဲ့သို့။ဣမံ လောကံ၊ ဤလောက ကို။ပ-ဘာသေတိ၊ ဉာဏ်တည်းဟူသော အလင်းရောင်ဖြင့် မိမိသန္တာန်, သူတပါးသန္တာန်၌ကျသော ရုပ်,နာမ်-ဟူ သော"သင်္ခါရ"လောကကို ထင်စွာပြုတတ်၏။

အထူးမှတ်ချက်—

ဤ (၂) အမှတ်ပြ၊ "အာနာပါနသတိ ယဿ၊ လ၊ အဗ္ဘာမုတ္တော ဝ စန္ဒိမာ" ဟူသော ဂါထာကို၊ အရှင်မြတ် "မဟာကပ္ပိန" ထေရ်သည်၊ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ ရောက် သောအခါ၊ "ဉဒါန်း" ဂါထာအဖြစ်ဖြင့် (ထေရဂါထာ)

ပါဠိတော်၌၊ ရွတ်ဆို ဟောကြားအပ်၏။ ။ယင်းသို့ ဖြစ်ရာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, အနုဿတိ ကမ္မဋ္ဌာနနိဒ္ဒေသ-စာအုပ် မျက်နှာ အမှတ်-(၂၃၃) ဟံသာဝတီ-ပ-နှိပ်၌၊တဖန်ဆိုလျက် ရှိပြန်သဖြင့်၊ ဤနေရာ၌၊ တဖန်ထပ်၍-ပြဆိုဦးအံ့။ (ဤသည် ကား–အမှာစကား။)

(က) အာနာ,ပါနဿတိ,ယဿ၊
ပရိပုဏ္ဏာ,သုဘာဝိတာ၊
အနုပုဗ္ဗံ ပရိစိတာ၊
ယထာ ဗုဒ္ဓေန ဒေသိတာ။ ။
သော ဣမံ လောကံ ပဘာသေတိ၊
အဗ္ဘာမုတ္တော-ဝ,စန္ဒိမာ။ ။

(ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ-အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ ၂၃၃ ဟံသာဝတီ-ပ-နှိပ်။)

(က) အာနာ,ပါနဿတိ၊ **အာနာပါနဿတိကမ္မဋ္ဌာန်းကို**။ ယထာ၊ အကြင် အခြင်းအရာဖြင့်။ ဗုဒ္ဓေန၊ သစ္စာလေးအင်၊သိ မြင်ထင်ရှား၊ မြတ်စွာဘုရားရှင်သည်။ ဒေသိတာ၊ ဟောတော် မူအပ်၏။တထာ၊ထိုမြတ်စွာဘုရားရှင် ဟောကြားတော်မူသော နည်းအတိုင်း။ ယဿ-(ဘိက္ခုနော)၊ အကြင်"**ယောဂီ**"ရဟန်း ပုဂ္ဂိုလ်သည်။ အနု-ပုဗ္ဗံ၊အရှည်, အတို-ဟူသော ဒီဃ, ရဿ, ကို၊ သိခြင်း စသော အစီအရင်ဖြင့် အစဉ်အတိုင်း။ ပရိစိတာ၊ ထက်ဝန်းကျင် လေ့လာအပ်၏။ သု-ဘာဝိတာ၊ ကောင်းစွာ ပွားစေအပ်၏။ ။တတော ဝေ၊ ထိုသို့ အနုပုဗ္ဗ×ပရိ-စိတ× သု-ဘာဝိတ- ဖြစ်သောကြောင့်သာလျှင်။ ပရိ-ပုဏ္ဏာ၊ အချင်း ခပ်သိမ်း ပြည့်စုံ၏။

သော ဘိက္ခု၊ထို"**ယောဂီ**"ရဟန်းပုဂ္ဂိုလ်သည်။ ဣမံလော-ကံ၊ ဤမိမိ၏ ခန္ဓာ, အာယတန-စသော **သင်္ခါရ** လောကကို။ ပဘာသေတိ၊ ပညာ ရောင်ဖြင့်၊ ထွန်းလင်းစေ၏။ ယထာ-ကိံ၊ ဥပမာအဘယ်ကဲ့သို့နည်း-ဟူမူကား။—

အဗ္ဘာ၊မည်နက် ညိုမှောင်၊မိုယ်း တိမ်တောင် တိမ်တိုက်မှ။ မုတ္တော၊ ကင်းလွတ်သော။ စန္ဒိမာဝ၊ (လ) ပြည့်ဝန်းကဲ့သို့ ပေတည်း။

(ဝိသုဒ္ဓိမဂ်–အဋ္ဌကထာ နိဿယ-ဒု-၁၇၂၊ဟံသာဝတီ-နှိပ်)

(ခ) တသ္မာ ဟဝေ အပ္ပမတ္တော၊အနု-ယုဉ္ဇေထ ပဏ္ဍိတော။
ဧဝံ အနေကာနိသံသံ၊ အာနာပါနဿတိံ သဒါ။ ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ ပါဠိ၊ (ဟံ-ပ-နှိပ်--၂၄၄)

(ခ) တသ္မာ၊ထိုသို့ **အာနာပါနဿတိ** ကမ္မဋ္ဌာန်း၏၊များသော အကျိုးရင်း+အကျိုးဖျားရှိသည်၏ အဖြစ်ကြောင့်။ဟဝေ၊ စင်စစ်ကေန်၊ အမှန်အားဖြင့်။ ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ အနေကာ-နိသံသံ၊ တပါးမက၊ များစွာသော အကျိုး (**အာနိသင်**) ရှိသော။ အာနာပါနဿတိံ၊ **အာနာပါနဿတိ** ကမ္မဋ္ဌာန်းကို။ သဒါ၊ အခါခပ်သိမ်း၊ (နေ့ဥ္ဒရင်း+ညဥ့်ဥ္ဒရင်း)။ အပ္ပမတ္တော၊ မမေ့မလျော့သော၊ ပဏ္ဍိတော၊ ပညာရှိသော “**ယောဂီ**”ရဟန်းပုဂ္ဂိုလ်သည်။ အနုယုဉ္ဇေထ၊ လုံ့လကြိုးကုတ်၊ အားထုတ်ပွားများရာသည်သာလျှင်ကတည်း။

(ဝိသုဒ္ဓိမဂ်-အဋ္ဌကထာနိဿယ ၂၂၆-ဟံ)

ဤတွင်–(၂)အမှတ်ပြဂါထာ၏ အနက်အဓိပ္ပါယ်ပြီး၏။

---

(၃) ဩဒါတံ,ဝတ မေ စိတ္တံ၊
အ-ပ္ပမာဏံ သု-ဘာဝိတံ။
နိဗ္ဗိန္နံ, ပ-ဂ္ဂဟိတဉ္စ၊
သဗ္ဗာ ဩဘာသတေ ဒိသာ။ ။

(၃) မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အ-ပ္ပမာဏံ၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော “**ရာဂ**” “**ဒေါသ**” “**မောဟ**”စသည်တို့ကို၊ ပယ်သောအားဖြင့် “**နိဗ္ဗာန်**”ကို။ သု-ဘာဝိတံ၊ ကောင်းစွာ ပွားစေအပ်သည်ဖြစ်၍။ ဩဒါတံ-ဝတ၊ “**နိဝရဏ**” တည်းဟူသော အညစ်အကြေးတို့မှ ကင်းဝေးဖြူစင်စွာ့-တကား၊=

# သုတ္တိဘာဝနာဖွင့်အကျယ်

နိဗ္ဗိန္န-(ပဋိ-ဝိဇ္ဈိတံ)၊ထိုးထွင်း၍ သိအပ်သည်။ပ-ဂ္ဂဟိ-တဥ္စ၊ ကိလေသာ တည်းဟူသော အဖို့မှ၊ဖဲ၍ယူအပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ သဗ္ဗာ-ဒိသာ၊ "ဒုက္ခသစ္စာ" အစရှိသော "ပုဗ္ဗန္တာနု-ဒိဋ္ဌိ" စသော ခပ်သိမ်းသော အရပ်တို့သည်။ ဩဘာသတေ၊ ထင်ရှားစွာ ဖြစ်ကုန်၏။

ဤတွင် (၃) အမှတ်ပြဂါထာ၏ အနက်အဓိပ္ပါယ်ပြီး၏။

---

(၄) ဇီဝတေ ဝါ-ပိ သ-ပ္ပညော၊
အ-ပ-ဝိတ္တ ပရိက္ခယော။
ပညာယစ အလာဘေန၊
ဝိတ္တ-ဝါ-ပိ နဇီဝတိ။ ။

(၄) သပ္ပညော၊အဆင်ခြင်,ပညာဉာဏ်နှင့်ပြည့်စုံသောသူသည်။ အပ-ဝိတ္တပရိက္ခယောအပိ၊ ကုန်ခန်းပျက်စီးသော ဥစ္စာပစ္စည်းရှိသော်လည်း။-ဇီဝတေ-ဝ၊ ရရသမျှသော ပစ္စည်းဥစ္စာဖြင့်၊ ရောင့်ရဲသည်ဖြစ်၍၊ အပြစ်မရှိသော အသက်ရှည်ခြင်းမည်သည်သာလျှင်။ အသိ၊ဖြစ်၏။

ဝိတ္တဝါ-ပိ၊ ပညာဉာဏ်နည်းသောပုဂ္ဂိုလ်သည်(ပစ္စုပ္ပန်, သံသရာ, အကျိုးနှစ်ပါးကို၊ ချွတ်ယွင်းစေသော အမှုအလုပ်ဖြင့်) ဥစ္စာ-ပစ္စည်းရှိသော်လည်း။ပညာယ၊အဆင်ခြင်, ပညာဉာဏ်ဖြင့်။ အ-လာဘေန-(အလာဘတ္တာ)၊မိမိကိုယ်၌ မရှိ-မရသောကြောင့်။ န-ဇီဝတိ၊ (ရတိုင်းသော ဥစ္စာ, ပစ္စည်းကို၊ ဖျက်ဆီးလျက်) အသက်ကိုကောင်းစွာ တည်စေခြင်းငှါ မတတ်နိုင်ချေ။

ဤ (၄)အမှတ်ပြဂါထာ၌ အကျဉ်းချုပ် အဓိပ္ပါယ်ကား

(၄) အဆင်ခြင်, ပညာဉာဏ်နှင့်ပြည့်စုံသော ပညာရှိသောသူသည်၊ပစ္စည်း,ဥစ္စာမရှိဖြစ်၍ ဆင်းရဲးနွမ်းပါး၍ နေသောသူ

ပင်ဖြစ်စေကာမူ၊ (တပေါ်စ)၊ မြိုးမြီစွာ နေရခြင်း+စား သောက်ရခြင်း+ ဝတ်ရုံရခြင်း- ဟူသော မင်္ဂလာတရား တော်အရ၊ရှိရှိသမျှ၊ရရသမျှဖြင့်၊နေထိုင်တတ်,စားသောက် တတ်,ဝတ်ရုံတတ်,ဖြစ်၍သူ၏အသက်ရှည်ခြင်းသည်၊ စိုးရိမ် ခြင်း-ပူပန်ခြင်း ဟူသောအပြစ်မှကင်း၏၊ ဆင်းရဲခြင်းကင်း ၏၊ စိတ်ချမ်းသာ၏–ဟူ၍၊ ဆိုလို၏။

(၄) ပစ္စည်းဥစ္စာရှိ၍ ချမ်းသာသည်- ဟုဆိုရသောသူသည်၊ အဆင်ခြင်ပညာဉာဏ်မရှိဖြစ်၍ ထင်တိုင်းသုံးစွဲ,စားသောက် ဝတ်ရုံသဖြင့်၊ ရှိပြီးသော ပစ္စည်းဥစ္စာကုန်ခဲ့လျှင်၊ နောက် ထပ်တဖန်၊ ဥစ္စာ,ပစ္စည်းရဘို့ရာ၊ ပညာဉာဏ်မရှိသဖြင့်၊ထို သူသည်၊ စိုးရိမ်ခြင်း,ပူပန်ခြင်း ဟူသော ဆင်းရဲးရမည့်, ကေန်အမှန်ဖြစ်၏၊ ထိုသူ၏၊တခဏမျှ ပစ္စည်းဥစ္စာနှင့်ပြည့် စုံခြင်းသည်၊ အရှည်သဖြင့်၊ ချမ်းသာစွာ အသက်ရှည်ခြင်း မဖြစ်နိုင်-ဟူ၍ ဟောတော်မူ၏။

ဤတွင် (၄)အမှတ်ပြ ဂါထာ၏ အနက်အဓိပ္ပါယ် ပြီး၏။

---

(၅) ပညာ သုတ-ဝိနိစ္ဆိနီ၊
ပညာ ကိတ္တိ-သိလောက ဝဍ္ဎိနီ။
ပညာ သဟိတော နရော ဣဓ၊
အပိ,ဒုက္ခေသု,သုခါနိ ဝိန္ဒတိ။ ။

(၅) သော ပညာ နာမ၊ ဤအသိဉာဏ် "ပညာ" မည်သည်ကား။ သုတ-ဝိနိစ္ဆိနီ၊ ကြားတိုင်း+မြင်တိုင်းသောတရား၏ အနက် ကို၊ (ဤသည်ကား၊ ကောင်းသောအမှု-ကုသိုလ်+ဤသည် ကား၊မကောင်းသောအမှု အကုသိုလ်+ဤသည်ကား၊အပြစ် ရှိ၏+ဤသည်ကား၊ အပြစ်မရှိ)စသည်ဖြင့် ဆုံးဖြတ်နိုင်ခြင်း သဘော ရှိ၏။

သောပညာ၊ ဤအသိ-ဉာဏ် "ပညာ" ဟူသည်။ ကိတ္တိ- သိလောက-ဝဍ္ဎိနီ၊ မျက်မှောက် ချီးမွမ်းခြင်းဖြင့် လူအပေါင်း၌၊ ပြန့်နှံ့ခြင်း၏ သဘောအားဖြင့် ပွားတိုးခြင်းရှိ၏။

ပညာ သဟိတော၊ ''ပါဠိဟာရိယ'' ပညာ+ဝိပဿနာ ပညာနှင့် တကွဖြစ်သော။ နရော၊ လူသည်။ ဣဓ လောကေ၊ ဤလောက၌။ဒုက္ခသု-အပိစ၊စင်စစ် မလွဲ၊ အမြဲဆင်းရဲသော သဘော ရှိကုန်သော ခန္ဓာ, အာယတန, ဓာတ်, ခေါ်သော ရုပ်,နာမ်, တရားတို့၌လည်း။ သုခါနိ၊ တကယ်, ကေန်၊ ဟုတ် မှန်သော သဘောကို၊ ထိုးထွင်း၍ သိသဖြင့် (အာမိသ) ကင်း သော ချမ်းသာတို့ကို။ ဝိန္ဒတိ၊ ရ၏။

ဤကွင်း (၅)အမှတ်ပြ ဂါထာ၏ အနက်အဓိပ္ပါယ် ပြီး၏။

---

(၆) နာ-ယံ အဇ္ဇတနော ဓမ္မော၊
နစ္ဆေရော, နပိ အဗ္ဘုတော။
ယတ္ထ ဇာယေထ, မိယေထ၊
ယတ္ထ ကိံ ဝိယ,အဗ္ဘုတံ။ ။

(၆) သတ္တာနံ၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏။ ယွာယံ-(ယော-အယံ) ဓမ္မော၊ အကြင် ဖြစ်ခြင်း သဘော × သေကြေ ပျက်စီးခြင်း သဘောသည်။ အဇ္ဇတနော၊ ဤယခုအခါ၌ သာလျှင်။ နဟောတိ၊အသစ်ဖြစ်သည်မဟုတ်။

န-အစ္ဆေရော၊ မပြတ် ဖြစ်ခြင်းရှိသည်၏ အဖြစ်ဖြင့်၊ အံ့ဘွယ်သရဲလည်း မဖြစ်။

န ပိ-အဗ္ဘုတော၊ ရှေး၌ မဖြစ်ဘူးသည်၏ အဖြစ်ဖြင့် မဖြစ်သော သဘောဖြင့် ဖြစ်ပေါ်လာသည်လည်းမဟုတ်။ ယတ္ထ၊ အကြင်ရုပ်-နာမ်တရား၊နှစ်ပါးဟူသော ''သင်္ခါရ'' လောက၌။ဇာယေထ၊ပဋိသန္ဓေ၊စွဲတည်နေသောအားဖြင့်၊ နေလည်း-နေခဲ့ဘူးပြီ။

သော သတ္တော၊ထိုသတ္တဝါသည်။မိယေထ၊စင်စစ်မသွေ၊ သေလည်း, သေခဲ့ဘူးလှပြီ။

တတ္ထ၊ ထိုပဋိသန္ဓေနေခြင်း+သေခြင်း သဘောရှိသော ရုပ်-နာမ်တရား၊ နှစ်ပါး ဟူသော ''သင်္ခါရ'' လောက၌။ ကိံ ဝိယ-(ကိံနာမ)၊ အဘယ်ကြောင့်လျှင်၊ မဖြစ်ဘူးသေး သောသဘောဖြင့်၊ ဖြစ်ရာအံ့နည်း။

ဤ (၆)အမှတ်ပြုဂါထာ၌၊အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၁) လူ,နတ်,ဗြဟ္မာ သတ္တဝါ-ဟူသမျှတို့သည်၊ ဖြစ်ခဲ့ဘူးပြီးဖြစ်သော သဘောဖြင့်သာလျှင်၊ ထပ်တလဲလဲ၊အမြဲ အသစ်-အသစ်၊ ဖြစ်၍-ဖြစ်၍၊ နေကြကုန်၏။ မဖြစ်စဘူး၊ အထူးအသစ် အသစ် ဖြစ်ပေါ်လာသည်-မဟုတ်-ဟူ၍ဆိုလို၏။

(၂) လူ,နတ်,ဗြဟ္မာ သတ္တဝါ-ဟူသမျှတို့သည်၊ သေခဲ့ဘူးပြီးဖြစ်သော သဘောဖြင့်သာလျှင်၊ ထပ်တလဲလဲ၊ အမြဲမသွေ သေ၍-သေ၍၊ နေကြရကုန်၏၊မဖြစ်စဘူး၊ အထူးအသစ်-အသစ်၊ သေကြရသည်မဟုတ်-ဟူ၍ဟောတော်မူ၏။

ဤတွင် (၆)အမှတ်ပြု ဂါထာ၏အနက်အဓိပ္ပါယ်အကျဉ်းချုပ်ပြီး၏။

---

(၇) အနန္တရံ ဟိ ဇာတဿ၊
ဇီဝိတာ မရဏံ ဓုဝံ။
ဇာတာ-ဇာတာ မရန္တိ-ဓ၊
ဧဝံ ဓမ္မာ ဟိ ပါဏိနော။ ။

(၇) ဟိ-(ယသ္မာ)၊ အကြင့်ကြောင့်။ အနန္တရံ၊ သေသည်၏အခြားမဲ့၌။ ဇာတဿ၊ အသစ်ဖြစ်ပေါ်လာသော သတ္တဝါ၏။ ဇီဝိတာ၊ အသက်ရှည်ခြင်းမှ။ မရဏံ၊ သေခြင်းသည်။ ဓုဝံ၊အမြဲ။ဇာယေယျ၊ ဖြစ်ရာ၏။

(ဟိ-သစ္စံ)၊ ထိုစကားသည်၊ မမှားကေန်မှန်၏။ ဣဓ၊ ဤလောက၌။ ဇာတာ,ဇာတာ၊အသစ်-အသစ်၊ ဖြစ်သည် ဖြစ်သည်မှ။မရန္တိ၊အခြားမဲ့၌ သေကြရကုန်၏။

ဟိ-(ယသ္မာ)၊အကြင့်ကြောင့်။ပါဏိနော၊ကြီးငယ်-ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည်။ ဧဝံဓမ္မာ၊ဤသို့ဖြစ်သည်-ဖြစ်သည်မှအထက်၌၊ ပျက်ခြင်း-ပျက်ခြင်းသို့ ရောက်ရခြင်း သဘောရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

တသ္မာ၊ ထို့ကြောင့်။ ကိံ နာမ အတ္ထုတံ၊ အဘယ် ကြောင့် မဖြစ်ဘူးမြဲသော သဘောဖြင့် ဖြစ်ရာအံ့နည်း။

ဤ(၇)အမှတ်ပြဂါထာ၌အကျဉ်းချုပ်အဓိပ္ပါယ်ကား။

(က) လူ,နတ်,ဗြဟ္မာ၊ သတ္တဝါဟူသမျှတို့သည်၊ ဖြစ်ခဲ့ကြရဘူးပြီး ဖြစ်သောသဘောဖြင့်သာ၊ နောက်ထပ်တဖန်၊ ဖြစ်ပေါ်လာကြပြန်ကုန်၏၊ (တခါမျှမဖြစ်စဘူး၊ အထူးဖြစ်ပေါ်လာရသည်မဟုတ်)။

(ခ) သေခဲ့ကြရဘူးပြီးဖြစ်သော သဘောဖြင့်သာ၊ နောက်ထပ်တဖန်၊ သေကြရပြန်ကုန်၏၊ တခါမျှ မသေစဘူး၊အထူးသေခြင်း ဖြစ်ပေါ်လာရသည်မဟုတ်-ဟူ၍၊ဟောတော်မူ၏။

[အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော (ပ) န သော ဘိက္ခဝေ-သတ္တော သုလဘရူပေါ၊ ယောနပိတာ ဘူတပုဗ္ဗော(ပ)အလံဝိမုစ္စိတုံ] နိဒါနဝဂ္ဂသံယုတ်, အနမတဂ္ဂသံယုတ်၌၊ ဟောတော်မူပုံ နည်းအတိုင်း ပင်ဖြစ်၏။

ဤတွင်(၇)အမှတ်ပြ ဂါထာအကျဉ်းချုပ်အဓိပ္ပါယ်ပြီး၏။

---

(၈) နဟေ တဒတ္တာယ မတဿ ဟောတိ၊
ယံ ဇီဝိကတ္တံ ပရ-ပေါရိသာနံ။
မတံ ဟိ ရုဏ္ဏံ,န,ယ သော န သောကျံ၊
န ဝဏ္ဏိတံ သမဏ-ဗြာဟ္မဏေဟိ။ ။

(၈) မတဿ၊ သေလွန်ပြီးသောသူ၏။ ယံ ဇီဝိကတ္တံ၊ အကြင် အသက်ရှည်ခြင်း၏ အကြောင်းကို။ ပရ-ပေါရိသာနံ၊ တပါးသော ယောကျ်ားတို့၏။ မတံ ၀ေ၊ သေရခြင်းသည်သာ လျှင်။ အမှိ၊ ဖြစ်၏။

တံ၊ ထိုသေခြင်းကို။ရုဏ္ဏ၊ (ရှိခ္ခိ)၊ မသေရလေအောင် ကြိုးဆောင်တားမြစ်ခြင်းသည်။ဟိ-(ယသ္မာ)အကြင်ကြောင့်။ နဟောတိ၊ မဖြစ်။ ။တသ္မာ၊ ထို့ကြောင့်။ တေဒတ္တာယ၊

ထိုအသက်ရှည်ခြင်းအကျိုးငှါ။နဝါယာမေ၊လုံ့လကြိုးကုတ်အားထုတ်ခြင်းကို မပြုရာ။

ယဿ၊အကြင်သေသူအား။ ယသော၊ အကျော်အစောကိုဆောင်တတ်သည်။ သောကျံ၊ စင်ကြယ်ခြင်းကိုဆောင်တတ်သည်။ န ဟောတိ၊ မဖြစ်။ သမဏ-ဗြာဟ္မဏောဟိ၊ ပညာရှိသော ရဟန်း, ပုဏ္ဏားတို့သည်။ ဝဏ္ဏိတံ၊ ချီးမွမ်းအပ်သည်။ နဟောတိ၊ မဖြစ်။ ။တသ္မာ၊ ထို့ကြောင့်။ နဝါယာမေ၊အသက်ရှင်ခြင်း၌ လုံ့လမပြုရာ။-

ဤတွင်(၈)အမှတ်ပြဂါထာအနက်အဓိပ္ပါယ်ပြီး၏။

---

ဝိုကြွေးမြည်တမ်းခြင်းကြောင့်၊ အကျိုး-မဖြစ်၊ အပြစ်ရပုံပြဂါထာ

(၉) စက္ခုံ သရီရံ ဥပ-ဟန္တိ တေန၊
နိဟီယျတိ ဝဏ္ဏံ ဗလံ မတိစ။
အာနန္ဒိနော တဿ ဒိသာ ဘဝန္တိ၊
ဟိတေသိနော န-ဿ သုခီ ဘဝန္တိ။ ။

(၉) ယသ္မာ၊ အကြင့်ကြောင့်။ရုဏ္ဏ-(ရုဒန္တဿ)၊ ငိုကြွေးသောပုဂ္ဂိုလ်၏။ စက္ခုံစ၊ မျက်စိသည်လည်းငှင်း။သရီရံ-(သရီ-ရဉ္စ) ကိုယ်သည်ငှင်း။ ဥပ-ဟန္တိ၊ ပူလောင်၏။ တေန-(ရုဏ္ဏေန) ထိုသို့ ငိုကြွေးသဖြင့်။ ဝဏ္ဏော္စ၊အဆင်းသည်ငှင်း။ ဗလဉ္စ၊ခွန်အားသည်ငှင်း။ မတိစ၊ ပညာသည်ငှင်း။ နိဟီ-ယျတိ၊ ဆုတ်ယုတ်၏။ တဿ၊ ထိုငိုကြွေးသော ပုဂ္ဂိုလ်၏။ ဒိသာ၊ ရန်သူတို့သည်။ အာနန္ဒိနော၊ ဝမ်းမြောက်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ။အဿ၊ ထိုငိုကြွေးသော ပုဂ္ဂိုလ်၏။ ဟိတေသိနော၊ အစီး အပွားကို၊ အလိုရှိကုန်သော အဆွေခင်ပွန်းတို့သည်။သုခီ၊ကိုယ်, စိတ်,နှင်လန်း၊ ချမ်းသာခြင်းရှိကုန်သည်။န စ ဘဝန္တိ၊ မဖြစ်ကုန်။

ဤတွင်(၉)အမှတ်ပြဂါထာအနက်အဓိပ္ပါယ်ပြီး၏။

(၁၀) တသ္မာ ဟိ ဣစ္ဆေယျ ကုလေ ဝသန္တေ၊
မေဓာဝိနော စေဝ, ဗဟုဿု တေစ။
တေသံ ဟိ ပညာဝိဘဝေန ကိစ္စံ၊
တရန္တိ နာဝါယ နဒိံဝ ပုဏ္ဏ-န္တိ။ ။

(မဟာကပ္ပိနောထေရော)

ထေရဂါထာ-ပါဠိတော်-ဒသ-နိပါတ်- (၃) မဟာကပ္ပိ-နတ္ထေရဂါထာ (၁၀)

(၁၀) တသ္မာ၊ ထို့ကြောင့်။ မေဓာဝိနော စေဝ၊ အသိဉာဏ် ပညာနှင့် ပြည့်စုံသော သူတို့ကိုဎင်း။ ဗဟု-ဿုတေစ၊ တရား ကျမ်းဂန်၊ အကြားအမြင် များသော ပညာရှိ သော သူတို့ကိုဎင်း။ ကုလေ၊ မိမိတို့၏အမျိုး၌။ ဝသန္တေ၊ နေခြင်းတို့ကို။ ဣစ္ဆေယျ-(ပဋိကင်္ခေယျ)၊ ထိုပညာရှိသော ဆရာတို့ကို၊ ဆည်းကပ်ခြင်းကို အလိုရှိရာ၏။

ဟိ-(သစ္စံ)၊ထိုစကားသည်မှန်၏။ တေသံ၊ထိုဉာဏ် ပညာရှိ သောသူတို့၏။ ပညာ ဝိဘဝေန၊ ပညာဉာဏ်၏ အားအစွမ်း ဖြင့်။ ပုဏ္ဏံ၊ များစွာသော ရေဖြင့် ပြည့်သော။ နဒိံ၊ မြစ်ကို။ နာ ဝါယ၊ လှေဖြင့်။တရန္တိ-ဣဝ၊ကူးသွားကုန်ဘိ သကဲ့သို့။ ဧဝံ-(တထာ)၊ထိုနည်းအတူ။ ကုလ-ပုတ္တာ၊ အမျိုးကောင်းသားတို့ သည်။ ကိစ္စံ၊ မိမိ၏ အကျိုး စီးပွား အမှုအလုပ်ကို။ တရန္တိ၊ အပြီး ရောက်အောင်၊ ကူးမြောက်စေကုန်ရာ၏။

ဣတိ၊ ဤသို့ဆိုပြီး၊အသီးအသီးသော စကားတို့ဖြင့်။ မဟာ-ကပ္ပိနထေရော၊မဟာကပ္ပိန ထေရ်သည်။ဣမာဒသဂါထာယော၊ ဤဘွဲ့ဆို၊သီကုံး အပ်သော ဆယ်ဂါထာတို့ကို။ အဘာသိတ္ထ၊ ဟောကြားရွတ် ဆိုပြီ။

မဟာကပ္ပိနတ္ထေရဆယ်ဂါထာ၊ အနက်ပြီး၏။

## ဤ(၁၀)အမှတ်ပြဂါထာ၌၊ အကျဉ်းချုပ်အဓိပ္ပါယ်ကား

(၁၀) လောက-ရေးရာ-လောကုတ္တရာ- ရေးရာ၊ နှစ်ဖြာသော အမှုအလုပ်တို့၌၊ (မေဓာဝီ) ဂုဏ်နှင့် ပြည့်စုံသော ပညာရှိ ပုဂ္ဂိုလ်, (ဗာဟုဿစ္စ) ဂုဏ်နှင့်ပြည့်စုံသော ပညာရှိ ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်=၂=မျိုးတို့ကို၊ မိမိတို့ နေထိုင်ရာ၊ မြို့+ရွာ+ရပ်ကွက်+တိုင်း+နိုင်ငံတို့၌၊ အမြဲး အစွဲးရှိဘို့ရာ (အများကြီးရှိဘို့ရာ) ကြိုးစည်ပြုလုပ်၊ အားထုတ်ရမည်၊ တောင့်တရမည်၊ (မရှိလျှင်မဖြစ်) ဆိုသောအနေမျိုးဖြင့်-ရှိအောင်-ပြုလုပ်ခြင်းသည်ပင်၊"ပဏ္ဍိတာနဉ္စသေဝနာ" ဟူသော မင်္ဂလာတရား၊ တိုးပွားအောင် ကြိုးစည်ပြုလုပ်ခြင်း ဖြစ်၍၊ ထိုသို့ပြုသော ပုဂ္ဂိုလ်ကို၊ "ပဏ္ဍိတာနဉ္စ သေဝနာ" ဟူသော မင်္ဂလာတရားရှိသော သူ-ဟူ၍၊ဆိုအပ်၏။

ထိုပညာရှိ ပုဂ္ဂိုလ်တို့၊ နေထိုင်နိုင်အောင်, နေထိုင်ချင်စိတ်ရှိအောင် တရားသဖြင့် စောင့်ရှောက်ခြင်း၊ချီးမြှင့်ခြင်း၊ မညှဉ်းဆဲးခြင်း၊မထေမဲ့မြင်မပြုခြင်း၊မနှိပ်စက်ခြင်းသည်ပင် "ပူဇာစ ပူဇနေယျ"ဟူသောမင်္ဂလာဂုဏ်,အရိုအသေပြုခြင်း၊"ဂါရဝ" ဟူသော မင်္ဂလာဂုဏ်တို့နှင့်ပြည့်စုံသော သူ-ဟူ၍၊ ဆိုအပ်၏။

ဆိုဦးအံ့၊—

ပညာ ပသဋ္ဌာ လောကသ္မိံ-ဟူ၍၊ ဟောတော်မူသည့်-အတိုင်း၊လောက၌၊အသိ, အလိမ်မာ,ဉာဏ်-ပညာ၏ (တန်ဘိုး) သည် ဂုဏ်း၊ ပညာ ဉာဏ်ရှိသောသူတို့၊ ကြိုးစည်, ပြုလုပ်၍ပြီးစီးအောင်မြင်သောအမှုအလုပ်၏ တန်ဘိုးသည်ဂုဏ်း၊မည်၍မည်မျှဟူ၍ မပိုင်းခြားနိုင်ကြောင်းကို၊ (သုတ-သောမ) ဇာတ်တော်အဆိုကို၊ မြော်လင့်-စဉ်းစားကြရာ၏။ ။

"တကယ့်အချက်ထဲးကျတော့မှ၊ အခက်အခဲးနှင့် ကြုံ၍နေကြရသည်"ဆိုသော စကားသည်၊ ပညာဉာဏ်ရှိသောပုဂ္ဂိုလ်တို့ ကင်းမဲ့၍ နေသော နေရာမျိုး+အလုပ်အကိုင် အမှုကိစ္စမျိုး+တို့ကို-ဆိုလိုသည်။

ထင်ရှားသောဥပမာ-ပြရမူ၊သမုဒ္ဒရာရေ-နက်နက်နေရာ၌၊ သင်္ဘောကြီး-ကွဲပျက်၍၊ အခက်အခဲနှင့်တွေ့ကြုံ၍ နေရသော အခိုက်၌၊ (ရန်သူ ကာကွယ်ရန် သစ်သားပျဉ်ချပ်ဖြင့် စပ်၍ ပြုလုပ်ထားအပ်သော (သမ္ဗာန်) ခေါ်သောခပ်-လှေငယ် ကလေး၏၊တန်ဘိုးကို၊(ကျေးဇူးတရားကို၊) မပိုင်းခြားနိုင်သကဲ့ သို့ပေတည်း။

ထို့ကြောင့်၊—

အမျိုးမျိုးသောအတတ်ပညာတို့၏ ပြည့်စုံမှု,

ပညာဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ပြည့်စုံမှု,

ပညာဉာဏ်ရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်မှု-မင်္ဂလာဂုဏ်တို့ နှင့်ပြည့်စုံစေလျက်၊မိမိတို့၏၊ နေထိုင်ရာ၊မြို့+ရွာ+ရပ်ကွက်+ တိုင်း+ နိုင်ငံကြီးပွားအောင်၊ အားထုတ်ကြရမည်-ဟူသောဥပဒေသကို၊ ညွှန်ပြ ဟောကြားတော်မူ၏။

ဤတွင် ၁၀—အမှတ်ပြဂါထာ၌အကျဉ်းချုပ်အဓိပ္ပါယ်ပြီး၏။

# ဥပဒေသ ကောက်နှုတ်ချက်ပြခဏ်း။

ဤမျှသောစကားဖြင့်၊ ဤ မဟာကပ္ပိန ထေရ်ဝတ္ထုကို၊ ဘတ်ရှုကြား နာကြရကုန်သော ပညာရှင်သူတော်ကောင်း အပေါင်းတို့အား၊ ထို မင်း,မိဖုရားနှစ်ဦးတို့၏၊ ရတနာသုံးပါးဂုဏ်၌၊ အာရုံပြု ကြည်ညိုကြပုံ နည်းကိုဌင်း။

ရတနာ သုံးပါးတို့၏၊ သတင်းစကား၊ ကြားသိခါမျှဖြင့်၊ တိုင်းပြည် ကြီးနှင့်တကွ၊မင်း, မိဖုရား,နှစ်ဦးတို့၏၊ အချင်းချင်းစွန့်ခွာနိုင်ကြပုံနည်း ကိုဌင်း။

သံသရာခွင်၊ ကျင်လည်ရာ၌၊ ဒါနစာဂီ၊ပါရမီကို၊ အညီအညွတ်ပြု၍ ဖြည့်ကျင့်ဘက်ဖြစ်ကြဘူးသူတို့မှန်လျှင်၊သံသရာစက်၌၊ ဆက်ခါ-ဆက်ခါ၊ အချင်းချင်း, ပေါင်းသင်း,တွေ့ဆုံကြရပုံနည်းကိုဌင်း။

မြတ်စွာဘုရား၊ ထံပါးမျက်မှောက်၊ ရှေ့တော်အောက်သို့ရောက်၍၊ ဧဟိဘိက္ခု၊ ခေါ်တော်မူရာ၊ မကြာမြင့်မီ၊ လေးဖြာ အာသဝေါ၊ ကင်း စင်လျော၍၊ (နိရောဓ) စခန်း၊ ကျွတ်တမ်းပါဝင်ရပုံနည်း စသည်တို့ကို ဌင်း—သိ၍၊ ရဟန္တာ သခင်၊အရှင် မဟာကပ္ပိန ထေရ်မြတ်နှင့်၊အနောဇာ ထေရီ၊ဘိက္ခုနီမတို့၏ဂုဏ်ကို၊ ယုံကြည်ကိုးစား၊ အားထားကြည်ညိုခြင်း သဒ္ဓါ တရား တည်းဟူသောပန်းကို၊ လန်းလန်းစွင့်စွင့်၊ ပွင့်စေ=ပေါ် လာစေ=အပ်ခဲ့ပြီး၍=ဤယခုအခါ၊ မိမိတို့၌၊ ထိုကျင့်စဉ်ထုံးနည်းမှ၊ တစိတ်တဒေသ၊ ခွဲဝေ ထုတ်၍၊ ကောက်နုတ်ချက် ဥပဒေသ စကားကို၊ အကျဉ်းအားဖြင့်၊ ပြဆိုပိမ့်။

ထိုနည်း ဥပဒေသ၊ ဉာဏ်အစီ အဆံကို၊ နည်းခံရရှိသဖြင့်၊ မိမိတို့၏ သန္တာန်၌၊ စိန္တာမယ ဉာဏ်ကို၊ ထက်သန် ပွားတိုးစေလျက်၊ အကျိုးကြီး မြင့်စေလိမ့်သတည်း။

ဤဝတ္ထု၌၊ ရဟန္တာသခင်၊ အရှင် မဟာကပ္ပိန ထေရ်သည်၊ပဒုမုတ္တရ မြတ်စွာဘုရားသခင်၏၊ လက်ထက်တော်အခါ၌၊ ကတာဝီ အမည်ရှိသော ဘိက္ခုဩဝါဒက ရဟန္တာပုဂ္ဂိုလ်ကို၊ ဖူးမြင်ရ၍၊ မိမိသည်လည်း၊ နောင် တဆူသော ဘုရားရှင်၏၊ လက်ထက်တော်အခါ၌၊ ထိုပုဂ္ဂိုလ်ကဲ့သို့၊

တသည့်တပန်း၊ ရဟန်းပုဂ္ဂိုလ်+ များထိုထိုတို့ကို၊ ပြောဆိုဆုံးမခြင်း၌၊ အမြင့် အမြတ်ဆုံးဟူသော(ဘိက္ခုဩဝါဒက)တော၁ဂ် ဘွဲ့ခံ၊သာဝကဂုဏ် ထူးဖြင့်၊ ချီးကျူးမြှောက်စားခြင်းကိုခံယူလို၍၊ ထိုထိုဒါနဝတ္တု၊ အစုစု တို့ကို၊ ပြုစုလှူဒါန်း၍၊ ဆုတောင်း,ပန်ထွာ၊ ပတ္တနာမှု၊ ပြုခဲ့လေရာ= ကပ္ပါတသိန်းတို့၊ ကာလတိုင်တိုင်၊ သံသရာထဲး၌၊ တဝဲးလည်လည်၊ အတည်မကျ၊ ကျင်လည်ရပြီးနောက်၊ငါတို့ ဂေါတမ မြတ်စွာဘုရားရှင် သည်၊ အထင်အရှား၊ ဖြစ်ပွားပွင့်လာတော်မူသောအခါ=ဤ ကပ္ပါ, မှသာလျှင်၊ မိမိ၏၊ ရှေးရှေးဆုတောင်း ဂေါင်းမှူဘာဂီ၊ ပါရမီသည်၊ ပြည့်မိုပြီးမြှောက်၍ ဘိက္ခုဩဝါဒက ဘွဲ့နာမနှင့်တကွ၊ ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့၊ ရောက်လာရ၏=ဟူသောအရာကို၊ ထောက်ဆသဖြင့်၊ ဤ လောက၌၊ လောက ရေးရာ, ဓမ္မ ရေးရာ၊ အဖြာဖြာတို့၌၊ အသုံးဝင်, အ ဘိုးတန်သဖြင့်၊ ကြီးကျယ်မြင့်မြတ်သော ပစ္စည်းဥစ္စာ၊ အရာဝတ္ထုမျိုးတို့ မှန်လျှင်၊ (မည်သည့်အခါ မှ၊ ခဏချက်ခြင်း၊ လက်ငင်း တအောင့် တခ ဏ၊ တောင့်တခါမျှဖြင့်၊ မရနိုင်ချေ၊မဖြစ်မြှောက်နိုင်ချေ။ ။ရက်,လ, နှစ်, ကြာ၊ ရှည်မြင့်စွာဖြင့်၊ ကပ် ကပ္ပါ,အခါပိုင်း၍၊ ဆိုင်းငံ့,မြော်လင့်, တောင့်တ ရာချေသတည်း။

ထိုသို့ ခဏချက်ခြင်း ၊လက်ငင်း, တ-အောင့် တခဏ၊ တောင့်တခါမျှ နှင့်၊မရ,မပြည့်စုံခြင်းကြောင့်၊ စိတ်အားလျော့၍၊ ပေါ့ဆပျင်းရိ၊ မှိုင်မိ, မှိုင်တွေ၊ မနေကြကုန်ရာ။

ဤ ကပ္ပါ, ဤ ဘုရားရှင်၏လက်ထက်၌၊မရ,မပြည့်စုံလျှင်၊ နောက် နောက်သောကပ်ကပ္ပါ၊ နောက်နောက်သော ဘုရားရှင်တို့၏၊ လက် ထက်တော်အခါ၌၊ ရလတ္တံ့=ဖြစ်မြှောက်လတ္တံ့=ပြည့်စုံလတ္တံ့=ဟု၊ ဆိုင်းငံ့, မြော်လင့်, တောင့်တ, ရာ၏-ဟူ၏။

မိမိတို့၏ သန္တာန်၌၊ ဖြူစင်ဖြောင့်မတ်သော စိတ်ဖြင့်၊စွဲမြဲတောင့်တ မြော်လင့်သော အာသာ စိတ်ဓာတ်၊ မပြတ်ဖြစ်ပေါ်လာခြင်း—ဟူသော အာသေဝန ပစ္စည်းတပ်သော စိတ်၏အစွမ်းသတ္တိသည်၊လွန်စွာ ကြီးမား ထက်သန်သော တန်ခိုးအရှိန်ရှိရကား=ဤပဌမ—နေ့,မရလျှင်-မပြည့် စုံလျှင်၊ဒုတိယနေ့- နက်ဖြန်ခါ၊ ရ-ရမည်၊ ပြည့်စုံရမည်၊ ဒုတိယနေ့ နက်ဖြန်ခါ၊ မရ,လျှင်-မပြည့်စုံလျှင်၊တတိယနေ့- သဘက်ခါ၊ ရ-ရမည်၊

ပြည့်စုံရမည်=စသည်ဖြင့်၊ တနေ့မှ,တနေ့၊ တလမှ,တလ၊ တနှစ်မှ တနှစ်, တဘဝမှ, တဘဝ-သို့၊ ပြောင်းရွေ့၍၊ တောင်းတမြော်လင့်ခဲ့လျှင်၊ နောက်ဆုံးဖြစ်သောနေ့၌မူ၊ ရ-ရမည်=ပြည့်စုံရမည် အမှန်ဖြစ်၏=ဟု၊မလျော့သောစိတ်ဖြင့် တောင်းတရာ၏။

ထိုသို့၊ မိမိတို့ ကြံစည် တောင့်တရင်းအတိုင်း၊ ပြည့်စုံပြီးမြောက်၍ လာသောအခါ၊လွန်စွာမှ၊စိတ်အေးချမ်းသာခွင့်,ရ-ရကား=ကြီးမားသော **အာသာဆန္ဒ** ဖြင့်၊ကြိုးပမ်း တကုတ်၊အားထုတ် တောင်းတ,ပြုကြရာ၏=ဟူသော နည်းဥပဒေသ,ကို၊ရည်ညွှန်းပြတော်မူ၏။

ထိုမှတပါးလည်း—

ထိုထို **လောက** ရေးရာ,ဓမ္မ ရေးရာ၊ နှစ်ဖြာသော အဘို့တို့၌၊ ထိုက်တန် မြင့်မြတ်သော ပစ္စည်းဥစ္စာ၊ အရာ ဝတ္ထု၊တခုခုကို၊ ရလိုမှု၊ ဖြစ်မြောက်လိုမှုဖြင့်၊ရှေးရှု ရည်သန်၊ကြံစည်တောင်းတသော ပုဂ္ဂိုလ်မျိုးတို့ မှန်လျှင်၊(**လူ သာမံ**)တို့ကဲ့သို့၊မေ့မေ့လျော့လျော့၊ပေါ့ပေါ့ဆဆ၊ ပြုကာမျှဖြစ်သော **စိတ်,ဆန္ဒ,ဝီရိယ,ပညာ** ဉာဏ်မျိုးတို့ဖြင့်၊ မရနိုင်ချေ၊ မဖြစ်မြောက်နိုင်ချေ။

> စင်စစ်မူကား=ရှေးဦး အစ၊တစုံ တခုသော အမှုကိစ္စကို၊ မပြုမီကာလ (***အဇ္ဈာသယ** ခေါ်တဲ့)၊ ရင့်သန် မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌၊**လောက** ရေးရာ,ဓမ္မ ရေးရာ၊ အဖြာဖြာတို့တွင်၊ တခု ခုသော လုပ်ငန်းကိစ္စ၌၊ ကြီးပွား တိုးတက်ရန် အရေးသည်၊ မိမိ၏တာဝန် ဝတ်တရားဖြစ်သည်— ဆိုသော စကားအဓိပ္ပါယ်ကို၊ အစဉ်မပြတ်၊အမှတ်ရ, အောက်မေ့စိတ် စွဲလျက်မိမိ၏ **ကိုယ်အား,ဉာဏ်အား,ဝီရိယ** အား, ကိုင်ရင်း=လုပ်ငန်းကိစ္စ၊အကြီး, အငယ် အစီအစဉ်ကိုင်ရင်း=နှိုင်းချိန်ဆင်ခြင်၍ သင့်လျော်ပြီ—ဟု၊ ခန့်မှန်းချက် ရလာသောအခါ— ငါ-၌ အားကိုး-တမူ၊ ဂုဏ်ယူလောက်သော မည်သည့် အခြေအနေမျိုးဖြစ်စေမည်၊ငါသည် လောကအလယ်၌၊ မျက်နှာပန်းလှလှ၊- အထက်တန်းကျကျနှင့်၊ ပြောပဘွယ်ရာ-မည်သည့်ပုဂ္ဂိုလ်အတန်းအစားမျိုးဖြစ်စေမည်-ဟူသော **အဇ္ဈာသမာပတ္တိ** အဓိဋ္ဌာန်ဖြင့်၊

မိမိကိုယ်ကို၊ သီလ, သမာဓိ, ပညာ-ဟူသော ဝင်းခြံစည်းစိုင်း အတွင်း၌ ထား၍—

(၁) မှန်ကန်ခြင်း, သစ္စာ,
(၂) သိမြင်ခြင်း, ဓမ္မ,
(၃) အားထုတ်ခြင်း, ဝီရိယ,
(၄) စွန့်စားခြင်း, စာဂ-

ဟူသော ရန်သူအောင်ကြောင်းတရားလေးပါးတို့ကိုလည်း၊ ကိုယ်ရံတော်စောင့် အဖြစ်ဖြင့်၊ အမြဲပိုက်ကျုံး၊ နှလုံးသွင်း၍၊ ကြီးမားမြင့်မြတ်ထိုက်တန်သော သူတို့အလား၊ ရည်ရွယ်ချက်တခုခုထား၍၊ မိမိ၏ စိတ်နှင့်တကွ၊ ဆန္ဒ တရား၊ ဝီရိယ တရား၊ ပညာ တရားတို့ကို၊ ကြီးမား သန့်စွမ်းအောင်, ထူထောင် မွေးမြူ၍ (အဓိပတိ) ပစ္စည်းထိုက်အောင်၊ အားစိုက်ကြိုးပမ်းနိုင်သော ပုဂ္ဂိုလ်မျိုးတို့မှသာလျှင်၊ လိုရာ-လိုရပ်၊ နိဗ္ဗာန်ဆိုက်ရောက်နိုင်ချေမည်ဖြစ်ရကား=ဤကျမ်းစာဝတ္ထုကို၊ ဘတ်ရှုကြားနာကြရကုန်သော ပညာရှင်အပေါင်းသူတော်ကောင်းတို့သည်၊ အရှင် မဟာကဿပ မဟာထေရ်အလောင်း၏၊ ကျင့်ဟောင်းကျင့်စဉ်၊ ပုံပြင်ထုံးကို၊ နှလုံးမူလျက်၊ အားယူ, ကျင့်ဆောင်နိုင်ကြရာ၏=ဟူသောနည်းဥပဒေသ ကိုလည်း၊ ညွှန်ပြ၏။

ဤအဓိပ္ပါယ်မျိုးကိုရည်၍၊ ထေရဂါထာ-သဋ္ဌိနိပါတ်-၌၊ မဟာမောဂ္ဂလာနတ္ထေရဂါထာကို၊ ဟောတော်မူအပ်၏။

(က) နယိဒံ, သိထိလ မာရဗ္ဘ၊
နယိဒံ, အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိ-ဂန္တဗ္ဗံ၊
သဗ္ဗ-ဂန္ထ-ပ္ပမောစနံ။ ။

(က) သိထိလ-မာရဗ္ဘ၊ သတိ, လျော့၍၊ ပေါ့ပေါ့ဆဆ၊ ပြုကာမျှလုံ့လ ထုတ်၍။ သဗ္ဗ-ဂန္ထ-ပ္ပမောစနံ၊ အလုံးစုံသော အခက်အခဲ အနှောင်အဖွဲ့ အမျိုးမျိုးတို့မှ၊ လွတ်မြောက်ရာဖြစ်သော။ ဣဒံ, နိဗ္ဗာနံ၊ ကိလေသာ, ဟူ၊ အပူခပ်သိမ်း၊ ကင်းငြိမ်းရာမှန်၊ ဤနိဗ္ဗာန် ဟူသောအရပ်သို့။ န အဓိ ဂန္တဗ္ဗံ၊ မရောက်အပ်ပေ, မရအပ်ပေ။

အပွေနှ၊မပြောပ,ဘွယ်၊ အနည်းငယ်မျှသာဖြစ်သော။ထာမ-သာ၊ အားလုံ့လဖြင့်။ သဗ္ဗ-ဂန္ထ-ပ္ပမောစနံ၊ အလုံးစုံသော အခက်အခဲ အနှောင်အဖွဲ့အမျိုးမျိုးတို့မှ၊ လွတ်မြောက်ရာဖြစ်သော။ဇ္ဈဒိနိဗ္ဗာနံ၊ကိလေသာ,ဟူ၊အပူခပ်သိမ်း၊ကင်းငြိမ်းရာမှန် ဤနိဗ္ဗာန်-ဟူသော အရပ်သို့။န အဓိဂန္တဗ္ဗံ၊ မရောက်ထိုက်ပေ, မရထိုက်ပေ။

(ခ) ယော စ ဝဿ သတံ ဇီဝေ၊
ကုသိတော, ဟီန ဝီရိယော။
ဧကာ-ဟံ, ဇီဝိတံ, သေယျော၊
ဝီရိယာ-ရဘတော,ဒဠှံ။ ။
(ဓမ္မပဒ-သဟဿဝဂ်)

(ခ) ကုသိတော၊ **ဝီရိယ**ခါတ်၊ ကင်းပြတ် ညှိုးဖျင်း၊ ပျင်းရိသော။ ဟီန ဝီရိယော၊ အားအင် မထုတ်၊ နောက်သို့ ဆုတ်၍၊ ယုတ်လျော့သော **ဝီရိယ**,ရှိသော။ ယော စ၊ အကြင်သူသည် လည်း။ ဝဿ-သတံ၊ အနှစ်တရာတိုင်တိုင်။ ဇီဝေ၊ အသက် ရှည်ရာ၏။ ။တံ၊ ထိုသို့ ဝီရိယ,မရှိ၊ ပျင်းရိ ပေါ့ဆသော သူ၏ အနှစ်တရာ၊ ကြာမြင့်စွာ အသက် ရှည်ခြင်းသည်၊ န သေယျော၊ ချီးမွမ်းအပ်၍၊ မြတ်သည် မဟုတ်ချေ။ ။ ဒဠှံ၊ စွဲမြဲစွာ။ ဝီရိယာ-ရဘတော၊ **ပညာ,သတိ**၊ကောင်းစွာ ရှိ၍၊ **ဝီရိယ**ကို၊ အားထုတ်သော ပုဂ္ဂိုလ်၏။ ဧကာ-ဟံ၊ တနေ့,တရက်မျှ၊ဇီဝိတံ၊အသက်ရှည်ရခြင်းသည်။သေယျော၊ ချီးမွမ်းအပ်၍၊ မြတ်လှပေ၏။

ထိုမှ တပါးလည်း—

**မဟာကပ္ပိနမင်းကြီး**နှင့်၊**အနောဇာဒေဝီမိဖုရားကြီး**တို့သည်၊**စန္ဒဘာဂ** စသောမြစ်ကြီးသုံးတန်ကိုတွေ့မြင်ရာ၊ ဘုရား,တရား၊ သံဃာအားဖြင့်၊ သုံးပါးမြတ်စွာ၊ ရတနာတို့၏ ဂုဏ်ကို၊ အာရုံမှုလျက်၊ **သစ္စာ** မိဋ္ဌာန်ပြု၍၊ ကူးကြရာ၌၊ **အဓိဋ္ဌာနကာက**ဖြစ်သော ရေအယဉ်သည်၊ ရေသို့ မထင်၊ မြေအပြင်ကဲ့သို့၊ တင်းတင်းမာလျက်၊ **သစ္စာနုဘော်**၊ ကျေးဇူး တော်ကို၊

ပူဇော်ရိုးပ, ရ၏=ဟူသောအရာကိုထောက်သဖြင့်၊မိမိတို့သည်လည်း၊ ထိုရတနာ သုံးပါးတို့၏ ဂုဏ်ကို၊ ယုံကြည် လေးစား၊ သဒ္ဓါပွား၍၊ စိတ်အား ထက်သန်စွာဖြင့်၊ **သန္တာ**ဓိဋ္ဌာန်ပြုမူခဲ့မှု၊ **မဟာကပ္ပိန**၊ မင်းများ ဘုရင်၊ ပြည်ကြီးရှင်နှင့်၊ ညာတင်,ခေါ်ရာ၊ **အနောဇာ**ဒေဝီ၊ ရွှေညီ ထွတ်ထား၊ မိဖုရားကြီးတို့ကဲ့သို့၊ လောကီ, လောကုတ္တရာ၊ နှစ်ဖြာ အကျိုး၊ ဖွံ့ဖွံ့ဖြိုး၍၊တိုးကြီး-တိုးရာချိမ့်မည်ကား၊ယုံမှား ဘွယ်ရာ မရှိချေ။

ထိုစကားမှန်၏။—

မိမိ၏ သန္တာန်၌၊ ကြည်လင် ပြန့်ပွား၊**သဒ္ဓါ**အားမြင့်၊ ကြီးမားထက် သန်သော ပဌမဇော, စိတ်၏ အစွမ်းသတ္တိသည်၊ **ဒိဋ္ဌဓမ္မဝေဒနီယ**ကံ ဖြစ်၍၊ ဤ**ပစ္စုပ္ပန္န**ဘဝ၊ ကာလအတွင်း၌၊ အကျိုးပေးနိုင်၏။

**သတ္တမ**ဇော, စိတ်၏ အစွမ်းသတ္တိသည်၊ **ဥပပဇ္ဇဝေဒနီယ** ခေါ်သော ကံဖြစ်၍၊ ဒုတိယဘဝ ကာလအတွင်း၌၊ အကျိုးပေးနိုင်၏။

အလယ်ဇောစိတ်,ငါးချက်၏အစွမ်းသတ္တိသည်၊**အပရာပရိယဝေဒနီယ** ခေါ်သော ကံဖြစ်၍။ တတိယ ဘဝ၊ ကာလ အတွင်းက စ၍၊ နိဗ္ဗာန် တိုင်ရောက်၊မျက်မှောက်ပြုရသည့် ဘဝတိုင်အောင်၊အကျိုးပေးနိုင်၏= ဟူသော ဇောစိတ်၏ အစဉ်ကို။ ဆင်ခြင်နိုင်းဆ၍၊ တခုသောဝီထိစိတ် ၌ ဖြစ်သော ဇောစိတ်အစဉ်သည်ပင်၊ ဤမျှတိုင်တိုင်၊ အကျိုးပေးနိုင် ၏။ ။အကြိမ်ကြိမ်သော **ဝီထိ**စိတ်တို့၌၊ ဖြစ်ပေါ်လာသော ဇောစိတ်အ စဉ်သည်လည်း၊ ဤသို့ပင်၊ အကျိုးပေးမည် ဖြစ်ရကား=ထိုရတနာ သုံးပါးတို့၏ ဂုဏ်ကို၊ မိမိစိတ်၌။ ထုံမွှမ်း၍၊ ကြီးပမ်း ပွားများကြ ရာ၏=ဟူသော နည်းဥပဒေသ,ကိုလည်း၊ ညွှန်ပြ၏။

ဤအရာ၌၊ **မဟာကပ္ပိန** မင်းကြီးနှင့်၊ **အနောဇာ**ဒေဝီ မိဖုရားကြီးတို့ သည်၊ရတနာသုံးပါးတို့၏ ဂုဏ်ကို၊အာရုံမူလျက်၊**သန္တာ**ဓိဋ္ဌာန်ပြုသဖြင့်၊ တသွင်သွင်စီး၍ နေသော ရေသည်၊ ရေသို့မထင်၊ မြေအပြင်ကဲ့သို့၊ တင်းမာရပ်တည်နေ၏=ဟူသောစကား၌၊ ရတနာသုံးပါးတို့၏ ဂုဏ် ဟူသည်၊ကာမ,ရူပ၊ အရူပ-ဟု၊ လောက သုံးရပ်၊ ဘုံသုံးထပ်၌၊ နိူင်း အပ် သ, သူ၊အတူမရှိ၊ အသဒိသ၊ ပုဂ္ဂလ ဇာတ်၊ အမြင့်မြတ်ဆုံး၊ အ ကြီးကျယ်ဆုံး၊ သံသရာ ဘဝ တခုလုံး၊မဆုံးမခြင်း၊ နှလုံးသွင်းအောက် မေ့အပ်သော**အနုဿတိ**တရားမျိုးဖြစ်၍၊ နိဗ္ဗာန်တိုင်ရောက်၊မျက်မှောက်

ပြုရခြင်းဟူသော အကျိုးကိုပေးနိုင်ရကား=ထိုရတနာ သုံးပါးတို့၏ ဂုဏ်ကို၊အာရုံမှုလျက်၊**သစ္စာ**ဓိဋ္ဌာန်ပြုသဖြင့်၊ ရေအယဉ်သည်။ တသွင်သွင်စီးဆင်းနေရာမှ၊တ-ခဏခြင်းတင်းမာရပ်တည်နေခြင်းသည်ကား= အလွန်အကျူးအထူး၊ အံ့ဩဘွယ် မဟုတ်ချေ။

ထိုစကားမှန်၏။—

ရတနာသုံးပါးတို့၏ ဂုဏ် မဘက်၊သက်သက်, ရိုးဖြောင့်မှန်ကန်စွာ ပြောဆိုမြွက်ကြားအပ်သော**သစ္စာ**ဓိဋ္ဌာန်သည်ပင်၊ ခပ်သိမ်းသော ဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းသော အပြစ်အမျိုးမျိုးတို့မှ၊ လွတ်မြောက်ရခြင်း, စသော ကြီးကျယ် ဖွံ့ဖြိုး၊ များမြတ်သော အကျိုးတို့ကို ပြီးစေနိုင်ကြောင်း ပုံဟောင်းဝတ္ထုတို့သည်ကား–ထိုထို ဇာတ်တော်, နိပါတ်တော်တို့၌၊ များစွာလာ၏။ ။ဤသို့**သစ္စာ** ဓိဋ္ဌာန် ပြု၍၊ဘေးအမျိုးမျိုး, ရန်အမျိုးမျိုး,ဒဏ်အမျိုးမျိုး,အခဲအခက်, အနှောင်အဖွဲ့အမျိုးမျိုးတို့မှ၊ လွတ်မြောက်ချမ်းသာရပုံကို၊ ဝတ္ထုသက်သေသာဓက အမျိုးမျိုး ထုတ်၍ ရေးသားအပ်သော**သစ္စာပါရမီဖွင့်,မေတ္တာပါရမီဖွင့်အကျယ်လက်စွဲကျမ်း** တို့၌ကြည့်ရှုကြပါကုန်။

(ဂ) ဇဝံ,ဗုဒ္ဓါ, အစိန္တိယာ၊
ဗုဒ္ဓဓမ္မာ, အစိန္တိယာ။
အစိန္တိယေ, ပသန္နာနံ၊
ဝိပါကော,ဟောတိ,အစိန္တိယော။ ။
(ထေရအပဒါန်ပါဠိတော်၊ဗုဒ္ဓအပဒါန်)

(ဂ) ဇဝံ၊ ဤသို့။ ဗုဒ္ဓါ၊ သစ္စာလေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရားရှင်တို့သည်။ အစိန္တိယာ၊ ထို-ဤဟောပြော၊ဂုဏ်သဘောဖြင့်၊ အံ့ဩကြံစည်၍၊ မကုန်နိုင်ကုန်။

ဗုဒ္ဓဓမ္မာ၊ သစ္စာလေးအင်၊ သိမြင်ထင်ရှား, မြတ်စွာဘုရားရှင်၏၊ ကျေးဇူးတရားတော်တို့သည်။ အစိန္တိယာ၊ ထို, ဤ, ဟောပြော၊ ဂုဏ်သဘောဖြင့်၊ အံ့ဩကြံစည်၍ မကုန်နိုင်ကုန်။

အစိန္တေယျ၊ ထို ၅၂,ဟောပြော၊ ဂုဏ်သဘောဖြင့်၊ အံ့ဩကြီးစည်၍မကုန်နိုင်သော မြတ်စွာဘုရားရှင်၌။ပသန္နာနံ၊ ကြည်ညိုလေးမြတ်ကြကုန်သော သူတို့အား။ အစိန္တေယျာ၊ ထို-၅၂ဟောပြော၊ ဂုဏ်သဘောဖြင့်၊ အံ့ဩကြီးစည်၍မကုန်နိုင်သော။ ဝိပါကော၊ ချမ်းသာ,ပွားတိုး၊ အမျိုးမျိုးဖြင့်၊ ကောင်းကျိုးမင်္ဂလာသည်။ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်နိုင်ပေ၏။

ထိုမှတပါးလည်း—

**မဟာကပ္ပိန** မင်းကြီးအမှူးရှိသော မှူးမတ်တို့သည်၊ **ပစ္စေကဗုဒ္ဓါ**၊ အရှင်တထောင်တို့အား၊ သင်္ကန်းအစုံ တထောင်မျှ၊ ကပ်လှူဘူး၏။ ။ **ကဿပ** မြတ်စွာဘုရားရှင်၏၊ လက်ထက်တော်အခါ၌လည်း၊တသောင်းသောရဟန်းတို့အား၊ သင်္ကန်းအစုံ တသောင်းကပ်လှူဘူး၏။ ။ ထိုကောင်းမှု''ကံ''ကြောင့်၊ မြတ်စွာဘုရားရှင်၏၊ အထံတော်သို့ရောက်၍ ရဟန်းပြုရန်၊ ခွင့်ပန် လျှောက်ထားကြပြီးသော စကား၏ အဆုံး၌၊ **ဧဟိဘိက္ခု**။ ခေါ်တော်မူလျှင်၊ **သပိတ်သင်္ကန်း**၊ မေးမြန်း ရှာဖွေရန်ကိစ္စမရှိ၊ ပကတိ မျက်မှောက်၌ပင်၊လူ၏အသွင်၊ဆံပင် မုတ်ဆိတ်၊ ရိတ်ဖြတ်ပယ်ဖျောက်သကဲ့သို့၊ တန်းခိုးတော်ဖြင့်၊ ကွယ်ပျောက်၍၊ သင်္ကန်းဝတ်ရုံလျက်၊ သပိတ်လွယ်ပြီးလျှင်၊ ရဟန်းသိက္ခာ၊(ဝါတော်)ခြောက်ဆယ်၊ ပြည့်ကြွယ်ရ-ရှိလေပြီးသော မဟာထေရ်ကြီးတို့ကဲ့သို့၊ အံ့ချီးဘွယ်ရာ၊ မြတ်စွာဘုရား ထံပါးမျက်မှောက်၊ ရှေ့တော်အောက်၌၊ ကပ်ရောက်ဝပ်တွား၊ ခစားဆည်းကပ်လျက်သာ နေကြကုန်၏—ဟူသော အရာကိုထောက်သဖြင့်၊ မိမိတို့သည်လည်း၊ နောက်နောက် ပွင့်လာလတ္တံ့သော မြတ်စွာဘုရားရှင်တို့၏၊ လက်ထက်တော်အခါ၌၊**ဧဟိဘိက္ခု**။ ခေါ်တော်မူလျှင်၊ သပိတ်,သင်္ကန်း၊ မေးမြန်းရှာဖွေရန်ကိစ္စမရှိ၊ ပကတိ တန်းခိုးဖြင့်ရောက်လာ၍၊ ပြည့်စုံနိုင်ရန်၊ သပိတ်,သင်္ကန်း၊ လှူဒါန်းပူဇော်နိုင်ကြကုန်ရာ၏—ဟူသော နည်းဥပဒေသ,ကိုလည်း၊ ညွှန်ပြ၏။

ထိုစကားမှန်၏။—

ပညာရှင်ပုဂ္ဂိုလ်အများတို့၊ ကြားသိ,နာယူရဘူးပြီးဖြစ်သောအရှင် **အင်္ဂုလိမာလ** ထေရ်ဝတ္ထု၌၊**အင်္ဂုလိမာလ** လူကြမ်းကြီးသည်၊မြတ်စွာဘုရား

ထံပါး မျက်မှောက်၊ရှေတော်အောက်သို့ရောက်၍၊ (အရှင်ဘုရားသည်၊ တပည့်တော်အား၊ သနားချီးမြှောက်တော်မူပါ၊ ယုတ်မာသောအကျင့် ဟူသမျှကို၊ ပယ်ချပါမည်) ဟု၊ လျှောက်ကြား၍၊ အထူးထူးသော တရားတို့ကို၊ ဟောကြားပြသတော်မူရာ၊မဂ်နှင့်လျော်သော ဉာဏ်ဖြစ်သည် ကို၊မြင်တော်မူသော မြတ်စွာဘုရားရှင်သည်—

**ဧဟိဘိက္ခု၊သွာခါတော ဓမ္မော၊စရဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ။**

ဘိက္ခု၊ (အို) ငါ၏ချစ်သား။ ဧဟိ၊ လျင်စွာအသော့၊ လာခဲ့လော့=ဓမ္မော၊ တရားတော်မြတ်ကို။ သွာခါတော၊ ကောင်းစွာ ဟောတော်မူအပ်ပြီ= သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ သံသရာ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံး အပိုင်းအခြားကိုပြုခြင်းငှါ။စရ၊ ကျင့်လော။

ဟူ၍-သုံးကြိမ်ခေါ်တော်မူလျှင်၊ လူ၏အသွင်၊ဆံပင်မုတ်ဆိတ်၊ ရိတ်ဖြတ် ပယ်ဖျောက်သကဲ့သို့၊တန်းခိုးတော်ဖြင့်၊ ကွယ်ပျောက်၍၊သပိတ်,သင်္ကန်း၊ ရဟန်း ပရိက္ခရာအစုံနှင့်တကွ၊ **ဧဟိဘိက္ခု** ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်တော်မူ၏။

ဤတောအုပ်ကြီးအတွင်း၌၊ **အင်္ဂုလိမာလ**လူကြမ်းကြီးကို၊ ရဟန်းပြုခဲ့ လျှင်၊ **ခေါင်းရိတ်ရန်,သင်ဒုန်းဓါး**ကို၊ အဘယ်၌ရလတ္တံ့နည်း။ ။သပိတ်, သင်္ကန်း၊ ရဟန်း ပရိက္ခရာကို၊ အဘယ်၌ ရလတ္တံ့, နည်း=ဟူ၍၊မေး မြန်း ရှာဘွေရန် ကိစ္စမရှိချေ။

ဘုန်းခြောက်ပါးရှင်၊ ဘုရားသခင်သည်၊ ထို**အင်္ဂုလိမာလပုဂ္ဂိုလ်**၌၊ အတိတ် ကုသိုလ်"ကံ"ကိုသာ၊၊ ကြည့်ရှုတော်မူ၏။

ထိုအခါ၊ ထို**အင်္ဂုလိမာလ**,အမျိုးကောင်းသားအား၊ ရှေးရှေးသော ဘဝတို့၌၊ သီလဝန္တ ရဟန်းပုဂ္ဂိုလ်တို့အား၊ သင်္ကန်း, သပိတ်, စသော ပရိက္ခရာ-ရှစ်ပါးကို၊ လှူဒါန်းခဲ့ဘူးသည့် အဖြစ်ကို၊ ဉာဏ်ဖြင့် မြင်သိ တော်မူ၍၊ **ဆဒ္ဒန်ဆင်မင်း**,၏ နှာမောင်းနှင့်တူသော လက်ျာလက်ရုံး ကို၊ ဆန့်တန်းတော်မူလျက်—

(**ဧဟိ ဘိက္ခု၊သွာခါတော ဓမ္မော၊ စရ,ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တ- ကိရိယာယ** )ဟူ၍ ခေါ်တော်မူ၏။

ထိုအခါ၊ ထိုအင်္ဂုလိမာလအမျိုးကောင်းသားသည်၊ ထိုသို့ဒေါ်တော်မူသော အခန့်တော်စကား ပြီးဆုံးသည်နှင့် တပြိုင်နက်၊ တန်ခိုးဖြင့်ပြီးသော သပိတ်, သင်္ကန်းအစုံကို၊ ရတော်မူ၏။

လူ၏အသွင်၊ဆံပင်မုတ်ဆိတ်,စသည်တို့သည်၊ ပျောက်ကွယ်ကုန်၏။ ရဟန်း၏ အသွင်သည်၊ အထင်အရှား၊ ဖြစ်ပေါ်လာ၏=ဟူ၍။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ အင်္ဂုလိမာလသုတ်အဖွင့်၊ စာအုပ်မျက်နှာ နံပါတ် ၂၀၄-၌၊ဆို၏။)

ထိုမှတပါးလည်း၊-

ပညာရှင် ပုဂ္ဂိုလ်အများတို့၊ ဘတ်ကြား, နာယူရပြီး ဖြစ်သော ပုဏ္ဏသာတိမင်းကြီး ဝတ္ထု၌၊ထိုပုဏ္ဏသာတိမင်းကြီးသည်၊အနာဂါမိဖိုလ်၌ တည်သော အရိယာ ပုဂ္ဂိုလ်ကြီးပေတည်း။ ။ထို ပုဂ္ဂိုလ် ကြီးသည်၊ မြတ်စွာဘုရား၊ ထံပါးမျက်မှောက်၊ ရှေ့တော် အောက်သို့ ရောက်၍-

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ဥပသမ္ပဒံ။ ။

ဘုန်းခြောက်ပါးသခင်၊အရှင်ဘုရား··တပည့်တော်သည်၊မြတ်စွာဘုရားရှင်၏ အထံတော်၌၊ ရဟန်းအဖြစ်ကို-ရလိုပါ၏။-

ဟု၊ ရဟန်းပြုရန်၊ ခွင့်ပန်လျှောက်ဆိုသောအခါ၊ မြတ်စွာဘုရားရှင်သည်=

(ပရိပုဏ္ဏံ ပန တေ ဘိက္ခု ပတ္တစီဝရံ)=ငါ၏ချစ်သားရဟန်း·· အသင်အား၊ သပိတ်,သင်္ကန်း,သည်၊ အပြည့်အစုံရှိ၏လော= ဟု၊ မေးမြန်းတော်မူ၏။

ထိုအခါ၊-

(နခေါ မေ ဘန္တေ ပရိပုဏ္ဏံ ပတ္တစီဝရံ) = ဘုန်းခြောက်ပါး သခင်၊ အရှင်ဘုရား····တပည့်တော်အား၊ သပိတ်, သင်္ကန်း, အပြည့်အစုံ,မရှိပါ=ဟု၊ လျှောက်ဆိုသောအခါ-

(န ခေါ ဘိက္ခု တထာဂတာ အပရိပု ဏ္ဏံ ပတ္တစီဝရံ ဥပသမ္ပါ- ဒေန္တိ)ငါ၏ချစ်သား၊···· (ငါတို့)မြတ်စွာဘုရားရှင်တို့မည်သည် မည်သည့်၊ သပိတ်, သင်္ကန်း, အပြည့်အစုံ မရှိသောသူကိုမျှ၊ ရဟန်းပြု၍ မပေးကုန်=ဟု၊ ပယ်မြစ်တော်မူ၏။

ဤအရာ၌၊ ဤ ၃ဣ၊သာတိအမျိုးကောင်း သား, အား၊ တန်းခိုးဖြင့် ပြီးသော သပိတ်,သက်န်းသည်၊အဘယ့်ကြောင့် မရောက်လာသနည်း= ဟု၊ မေးတိုဖြေးအံ့။ ။ပုဗ္ဗေ အဒ္ဒန္နံ ပရိက္ခာရာနံ အဒိန္နတ္တာ-ဟူသော အဋ္ဌကထာဖွင့် စကားအရ=ရှေးရှေးသော ဘဝ၌၊ သက်န်း, သပိတ်, ဟူသော ပရိက္ခရာ ရှစ်ပါး၊ မလှူဒါန်းခဲ့ဘူးသောကြောင့်၊ မရောက် လာသည်=ဟု၊ဖြေဆိုရာ၏=ဟူ၍။( *ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဓာတု ဝိဘင်္ဂသုတ်ဖွင့်၊ စာအုပ်မျက်နှာနံပါတ် ၁၀၇-၌ ဆို၏။)

ထိုမှတပါးလည်း၊—

မိန်းမ,ဖြစ်သူတို့အား၊သက်န်း အလှူသည်၊ မဟာလတာ, မည်သော တန်းဆာကို၊ ဆင်မြန်းရခြင်း,ဖြင့်၊ အပြီးအဆုံးသို့ရောက်၏။

ယောကျ်ား ဖြစ်သူတို့အား၊ သက်န်းအလှူသည်၊ ဧဟိဘိက္ခု၊ ခေါ် တော်မူလျှင်၊တန်းခိုးဖြင့်ပြီးသော သက်န်း,သပိတ်,ပရိက္ခရာတို့၏၊ ရှေ့ရှု မျက်မှောက်၊ ရောက်လာခြင်းဖြင့်၊ အပြီးအဆုံးသို့ ရောက်၏=ဟူ၍၊ (ဓမ္မပဒ-အဋ္ဌကထာ၊ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု၊)၌-ဆို၏။

**အထူးမှတ်ချက်။** ဤအရာ၌၊ မဇ္ဈိမဘာဏကာ၊ ဆရာတို့၊ အလိုအားဖြင့်၊ရှေး ရှေးသောဘဝတို့၌၊ သက်န်း,သပိတ်, ပရိက္ခရာ မလှူခဲ့ဘူးသော ကြောင့်၊ ဧဟိဘိက္ခု-ရဟန်း မဖြစ်နိုင်-ဟူ၍။(ပုဗ္ဗေ-အဋ္ဌန္နံ ပရိက္ခာရာ နံ အဒိန္နတ္တာ) ဟူသော ပါဠိတ်ပါဌ်ဖြင့်၊ မိန့်ဆို၏။

အဋ္ဌကထာ-ဆရာအလိုအားဖြင့်၊ ပစ္ဆိမဘဝိက-ပုဂ္ဂိုလ် မဖြစ်သေး၍၊ ဧဟိဘိက္ခု-မခေါ်သည် ဟူ၍၊ ရှေးစကားကိုပယ်၍၊ (ကုလပုတ္တော—ဟိ) စသော နောက်စကားကို၊မိန့်ဆို၏။

ထိုမှတပါးလည်း—

**အနောဇာ** ဒေဝီ၊မိဖုရားကြီးသည်၊ မိမိသည် **အနောဇာ** မင်းသမီး မဖြစ်မီ၊ရှေး(ရက်ကန်းသည်) ဖြစ်စဉ်ဘဝက၊ **အနောဇာ** ပန်းအဆင်း ကဲ့သို့၊သန့်ရှင်းလှပသော အဆင်းရှိသောသက်န်းကို၊ လှူဒါန်းပူဇော်၍၊ ဤကောင်းမှု"ကံ"ကြောင့်၊သံသရာတခွင်၊ကျင်လည်ရစဉ်၊ဖြစ်တိုင်း,ဖြစ် တိုင်းသော ဘဝတို့၌၊ မိမိ၏ အဆင်းရုပ်ရည်သည်၊ **အနောဇာ** ပန်း အဆင်းကဲ့သို့၊ သန့်ရှင်းလှပသည် ဖြစ်ပါစေသတည်း၊ အကျွန်ုပ်၏အမည် သည်လည်း **အနောဇာ**,ဟုပင်၊ခေါ်တွင်သည် ဖြစ်ပါစေသတည်း=ဟု၊

ဆုတောင်းသဖြင့်၊ထိုကုသိုလ်''ကံ''၏ အစွမ်းကြောင့်၊ ဤဘဝမှ၊ ခန္ဓာပြတ်ကြွေ၊သေလွန်လတ်သော်၊ နတ်တို့ဘုံ၌ဖြစ်၍၊ ထိုမှတဘန်၊ ကုသိုလ်''ကံ''ကုန်၍၊ စုန်ဆင်းခဲ့ပြန်သော်၊ မိမိ၏ ရှေးရှေးဆုတောင်းချက်အတိုင်း၊ အနောဇာ ပန်းအဆင်းကဲ့သို့၊ သန့်ရှင်းလှပသော အဆင်းသဏ္ဍာန်ရှိ၍၊ အမည်သညာအားဖြင့်လည်း၊ အနောဇာ-ဟုပင်၊ ခေါ်တွင်လျက် ထင်ရှားစွာ ဖြစ်ပေါ်လာရ၏=ဟူသော အရာကိုထောက်သဖြင့်၊ ဘုန်းခြောက်ပါးရှင်၊ မြတ်စွာဘုရားသခင်၏ သာသနာတော်အတွင်း၌၊ဖန်ဝါဆိုးစွမ်း၊ဝတ်သင်္ကန်းကို၊ လှူဒါန်းပူဇော်၍ ဆုတောင်းအပ်သော အရာသည်၊ မိမိ၏တောင့်တကြီးစည်၊ ရည်သန်ချက်အတိုင်း၊ မဆိုင်းမဖင့်၊အသင့်ရွယ်ချူ၊လွယ်ကူစွာ ပြည့်စုံနိုင်ရကား=မိမိတို့သည်လည်း၊ ဖန်ဝါဆိုးစွမ်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းပူဇော်၍၊အလိုရှိအပ်, တောင့်တ အပ်သောဆုကို တောင်း၍၊ အကြောင်းအား လျော်စွာ၊ ကုသိုလ်တရား၊ ပွားများကြရာ၏=ဟူသော နည်းဥပဒေကို၊ ညွှန်ပြ၏။

ထိုစကားမှန်၏။—

ဥမ္မာဒန္တီ ဇာတ်တော်၌၊ ဥမ္မာဒန္တီ မင်းသမီးသည်၊မိမိသည်ဥမ္မာဒန္တီ၊ မင်းသမီးမဖြစ်မီ-ရှေးဘဝ၌၊ အလွန်မှ ပင်ပန်းဆင်းရဲလှသော အမျိုးသမီးဖြစ်၍၊ သူများနည်းတူ၊ ဆင်ယင်ဝတ်စားချင်ပါသော်လည်း၊ဝယ်ရန်သပြာ၊မရှိပါ၍၊ သူတကာတို့၏အထံ၌၊ အစေခံကျွန်အဖြစ်နှင့်၊ သုံးနှစ်တိုင်တိုင်၊အခိုင်းအစေခံပြုလုပ်ပြီးမှ၊ရသော(အလုပ်-ပြုလုပ်ခ)ငွေဖြင့်၊ အဝတ်တထည်ကိုဝယ်ယူရလေ၏။

ထိုသို့ရသောအဝတ်ကိုလည်း၊ ရေမိုးသန့်ပြန့်စွာချိုးပြီး၍၊ ဝတ်မည်ပြုနေတုံးဆဲဆဲတွင်၊သင်္ကန်းများကို၊ ခိုးသားတို့,ခိုးယူလိုက်၍ ဖက်ရွက်ကိုချုပ်စပ်ခါ,ဝတ်လာသောရဟန်းတပါးကို ဖူးမြင်ရလျှင်၊ကြင်နာသနား၊သဒ္ဓါပွား၍၊ ထိုအဝတ်ကို၊။သင်္ကန်းလျာ ပုဆိုးအဖြစ်ဖြင့် လှူဒါန်း၍—

နောင်သောအခါ-သည်လို၊ ဆင်းရဲကိုယ်နှင့်၊ ငြိုငြင်တောင်းတ, မဖြစ်ရပါစေသတည်း=ယောကျ်ားတကာ၊ မြင်သောအခါ၌၊ တည်ရာမရ၊ရူးမူးကြအောင်၊လှပ-တင့်တယ်ပါစေသတည်း။

ဤသို့ဆုတောင်းသဖြင့်၊ ငါတို့၊ **ဂေါတမ** မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌၊ (**အရိန္ဒပူရ**) ပြည်၊ (**တိရိတိဝစ္ဆ**) အမည်ရှိသော သူဌေးကြီး၏ သွီးဖြစ်လာ၍၊ **ခေါမ**, တိုင်း၊ **ရောမ**, တိုင်း၊ **ကောတုမ္ဗရာဇ်**, တိုင်းတို့မှဖြစ်သော အဘိုးတသိန်းထိုက်သော အဝတ်ကို အမြဲမပြတ်၊ ဝတ်ဆင်ရခြင်း။ ။အဆင်းသဏ္ဍာန်၊ ဟန်ပန် ရုပ်ဝါ၊ ကိုယ်အင်္ဂါမူ၊ မြင်သူ—ဇောဒ္ဒ၊ မောဟိုက်နွမ်းလျ၊ ရူးအောင်လှ၍၊ ပဥ္စကလျာ၊ ခြောက်ပြစ်ကွာကို(**ဥမ္မာဒန္တီ**)နွတ်သညီဖြင့်၊ ရေးစီနှိပ်ခတ်၊တင်ရခြင်းများသည်၊ မိမိကိုယ်တိုင်၊ ဝတ်ဆင်ရန် အဝတ်ကို၊ သက်န်းလျာပုဆိုး အဖြစ်ဖြင့်၊ လှူဒါန်းရသော ကုသိုလ်“ကံ”၏ အကျိုးပင်တည်း။

ထို **ဥမ္မာဒန္တီ** မင်းသွီးသည်၊ **ဂေါတမ** ဟု၊လောကထွတ်တင်၊ ငါတို့ မြတ်စွာ ဘုရားသခင်၏ လက်ထက်တော်အခါ၌၊ **သာဝတ္ထိ** ပြည်ဝယ်၊ တဦးသောသူဌေးကြီး၏သွီးရတနာဖြစ်လာ၍၊ကြာညိုသဏ္ဍာန်၊လှပဟန်ကြောင့်၊ (**ဥပ္ပလဝဏ္ဏ**)အမည်ဖြင့်၊ မှည့်ခေါ်-ကျော်စောရ-ကား၊ ပြည်ထောင်တကာ၊ မင်းများစွာတို့၊ တောင်းယူလာသည့်အခါ၊ အပေးရခက်၍၊ အမျက်ဒေါသ၊ မရှိရအောင်၊ သာသနာတော်သို့ဝင်၍၊ ဘိက္ခုနီ ရဟန်းမိန်းမပြုသဖြင့်=

**တေဒ-ဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တာနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ**။
ဟူ၍၊ အင်္ဂုတ္တရပါဠိတော်၊ တေဒဂ္ဂဝဂ်၌၊ ဟောတော်မူအပ်သည့် အတိုင်း၊ မြတ်စွာဘုရား၊ ထံတော်ပါး၌၊ လက်ဝဲတော်ရံ၊ တန်ခိုးထန်သည့်၊ ဈာန်အဘိညာဉ်ကြီးမြင့်သော ဘိက္ခုနီရဟန်းမိန်းမ အပေါင်းတို့ထက်၊ အမြင့်မြတ်ဆုံးဟူ=၍၊ **တေဒဂ်** ဘွဲ့ထူးဖြင့်၊ ချီးကျူးခြင်းခံရ၏။ “**အနောဇာ**” မိဖုရားကြီး အမှူးရှိသော မင်းမောင်းမတို့သည်၊ ထို **ဥပ္ပလဝဏ်**ထေရီမ၏အထံ၌ပင်၊ ဘိက္ခုနီမ,ပြုကြကုန်၏။

ဤသို့စသောအားဖြင့်၊ သံသရာ၌ကျင်လည်ကြရကုန်သော သတ္တဝါတို့သည်၊ တ-ဘဝ-မှ သည်,တ-ဘဝ-သို့ငင်း=တ-ဘုံမှသည်, တဘုံသို့ ငင်း—ကူးပြောင်း၍၊ အကြောင်းတရား အမျိုးမျိုးတို့ကြောင့်၊ အကျိုးတရားအမျိုးမျိုးတို့-ဖြစ်ရခြင်းသည်ကား၊= (ပဋိစ္စသမုပ္ပါဒ်)ဒေသနာတော်နည်းအရပင်ဖြစ်၍၊ပျင်းရိမှိုင်မှေ့၊ငြီးငွေ့သင့်လှပေတော့သတည်း။

ဤအမိပ္ပါယ်ကိုပြခြင်းငှါ၊ (ဥမ္မာဒန္တီပျို့) ၌၊ စပ်ဆိုရေးသားအပ်သောလင်္ကာစာပိုဒ်တို့ကို၊ ဗဟုသုတဖြစ်ကြရန်၊ အခွင့်အားလျော်စွာဘော်ပြအပ်၏။ (အရာမဟုတ်သည်၌၊ ညွှန်ပြသည်ဟု- မယူဆကြရာချေ)။ ။

(က) (*ပြည် လေးမျက်နှာ၊ စည်ပင်စွာသား၊ မဟာ နဂရ၊ အရိန္ဒ,ဟု၊ နာမတွင်ဘိ၊ တိုင်းသီရိ၌၊ ,တိရတိ ဝစ္ဆ၊ မည်ရတွင်ပြီး၊ သူဌေးကြီး၏၊ သွီးရတနာ၊ လှကညာကို၊ ဥမ္မာဒန္တီဘွဲ့သိင်္ဂီနှင့်၊ နတ်မှီသဏ္ဍာန်၊ လှပ-ဟန်မူ၊ နှိုင်းရန်မပြူ၊ မိုးအောက်သူတွင်၊ ဇမ္ဗူမြင်းစံ၊ ရွှေပွတ်ခံသို့၊ ရိုးတံ ရိုးဆစ်၊ ပြေပြစ် ချောမော၊ မြကြောစိမ်းစိမ်း၊ ရှိမ်းရှိမ်းစိုစို၊လှသည်ကိုယ်၌၊ ရှိုက်ဖို ကြီးငယ်၊ အသွယ်သွယ်မူ၊ တင့်တယ်စေမှု၊ သိကြား–ထုသို့၊ ညှံ့နု သားရေ၊ မြဆံကေ,လည်း၊ ဖြေသော်ပြန်တက်၊ ဖနောင့်, ထက်ဝယ်၊ ကျီးငှက်တောင်ပံ၊ ပိတုန်းပျံသို့၊ ဖိတ်လျှံရောင်ခြည်၊ တလံ ရှည်လျက်၊ ရိပ်ချည်မမှိန်၊ ရှပ်ရည်ထိန်၍၊ ဒေဝိ-န္ဒရ၊ သိကြားသွီး၊ စံသီး နတ်တူ၊မြင်, သသူတို့၊ လူ ပုထုဇန်၊ ပုဂ္ဂိုလ်မှန်မူ၊ လျှင်မြန် ခုန်မြောက်၊ သေရည်သောက်သား၊ မျောက်၏ ပမာ၊ ထောင့်ငါးရာကြောင့်၊ ကာယိန္ဒြေ၊မှိန်မသေဘဲ၊ လက်,ခြေ,အာ,ပေါင်း၊ ချွန်းတောင်းညာဏ်ခိုင်၊ မချိတ်နိုင်၍၊ထိုင်ယောင်,ထယောင်၊ ကတောင်, ကချောက်၊ စိတ်နောက်ကိုယ်ပါ၊ ကိုးရာ မရ၊ ရူးအောင်လှသား၊ ပုည-မူကား၊ အလှူ-အနည်း၊ တထည်တည်းမျှ၊ ပစ္စည်းလည်းသန့်၊စိတ်မတွန့်ဘဲ၊ပေးစွန့်ပေတတ်၊ ပုဂ္ဂိုလ်မြတ်အား၊ ရိုညွတ်ကြည်ညို၊ ရှေးကုသိုလ်ကြောင့်၊ နဂို-တိုင်းပင်၊ မပြုပြင်လည်း၊ မြင်သူမိန်းမှိုင်၊ တိမ်းမခိုင်သည်။ ။ယိမ်းယိုင် ဗျာပေါင့်,ဗျာပါတည်း။

(ခ) ထိုရောအခါ၊စော ဥမ္မာ ၌၊ ရောင်ဝါရူပ၊ နှိုင်းမမျှအောင်၊ အလှကျူးကျော်၊ ကုသိုလ်ဖော်၍၊ မိန့်တော်ဗျာဒိတ်၊ အကြောင်းဟိတ်မူ၊ အတိတ်ကာလ၊ ဗာရာဏ ဝယ်၊ ကဿပမြတ်စွာ၊ သာသနာတွင်၊ ဥမ္မာဒန္တီ၊ မဖြစ်မီက၊ဤသည်ဘဝ၊

ဆင်းရဲလှ၍၊ သူများနည်းသာ၊ ဝတ်ချင်ပါလည်း၊ သပြာ
ဝယ်ရန်၊ မရှိဟန်ကြောင့်၊ စေကျွန် သုံးနှစ်၊ ခံသည်ဖြစ်မှ၊
တထည် ရ၍၊ မြစ်က ရေမိုး၊ချိုးမြသန့်စွာ၊ ဝတ်မှီငှါကို၊ဝမ်း
သာသော့တွေ၊ ပြကာနေသော်၊ စုံခြေမြှိုင်နန်း၊ တော ဝယ်
မြန်းသည်၊ရဟန်းတပါး၊သက်န်းများကို၊ခိုးသား ညဉ့်ငှက်၊
(*မောသော,)ပျက်တို့၊သူ့လက်ငွေကြေး၊ သူမပေးလျက်၊
ကတ်ကျေးနှင့်ကိုက်၊ ဖြတ်လုလိုက်သို့၊ တော၌ယူချွတ်၊ ဖက်
ကိုဝတ်၍၊ လွှတ်လိုက်သောခါ၊ လူ့ရပ်လာလျှင်၊ဥမ္မာ မယ်
လျှ၊ မြင်ကာလဲ၍၊ရှေးကငါ့အား၊ လျှုမဲ့ငြားရှ၍ရှားပါးစွာ
လှ၊ ခုဘဝ,ဟု၊ ဒါနသံဝေ၊ ဖြစ်တုံလေသော်၊စိတ်,စေတနာ၊
ရွှင်ထက်စွာလျက်၊ နောင်ကာ သည်လို၊ ဆင်းရဲကိုယ်နှင့်၊
ငြိုငြင်တောင့်တ၊ မရှိရအောင်၊ မြ-ဇမ္ဗူရာဇ်၊ ရွှေပွတ်သစ်
ဝယ်၊ လျှပ်စစ်နွယ်သို့၊ နိကာယ် ခေါင်ဖျား၊ ရောင်ခြည်ပွား
၍၊ယောကျ်ား-တကာ၊ မြင်သောခါ၌၊ တည်ရာမရ၊ မူး
ရူးကြအောင်၊ လှပ, လိုကြောင်း၊ ဆုယူတောင်းလျက်၊
တော ကျောင်းပျော်မြန်း၊ ဤရဟန်းကို၊ ဝတ်ပန်းပုဆိုး၊
လှူသည် ကျိုးကြောင့်၊ ထက်မိုး ဘုံမှာ၊ ဝတီသာ ဝယ်၊
စံကာတဆက်၊နတ်က-သက်မှ၊ အရိန္ဒ, တွင်၊မနဥစွာ၊များ
စွာရွှေငွေ၊ ကုဋေ ရှစ်ဆယ်၊ကြွယ်လတ် တုံပြီး၊ သူဌေးကြီး
၏၊ သမီးဖြစ်ခါ၊ လေးမျက်နှာတွင်၊*သောကြာ,*ဥဒ္ဓ၊ ယှဉ်
ပြိုင်စုသို့၊စက္ခု,သောတ၊ ဃာန,ဇိဝှါ၊ကေသာခြေဆုံး၊တ
ကိုယ်လုံး၌၊ ရွှေတုံးပွတ်သစ်၊ ဇမ္ဗူရာဇ်သို့၊ ညစ်ကြေးဟူက၊
မြူမလိမ်းကျံ၊ ကျမ်းမီးလျှံလည်း၊ နိုင်းကြံမမျှ၊ လျှပ်ရောင်,ပ
လျက်၊ ခေါမ,ရောမ၊ တိုင်းမှထွက်စုံ၊ ကောတုမ္ဗရာဇ်၊ ဖြစ်
သည့် ပုဆိုး၊ အဘိုးသိန်းထိုက်၊ ကိုယ်၌ မကွာ၊ ဆင်ရပါ၍၊
ရုပ်ဝါဟန်ပန်၊ ဘက်မရန်တည်း၊ သဏ္ဍာန်တင့်မော၊ မြင်
သူဇော၌၊ အဆောတလျင်၊ တပ်စိတ်ငင်လျက်၊ ဘဝင်လွန်
ကျ၊ ရူးအောင်လှ၍၊ပဉ္စကလျာ၊ခြောက်ပြစ်ကွာကို၊ဥမ္မာဒန္တီ
နွှတ်သညီ, ဟု၊ သိင်္ဂီ ပုံနှိပ်၊ ရွှေတဆိပ်နှင့်၊ ရွှေချိပ် ရွှေ
မင်၊ ရွှေလိပ်တင်သည်။ ။လူရှင်ခေါ်ကြစရာတည်း။

(ဂ) **ဥမ္မာဒန္တီ**၊ ဆင်းသိင်္ဂိသည်၊ စံမှိ နတ်မျှ၊ လှ-မလှ မူ၊ ထောက်
ဆ,စာနာ၊ သိစရာကို၊ ပညာနှိုင်းဆ၊ သိကုန်ကြလော=
နာမမည်ရ၊**အာသန်**ဟု၊ကြာမှဇာတိ၊ဘုံပျံမိန့်နှင့်၊**မဏိမေခလာ**
မည့်သာတွင်ညီ၊ **ဗရဏီ** က၊စ၍နှိုင်းချိန်၊ လေးရောင်ရှိန်
ထက်၊ ဝတိံဘုံထွတ်၊ အနတ်နတ်တို့၊**မန္တာတ်**သိရိ၊စော **နေမိ**
မှ၊ **သာမိနရ**၊ **ဂုတ္တိလ**နှင့်၊**ဇနက** ဟု၊နာမ,ပညတ်၊လူမင်းမြတ်
တို့၊ **ဥပပတ်**ဖြစ်၊ နတ်စင်စစ်ကို၊ သစ်သစ်ကိုထင်၊ ကိုယ်စီပင်
လျှင်၊ ရုပ်သွင်စူးစူး၊ မြင်ကြဘူး၏=မူးရူးမှိုင်ဝေ၊ သတိတွေ
အောင်၊ စာပေ,မလာ၊ မယ် **ဥမ္မာ**မူ၊ ဆရာပုဏ္ဏားများ၊ လူအ
များနှင့်၊ ဘုရားလောင်းစစ်၊**သိဝိရာဇ်**ပင်၊ မူးယစ်တိမ်းမတ်၊
ရာဂ-တပ်၍၊ ရူးသွပ် ရကြောင်း၊ ရှေးဇာတ်ဟောင်းကို။
ရွှေကျောင်းကြီးထက်၊ ရှင်ပင်မြွက်၏၊ နတ်ထက် လှသူ၊
တူ-မတူမူ၊ ယူကြစေမည်၊ ဆိုခဲ့သည်ကို၊ ယုံကြည် စွန်းငြိ၊
***သက်ာ**ရှိလျှင်၊ ပါဠိ-**အဋ္ဌကထာ**၊**ဋီကာ**နိဿယ၊ **ဇာတက**၌၊
ကြည့်ကြလေပါ၊ လူတို့ရွာ၌၊ **သန္တာ** ရင့်တည်၊ ကုသိုလ်စည်
သော်၊ နတ်ပြည် မက၊ ဗြဟ္မာ့ ပြည်တိုင်၊ မနေပိုင်တည့်၊
ဆိုင်သည် **ရွာသား**၊**ရွာစား** အမှု၊ ပြုရ သလို၊ တို့လူဗိုလ်၌၊
ကုသိုလ် ခက်ဖြာ၊ "**နတ်**"ထက် သာသည်။ ။စိတ်ဖြာကြံတို့
အမှာတည်း။

(ဃ) ထိုရောခါဝယ်၊ လျှပ်စစ် နှယ်ဖြင့်၊ အိမ်ဝယ်လေသွင်း၊ရွှေပြူ
တင်းက၊ လ မင်းရောင်ထင်၊ ထွန်းသော သွင်သို့၊ မြင်မြင်
သမျှ၊ ရူးအောင်လှ၍၊နာမ သညာ၊ တွင်မည် သာသည်၊
**ဥမ္မာဒန္တီ**၊ ကြန်ညီ ရုပ၊ နှိုင်းမရ-ကား၊ ကာလ တွက်ကိန်း၊
ကပ္ပါ သိန်းက၊ မိန်းမ, တန်းခွန်၊ တန်းခိုး ထန်လျက်၊
နောင်ဘန် မြတ်စွာ၊ ပွင့်သောခါဝယ်၊ တေဇာ လွန်ကဲ၊
ဈာန်ဖြင့် မြဲလျက်၊ လက်ဝဲ ရံဆု၊ တောင်းသည် မှုကြောင့်၊
ယခု ကာလ၊ အချိန်ကျ၍၊ **ကောသလ**တိုင်း၊ ရွှေသမိုင်းနှင့်၊
ခွန်လှိုင်း ယူဆွတ်၊ ကမ္ဘည်း မှတ်သည်၊ **သာဝတ္ထိ**မည်၊ ထိုရွှေ
ပြည်တွင်၊ ဆက်ရှည် နွယ်ရှေး၊ **ဘ,ဘိုး,ဘေး**က၊ သူဌေးစဉ်

ဆက်၊ ခုလက်ထက်တိုင်၊ မပျက်ဥစ္စာ၊ ရတနာကို၊ များစွာ
သိုမှီး၊ သူဌေးကြီး၏၊ သမီးရတနာ၊ ဖြစ်တုံလာ-က၊ကြာညို
သဏ္ဍာန်၊ လှပဟန်ကြောင့်၊ (ဥပ္ပလဝဏ်)မည်၊ ကျော်စော
သည်နှင့်၊ ပြည်ထောင်-တကာ၊ မင်းများစွာတို့၊ တောင်း
လာသော တွက်၊အပေးခက်၍၊အမျက်ဒေါသ၊ မရှိရအောင်၊
ဉာဏ မြော်ရှု၊ ရဟန်းပြုက၊ ဘိက္ခုနီမ၊ ရှိသမျှတွင်၊ တေဇ
လွန်ကဲး။ငါ့-လက်ဝဲ၌၊ ရံမြဲ အမှန်၊တန်းခိုးထန်သည်။ ။
နိဗ္ဗာန် အောင်ဆု လွယ်ကာတည်း။)

ဤတွင်၊ ဥမ္မာဒန္တီပျို့လာ၊ မှတ်ဘွယ်ရာ-လင်္ကာ အပိုင်ပြီး၏။

ဤသို့အားဖြင့်၊ ဘုန်းခြောက်ပါး သခင်၊ မြတ်စွာဘုရားရှင်၏၊ဂုဏ်
ကို အာရုံပြု၍၊(ဗုဒ္ဓါနုဿတိ)ကမ္မဋ္ဌာန်း၊ စီးဖြန်းပွားများရခြင်းကြောင့်၊
သံသရာတခွင်၌၊ ကျင်လည်သမျှ၊ ကာလပတ်လုံး၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏၊
သဘောအလိုဖြင့်၊ လောကီ ရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ အဖြာဖြာတို့နှင့်၊
ပြည့်စုံခြင်း,ဟူသော ဘောဂသမ္ပတ္တိ၊ လူမင်း,နတ်မင်း၊ဗြဟ္မာမင်း,တို့၏
အဖြစ် ဟူသော, ဘဝသမ္ပတ္တိဂုဏ်တို့နှင့်၊ မချို့ကုံလုံ၊ပြည့်စုံ၍၊အဆုံးစွန်
သောဘဝ၌၊ အာသဝေါ,ကုန်ခန်း၍၊ ရဟန္တာပုဂ္ဂိုလ်၏အဖြစ်သို့ရောက်
ရသော သုဘူတိ ထေရ်၏ အလောင်း၊ နန္ဒရသေ့၏ ကျင့်စဉ်ထုံးနည်းကို
ဋငး။

အရှင်မဟာကပ္ပိနမဟာထေရ်နှင့်၊ အနောဇာထေရီ ဘိက္ခုနီမ တို့၏
ကျင့်စဉ်ထုံးနည်းကိုဋငး=နှလုံးသွင်းအောက်မေ့၍၊ မိမိတို့၌ လည်း၊
ဤ ပစ္စက္ခ-ဘဝ-က,စ၍၊ နိဗ္ဗာန်တိုင်ရောက်၊ မျက်မှောက် ပြုသည့်အခါ
တိုင်အောင်၊ ချမ်းသာ ကောင်းကျိုး၊ အမျိုးမျိုးတို့ကို၊ ပွားတိုးဖြစ်ထွန်း
စေနိုင်သော ဤ(ဗုဒ္ဓါနုဿတိ)ကမ္မဋ္ဌာန်းကို၊ ကြိုးပမ်းပွားများနိုင်ကြပါ
စေကုန်သော်။

ဤအဓိပ္ပါယ်ကို ရည်၍၊ ဓမ္မပဒ ပါဠိတော်၊ ပကိဏ္ဏက ဝဂ်
၌၊ အောက်၌ ပါသော ဂါထာကို၊ ဟောကြား မိန့်တော်မူ
အပ်၏။

(၁) "သု-ပ္ပဗုဒ္ဓံ, ပဗုဇ္ဈန္တိ၊
သဒါ, ဂေါတမ, သာဝကာ။
ယေသံ, ဒိဝါစ, ရတ္တောစ၊
နိစ္စံ, ဗုဒ္ဓ-ဂတာ,သတိ"။ ။

(၁) ယေသံ၊အကြင်သူတို့အား။ဒိဝါစ၊ နေ့အခါ၌၎င်း။ ရတ္တောစ၊ ညဉ့်အခါ၌၎င်း။ နိစ္စံ၊ အမြဲမပြတ်။ဗုဒ္ဓဂတာ၊ မြတ်စွာဘုရားရှင်၏၊ ဂုဏ်ကို အာရုံပြု၍ဖြစ်သော။ သတိ၊ အောက်မေ့ခြင်း, သတိသည်။ အတ္ထိ၊ ထင်ရှား, ပကတိ၊ဖြစ်ပေါ်လျက်ရှိ၏။ ဂေါတမ-သာဝကာ၊ ဂေါတမ ဟု၊ သကျ နွယ်ဘွား၊ မြတ်စွာဘုရားရှင်၏၊ တပည့်သား ဖြစ်ကြကုန်သော။ တေ၊ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ အိပ်ပျော်ရာမှ၊ ကောင်းစွာ နိုးလာခြင်းကို။ ပဗုဇ္ဈန္တိ၊ နတ်တို့ ဆော်နှိုး၊ ကောင်းမှုကျိုးဖြင့်၊ နိုးကြားကြကုန်၏။

(၂) "သု-ပ္ပဗုဒ္ဓံ, ပဗုဇ္ဈန္တိ၊
သဒါ,ဂေါတမ, သာဝကာ။
ယေသံ, ဒိဝါစ ရတ္တောစ၊
နိစ္စံ, ဓမ္မ-ဂတာ,သတိ"။ ။

(၂) ယေသံ၊အကြင်သူတို့အား။ ဒိဝါစ၊နေ့အခါ၌၎င်း။ရတ္တောစ၊ ညဉ့်အခါ၌၎င်း။နိစ္စံ၊ အမြဲ မပြတ်။ဓမ္မဂတာ၊တရားတော်၏ ဂုဏ်ကို အာရုံပြု၍ဖြစ်သော။ သတိ၊အောက်မေ့ခြင်း သတိသည်။အတ္ထိ၊ထင်ရှားပကတိ၊ဖြစ်ပေါ်လျက်ရှိ၏။ဂေါတမ, သာဝကာ၊ဂေါတမ ဟု၊ သကျ-နွယ်ဘွား၊မြတ်စွာဘုရားရှင်၏ တပည့်သားဖြစ်ကြကုန်သော။တေ၊ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ အိပ်ပျော်ရာမှ၊ ကောင်းစွာနိုးလာခြင်းကို။ ပဗုဇ္ဈန္တိ၊ နတ်တို့ဆော်နှိုး ကောင်းမှုကျိုးဖြင့်၊ နိုးကြားကြကုန်၏။

(၃) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊
သဒါ,ဂေါတမ,သာဝကာ။
ယေသံ,ဒိဝါစ,ရတ္တောစ၊
နိစ္စံ,သံဃဂတာ,သတိ။ ။

(၃) ယေသံ၊အကြင်သူတို့အား။ဒိဝါစ၊နေ့အခါ၌၎င်း။ရတ္တောစ၊ ညဉ့်အခါ၌၎င်း။နိစ္စံ၊အမြဲမပြတ်၊သံဃဂတာ၊သံဃာတော်၏ ဂုဏ်ကို၊အာရုံပြု၍ဖြစ်သော။ သတိ၊အောက်မေ့ခြင်း,သတိ သည်။အတ္ထိ၊ထင်ရှားပကတိ၊ဖြစ်ပေါ်လျက်ရှိ၏။ ဂေါတမ, သာဝကာ၊ဂေါတမဟု၊သကျ-နွယ်ဘွား၊မြတ်စွာဘုရားရှင်၏၊ တပည့်သားဖြစ်ကြကုန်သော။ တေ၊ ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊အိပ်ပျော်ရာမှ၊ကောင်းစွာနိုးကြား လာခြင်းကို။ ပဗုဇ္ဈန္တိ၊ နတ်တို့ဆော်နှိုး၊ ကောင်းမှုကျိုးဖြင့်၊ နိုးကြားကြကုန်၏။

ဤ ၃-ဂါထာတို့ဖြင့်၊မြတ်စွာဘုရား၏ဂုဏ်,တရားတော်မြတ်၏ဂုဏ်, သံဃာတော်မြတ်၏ဂုဏ်,ကို၊ အာရုံပြုအောက်မေ့ ပွားများရာ၌၊ အိပ် ပျော်ရာမှ၊ ကောင်းစွာနိုးလာခြင်းတပါးကိုသာ၊အရာ,အားလျော်စွာ၊ ဟောတော်မူ၏။စင်စစ်မူကား၊ ထိုဂုဏ်တော်တို့ကို၊ ပွားများအားထုတ် ၍နေခဲ့မူ၊**သတိ** တရား, **ပညာ** တို့ကို၊ ဖုံးလွှမ်းကာကွယ်၍ ထားသော **ကာမစ္ဆန္ဒ**အစရှိသော **နီဝရဏ**တရားတို့မှ၊ကင်းဆိတ်၍၊အသိဉာဏ်**ပညာ** တရား၊**သတိ**တရား၊**ဝီရိယ**တရားတို့၊တိုးပွားဖြစ်ပေါ်လာနိုင်ကုန်၏=ဟူ၍ **ဓမ္မနွယ**အားဖြင့်၊အဓိပ္ပါယ်ကောက်ယူအပ်၏။

ဤတွင် မဟာကပ္ပိန–ထေရ်ဝတ္ထု၌၊ဉပဒေသ-ကောက်နုတ်ချက်
အကျဉ်းချုပ်ပြခဏ်းနှင့်တကွ–
သုဘူတိဘာဝနာဖွင့်အကျယ်လက်စွဲကျမ်းပြီး၏။

---

# နိဂုံးစကား

ဤသို့လျှင်၊ရန်ကုန်မြို့၊ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၌၊ယာပိုထ်မျှ တင်း၊ သီတင်းသုံး နေထိုင်တော်မူသော, သာသနာတော်၌၊ နေ့,လ အသွင်၊အလွှန်ပင်ထင်ရှား၍၊ကြီးမားသော ဘုန်းကြက်သရေ၊မင်္ဂလာ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးတော်ရှင်၊အရှင်ကျောင်းတော် ရာ၊ရွှေကျင်ဆရာတော်ဘုရားကြီး၏အထံ၌၊ရှင်သာမဏေအဖြစ်ကစ၍၊ ဤယခု သက္ကရာဇ် (၁၂၈၈)ခုနှစ်တိုင်အောင်၊ပရိယတ္တိ-ဓမ္မ၊ပဋိပတ္တိ-ဓမ္မ၊နှစ်ဝသော ကျင့်ဝတ်တရားတို့ကို၊ နည်းခံ,သင်ကြား၍၊ ကြီးပွားခြင်း သို့ရောက်သောကျောင်းတော်ရာ မဟာဓမ္မ-ဒီပိကာရာမ၊ရွှေကျင်တိုက်၊ မန်းဦးကျောင်း၌၊သီတင်းသုံးနေသော၊ဒုတိယ**ဂဏဝါစက၊ဘဒ္ဒန္တဇော တအရှင်**သည်၊ရဟန်း,ရှင်,လူ၊ သူတော်စင်အပေါင်းတို့အား၊ ကောင်း ကျိုး,ချမ်းသာ၊ မင်္ဂလာ-ကြက်သရေ၊ တက်သစ်-နေ,သို့၊ ထွေထွေတင့် လတ်၊ မြင့်မြတ်ကြီးပွားစေခြင်း အကျိုးငှါ၊ သက္ကရာဇ် ၁၂၈၈-ခုနှစ်၊ တာကူးလအတွင်း၊စီစဉ်ရေးသား ဖွင့်ဆိုအပ်သော၊ဤ**သုဘူတိဘာဝနာ ဖွင့်အကျယ်လက်စွဲကျမ်း**သည်၊ဒုတိယဝါဆိုလဆန်း[၁၂]ရက်၊ဗုဒ္ဓဟူးနေ့ တွင်၊အောင်မြင်ပြီးစီးလတ်သတည်း။

သက္ကရာဇ် ၁၂၈၈-ခုနှစ်၊သီတင်းကျွတ်လဆန်း ၁-ရက်၊ကြာသပ တေး,နေ့တွင်၊ပဌမအကြိမ်၊စ,တင်ပုံနှိပ်ရာ၊ နတ်တော်လဆုတ်[၉]ရက်၊ အင်္ဂါနေ့တွင် ပြီးစီးအောင်မြင်လတ်သတည်း။

သုဘူတိဘာဝနာဖွင့်အကျယ်လက်စွဲကျမ်း ပြီးပြီ။

(ဟံသာဝတီ)
(၁၃၁၈-ခုနှစ်၊ တာကူးလ)
ဒုတိယ--နှိပ်ခြင်း။

THE HANTHAWADDY PRESS